

ရန်ကုန်လမ်းမများ


SAMPLE BOOK

# ဇော်ဇော်အောင်

# ဝတ္ထုတိုပေါင်းချုပ်

ဒုတိယအကြိမ်

mgyoe.com SAMPLE BOOK



တစ်ခါတုန်းက မခင်ပျို၏ ထဘီအနားစတ်လိုက်ပုံသည်
ကျွန်တော်၏ အသည်းနှလုံးကို ယူဆောင်သွားဖူး၏။
သို့သော်လည်း ခဏတာမျှသာ ဖြစ်သည်။
တပ်မက်ခြင်းလား၊ ရသခံစားမိခြင်းလား မသိခင်မှာပင်
ကျွန်တော့်အသည်းနှလုံး ပြန်လာပါသည်။
အခုတော့ မခင်ပျို နေဝင်တော့မည်ထင်ပါသည်။
သွားကြစို့၊ သွားကြစို့ မခင်ပျို။
တစ်ယောက်တစ်လမ်းစီဆိုပေမယ့် ဆုံရဦးမှာ သေချာပါသည်။

ISBN 978-99971-890-4-2

mgyoe.com

ဇော်ဇော်အောင် ဝတ္ထုတိုပေါင်းချုပ်

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

Roads of Yangon

အမှတ် (၇၇/၈၃)၊ အခန်း (၅၁)၊ မန္တလေး၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၅၀၇၇၃၄၈၊ ၀၉၉၇၁၇၃၉၂၂၇

mgyoe.com

mgyoe.com SAMPLE BOOK


# ပုံနှိပ်မှတ်တမ်း

## ဇော်ဇော်အောင်

## ဝတ္ထုတိုပေါင်းချုပ်

| | |
|---|---|
| မျက်နှာဖုံးဓာတ်ပုံ | ငြိမ်းအေးအိမ် |
| မျက်နှာဖုံးဒီဇိုင်း | စိုးမင်းအောင် |
| အတွင်းအပြင်အဆင် | လှိုင်မျိုး |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ကိုအေးဝင်း |
| | အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀) |
| | အမှတ် (၄၆)၊ (၄၆)လမ်း၊ အောက်ဘလောက် |
| | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးကောင်းထက် (၀၁၉၇၇) |
| | ရန်ကုန်လမ်းမများစာပေ |
| | အမှတ် (၇၇/၈၃)၊ အခန်း (၅၁)၊ မန္တလေးလမ်း၊ |
| | ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ |
| | ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | ဒုတိယအကြိမ် |
| | ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | 25000 |

ထုတ်ဝေသည့် ကက်တလောက်အညွှန်း (CIP)

ဝတ္ထုတိုပေါင်းချုပ် / ဇော်ဇော်အောင်
ရန်ကုန်လမ်းမများစာပေ၊ ဒုတိယအကြိမ်၊ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ
၄၈၈ စာ၊ ၁၉.၀၅ စင်တီ × ၂၆.၆၇ စင်တီ
ဝတ္ထုတိုပေါင်းချုပ်


mgyoe.com

mgyoe.com SAMPLE BOOK

# ဝတ္ထုတိုပေါင်းချုပ်

ဇော်ဇော်အောင်

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

**မောင်မိုးသူ၏ အမှာစာ** ၁၃
**သစ္စာနီ၏ အမှာစာ** ၁၇
**မြတ်သစ်၏ အမှာစာ** ၂၀
(၁) နေယျဒေါသ ၂၃
(၂) ယုဇနမခင်ပျို ၃၀
(၃) ကတ္တီပါ လွှမ်းချင်း ၄၀
(၄) ရေပွက်ပမာ တသက်လျာတည်း ၅၅
(၅) မိုးရေထဲက ကံ့ကော်ပင်လွမ်းချင်း ၆၄
(၆) မပျော်ပိုက်တော့ပြီဖြစ်၍ ၇၀
(၇) သစ္စာပျက် မှတ်တမ်း ၇၅
(၈) ဆီလျော်သော ခေါင်းစဉ်တပ်ပါ ၇၈
(၉) ခင်သန်းနုအကြောင်း ဝတ္ထု ၈၁
(၁၀) နိုင်တဲ့လူအကုန်ယူသွားသည် ၈၅
(၁၁) မကြည်ပြာ အိပ်မက်ဖြစ်သွားပြီ ၈၉
(၁၂) ချိုပြုံးသီချင်းထဲက ဦးချစ်ဆိုင်မှာ ၉၆
(၁၃) ပင်လယ်ထဲက ညသည်ပိတောက်ပန်းဖြစ်၏ ၉၉
(၁၄) ကျွန်တော်၏ ချစ်လှစွာသော အစရှိသဖြင့် . . . ၁၀၆
(၁၅) ခံစားကြည့်ပါ မကြည်ပြာ ၁၁၃
(၁၆) အရောင်မဲ့ စိမ်းလန်းသော စိတ်ကူးများ ဒေါသတကြီး အိပ်စက်နေကြသည် ၁၁၇

mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| (၁၇) | အကယ်၍ နယ်နိမိတ် | ၁၂၂ |
| (၁၈) | ခမ်းနားကြီးကျယ်သောအချစ် အင်းလျားဆောင်မှာနေ၏။ | ၁၂၄ |
| (၁၉) | မဒေါနကို မုန်းပါသည် | ၁၂၉ |
| (၂၀) | ခရေဖူးအမည်ရှိ မိန်းကလေးအပေါ် ချစ်သောအကြောင်းများ ရေးဖွဲ့ထားခြင်း | ၁၃၂ |
| (၂၁) | ထိုအခါ ကမ္ဘာသူ မကြည်ပြာသည် | ၁၃၆ |
| (၂၂) | တို့လိုနုတဲ့ ပုထုဇဉ်. . . . . ကို | ၁၄၀ |
| (၂၃) | မှန်ဗီရိုထဲက ချစ်သော မကြည်ပြာ | ၁၄၄ |
| (၂၄) | ဇော်ဇော်အောင်၏ အချစ်ဝတ္ထု | ၁၄၈ |
| (၂၅) | ပုလဲရစ်သစ် | ၁၅၄ |
| (၂၆) | တောင်ထိပ်ပေါ်က နတ်သျှင်နောင်၏ မော်တော်ဆိုင်ကယ် | ၁၆၁ |
| (၂၇) | နာမ်အထူးပြု မနှင်းဆီ | ၁၆၃ |
| (၂၈) | ဆီလီကွန်တောမှ ဥဩငှက်၏ တေးသံအတု | ၁၆၅ |
| (၂၉) | ငါ့ဆီလာ၍ ပြန်ထွက်သွားသော အချစ်ဝတ္ထု | ၁၆၇ |
| (၃၀) | ကဗျာထဲမှာ နေရာလွတ်တွေ ရှိသည် | ၁၇၆ |
| (၃၁) | လက်မှတ်ထိုးထားသော ဝတ္ထုတို | ၁၇၉ |
| (၃၂) | သီတာကြည်လဲ့ ငှက်သံနွဲ့နှင့် | ၁၈၂ |
| (၃၃) | မိုးဘွဲ့ရစ်သမ် | ၁၈၄ |
| (၃၄) | မောဟ ကိတ်မုန့် | ၁၈၆ |
| (၃၅) | ပေါက်လဲတွေ အရောင်တောက်ပါလို့ | ၁၈၉ |
| (၃၆) | ကုံရာသီဂီတ | ၁၉၁ |
| (၃၇) | ရင်ထဲမှာ ကြည်ပြာရောင်မိုးစက်များ | ၁၉၄ |
| (၃၈) | ငါ့သွေးကြောထဲမှာ တဒုန်းဒုန်းမြည်နေတဲ့ နှင်းဆီဖူး | ၁၉၆ |
| (၃၉) | ကံ့ကော်ဦး | ၁၉၉ |
| (၄၀) | တိမ်တောက်ချိန် ယမုန်ဦးမှာ ရှူးရလိမ့် မကြည်ပြာ | ၂၀၃ |
| (၄၁) | သီရိဆောင် - ၂၆ | ၂၀၇ |
| (၄၂) | အိပ်ဆေးသောက်ထားတဲ့ သော့များ | ၂၀၉ |
| (၄၃) | ဆစ်ဂ်မန်ဖရွိုက်ပတ်ပျိုး | ၂၁၃ |
| (၄၄) | ကိုးဆယ့်ကိုးဒသမကိုးရှစ် | ၂၁၈ |
| (၄၅) | သဒ္ဒါအကြောင်း ဝတ္ထုတို | ၂၂၀ |
| (၄၆) | သုညတဆိုက်ခြင်းအကြောင်း | ၂၂၂ |
| (၄၇) | ကျန်စစ်သား၏ သူငယ်ချင်း | ၂၂၄ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| (၄၈) | မေမိုးဝေ | ၂၂၇ |
| (၄၉) | ရေးရမှာပျင်းတဲ့ ဝတ္ထု | ၂၃၂ |
| (၅၀) | ဆက်ရေးလို့ရသေးတဲ့ ဝတ္ထုတို | ၂၃၅ |
| (၅၁) | ဂန္ဓမာပန်းဝါခင်း၏ အလွန်မှာ | ၂၃၈ |
| (၅၂) | ရေမွှေးဆွတ်ထားသော ဇာတ်ဝင်ခန်း | ၂၄၀ |
| (၅၃) | နှင်းဆီပွင့်ကိုဖွင့်တဲ့ သော့ | ၂၄၃ |
| (၅၄) | သူ့ကိုယ်သူ ဝတ္ထုထင်နေတဲ့ ဝတ္ထု | ၂၄၅ |
| (၅၅) | ဘုံထွတ်နန်းတောင်နေသို့လော | ၂၄၈ |
| (၅၆) | တိမ်ညိုနေဝန်းငှက် | ၂၅၀ |
| (၅၇) | မရောက်မချင်း | ၂၅၃ |
| (၅၈) | သဘော်အကြောင်း ဝတ္ထုတို | ၂၅၅ |
| (၅၉) | ကြောင်တစ်ကောင် | ၂၅၇ |
| (၆၀) | ဈေးဝယ်စာရင်းဝတ္ထုတို | ၂၆၀ |
| (၆၁) | ABOUTNESS OF NOTHINGNESS | ၂၆၃ |
| (၆၂) | အပျော်စီးခရီးမဟုတ် ဒုက္ခအပေါင်းမှ လွတ်ရာသို့ | ၂၆၅ |
| (၆၃) | ဖော်ပြပါဝတ္ထု | ၂၆၇ |
| (၆၄) | ဝါကျထဲက ကွက်လပ်များနှင့် ထင်မှုနှင့် မေ့လျော့ခြင်းအတုနှင့် | ၂၆၉ |
| (၆၅) | သံသရာခရက်ဒစ်ကဒ် (CREDIT CARD) | ၂၇၂ |
| (၆၆) | ဖော်ဂျီကို သတိရခြင်းအကြောင်း ဝတ္ထုတို | ၂၇၆ |
| (၆၇) | ပေးလိုက်သည် ယူသွားတော့ | ၂၇၈ |
| (၆၈) | ညောင်ညိုပင်စခန်းမှာ ပြန်ဆုံသည် | ၂၈၀ |
| (၆၉) | ဝတ္ထုတိုအမည် ဖော်ပြပါ | ၂၈၄ |
| (၇၀) | THE BIG YAWN | ၂၈၆ |
| (၇၁) | ကြိုးကြာသံ ဝတ္ထုတို | ၂၈၈ |
| (၇၂) | ညစာ စားပွဲ | ၂၉၀ |
| (၇၃) | စားပွဲတစ်လုံးက စသည် | ၂၉၂ |
| (၇၄) | ရောက်လျှင် သိမည် | ၂၉၅ |
| (၇၅) | . . . . တမ်းချင်း ဝတ္ထုတို | ၂၉၇ |
| (၇၆) | ဇုန်ဝတ္ထုတို | ၂၉၉ |
| (၇၇) | အနုပညာ | ၃၀၁ |
| (၇၈) | ကြေးစည်သံ ဝတ္ထုတို | ၃၀၃ |


mgyoe.com

mgyoe.com SAMPLE BOOK


(၇၉) ငှက်သေလွင်ပြင် ဝတ္ထုတို ၂၀၅
(၈၀) ရှုပက ဝတ္ထုတို ၂၀၇
(၈၁) METAFICTION ဝတ္ထုတို အယ်လစ္စဘက်ရွှေနီအကြောင်း ဝတ္ထုမရေးတော့ပါ ၂၁၀
(၈၂) တောင်ပေါ် စာအုပ်ခန်းနားက ဈေး ၂၁၃
(၈၃) အောင်မြေသာစံ သီချင်းပွဲတော် ၂၁၄
(၈၄) အမည်ပေးမထား ၂၁၆
(၈၅) ခရီး ၂၁၉
(၈၆) ငါ . . . ဝတ္ထု ၂၂၀
(၈၇) ရေကန်ဘေးက မြဝတီမင်းကြီး ဦးစရဲ့ ထမင်းကြမ်းခဲ ၂၂၃
(၈၈) ကဗျာအတု ၂၂၆
(၈၉) ဝတ္ထုအတု (METAFICTION ဝတ္ထုတို) ၂၂၈
(၉၀) လွမ်းလို့ရေးတဲ့ကဗျာ - ၁ ၂၃၀
(၉၁) လွမ်းလို့ရေးတဲ့ကဗျာ - ၂ ရန်ပွဲတော်မှာ လွမ်းလို့ရေးတဲ့ကဗျာ ၂၃၃
(၉၂) လွမ်းလို့ရေးတဲ့ကဗျာ - ၃ ၂၃၆
(၉၃) လွမ်းလို့ရေးတဲ့ ကဗျာ - ၄ ပန်းအလှတို့ ပြည်တော်ဝင် ၂၃၉
(၉၄) လွမ်းလို့ရေးတဲ့ကဗျာ - ၅ ငှက်တော်ဖြူတို့ အိမ်အပျံ ၂၄၀
(၉၅) လွမ်းလို့ရေးတဲ့ကဗျာ - ၆ မာလာဆောင်က လပြည့်ဝန်း ၂၄၃
(၉၆) လွမ်းလို့ရေးတဲ့ ကဗျာ - ၇ မြူနှင်းပြာ တမ်းချင်း ၂၄၅
(၉၇) အမည်မဲ့ဝတ္ထုတို/ အမှတ်စဉ် - ၂ ၂၄၈
(၉၈) အမည်မဲ့ဝတ္ထုတို/အမှတ်စဉ် - ၄ ၂၅၀
(၉၉) အမည်မဲ့ ဝတ္ထုတို / အမှတ်စဉ် ၅ ၂၅၂
(၁၀၀) အမည်မဲ့ဝတ္ထုတို/အမှတ်စဉ် - ၁၀ ၂၅၄
(၁၀၁) အမည်မဲ့ဝတ္ထုတို/ အမှတ်စဉ် - ၁၁ ၂၆၀
(၁၀၂) မီးခိုးငွေ့ ၂၆၅
ပီတာဇော်မြင့် ဝတ္ထုတိုများ ၂၆၉
(၁၀၃) ပီတာဇော်မြင့် သဘောပေါက်ပါသည် ၂၇၀
(၁၀၄) ပီတာဇော်မြင့်ထံမှာ လာယူပါ ၂၇၄
(၁၀၅) မေခလာနှင့် ပီတာဇော်မြင့် ၂၇၈
(၁၀၆) ပီတာဇော်မြင့်၏ ပြုပြင်၍မရသော အမှားများ ၂၈၁
(၁၀၇) အဟောအပြောကောင်း၍ ပီတာဇော်မြင့်သွားကျိုးခြင်း ၂၈၄
(၁၀၈) ဦးပုညနှင့် ပီတာဇော်မြင့် ၂၈၇


mgyoe.com

mgyoe.com SAMPLE BOOK

(၁၀၉) ပီတာဇော်မြင့်နှင့် သူ့ဘကြီးကွမ်းအစ် ၃၉၁
(၁၁၀) ပီတာဇော်မြင့် ဗီဒီယိုရိုက်ခြင်း ၃၉၄
(၁၁၁) စတားဝါး ပီတာဇော်မြင့် ၃၉၇
(၁၁၂) ဦးဖွ ပီတာဇော်မြင့် ၄၀၄
(၁၁၃) စက်ခလုပ် ဇော်ဇော်အောင် ၄၀၉
(၁၁၄) အာလာဒင်ဇော်မြင့်အကြောင်း -ဝတ္ထုတို ၄၁၄
**စာပေါင်းသိုက်အက်ဆေးများ** ၄၁၇
(၁၁၅) သိင်္ဂါရ ရသ ၄၁၉
(၁၁၆) မနက်စောစော ၄၂၂
(၁၁၇) ဆရာဇော်ဂျီ၏အကြောင်း သူ့တပည့်ရေးသောစာ ၄၂၅
(၁၁၈) ဝတ္ထုအကြောင်း တပေါင်းစာတမ်း ၄၂၉
(၁၁၉) ဝတ္ထုအကြောင်း ဆွေ့ဆွေ့ခုနစ်စာတမ်း ၄၃၃
(၁၂၀) လူပေါ်လူညံ့ ပြဿနာ ၄၃၇
(၁၂၁) ဟေမာနေဝင်း သီချင်းကဗျာ ၄၄၀
(၁၂၂) ဒေါင်းအလွမ်းစာ ၄၄၃
(၁၂၃) မန္တလေး ၄၄၆
(၁၂၄) ရာဇဝင်အမှောင်မှာ တန်ဆောင်ဆီမီးပမာ ၄၄၉
(၁၂၅) ပုဂံ ၄၅၃
(၁၂၆) မအောင်မြင်မှု ငွေရတုစာတမ်း ၄၅၆
(၁၂၇) မြက်ခင်းသံစဉ် အမှတ် - ၆ ၄၅၉
(၁၂၈) မိုးခင်အတွက် ပိတောက်ခက် စကားပြေ ၄၆၂
(၁၂၉) တမာပင်အောက်မှာ အေးမြစွာ ပေါက်ကွဲခြင်း ၄၆၅
(၁၃၀) တာယောထိုးတဲ့ ပို့စ်မော်ဒန်ကောင်မလေး ၄၆၈
(၁၃၁) တိုက်စိုးလို ဖြစ်ချင်တယ် ၄၇၂
(၁၃၂) နှစ်ဆယ့်တစ် ကြိုချင်း ၄၇၅
(၁၃၃) မိုးသက်လေနှင်၏အလွန်မှာ ပန်းချီဆရာ မောင်ညိုဝင်းနှင့် အတူ ၄၇၇
(၁၃၄) အမာစိန်နှင့် အရိုင်းမယ်လေး ၄၈၀
(၁၃၅) ငြိမ်သက်သော ဆောင်းကဗျာအကြောင်း အက်ဆေး ၄၈၄

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK


# ဇော်ဇော်အောင်အကြောင်း အကျဉ်းချုပ်
(ကိုယ်တိုင်ရေးသည်)

၁၉၃၇ ခုနှစ်၊ မေလ (၈)ရက်၊ ၁၂၉၉ ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်၊ (အင်္ဂါနေ့) ညနေ ၃း၀၀ နာရီတွင် ဖွားမြင်သည်။ ဖွားရာဇာတိချက်မြှုပ်သည် မုံရွာခရိုင်၊ ဆားလင်းကြီးမြို့ ဖြစ်၏။ အဖ ဦးဘသက်၊ အမိ ဒေါ်ဟုတို့၏ တစ်ဦးတည်းသော သားဖြစ်၏။ စစ်ကြီးအပြီးတွင် မုံရွာမြို့၊ ဗုဒ္ဓဘာသာကျောင်း (ယခု အ. ထ. က ၁)တွင် ပညာသင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဆယ်တန်းအောင် ၍ မန္တလေးတက္ကသိုလ်သို့ တက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့၍ ၁၉၆၀ ခုနှစ်တွင် ဝိဇ္ဇာမြန်မာစာ ဂုဏ်ထူးဘွဲ့ရခဲ့သည်။ ဝိဇ္ဇာဂုဏ်ထူးတန်းတွင် 'တော်ကွန်း' (TAWKOON) ရွှေတံဆိပ်ဆုရခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ယူ ကျမ်းခေါင်းစဉ်မှာ 'ဇော်ဂျီ၏ ပေဒါလမ်းကဗျာအပုဒ် (၄၀)ဖွဲ့စည်းတည်ဆောက်ပုံ လေ့လာချက်'ဖြစ်၏။ ၁၉၆၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနသို့ ဝင်ရောက်ခဲ့၍ ၁၉၈၉ ခုနှစ်တွင် စွန့်ခွာခဲ့ရသည်။ ၁၉၅၃ ခုနှစ်မှစ၍ စာတိုပေစကလေးများ ရေးခဲ့သည်။ ယနေ့အထိ အပျော်ဖတ်ဝတ္ထုလုံးချင်း အုပ်(၄၀)ခန့် ရေးခဲ့သည်။ စာပေသဘောတရားနှင့် စာပေဝေဖန်ရေးစာအုပ် (၂၁)အုပ် ရေးခဲ့သည်။ စာပေဆောင်းပါးများလည်း ယနေ့အထိ ရေးဆဲဖြစ်သည်။

ငယ်စဉ်က အတော် တေတေပေပေ နေခဲ့သည်။ ဘဝတွင် အမှန်မဖြစ်စလောက်နှင့် အမှားတွေ အများကြီး လုပ်ခဲ့သည်။ ယခုအခါတွင် လိမ္မာဖို့ကြိုးစားရင်း စာအမှန်များ ရေးသားနေဆဲ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK



အရွယ်ပျို၍
မဆိုစလောက်
မာန်စောင်မြောက်၍
နှုတ်ငေါက်လွန်မိ
ဒေါသရှိလည်း
နောင်းပြီတစ်ခါ
သည်းခံပါတော့ ......

(ကိုးခန်းပျို့)

mgyoe.com

mgyoe.com SAMPLE BOOK

# ဇော်ဇော်အောင်ရဲ့ ဝတ္ထုတိုပေါင်းချုပ်အတွက် မောင်မိုးသူရဲ့ အမှာ

**မောင်မိုးသူ**

ရန်ကုန်လမ်းမများ စာအုပ်တိုက်မှ ဇော်ဇော်အောင်ရဲ့ ဝတ္ထုတိုပေါင်း ၁၃၅ ပုဒ်ကို ဝတ္ထုတိုပေါင်းချုပ်အဖြစ် ထုတ်မယ်ဆိုပြီး ဇော်ဇော်အောင်ရဲ့သမီး မိုးမိုးဆီက ခွင့်တောင်း၊ ဝတ္ထုတိုတွေစုပြီးတော့ အမှာစာကို မောင်မိုးသူ၊ မြတ်သစ်၊ သစ္စာနီတို့ကို ရေးခိုင်းမယ်လို့ ဆိုပါတယ်။ သစ္စာနီဆိုတာ အလွန်ထင်ရှားတဲ့ ကဗျာဆရာဖြစ်ပြီး ကဗျာလောကကို ဦးဆောင်သူတစ်ဦး ဖြစ်ပါတယ်။ သစ္စာနီ၊ မောင်စိမ်းနီတို့ဆိုတာ ကဗျာသမဂ္ဂရဲ့ ဥက္ကဋ္ဌများ ထင်ပါရဲ့ မောင်စိမ်းနီကတော့ ကွယ်လွန်သွားရှာပါပြီ။ သစ္စာနီကတော့ ယခုထက်ထိ ခေတ်ပေါ်ကဗျာများကို ဦးဆောင် ကဗျာတွေ ရွတ်နေတဲ့ ပုဂ္ဂိုလ်ပေါ့။ သစ္စာနီဆိုတဲ့ ကိုရဲဟာ ဇော်ဇော်အောင်ကို ဆရာကဲ့သို့ သဘောထားပြီး ဆရာဇော်လို့ အမြဲခေါ်ပါတယ်။ မောင်မိုးသူက ဇော်ဇော်အောင်နဲ့ ပတ်သက်ပြီးတော့မှ ကိုရဲ(သစ္စာနီ)နဲ့ သိရတာ ဖြစ်ပါတယ်။ နောက်တစ်ယောက် မြတ်သစ်။ မြတ်သစ်ကတော့ ဇော်ဇော်အောင်ရဲ့ အေးဂျင့် ဇာတ်လိုက်ကျော် စိုးအောင်၊ မြတ်သစ် အတွဲထဲက မြတ်သစ်ပေါ့။ သူလည်း ဇော်ဇော်အောင်

mgyoe.com

mgyoe.com SAMPLE BOOK


ရဲ့ အန္တေဝါသိက တပည့်အရင်းတစ်ဦးပါပဲ။

မြတ်သစ်ကို ပထမဆုံးအကြိမ် မောင်မိုးသူ စတင် သိကျွမ်းရတာကတော့ စစ်ပြီးခေတ် ဒဂုန်မဂ္ဂဇင်းကို မဂ္ဂဇင်းကြီး ထုတ်မယ်ဆိုတော့ ဇော်ဇော်အောင်ရဲ့ မြတ်သစ်အတွက်ဆိုပြီး မောင်မိုးသူက လစဉ်မပြတ် ရုပ်ရှင်အကြောင်းတွေပဲ ရေးပေးခဲ့ရဖူးပါတယ်။ ဒဂုန်မဂ္ဂဇင်း ရပ်ဆိုင်းပြီးတဲ့နောက်တော့ မြတ်သစ် စာမူ လာမတောင်းတော့ပါ။ လူချင်းတော့ တစ်ခါ တစ်ရံတွေ့ပြီး ပြောလိုဆိုလို့ ကောင်းတဲ့တစ်ဦး ဖြစ်ပါတယ်။ အခုလက်ရှိ Eleven ဂျာနယ်ရဲ့ (သတင်းစာမဟုတ်ပါ) အယ်ဒီတာ တစ်ဦးဖြစ်ပါတယ်။

အဲ. . . အမှာရေးသူ သုံးယောက်အနက် မောင်မိုးသူကတော့ ဇော်ဇော်အောင်ရဲ့ ငယ်သူငယ်ချင်းပေါ့။ မန္တလေးတက္ကသိုလ်ကတည်းက ဇော်ဇော်အောင်၊ မောင်မိုးသူ မဖြစ်ခင် ဇော်မြင့်၊ စိန်မြင့် အဖြစ်နဲ့ ပေါင်းခဲ့ကြတာ။ မိသားစုချင်းလည်း တအားရင်းနှီး တယ်။ နှစ်အိမ်တစ်အိမ် နေခဲ့ကြသူများ ဖြစ်ပါတယ်။ ဇော်ဇော်အောင်ဟာ မြန်မာအေးဂျင့် စပိုင်စိုးအောင်၊ မြတ်သစ်ဝတ္ထုများနဲ့ မြန်မာစာပေလောကမှာ အလွန်ထင်ရှား ဝင်ငွေကောင်း တဲ့ စာရေးဆရာ။ လျှို့ဝှက်သည်းဖို၊ အပစ်အခတ်၊ သိုင်းကို ကျွမ်းကျွမ်းကျင်ကျင် ချတတ်တဲ့ မြန်မာအေးဂျင့် စိုးအောင် ဝတ္ထုတွေရေးပြီး ဝင်ငွေကောင်းတဲ့ စာရေးဆရာတစ်ယောက် ဖြစ်ပါတယ်။ ဇော်ဇော်အောင်က မြန်မာစပိုင် စိုးအောင် ဝတ္ထုတွေကို ရေးသားနေချိန်မှာ မောင်မိုးသူကလည်း နိုင်ငံခြား စပိုင်ဝတ္ထုများကို ဘာသာပြန် ရေးသားသူတစ်ဦး ဖြစ်ခဲ့ပါ တယ်။

ဇော်ဇော်အောင်ရဲ့ စာပေမျက်နှာစာမှာ တခြား စာမျက်နှာတစ်ခု ရှိပါသေးတယ်။ အဲဒီမျက်နှာစာကတော့ မော်ဒန်စာပေသီအိုရီကို မြန်မာစာပေလောကအတွက် ပြည့်ပြည့် စုံစုံ နားလည်အောင် ရေးသားတဲ့ မော်ဒန် စာပေ သဘောတရား ခေါင်းဆောင်တစ်ဦးလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဇော်ဇော်အောင်ကိုယ်တိုင်က မော်ဒန်စာပေ ခေါင်းဆောင်လို့ ဘယ်တုန်းကမှ ပြောဆိုခြင်းမရှိပေမယ့် သူ့တပည့် မော်ဒန်စာရေးဆရာတွေ၊ ကဗျာဆရာ တွေကတော့ ဇော်ဇော်အောင်ကို ဆရာဇော် ဆရာဇော်နဲ့ အသိအမှတ် ပြုကြပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေကြားထဲမှာ မော်ဒန်ပန်းချီဆရာ ခင်မောင်ရင်ဟာ အထင် ရှားဆုံး မော်ဒန်ပန်းချီဆရာပေါ့။ အဲဒီမော်ဒန် ပန်းချီဆရာ ခင်မောင်ရင်အကြောင်းကို မောင်မိုးသူရယ်၊ ဇော်ဇော်အောင်ရယ်၊ ကိုတာရယ် သုံးယောက်ပေါင်းပြီး စာအုပ်တစ်အုပ် ရေးသားပြုစုဖူးပါတယ်။

ဇော်ဇော်အောင်ဟာ ဆရာဇော်ဂျီရဲ့ တပည့်တစ်ဦး ဖြစ်ပါတယ်။ ဆရာဇော်ဂျီဟာ


mgyoe.com

mgyoe.com SAMPLE BOOK



ရသစာပေနှင့် ပတ်သက်ပြီး အင်္ဂလိပ်စာသားမပါ မြန်မာစာဖတ်ပရိသတ်များနှင့် စာပေလောကသားများအတွက် ရသစာပေအဖွင့် (အဲဒီစာအုပ်ကို မောင်မိုးသူက မန်းတက္ကသိုလ်ကလောင်ရှင်အသင်းအတွက် မိုးဦးပန်းစာပေတိုက်က ထုတ်ဝေခဲ့ဖူးပါတယ်။) ရသစာပေနှင့် ပတ်သက်ပြီး ဆရာဇော်ဂျီက အပြည့်စုံဆုံး အကောင်းဆုံး ရေးသားပြုစုခဲ့တဲ့ ဆရာကြီးဖြစ်လို့ မောင်မိုးသူ လေးစားကြည်ညိုရတဲ့ ဆရာကြီးတစ်ဦးဖြစ်ပါတယ်။ ဆရာဇော်ဂျီရဲ့ တပည့်ဖြစ်တဲ့ မောင်ဇော် (စာပေသဘောတရားတွေ ရေးတဲ့အခါမှာ မောင်ဇော်လို့ ရေးတယ်လို့ ထင်တာပါပဲ) မောင်ဇော်ဟာ မော်ဒန်စာပေသီအိုရီ သဘောတရားတွေကို မြန်မာစာပေလောကအတွက် တကယ်ပဲ သိနားလည် တတ်ကျွမ်းပြီး ရှင်းလင်းအောင်လည်း ရေးသားနိုင်သူတစ်ဦး ဖြစ်ပါတယ်။

ဇော်ဇော်အောင်ဟာ စပိုင်ဝတ္ထုတွေ အများကြီးမှ အများကြီး ရေးခဲ့သူဖြစ်ပေမယ့် စပိုင်ရေးရတာဟာ ရှက်ဟန်တူရဲ့၊ ဒါကြောင့် သူ့ရဲ့ စပိုင်ဝတ္ထုတွေကို မောင်မိုးသူ တို့ မိသားစုကိုပေးတိုင်း မောင်မိုးသူရဲ့ သားငယ် ညီညီ (ဘူးဘူး) နာမည်တပ်ပြီး အမြဲပေးလေ့ရှိပါတယ်။ မောင်မိုးသူကတော့ စပိုင်ဝတ္ထုတွေကို ဘာသာပြန်ရတဲ့အတွက် မရှက်ပါဘူး။ သဘောကျပါတယ်။ ဒါကြောင့်လည်း အဲဒီ စပိုင်ဝတ္ထုဘာသာပြန်ဝတ္ထုတွေ လေးငါးကြိမ် ပြန်ထုတ်ဖြစ်နေတာပေါ့။

ဇော်ဇော်အောင်ရဲ့ မော်ဒန်စာပေ သဘောတရား သီအိုရီ ဆောင်းပါးတွေကိုတော့ မောင်မိုးသူလည်း အထိုက်အလျောက် အင်္ဂလိပ်လို ဖတ်ဖူးပါတယ်။ မောင်မိုးသူကိုယ်တိုင် နိုင်ငံတကာဂန္ထဝင် စာအုပ်သမား ဖြစ်ပုံရလို့ ခေတ်ပေါ် ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတွေ၊ တခြားဝတ္ထုတွေကို နှစ်ခြိုက်ပြီး နောက်ပိုင်းခေတ်ရေးတဲ့ နိုင်ငံတကာ မော်ဒန်စာရေးဆရာများ ရေးတဲ့ စာတွေကို ကိုယ်ကပဲ လိုက်မမီလို့လား မသိ၊ တယ်ပြီးတော့ မကြိုက်လှပါ။ မစွဲလန်းလှပါ။ မောင်မိုးသူအနေနှင့်တော့ ပြင်သစ် ဖြစ်တည်ခြင်းသာပဓာန စာရေးဆရာဖြစ်တဲ့ ယမ်းပေါ်ဆက်တို့ ကမူးတို့ ခေတ်မှာပဲ ကျန်ခဲ့တယ်ထင်ပါရဲ့။

အဲ. . . ဇော်ဇော်အောင်ဟာ စပိုင်ဝတ္ထုတွေရေးတယ်၊ မော်ဒန်စာပေသီအိုရီ သဘောတရားတွေကို ရေးတယ်၊ တစ်ချိန်တည်းမှာပဲ အလွန်ထူးခြားလှပဆန်းသစ်တဲ့ မြန်မာဝတ္ထုတိုများကိုလည်း ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ အကောင်းမွန်ဆုံး ရေးသားပြုစုသွားတာကို တွေ့ရပါတယ်။ အထင်ရှားဆုံး သက်သေအဖြစ် ယခု ဇော်ဇော်အောင်ရဲ့ မြန်မာဝတ္ထုတို ပေါင်းချုပ်ဟာ ၁၃၅ ပုဒ် ပါသတဲ့။

မောင်မိုးသူလည်း အကုန်အစင်တော့ ဖတ်ဖူးခဲ့ပုံမရပါဘူး။ အတော်ကြိုက်ပြီး



mgyoe.com

mgyoe.com SAMPLE BOOK



စွဲလန်းတဲ့ဝတ္ထုတို တော်တော်များများ ပါတာကို တွေ့ရပါတယ်။

ဇော်ဇော်အောင်နဲ့ မောင်မိုးသူ၊ ဇော်မြင့်နဲ့ စိန်မြင့်တို့ဟာ ၁၉၅၆ မန္တလေးတက္ကသိုလ်မှာ အတူနေ၊ အတူအိပ် (အတူအိပ်ဆိုတာ အမြဲတမ်း မူးရူးပြီး တစ်ခုတင် တည်း အတူအိပ်ရတာကို ပြောတာနော်)၊ အတူသောက်၊ အတူစာတွေရေးခဲ့ကြပြီးတော့ စာပေလောကမှာ ကျင်လည်ခဲ့ကြသူနှစ်ဦး ဖြစ်ပါတယ်။ ပိုပြီး ထူးဆန်းတာက ဇော်ဇော်အောင်နဲ့ မောင်မိုးသူတို့ဟာ နှစ်ယောက်စလုံး ၁၉၃၇ ခုနှစ် မေလ တစ်နှစ်တည်း တစ်လတည်း မွေးခဲ့ကြသူများဖြစ်တဲ့အပြင် မောင်မိုးသူက ဇော်ဇော်အောင်ထက် တစ်ရက်တည်း ကြီးပါတယ်။

အဲဒီလို ၅၆ က အတူပေါင်းခဲ့တဲ့ သူငယ်ချင်းနှစ် ယောက် ဇော်မြင့် (၂၀၁၆ ခု) ကွယ်လွန်တော့ မောင်မိုးသူ လိုက်လံပို့ဆောင်ခဲ့တဲ့အပြင် လွမ်းတော်မူဖို့စာကိုစီတယ် ခေါင်းစဉ်ဖြင့် သူ့အကြောင်းတွေလည်း ရေးခဲ့ဖူးပါတယ်။ ယခုလည်း သူ့ရဲ့ ဝတ္ထုတို ပေါင်းချုပ်စာအုပ် ထုတ်မယ်ဆိုတော့ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တယ်ပဲပြောပြော ကြိုက်တယ်ကောင်းတယ်လို့ အမှာရေးလိုက်တာကို ချစ်လို့ခင်လို့ ရေးလိုက်တာသက်သက်မဟုတ်ဘဲ တကယ်ပဲ ကောင်းလို့ ကြိုက်လို့ ရေးလိုက်တာဖြစ်ကြောင်းပါ။

မောင်မိုးသူ
၂၀၁၇၊ ဇွန်လ



mgyoe.com

mgyoe.com SAMPLE BOOK

# လွမ်းချင်း

**သစ္စာနီ**

## (၁)

၁၉၇၀ ခုနှစ်များ ပတ်ဝန်းကျင်။

ရန်ကုန်တက္ကသိုလ် ဦးချစ်ဆိုင်တွင် ကျောင်းတွင်း ကျောင်းပ ကဗျာဆရာများနှင့် စုဝေးစည်ကားနေသော နေ့ရက်များ၌ သူနှင့် ကျွန်တော်တို့ ဆုံခဲ့ကြသည်။

ထိုဆိုင်တွင် ယခုကွယ်လွန်ပြီဖြစ်သော အညာတမာ၊ ကျော်ဝင်းမောင်၊ မောင်ညီလတ်၊ မောင်နုံသာ၊ ပိတောက် ကလော (ကိုတင်မောင်ဌေး)၊ ကိုနွယ်သွေး၊ ပျဉ်းမနား မောင်နီသင်း စသည့် ကဗျာဆရာများ ယခုထက်တိုင် အသက်ထင်ရှားရှိဆဲဖြစ်သော မောင်ပြည့်မင်း၊ ကွန်စစ်ကောင်း၊ ကိုရွှေသိမ်းမင်း၊ မောင်သာစိုး(မကြာခင်က ကဗျာစာအုပ်နှစ်အုပ် ဆက်တိုက်ထုတ်လိုက်သေးသည်) မြတ်သစ် (ငြိမ်းမြိုင်)၊ တင်ဆွေမိုး၊ မောင်ပန်းမွှေး စသဖြင့် ကဗျာဆရာများစွာ။



mgyoe.com

mgyoe.com SAMPLE BOOK



ကျောင်းတွင်း ကဗျာဆရာများကို အကြောင်းပြု၍ ရောက်လာသော ကျွန်တော်၊ ကသိုင်းချောင်းဝံသာတို့လို ကဗျာဆရာများသာမက မြန်မာစာပေနှင့် နီးစပ်သော ဆရာများ၊ မြန်မာစာဂုဏ်ကျော်မြင့် (ဦးဖိုးကျော်မြင့်)၊ ဦးကိုယု၊ ဦးမြင့်ကြည့် (တက္ကသိုလ် မြတ်စိုး)၊ တက္ကသိုလ်မင်းဇော် (ဦးထွန်းမြင့်)၊ ဦးအောင်သင်း၊ ဦးဝင်းမွန်၊ နောက် စီးပွား ရေးတက္ကသိုလ် မြန်မာစာဌာနမှူးဖြစ်နေသော ဆရာဇော်ဇော်အောင် (ဦးဇော်မြင့်)တို့ ကိုယ့်ဝိုင်း နှင့်ကိုယ် အမြဲလိုလို စုဝေးတတ်ကြသည်။ ဆရာဇော်သည် တခြားဆရာများနှင့် မတူ၊ ကျောင်းသားကဗျာဆရာ ဝိုင်းများကို ဦးစားပေး ထိုင်လေ့ရှိသည်။ ဆရာဝိုင်းရော ကျောင်းသားဝိုင်းရော ဝင်ဆံ့သူက (ထိုစဉ်က သုတေသန စာတန်းများဖြင့် နာမည်ကြီး သော) ကိုငြိမ်းကျော်ဖြစ်သည်။ ထိုစဉ်က သူ့အချစ်ဝတ္ထုလုံးချင်းများ မထွက်သေး။ ဆရာဇော်ကလည်း မောင်ဇော်အမည်ဖြင့် ရှုမဝတွင် ကဗျာအနုပညာဆောင်းပါးများ ရေးနေသော်လည်း ဇော်ဇော်အောင်နာမည်ဖြင့် (စိုးအောင်ကို အဓိကဇာတ်ကောင်ထား သော) စုံထောက်ဝတ္ထုများ မထုတ်ဝေရသေး။ သူက “ကိုယ် အခု စုံထောက်ဝတ္ထုတွေ ရေးနေတယ်”ဟု ပြောသော်လည်း ကျွန်တော်က နောက်ပြောင်နေသည်ဟု ထင်ခဲ့သည်။

ကျွန်တော်နှင့် သူငယ်ချင်း မောင်မောင်မြင့်အေး ရေးသော (ဂမ္ဘီရမောင်မောင် မြင့်အေးနှင့် မတူပါ) ‘ရွှေ မျက်နှာရဲ့ မြစ်အသဲ’ဆိုသော ကဗျာစာအုပ်တွင် ‘မောင်ဇော်’ အမည်ဖြင့် အမှာစာ ရေးပေးခဲ့သည်။ အစိုးရဝန်ထမ်းတစ်ဦးအနေဖြင့် စည်းကမ်းတင်းကြပ် နေသော ခေတ်ကာလတစ်ခုတွင် တရားဝင်မဟုတ်ဘဲ ထုတ်ဝေသည့် လက်ရေးမှင်ကူး စာအုပ်တစ်အုပ်တွင် အမှာစာရေးရသည်မှာ အန္တရာယ်မကင်းကြောင်း သူသိသော်လည်း မငြင်းခဲ့။ ကျွန်တော်တို့အပေါ် ထားရှိသည့် သူ့ခင်မင်မှုကို အသိအမှတ်ပြုခဲ့မိသည်။

တက္ကသိုလ်၏ နောက်မျိုးဆက်ဖြစ်သော နေဦးကိုသက်၊ ကိုထူး (ဒဂုန်မဂ္ဂဇင်းထုတ် ဝေခဲ့သူ) လက်ထက်တွင်လည်း ကျွန်တော်တို့ တရုန်းရုန်းနှင့် ပွဲကျဆဲဖြစ်သည်။ ထိုအခိုက် မှာပင် ဦးသန့်အရေးအခင်း ဖြစ်ပေါ်လာသည်။ ကျောင်းတွေပိတ်လိုက်သည်။ ကျောင်းတွေ ပြန်ဖွင့်တော့လည်း ကျောင်းထဲတွင် ယခင်ကလောက် လွတ်လပ်မှုမရှိတော့။ ကျွန်တော်တို့ လည်း ကျောင်းထဲ မရောက်တော့။



mgyoe.com

mgyoe.com SAMPLE BOOK



## (၂)

ဆရာဇော်သည် စိုးအောင်ဝတ္ထုများဖြင့် အောင်မြင်လာသည်။ သို့သော် ကျွန်တော်တို့နှင့် ဆက်ဆံရေးမပျက်။ သူ့စာအုပ်များ ထုတ်ဝေသော 'ဇေယျာရွှေပြည်' စာပေတိုက်ပိုင်ရှင် စစ်ကိုင်းသား ကိုချိုတင်မှာ ကျွန်တော် နှင့် ခင်မင်သူဖြစ်သဖြင့် အဆက်အသွယ်မပြတ်ခဲ့။

ကိုငြိမ်းအေးအိမ် သရဖူမဂ္ဂဇင်းထုတ်ဝေသော ကာလမှာမူ ကျွန်တော်တို့ ပို၍ ဆုံဖြစ်သွားသည်။ သရဖူ မဂ္ဂဇင်းတိုက် တည်ရာဌာနတွင် အမြဲ အဖွဲ့ကျနေသည်။ (သရဖူမထွက်ခင်က မြတ်သစ်ကြီးတည်းဖြတ်သော ဒဂုန်မဂ္ဂဇင်းမှာလည်း မပြတ်ဆုံဖြစ်ခဲ့ကြသည်။) သရဖူတွင် နောက်မျိုးဆက်ဖြစ်သော တာရာမင်းဝေ၊ မင်းခိုက်စိုးစန်တို့နှင့် တွဲကာ ကဗျာစာပေဆိုင်ရာ သဘောတရားတွေ ဖြန့်ဖြူးဖို့ အားစိုက်ခွန်စိုက် လုပ်ခဲ့ကြသည်။ ထိုအချိန်၌ သူသည် အစိုးရအလုပ်မှ အနားယူခဲ့ပြီး ဖြစ်နေရာ အနုပညာနှင့် ပတ်သက်၍ စိတ်သွားတိုင်းကိုယ်ပါ ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ ပို့စ်မော်ဒန်စာပေ သဘောတရားတွေလည်း သူ တော်တော်ရေးဖြစ်သလို မော်ဒန် ဝတ္ထုတိုလေးတွေလည်း ရေးဖြစ်သည်။ သူ စာအရေးဖြစ်ဆုံးကာလဟု ဆိုရမည်ဖြစ်သည်။

## (၃)

သူနှင့် ကျွန်တော် ထိတွေ့ဆက်ဆံခဲ့သော ကာလအပိုင်းအခြားမှာ နှစ် ၄၀ ကျော်ရှိခဲ့သည်။ ဤကာလအတွင်း ရေးစရာတွေ တစ်ပုံတစ်ပင်ရှိသည်။ သူနှင့် ကျွန်တော် တချို့အနုပညာ အယူအဆများပေါ်တွင် သဘောထား ကွဲလွဲမှုရှိလာသော်လည်း ကျွန်တော်တို့အကြား ဘာပြဿနာမှ မရှိခဲ့။ သူနှင့် ကျွန်တော် သိကျွမ်းခဲ့သည့် ကာလတစ်လျှောက်လုံး သူသည် ကျွန်တော့်ကို ညီတစ်ယောက်လို တွယ်တာစောင့်ရှောက်ခဲ့သည်။ မကွယ်လွန်မီ နောက်ဆုံးနှစ်ကာလများ၌ ကျွန်တော်တို့ မကြာခဏ (အနည်းဆုံး တစ်ပတ်တစ်ခါတော့) ဆုံဆည်း ဖြစ်ကြသည်။ ကျွန်တော်တို့တွင် ယခင်ကလို ဆုံစရာ ဒဂုန်၊ သဘင်၊ သရဖူ စသည့် မဂ္ဂဇင်းများ မရှိတော့။ ဆုံချင်လျှင် တစ်ဦးထံတစ်ဦး အလည်အပတ်သွားမှသာ ရောက်ရတော့သည်။ ကျွန်တော်က ဘာမှန်းမသိသော အလုပ်တွေလည်း ရှုပ်၊ အလည်အပတ်သွားရန်လည်း ဝါသနာမပါ (ကိုယ်သွားလည်း သူ့အတွက် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်စိတ်ကြီး)သဖြင့် သူကသာ ကျွန်တော့် ဆီ



mgyoe.com

mgyoe.com SAMPLE BOOK



ရောက်လာလေ့ရှိသည်။ သူက လက်သုံးစကားတစ်ခုဖြင့် ကျွန်တော့်ကို ကျီစယ်လေ့ရှိသည်။ (တောင်ကြီးဟာ မိုဟာမက်ဆီ မလာတော့လည်း မိုဟာမက်က တောင်ကြီးဆီ လာရ တာပေါ့)တဲ့။

တနင်္ဂနွေ သူရောက်လာလျှင် (ထိုစဉ်က) ကျွန်တော့် ထံတွင် လူစုံတတ်သည်။ အထူးသဖြင့် ရန်ကုန်ပတ်ဝန်းကျင်မှ ကဗျာဆရာများ၊ သူ၏ ဝိသကြုံမှာ စောစောပိုင်း က သရဖူကိုငြိမ်းအေးအိမ် ဖြစ်သည်။ ကိုငြိမ်းက အမြဲ ကားနှင့်လိုက်ပို့ရသည်။ (ဆရာဇော် ထံတွင် ကားရှိသော်လည်း သူမောင်းတာ တစ်ခါမှ မတွေ့ဖူးခဲ့) ကိုငြိမ်းအေး အိမ် နယ် ရောက်သွားသောအခါ သူ့ ဝိသကြုံက သဘင်ကိုလေး ဖြစ်သွားသည်။ တစ်မနက်လုံး ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ထိုင်ကာ စာအကြောင်း ပေအကြောင်း နိုင်ငံရေး အကြောင်း ရောက်တတ်ရာရာ ပြောတတ်သည်။ နောက်တော့ မဝေးလှသော ထမင်းဆိုင် သွားကာ ထမင်းစားလေ့ရှိသည်။ ထိုထမင်းဆိုင်ကို သူ သဘောကျသည်။ (အိမ်မှာ မစားရသော ဝက်သားဟင်းကို ထိုဆိုင်တွင် စားရသောကြောင့်ဖြစ်သည်) ကျွန်တော့်ဆီ လာတော့ ကဗျာရေးသူ စာရေးသူ လူအစုံနှင့်တွေ့ကာ စကားပြောရတာလည်း သူနှစ်ခြိုက် ပုံရသည်။

မနှစ်က ကျွန်တော် ရောဂါထူသည်။ ၆၉ နှစ်အထိ ဒေါင်ဒေါင်မြည် ကောင်းနေပါ လျက်နဲ့ ၇၀ ထဲရောက်လာကတည်းက ချူချာသည်။ တစ်ခါမှမတက်ဖူးသော ဆေးရုံ ကို တက်ကာ ခွဲရစိပ်ရသည်။ သူ့ကို ကျွန်တော်က မပူပန်။ ကြီးကြီးမားမား ထိခိုက်လောက် စရာ ရောဂါဝေဒနာမရှိ ဟုထင်သည်။ သို့သော် နှလုံးရောဂါဖြင့်ပင် မထင်မှတ်ဘဲ ရုတ် တရက် သူဆုံးသွားသည်။ မနက် ဖေ့စ်ဘုတ်ခ်ပေါ် တွင် သူဆုံးသွားကြောင်း စတေးတပ် တွေမြင်တော့ ကျွန်တော် အံ့အားသင့်နေသည်။ ယခုတော့ တစ်နှစ်ကျော်ခဲ့လေပြီ။ ဒီအချိန်မှာ ဝေမှူးသွင်က သူ့စာ (ဝတ္ထု တို)တွေ စုစည်းထုတ်ဝေမည်ဆိုတော့ ဝမ်းသာမိ သည်။ ဆရာဇော်၏ ဝတ္ထုတိုများမှာ မြန်မာမော်ဒန်ဝတ္ထုတိုများ အကြောင်းပြောလျှင် ချန်လှပ်၍မရသော ဝတ္ထုတိုများသာ ဖြစ်လေသည်။

**သစ္စာနီ**

**ဇူလိုင်၊ ၂၀၁၇။**



mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာဇော်ဇော်အောင်၏ ဝတ္ထုတို

မြတ်သစ်

၁။ ဝတ္ထုတိုဆရာ ဇော်ဇော်အောင်နှင့် ပတ်သက်သည့် အချက်အလက်အချို့ကို ပြောကြားရလျှင် မြန်မာစာဌာနမှ ဆရာဦးဇော်မြင့် (မောင်ဇော်)နှင့် စတင်ရမည်။ ဆရာဦးဇော်မြင့်နှင့်အတူ အခြားဆရာများဖြစ်သော ဆရာဦးအောင်သင်း၊ ဆရာဦးထွန်းမြင့် (တက္ကသိုလ်မင်းမော်)၊ ဆရာဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်/အောင်ခန့်)၊ ဆရာဦးစံဖော် (မောင်စံဖော်/အောင်စုံ)တို့သည် ပြင်ပ စာပေလောကတွင် နေရာတစ်နေရာ ရယူထားကြသူများ ဖြစ်သည်။

၂။ ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် ဆရာဦးအောင်သင်း၊ တက္ကသိုလ်မင်းမော်၊ မောင်စံဖော်၊ မောင်ဇော်နှင့် စာရေးဆရာ ငြိမ်းကျော်တို့သည် မြန်မာစာပေနှင့်ပတ်သက်၍ လည်းကောင်း၊ ကဗျာများနှင့်ပတ်သက်၍လည်းကောင်း ဆောင်းပါးများကို ရေးသားခဲ့ကြသည်။ ထိုဆောင်းပါးများကို ‘လှိုင်းသစ်’ဟု အမည်ပေးပြီး စာအုပ်ထုတ်ဝေခဲ့ပြီး ဖြစ်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK


၃။ ဆရာဇော်ဇော်အောင်သည် ဝေဖန်ရေးစာပေ အချို့ကို 'မောင်ဇော်'အမည်ဖြင့် ရေးသားခဲ့သည်။ ယင်း စာပေ ဝေဖန်ရေးများကို 'ဓားသံလျက်နှင့် ပန်းပွင့်'အမည်ဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။ နောင်သော် ဆရာဇော်သည် 'ဇော်ဇော်အောင်'အမည်ဖြင့် လုံးချင်းဝတ္ထုရှည်များ ကို ရေးသားခဲ့သည်။ ထိုဝတ္ထုရှည်များမှာ ပရိသတ်များ နှစ်သက်သဘောကျမှု ရရှိခဲ့သည်။ ဇော်ဇော်အောင်အမည်ဖြင့်ပင် ဝတ္ထုတိုများကို မဂ္ဂဇင်းများတွင် ရေးသား ခဲ့ပြီး၊ 'မော်ဒန်နှင့် ပို့စ်မော်ဒန်'စာပေအယူအဆများကို 'သရဖူ'မဂ္ဂဇင်းတွင်လည်းကောင်း၊ အခြားသော မဂ္ဂဇင်းများတွင်လည်းကောင်း ရေးသားခဲ့သည်။ မော်ဒန်နှင့် ပို့စ်မော်ဒန် စာပေအယူအဆများကို လုံးချင်းစာအုပ်များအဖြစ်လည်း ထုတ်ဝေခဲ့သည်။

၄။ ယခုထုတ်ဝေသည့် 'ဇော်ဇော်အောင် ဝတ္ထုတိုများ'မှာ မဂ္ဂဇင်းအသီးသီးတွင် ရေးသားထားသော ဝတ္ထုတိုများကို စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။ ဆရာ ဇော်ဇော်အောင်၏ ဝတ္ထုတိုအချို့မှာ 'ဒဂုန်'မဂ္ဂဇင်းတွင် ဖော်ပြထားသည့် ဝတ္ထုတိုများ ဖြစ်သည်။ ဆရာဇော်ဇော်အောင်၏ 'မကြည်ပြာ'ဝတ္ထုတိုအများစုကို စာပေလေ့လာသူများက မော်ဒန်ဝတ္ထုတိုများဟု သတ်မှတ်ခဲ့ကြသည်။

၅။ စာရေးဆရာ ဇော်ဇော်အောင်၏ ဝတ္ထုတိုများတွင်ပါရှိသော စာသားများကို စာဖတ်ပရိသတ်များ ဖတ်ရှုပြီး မည်သည့်အမျိုးအစားများ ဖြစ်သည်ဆိုသည်ကို ဆုံးဖြတ်ကြရန်သာ ဖြစ်သည်။ မိမိအနေဖြင့် စာရေးဆရာတစ်ယောက်ကို လူပုဂ္ဂိုလ်ချင်း ရင်းနှီးမှုကြောင့်လည်းကောင်း၊ မိမိတာဝန်ယူသော မဂ္ဂဇင်းတွင် ထည့်သွင်းပေးခဲ့ခြင်းကြောင့်လည်းကောင်း ထိုထိုသော အရေးအသားများနှင့် ဝတ္ထုများသည် စာပေအယူအဆအရ မည်ကဲ့သို့သော ဝတ္ထုများဖြစ်သည်ဆိုသော အချက်ကို သတ်မှတ်ရန် မစွမ်းသာပေ။ ဝတ္ထုများနှင့်ပတ်သက်၍ ပညာရပ်ဝန်းမှ စာပေနှင့်အနုပညာကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်ထားသော သူများကသာလျှင် ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

၆။ ထုတ်ဝေသူက အမှာစာရေးပေးရန် ပြောကြားခဲ့သဖြင့် ယခုအမှာစာကို ရေးသားရခြင်း ဖြစ်သည်။ ဝတ္ထုတိုများကို ရေးသားခဲ့သော စာရေးဆရာ ဇော်ဇော်အောင်နှင့် ယင်းဝတ္ထုတိုများကို စု၍ ထုတ်ဝေပေးသော ထုတ်ဝေသူကိုသာလျှင် စာဖတ်ပရိသတ်များအနေဖြင့် ကျေးဇူးတင်ရမည်ဖြစ်သည်။

မြတ်သစ်


mgyoe.com

mgyoe.com SAMPLE BOOK

# (၁) နေယျဒေါသ

အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင်။

ကောင်းကင်စွန်းမှ လဝန်းမြင့်တက်လာရာ လ၏ ခြေသံကို မကြားရပါ။

ဤလောကတွင် အကျယ်လောင်ဆုံး အသံသည် တိတ်ဆိတ်မှုဖြစ်သည်ဟု တစ်စုံတစ်ယောက်က ပြောကြားသည်ကို ကျွန်ုပ်မယုံကြည်ပါ။

အရာရာသည် ပိုးဝါးရီဝေနေ၏။

လျှို့ဝှက် သိုသိပ်သော၊ တောက်ပြောင်သော်လည်း ရှင်သန်မှု နည်းပါးသော သူ့မျက်လုံးများထဲမှာ အပြာရောင် ရန့်များ ရှိ၏။

ပန်းနုရောင်အသွေး လည်ဆံမွေးတခါခါနှင့် ပြေးလာသော မြင်းတစ်ကောင် ရုတ်ခြည်းရပ်တန့်လိုက်သည်နှင့်။

မာလာကာပင်ပေါ်မှ ဖွဲ့ဖွဲ့ဖြုတ်ဖြုတ် ကြွေကျနေသော ခရမ်းရောင်ပန်းပွင့်များသည်. . . .

ကျွန်ုပ်ကို ဖုံးလွှမ်းအုပ်၍ သွားတော့သည်။

ရေကန်ဘက်ဆီမှ ဥသြငှက်တစ်ကောင်သည်

သံပြောင်း နိမ့်မြင့်မရှိသော တေးသီချင်းအတုတစ်ပုဒ်ကို

မုန်းစရာကောင်းလောက်အောက် ရှည်လျားစွာ သီဆိုနေ၏။

စိန်ပန်းပင်များသည် အပွင့်တို့ဖြင့် မီးလောင်နေ၏။

ပိုးသားနု ကတ္တီပါစသည် လိုချင်မက်မောအတော မသတ်နိုင်သူအတွက် ကြမ်းရှ၍နေပေလိမ့်မည်။

သင်တို့ ဘာကိုလိုချင်ကြသနည်း။

ကျွန်ုပ်ကိုမေးသည်လား။

ကျွန်ုပ်သည် ဘာကိုမျှ မလိုချင်မှုကို လိုချင်သည်ဟု ဖြေပါလျှင်

ထိုအဖြေသည် နေရောင်ထဲမှာ ဇာပုဝါအုပ်ထားသော

ကျောက်တုံးနက်တစ်တုံး ဖြစ်၏။

ပြတင်းပေါက်ကို ဖွင့်လိုက်ပါ. . . .။



mgyoe.com

mgyoe.com SAMPLE BOOK



အပြင်ဘက်မှာ ဘာတွေရှိနေသည်ကို သိချင်သည်လား။ သင်တို့၏ အလုပ်မဟုတ်ပါ။ ကျွန်ုပ်အလုပ်လည်း မဟုတ်ပါ။ ဘာတွေရှိနေလိမ့်မည်နည်းဟု မစဉ်းစားရန် အကြံပေးလိုပါသည်။ ဥယျာဉ်တစ်ခု နှင်းဆီပန်းအပြည့် ရှိချင်ရှိနေမည်။ ကိုကာကိုလာသံဗူးများ အပြည့်ထည့်ထားသော ရေခဲသေတ္တာတစ်လုံး ရှိချင်ရှိနေမည်။ ဒုံးပျံအစင်းတစ်သောင်း တစ်ပြိုင်နက် ထွက်သွားစေနိုင်သော ခလုတ်အနီဝိုင်းဝိုင်းတစ်ခု ရှိချင်ရှိနေမည်။ ပညာများဖြင့် လေးလံထိုင်းမှိုင်းနေသော ပါမောက္ခအိုကြီးတစ်ယောက် ရှိချင်ရှိနေမည်။ ဝင်းဝါးသွယ်မွတ်သော ခြေသလုံး ကလေးများ တက်သွားသည့် လှေကားတစ်စင်း ရှိချင်ရှိနေမည်။ စက်ပျက်နေသော အိုင်ဘီအမ်ကွန်ပျူတာတစ်ခုကိုလည်း တွေ့ချင်တွေ့ရမည်။ ပိုးကိုက်ထားသော သစ်တော်သီးတစ်လုံးနှင့် သီချင်းဆိုနေသော လူတစ်ယောက် ရှိချင်လည်း ရှိနေမည်။ ဖန်တီးရှင်၏ လက်ချောင်းများ (သို့မဟုတ်) ပျက်ပြယ်သွားသော လက်ထပ်စာချုပ်တစ်ခုလည်း ရှိချင်ရှိနေမည်။ ခွဲစိတ်သော လေဆာရောင်ခြည်ဓားတစ်လက်နှင့် ရွှေရောင်မျှော်လင့်ချက်ကိုလည်း တွေ့ကောင်းတွေ့ရမည်။ ပန်းချီကားတစ်ချပ်နှင့် စကားလုံးမဲ့ကဗျာတစ်ပုဒ်လည်း ရှိနေနိုင်သည်။ လူတို့၏ ကျောရိုးအပုံတစ်ပုံလည်း ရှိနေနိုင်သည်။ ပင့်ကူများနှင့် အပြည့်ရွှေသားရဲတိုက်ကြီးလည်း ရှိချင်ရှိနေမည်။ ရွှေချည်ထိုးပိုးသားဝတ်စုံအောက်က ဆိုက်ယာနိုက်ဆေးပြားတစ်ပြားလည်း ရှိနိုင်သည်။ ငြိမ်းအေးခြင်းနှင့် ပျော်ရွှင်ခြင်းလည်း ရှိနိုင်သည်။ ဘာမှမရှိချင်လည်း ရှိနိုင်သည်။ အရေးအကြီးဆုံးမှာ ပြတင်းပေါက်ကို ဖွင့်ဖို့သာဖြစ်၏။ တစ်ခါတစ်ရံ ရဲရင့်ဖို့ အတော်လိုအပ်ပါသည်။

*

ကျွန်ုပ် သူ့ကို နှင်းဆီပန်းတစ်ခင်း လက်ဆောင်ပေးမည်ဟု ဘယ်တုန်းကမှ ကတိမပြုခဲ့ပါ။ ကျွန်ုပ်တွင် စီးကရက်တိုတစ်သောင်းနှင့် ဦးခေါင်းထဲမှာ အံမဝင်ခွင်မကျသော ဦးနှောက်တစ်ခြမ်းသာ ရှိပါသည်။ ထို့အပြင် ကျွန်ုပ်သည် ပေးခြင်းအလုပ်နှင့် ယူခြင်းအလုပ်နှစ်ခုကို မဆောင်ရွက်ခဲ့သည်မှာ အတော်ကြာပြီဖြစ်ကြောင်းကိုလည်း သိစေအပ်ပါသည်။ ဝင်းထရံများ သံချေးတက်လျက် မိုးကုပ်စက်ဝိုင်းစွန်းအထိ ပြေးသွားနေကြ၏။ တိုက်ခန်းတစ်နေရာမှာ အဝါရောင်ဆေးများ ကွက်နေ၏။ အပွင့်ဟောင်းထဲက ရနံ့သည် သစ်နေ၏။ ကျွန်ုပ်ကို မည်သူလာ၍ ဤနေရာတွင် ပစ်ချထားခဲ့ပါသနည်း။ တောင်ကုန်းများ စိမ်းလန်းနေသည်လား။ နေရာဆိုသည်မှာ ဘာလဲ။ သိသည်ဟု ထင်နေသူသည် စားပွဲထိပ်တွင် ထိုင်၏။ တောက်ပသော ရောင်ခြည်သည် ချိုအီသော စားကောင်းသောက်ဖွယ်များကို ပုပ်သိုးစေပါသည်။ တင့်တယ်ပြေပြစ်သော ထိုမိန်းမတွင် ကျွန်ုပ်ပေးထားသော နာမည်တစ်သောင်းရှိခြင်းသည် ရေကန်ထဲတွင် နေ၏။ မနက်ဖြန် အဝတ်အစားအသစ်တစ်စုံ ဝယ်လျှင် သူ့ကို ခေါ်လိုက်မည်ဟု . . . ကေ . . . အား ပြောလိုက်သော်လည်း ကျွန်ုပ်မရှိတော့ပါ။ ချောနွဲ့သော တယောသံနှင့်အတူ ကျွန်ုပ်၏ မရှိခြင်းအဖြစ်သည် တစ်ပါတည်း ပျောက်ကွယ်သွား၏။ အခြား ဘယ်သူ့ထံမှာမှမရှိသော သူ့အပြုံးသည် ကျွန်ုပ်ဘဝအား မူးယစ်ဝေသီစွာ ပျက်ပြားသွားစေသည်ဟုဆိုပါလျှင် ခရမ်းရောင်သစ်ခွပန်းများ ပွင့်လာကြပါလိမ့်မည်။ ကွန့်မြူးပျံ့တက်လာသော ရောင်ခြည်တန်းသည် ကျွန်ုပ်ဘဝကို ထိန်လင်းစူးရှစွာ အမှောင်ကျသွားစေပါ၏။ အေးစက်သော လေပွေထဲတွင် လူများနှင့် စက္ကူစုတ်များ လွင့်ပျံနေကြသည်မှာ ကြာလှပါပြီ။ လှပသော ကျွန်ုပ်၏ ထိုမိန်းမဟုတ်သော စကားရပ်ကို အမှတ်ပေးစည်းမျဉ်းအရ မည်မျှပင် အထားအသို ပြင်ဆင်ကြစေကာမူ ကျွန်ုပ်ရင်တွင်းမှ တိုးလျှိုပေါက် မှုန်ဝါးနေသော အရာကို ပြင်၍ရကြလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်သည် ဉာဏ်ထိုင်းသူများကို အလွန်မုန်းတီး၏။ ကျွန်ုပ်သွားတော့မည်။

*



mgyoe.com

mgyoe.com SAMPLE BOOK



ရှေ့ကသွားနှင့်သူတွေ များလှပြီ။ သူတို့ဘယ်မှာနည်း သူတို့အကြောင်း တွေးမိသော အတွေးသည်ပင် လျှင် ဝေးလံလွန်းလှ၏။ တဒင်္ဂသာယာမှုနှင့် လဲလှယ်ရန် တစ်စုံတစ်ရာကို ရှာဖွေရင်း ချောက်ကမ်းပါးစွန်းသို့ ရောက်လာခဲ့သည်။ ချောက်၏ ဟိုဘက်တွင် ဘာမှမရှိသောအရာ ရှိနေ၏။ ဘော်ဒီလဲကို ကျွန်ုပ် သတိရသည်။ တောက်ပသောဝတ်ရုံများ ဝတ်ဆင်ထားသူတို့သည် ထိုနေရာကို မြင်တွေ့မသွားရဘဲ ပျောက်ကွယ်သွားကြ၏။ သူတို့ဝတ်ရုံများမှ အရောင်ကျန်ရစ်သည်။ လှည့်စားထင်မိမှားစေခြင်းကို မာယာဟုခေါ်သည်။ အကြီးကျယ်ဆုံးသော မာယာတစ်မျိုးသည် အရောင်တောက်ပသောဝတ်ရုံ၏အရောင်ဖြစ်၏။ ကျွန်ုပ်အဝတ်များ မဖွပ်လျှော်ရသေးပါ။ ကျွန်ုပ်၏ကိုယ်သည် ဟန်ဆောင်မှုတို့ဖြင့် နံစော်နေပါသည်။ ကျွန်ုပ်ပခုံးထက်မှာ ထမ်း၍လာခဲ့သော အိတ်သည် ဒုက္ခတို့ဖြင့် ပြည့်ဖောင်း လေးလံနေ၏။ အိတ်ထဲမှ ဒုက္ခများကို ချရောင်းရန် ဈေးလယ်ခေါင်မှာ နေရာတစ်နေရာ ရှာပါသည်။ နေရာဆိုသည်မှာ ဘာကို ခေါ်သနည်းဟု ကျွန်ုပ် ကွဲကွဲပြားပြား မသိသောကြောင့် ချခင်း၍ မရောင်းဖြစ်ပါ။ ကျွန်ုပ် လေးလံပင်ပန်းလှပါပြီ။ ဈေးထဲမှာလည်း လူရှုပ်လှသည်။ ကျွန်ုပ် အဝေးသို့ သွားပါမည်။ သူလိုက်လာမည် ထင်သည်လား။

*

သူ့တွင် ဈေးဝယ်ရန်ရှိသည်။ ချက်ပြုတ်ရန်ရှိသည်။ စာပြရန်ရှိသည်။ အပ်ချုပ်ဆိုင်သို့ သွားရန် ရှိသည်။ ကျောင်းကြိုရန်ရှိသည်။ လူမမာမေးသွားရန် ရှိသည်။ အစည်းအဝေးတက်ရန် ရှိသည်။ ကြမ်းပြင်ကို လှည်းကျင်းရန်ရှိသည်။ စာဖတ်ရန်လည်း ရှိသည်။ ဘဝ၏ အရေးကိစ္စများကို အချိန်ဇယားချ၍ စည်းစနစ်ကျစွာ ဆောင်ရွက်တတ်သော ထိုမိန်းမ လိုက်လာလိမ့်မည် မဟုတ်ပါ။ နေပါစေလေ။ ကျွန်ုပ်တို့သည် မတူညီသောလမ်းများကို သွားနေကြကြောင်း အဖန်တလဲလဲ ဆင်ခြင်ဖို့ လိုအပ်ပါသည်။ ပင်ပန်းနွမ်းနယ် အိပ်ချင်မှု ဖိစီးလေးလံလှသောကြောင့် ကျွန်ုပ်၏ကိုယ်ကို ပစ်လှဲချ၍ အိပ်စက်ရန် နေရာတစ်ခု ရှာရပါဦးမည်။ ထိုနေရာကို ရှာမတွေ့မချင်း သူလိုက်လာသည် မလာသည်ကို အပထား၊ ကျွန်ုပ် ဆက်၍ သွားချင်သည် မသွားချင်သည် အပထား၊ ကျွန်ုပ် ဆက်၍ သွားနေရပါဦးမည်။ ဘဝ၏အချည်းအနှီးဖြစ်မှုကို ပြန်လှန်တွေးတော စဉ်းစားနေခြင်းကြောင့် အကြောင်းထူးလာမည် မထင်ပါ။ ထိုအကြောင်းထူးကို တစ်ဆင့်စကား ဖြန့်ဖြူးဝေငှခြင်းအားဖြင့် ကုသိုလ်ရမည်ထင်သည်လား။ ကျောက်သလင်းအဖြူ ခေါင်းတစ်လုံး ထုလုပ်၍ ပုပ်အဲ့နံစော်နေသော အလောင်းကောင်ကို ထည့်ရဦးမည်။ နံ့သာရည်အပြည့်ဖြန်း၊ နံ့သာပန်းများ ဝေနေအောင် ဖုံးအုပ်၊ 'တိုက်တန်'သုံးဆင့်ကွဲ ဒုံးယာဉ်ဖြင့် အာကာသအတွင်းသို့ ပစ်လွှတ်တင်ပါမည်။ တစ်ခု သေချာစေချင်သည်မှာ. . . . ။

*

ထိုကျောက်သားခေါင်းထဲတွင် ဝန်တိုစဉ်းလဲမှုများ၊ ဉာဏ်ပညာနုန့်နဲမှုများ၊ ကိုယ်ကျိုးသက်သက်ဖက်မှုများ၊ လိမ်လည်ကောက်ကျစ်မှုများ၊ မနာလိုစိတ်ပြင်းပြမှုများ၊ ကွဲအက်နေသော အစာအိမ်များ၊ ချွဲကျိုန်ဟောင်နေသော ပါးစပ်များ၊ မွေးညင်း ပေါက်နေသော လက်ဖဝါးများ အသေအချာ ပါဝင်သွားပါစေ။ အနုပညာ၏ အဆုံးစွန်သော၊ အမြင့်မားဆုံးသော ကိစ္စသည် လူသား၏ ကြီးကျယ်မြင့်မြတ်မှုကို ပြသရန်ဖြစ်သည်ဟု ကျွန်ုပ်အယူရှိသည်။ အပြင်ဘက်မှာ နုပျိုသော ကံ့ကော်ပန်းရနံ့များ ကြိုင်လှိုင်နေသည်။ နှင်းဆီဉယျာဉ်တွင်းမှာ လိပ်ပြာအကောင်တစ်သောင်း ပျံဝဲနေ၏။ ပြတင်းပေါက်ကို ခုန်ကျော်၍ ထွက်ခဲ့ပါ။ လတ်ဆတ်နုပျိုခြင်းနှင့် ရှင်သန်တိုးတက်ခြင်းတို့က အသင့်ကြိုဆိုနေကြပါသည်။ အပြင်ဘက်မှာ နေရောင်ခြည်သည် ရွှေရွှေနု၏။ ကျယ်လောင်အေးမြသောပန်းရနံ့များသည် ရင်ကိုအေးမြသွားစေသည်မှာ အမှန်ပင်။ ငြိမ့်ညောင်းသော တယောသံများကို ကြားကြရလိမ့်မည်။ ဝေယ်ရှယ်သော ဦးနှောက်များသည် ရေပြာအိုင်တွင်းမှ



mgyoe.com

mgyoe.com
SAMPLE BOOK


ရွှေငါးကလေးများပမာ စုန်ဆန်ကူးခတ်နေကြ၏။ ဤ နေရာတွင် စက်ရုပ်များမရှိ။ ကျီးကန်းများနှင့် ပုတ်သင် များမရှိ၊ တောက်တဲ့နှင့် တစ်တီတူးများ မရှိ။ ဖွံများ မရှိ။ မျောက်လွှဲကျော်များ မရှိ။ မြွေပွေးနှင့် ကျားသစ်များ မရှိ။ ဤနေရာတွင် ခရမ်းရောင်သစ်ခွပန်းများ ရှိ၏။ ကျိုးကြောင်းမျှသော ဆင်ခြင်တုံတရားရှိ၏။ ရဲရင့်သော အမှန်တရားရှိ၏။ စွန့်လွှတ်အနစ်နာခံမှုများ ရှိ၏။ စိတ် ဝမ်းညီခြင်း၊ ပျော်ရွှင်ခြင်းများ ရှိ၏။ ငြိမ်သက်ခြင်း ရှိ၏။ လေပြည်ညင်းရှိ၏။ စမ်းရေအိုင် ရှိ၏။ စွန့်စား မကြောက် ရွံ့၊ နောက်မတွန့်ဘဲ ပြေးထွက်ခဲ့ပါ။ တန်ဖိုးရှိသော လူသားတစ်ယောက်ဖြစ်ခြင်းက ကြိုဆိုနေပါလိမ့်မည်။ ကျွန်ုပ်သည် မိုက်မဲသူဖြစ်၏။

*

ကျွန်ုပ် ဘာမျှမလိုချင်ပါ။ ကျွန်ုပ် အချစ်ကိုမလိုချင် ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တွင် အချစ်ရှိပြီး ဖြစ်၏။ မည်သူမျှ တားဆီးမရသော၊ မည်သူမျှ ကန့်ကွက် ၍မရသော၊ မည်သူမျှ လုယူလွှင့်ပစ်၍မရသော၊ မည်သူမျှ အရေးဆို၍မရသောအချစ် ကျွန်ုပ်တွင် ရှိ၏။ ထိုအချစ် သည် မတ်လ ၁၉ ရက်နေ့ဖြစ်၏။ အဝါရောင်တိုက်တစ် လုံးဖြစ်၏။ ပန်းနုပျော့ နှုတ်ခမ်းပါးများဖြစ်၏။ အညို ရောင်ကိုင်းနှင့် မျက်မှန်တစ်လက်ဖြစ်၏။ ကြွေသော့ ခလောက်တစ်လုံးနှင့် ရေညှိတက်နေသော လှေကား တစ်စင်းဖြစ်၏။ ကျွန်ုပ်သည် တံခါးပေါက်ကို ဟင်းလင်း ဖွင့်ထားခြင်းဖြင့် ပိတ်၍ထားသည်။ သူ့သဘောအတိုင်း လာလိုမှလာပါစေ။ ဟင်းလင်းဖြစ်စေခြင်းသည် ဝင်လာ သူအတွက်ဖြစ်၏။ အချစ်ဆိုသည်မှာ အဘယ်နေရာတွင် ရှိသနည်း။ တတိယတန်းစား အချစ်ကဗျာများနှင့် အချစ် အချစ်ကဗျာများနှင့် အချစ်ဝတ္ထုများသည် အချစ်ကို အသည်းနှလုံးထဲမှာရှိသည်ဟု ဆိုကြ၏။ အချစ်ဆိုသော အရာသည် နေရာအားလုံးတွင်ရှိ၏။ အချစ်ဆိုသော အရာသည် မည်သည့်နေရာတွင်မှ မရှိ။ အချစ်သည် ချောင်းဆိုးပျောက်ဆေးပုလင်းအတွင်းမှာ ရှိ၏။ ခရမ်းနု ရောင် အင်္ကျီပေါ်တွင်ရှိ၏။ သကြားလုံးများ ထည့်ထား သော မှန်ဗီရိုအတွင်းမှာရှိ၏။ ပိတောက်ပင်အောက်တွင် ရှိ၏။ ဝါးလုံးတစ်ရာဖြင့် ဆောက်ထားသော အိမ်အတွင်း မှာရှိ၏။ ယူဇနပန်းပွင့်အတွင်းမှာ ရှိ၏။ နှုတ်ခမ်းဆိုးဆေး များ ပေကျံနေသော လက်ဖက်ရည်ပန်းကန်လုံးပေါ်မှာ ရှိ၏။ အညိုရောင် သားရေစလင်းဗက်အတွင်းမှာ ရှိ၏။ အချစ်သည် ဘယ်နေရာမှာမှ မရှိ။ အချစ်သည် နေရာ အားလုံးတွင် ရှိ၏။ ကျွန်ုပ်သည် အချစ်ဖြစ်၏။ ကျွန်ုပ် သည် နေရာတစ်ခုမဟုတ်။ ကျွန်ုပ်သည် နေရာတစ်ခု ဖြစ်၏။ ကမ္ဘာလောကသည် ထိတ်လန့်ဖွယ် တောက်ပ သော အလင်းရောင်အောက်တွင် မှောင်မည်းနေသည်။ လေပြည်၏ငိုသံကို ကြားရ၏။

*

နဝမမြောက် တိမ်တိုက်တစ်ခုအတွင်းမှာ ကျွန်ုပ် နေသည်။ ထိုနေရာတွင် ခင်မောင်ရင်၏ ပန်းချီကားများ၊ အောင်စိုး၏ ပန်းချီကားများ၊ ခရမ်းရောင် သစ်ခွပန်းများ နှင့် သောက်ရေအိုးစင်တစ်ခု ရှိ၏။ ဘော်ဒီလဲနှင့် ဗေဒါ လမ်းကို ကျွန်ုပ်၏ ခေါင်းအုံးဘေးတွင် ထားသည်။ ယူလီစီး ကို ကြမ်းပြင်တွင် ဖွင့်လျက်သား ချထား၏။ 'ကေ'ကိုမူ ကျွန်ုပ်ဖတ်ပြီး၍ စားပွဲပေါ်တွင် တင်ထားသည်။ ကျွန်ုပ် ဘာမျှမစားရသေးပါ။ အချို့လူများ အားလုံးစား၏။ အချို့လူများ ပေါင်မုန့်စား၏။ အချို့လူများ ကိတ်မုန့် စား၏။ အချို့သည် ကျော်ကြားမှုနှင့် လုပ်ပိုင်ခွင့်များကို စားကြ၏။ ကျွန်ုပ် ဘာမျှမစားရသေးကြောင်း မေ့လျော့ နေသည်။ ကျွန်ုပ်၏ကြောင်သည် အဝတ်ပုံပေါ်တွင် အိပ် နေ၏။ ခပ်လှမ်းလှမ်းမှာ လူတစ်ယောက်ရပ်နေ၏။ သူ လည်ပင်းမှာ စကားလုံးအဆန်းထွင်သော စက်ကို ကြိုး နှင့်သိုင်း၍ လွယ်ထားသည်။ သူရှင်ပြုစဉ်က ဆောင်းခဲ့ သော ရွှေထီးသည် ပိုးဖောက် အရောင်ပြယ်နေပြီ။ ရယ် ဖွယ်ကောင်း၏။ ကျွန်ုပ်နှစ်သက်သော ကဗျာဆရာနှစ်ဦး မှာ ကြည်အေးနှင့် ညွန့်ကြူးဖြစ်၏။ သူတို့သည် ကျွန်ုပ် အကြိုက် စစ်ဆေးသော အရည်အချင်းစစ် စာမေးပွဲ


mgyoe.com

mgyoe.com SAMPLE BOOK



အောင်မြင်ကြသည်ဟု ဆိုပါလျှင် သူတို့မခံချင်ဖြစ်ကောင်းဖြစ်မည်။ ကိစ္စမရှိပါ။ ကျွန်ုပ်အကြိုက်ကို ကျွန်ုပ်ပြောခြင်းဖြစ်၏။ ကဗျာကို ခံစားမှုနှင့်ရေးသည်လား၊ ယုံကြည်ချက်နှင့် ရေးသည်လား၊ စကားလုံးများနှင့် ရေးသည်လား၊ ယောင်တိယောင်ဝါး ဖြစ်နေသူများနှင့် ကျွန်ုပ် စကားမပြောလို။ အနုပညာကိစ္စတွင် ခံစားခြင်းနှင့် နားလည်ခြင်း မကွဲပြားလျှင် ကျွန်ုပ်အား စကားလာ၍ပြောသည့်တိုင် ကျွန်ုပ် ပြန်ပြောမည်မဟုတ်ပါ။ ဗင်ဂိုး၏ အဝါရောင်ကုလားထိုင်ပေါ်မှ ဆေးတံသည် ဘာကို နားလည်စေပါသနည်း။ ဒါလီ၏ ပျော့တွဲအိကျနေသော နာရီများသည် ဘာအဓိပ္ပာယ်ကို ဆောင်ပါသနည်း။ မန့်၏ အော်ဟစ်ခြင်းသည် ဘာကို ဆိုလိုပါသနည်း။ ယက်စပါဂျွန်၏ အရှုံးအိမ်သည် ဘာကို ပြောပြနေပါသနည်း။ သိချင်သူများ နားလည်အောင် ကြိုးစားသည်ကို ကျွန်ုပ် ကန့်ကွက်ရန်မရှိသော်လည်း ကျွန်ုပ်သည် သိချင်သူမဟုတ်ပါ။ ခံစားချင်သူသာဖြစ်၍ ကျွန်ုပ်ဘာသာ နေပါရစေ။ နဲဖရိတဲရိ၏ လည်ပင်းသည် ရှည်လျားလွန်းသည်။ ဗီးနပ်စ်သည် ခါးတုတ်၍ ဝမ်းပြင်သား မောက်လွန်းသည်။ မိုနာလီဇာ၏ အပြုံးသည် စိတ်မပါသည့်အပြင် သူ့ရင်သည် ပြားချပ်လွန်း၏။ အထင်ဆိုသည်မှာ လက်ယက်တွင်းထဲမှ အလကားရသောရေဖြစ်သည်။ မျောက်အကောင် ၂၀ သည် ရှင်ဥတ္တမကျော်၏ တောလားကြီးကို သံပြိုင်ရွတ်ဆိုနေကြ၏။ ကျွန်ုပ် ခွေးတစ်ကောင် မွေးရဦးမည်။

*

အရာရာသည် လှုပ်ရှားပြောင်းလဲနေသော်လည်း ကဗျာသည် သံသရာတည်းဟူသော နံ့သာဖြူပန်းပြောက်သစ်တောထဲတွင် ထာဝစဉ်ရှိ၏။ သံဂဟေဆော်သော ဂေါက်တံမှ အပြာရောင်မီးပန်းပွားများ လွင့်စဉ်ဖြာထွက်သွားပုံနှင့်တူသော သူ့အပြုံးကို ကျွန်ုပ်သောက်သုံးမျိုချလိုက်၏။ ထုံဝါးမှုန်ရီသော ဟုတ်ယောင်ထင်မှုနှင့် တောက်ပစူးရှသော ဖြစ်ရပ်မှန်၏ ဘဝ၏စပ်ကြား အလင်းနှစ်သန်းအကွာအဝေး အပိုင်းအခြားအတွင်းမှာ အပြာရောင်မီးပန်းပွားများ လွင့်စဉ်ဖြာထွက်နေ၏။ ဖောက်ပြန်ရိုင်းစိုင်းသော ကျွန်ုပ်၏စိတ်တွင် အချစ်သည် ကဗျာယောင်ဆောင်၍ တည်ရှိနေသည်။ မနေ့က သူဘယ်သွားနေသည်လဲ။ အမိုက်မ ကျွန်ုပ်ရှိရာသို့ မလာသည်မှာ အင်္ဂါနေ့ သုံးကြိမ်တိုင်ခဲ့ပြီ။ ပါးစပ်ပိတ်၍ ပြုံးတတ်သော ထိုမိန်းမသည် လျှို့ဝှက်သော ဥယျာဉ်အတွင်းမှာ ကနေရိငှက်များကို အစာကျွေးနေသည်။ ဖန်ခွက်ထဲမှာ ရေခဲတုံးများ အေးစက်အရည်ပျော်လျက်ရှိ၏။ အတင်းပြောတတ်သော လူတစ်ယောက် လာနေပြီ။ ကျွန်ုပ်သွားတော့မည်။

*

တိတ်ဆိတ်ခြင်းနှင့်တူသော အရာတစ်ခုသည် ဝါးရုံပင်ကြားမှ ဘွားဘွားပေါ်လာ၍ ငါသည် အချစ်ဖြစ်၏ဟုဆိုသည်။ ကျွန်ုပ်ကို ဤနေရာသို့ မည်သူလာ၍ ပစ်ချခဲ့သနည်း။ အံစာတုံးကို လက်ခုပ်အတွင်းမှာ လှုပ်ခါ၍ ပစ်ချလိုက်သောအခါ အပေါ်မျက်နှာပြင်တွင် ခြောက်ပွင့်ပေါ်လာ၏။ ကျွန်ုပ်တွင် အရည်အချင်း ခြောက်ခုမရှိပါ။ သူ့ဆံစမှ ခရမ်းရောင်သစ်ခွပန်းပွင့်သည် ခွေးရူးတစ်ကောင်မဟုတ်။ ရာတန်စက္ကူတစ်ရွက်မဟုတ်။ အကြွေးစာရင်းတစ်ခု မဟုတ်။ လမ်းကြိတ်စက်တစ်လုံး မဟုတ်။ သစ်ခွပန်းတစ်ပွင့်သာ ဖြစ်၏။ ထိုသစ်ခွပန်းပွင့်သည် ဖြစ်တည်နေ၍ရှိ၏။ ကျွန်ုပ်သည် ဖြစ်တည်နေ၍ရှိ၏။ ထိုအချစ်သည် ကျွန်ုပ်နှင့်မဆိုင်၊ သူနှင့်လည်း မဆိုင်၊ ကမ္ဘာလောကနှင့်လည်း မဆိုင်၊ သူ့ကိုချစ်မိသော ကျွန်ုပ်၏ အချစ်သည် သူ့ဘာသာဖြစ်တည်နေ၍ ရှိခြင်းနှင့်ဆိုင်၏။ အချည်းနှီးသော ချစ်ခြင်းဖြင့် ချစ်သောသူသာလျှင် အမှန်တကယ်ချစ်သူမည်၏ဟု ဟိုလဗ်က ရေးခဲ့သည်ကို ကျွန်ုပ်သဘောမပေါက်ခဲ့ပါ။ ယခုလည်း သဘောမပေါက်ပါ။ အမှန်တကယ်ဆိုသောစကားက ကျွန်ုပ်ကို အတွေးရှုပ်စေပါသည်။ ကျွန်ုပ် သူ့ကို အချည်းနှီးချစ်သည်။ ထို့ကြောင့် ကျွန်ုပ် သေပြီ။

*



mgyoe.com

mgyoe.com SAMPLE BOOK



ငါသေလျှင် ဝက်သစ်ချပင်ခြေရင်းတွင် မြှုပ်နှံ၍ အုတ်ဂူပေါ်မှာ အဝါရောင်ပန်းစည်းတစ်စည်း ချလှည့်ပါဟု မှာကြားသူနှင့် ကျွန်ုပ် သဘောချင်း မတိုက်ဆိုင်ပါ။ သံသရာတစ်ဖက်ကမ်းသို့ ကူးပြောင်းရန် လှေခါကြီးလွန်းလှသည်။ နောက်ဘဝရှိသည်ဆိုပါလျှင် သူနှင့် ကျွန်ုပ် ထပ်မံ မတွေ့ဆုံချင်ပါ။ ယခုဘဝမှာပင် ပိုင်ဆိုင်မှုကိုလည်းကောင်း၊ လိင်မှုကိစ္စကိုလည်းကောင်း သူ့ထံမှ တောင်းခံမည်မဟုတ်ပါ။ တောင်းခံရန် အကြောင်းမရှိပါ။ ကျွန်ုပ်သည် ပိုင်ဆိုင်သူမဟုတ်ပါ။ ချစ်၍နေသူသာ ဖြစ်ပါသည်။ သို့သော် အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် နေရောင်ခြည်သည် စူးရဲ လွန်းလှ၏။ ဝရန်တာပေါ်မှာ ပန်းအိုးကလေးတစ်လုံး ရှိသည်။ အချို့လူများသည် ဟန်ဆောင်ကောင်းကြ၏။ အိပ်၍မရသောအခါ အချစ်သည် ဟန်ဆောင်ခြင်း အင်္ကျီဝတ်၍ မျက်ခွံတွင်းသို့ ဝင်လာတတ်၏။ ခေါင်းလျှော်ပြီးခါစ အဝါရောင်အင်္ကျီဝတ်ထားသူကို ကျွန်ုပ်တွေ့လိုက်ရ၏။ အချိန်သည် ရှေးဆန်သော ကျောင်းဆရာအိုကြီးပင် ဖြစ်သည်။ မနေ့ကသည်နေ့အကြောင်း မစဉ်းစားမိပါ။ မနက်ဖြန်ဆိုလျှင် အနက်ရောင်ငှက်များ လာကြတော့မည်ဟု ဆော့တ်က ပြောခဲ့ဖူးသည်။ ကျွန်ုပ် သိသလိုရှိသော်လည်း အချိန်ဆိုသည်မှာ ဘာလဲဟု မေးလိုက်သောအခါ ကျွန်ုပ်တွင် အဖြေပေးစရာ မရှိ။ ဆေးပြာသုတ်ထားသော သစ်သားအိမ်ကလေးတစ်လုံး၊ မန်ကျည်းပင်ရိပ်မှ ဝါးကွပ်ပျစ်၊ ရေချိုတွင်းတစ်တွင်းနှင့် သစ်ခွပန်းရုံတစ်ရုံ၊ ပေဒါလမ်း၊ ဘော်ဒီလဲ၊ ကပ်ဖ်ကာနှင့် ဂျွိုက်စ်၊ ဒေါ်တိုယက်စကီးနှင့် သစ်ချတောင်ဆရာတော်၏ စာအုပ်များ၊ ချိုပေါ့ကျလက်ဖက်ရည်တစ်ခွက်နှင့် အကြမ်းအိုးတစ်အိုး၊ အောင်စိုး၏ ပန်းချီကားတစ်ချပ်နှင့် ဆေးကောင်းစွာ စပ်ထားသော နွားဆေးပေါ့လိပ်တစ်လိပ်၊ အနည်းငယ်မျှသော ကျွန်ုပ်ဘဝ လိုအင်များ ရေးမှတ်ထားသည့် စာရွက်သည် အချိန်နှစ်ခု၏ကြား ဘယ်မှာကျပျောက်ခဲ့ပြီ မသိတော့။ စုံသာမြိုင်လယ်သီချင်းခန့်နှင့် ဝါးပတ္တလားသံသည် ကျွန်ုပ်၏ မေ့လျော့တတ်ခြင်းအဖြစ်ကို တစ်ပါတည်း ယူဆောင်၍ ပျဉ်းမပင်တစ်ပင်၏ ခြေရင်းတွင် ချထားခဲ့သည်။ ပင်လယ်ကဗ္ဗီးပင်များ၊ မပြတ်မလပ်သတိဖြင့် စောင့်ကြပ်အပ်သော အဆောက်အဦကို သေးငယ်စွာ မြင်ရ၏။ ဟောင်းနွမ်း ဝါကျင်နေသော ထီလက်မှတ်တစ်စောင် လေထဲမှာလွင့်နေသည်။ မွန်းတည့်နေကို ပကတိမျက်စိဖြင့် ကြည့်ဖူးကြရဲ့လား။ သူ့အခန်းတံခါးကို ကြေးသော့ခလောက်တစ်လုံးနှင့် ပိတ်ထား၏။ အပြာရောင်တောက်သော သုညတစ်လုံး၏ သော့ပေါက်အတွင်းမှ ယိုစိမ့်၍ အခန်းတွင်းသို့ ဝင်သွားသည်။ ခြေသံမဲ့သော အဆောင်လှေကားသည် ပြုံးရယ်စွာ တိတ်ဆိတ်နေ၏။ နီရဲသော မျက်လုံးများ တပ်ဆင်ထားသူတစ်ယောက် လာနေပြန်ပါပြီ။ ကျွန်ုပ် ဘယ်ကို သွားရမည်နည်း။ အပြင်ဘက်မှာ နေသာနေသည်။ နံရံကို လက်သီးနှင့် ထိုးမိသူအား ကျွန်ုပ်စာနာပါ၏။

ကျုံ့တွာချုံ၏ တယောသံကို ကျွန်ုပ် နားမထောင်ဖူးသော်လည်း သူ့ပါးစပ်သည် ပါးလျားကျယ်ပြန့်၍ ကျွန်ုပ်သဘောကျသည်။ ကလေးတွေ သီချင်းဆိုနေသည်ကို ဆိုပါစေ။ ဟန့်တားမျက်ရိပ်မျှပင် မပြကြပါနှင့်။ ခရမ်းရင့်ရောင်အဖွဲ့က ဟိုင်းဝေးစတားကို ဆူညံစွာ တီးခတ်နေကြ၏။ နန်းတော်ရှေ့၏ ကြာပင်အိုင်ကြီးအနီးမှာ မြူနှင်းများဝေနေသည်။ ဆရာငြိမ်း၏ သီချင်းများကို သူဆို၏။ အချိုသာဆုံးသော ဂီတသံတစ်သောင်းကို ပေါင်းစပ်လိုက်သောအခါ ပင်လုံးဝေဝေပွင့်သော ပိတောက်ပင်တစ်ပင် ဖြစ်လာသည်ကို ခံစားတတ်မှ သိလိမ့်မည်။ ချိုက်ကော့စကီး၏ ကွန်ရှာတိုတေးကြီး တစ်ဘွဲ့သည် ကျဉ်းမြောင်းသော ပညတ်နံရံများကို ကျော်လွန်သွား၏။ ဆဒ္ဒန်အိုင်သာမှာ ရွှေကြာတွေ ညီးလို့ လင်းနေသည်။ စိန်ဗေဒါကြီးသည် ဗမာလူမျိုးဖြစ်သောကြောင့် ကျွန်ုပ် ဝမ်းမြောက်လှ၏။ ဝါးရွက်ဖျားကို လေတိုးခတ်သံအား ချော့ကလက်တီးလုံးက ဖုံးလွှမ်းပစ်လိုက်သည်။ မာရီအော့စမွန်၏ စက္ကူနှင်းဆီပန်းများကို ပန်းအိုးထဲမှာ ထားခဲ့၍ မေရှင်၏ ပျို့မှာတမ်းကို ကျွန်ုပ် နားထောင်လိုက်ဦးမည်။ အကြိုက်ဆိုသည်မှာ ဝေဖန်ရေးသမားနှင့် မဆိုင်။ တိုင်ငုတ်ပေါ်က



mgyoe.com

mgyoe.com SAMPLE BOOK


မိန်ကောင်တစ်ကောင်သည် ရှည်လျားသော ဝါးလုံးတစ်လုံးကို ကိုင်စွဲထား၏။ အစိမ်းရောက်တောက်ပသော မြွေ တစ်ကောင်သည် ရင်ကိုပတ်၍ တင်းတင်းရစ်လေပြီ။ ကျွန်ုပ် သီချင်းသံများကြားရ၏။ ပြည်လှဖေ၊ ဒေါ်မေရှင် တို့ကို ခေါ်ခဲ့ပါ။ မချိုလည်း သီချင်းဆိုပါစေ။ သို့သော် စာသားမဲ့သော သီချင်းတစ်ပုဒ်ကို တူရိယာပစ္စည်းတစ်ခုမျှ မပါဝင်စေဘဲ လူသံ သက်သက်မျှဖြင့် သီဆိုမှ ဤလောကတွင် အသာယာဆုံးဂီတသံကို ရလိမ့်မည်ဟု ကျွန်ုပ်ထင်၏။ အမြန်ရထားတစ်စင်း ထွက်ခွာသွားသော အသံ၊ ကျောက်တုံးပေါ်သို့ ရေတံခွန်ကျဆင်းနေသော အသံ၊ နှင်းဆီဖူးများ ပွင့်အာလာသံ၊ ကလေးငယ်တစ်ယောက် ပြုံးလိုက်သောအသံ၊ သောင်ခုံကိုဖြတ်၍၊ မြစ်ပြင်ကိုဖြတ်၍ ပြေးလာသော တံငါတဲဆီမှ ငါးညှီနံ့၏အသံ၊ တောင်ထွတ်ဖျားမှ ဘွားခနဲပေါ်လာသော နေဝန်း၏ အသံ၊ ဟန်ဆောင်စိတ်ကောက်သော ချစ်သူ၏ မျက်မှောင်ကုတ်သောအသံ၊ အဖြေမှန်မရသော ကွန်ပျူတာ၏ ချောင်းဟန့်သံ၊ ထမင်းပွဲပြင်ပြီးကြောင်း အော်ပြောလိုက်သော အမေ၏အသံ၊ ဘာမျှမသိသော ဘာမျှမတတ်သော ကျွန်ုပ်၏ ရှက်ဖွယ်ရာ အဖြစ်အတွင်းမှာ အသံအားလုံး နစ်မြုပ်သွား၏။ လူတစ်ယောက် ကျယ်လောင်စွာ စကားပြောနေသည်။ သူ့ကို ကတ္တီပါအင်္ကျီအဝါရောင် ဝတ်ပေးလိုက်ကြပါ။

*

ကျွန်ုပ် ဟုတ်ကဲ့ဟု ပြောခဲ့သည်။ ကျွန်ုပ် ဟုတ်ကဲ့ လိမ့်မည်ဆိုသော စကားရပ်ကို ဝေဖန်ပြစ်တင်နေဆဲမှာပင် ဂျိုက်စ်သည် သာမန်လူများ လိုက်၍မမီနိုင်သော နေရာ အဝေးသို့ ရှေ့ကရောက်သွားပြီ။ ပင်လယ်ကို ကူးနိုင်သည်ဟု ဂုဏ်ယူနေဟန်ရှိသော ပုစွန်ဆိတ်တွင် ဦးနှောက်မရှိဟု ကြားဖူးသည်။ အစီအစဉ် မညီမညွတ်ခြင်း၏ ဂုဏ်ကို လူအချို့ ကုန်အောင် မဖတ်ဖူးသော သုဘောဓာလင်္ကာရကျမ်းတွင် မပါရှိသောကြောင့် သူတို့ မသိကြသော်လည်း 'စက်ဆယ့်နှစ်လီ'တောလားကြီးကို တစ်ခေါက် နောက်ထပ် ပြန်ဖတ်ကြရန် ကျွန်ုပ် တိုက်တွန်းလိုက်ပါ၏။ အနုပညာသည် ရသပညာက ချမှတ်ထားသော သဘောတရားအားလုံးကို မှေးမှိန်ပျက်ပြယ်သွားစေနိုင်သည်ဟု ဆိုနိုင်သော်လည်း အနုပညာအစစ် ဖြစ်ဖို့ လိုအပ်ပါသည်။ သို့သော် အစစ်ဆိုသည်မှာ ဘာလဲ။ ကျွန်ုပ်တွင်ရှိသော အချစ်များသည် အစစ်လား၊ အတုလား။ အရှေ့ဘက်က ဆိုင်းချက်အတိုင်း ကနေသော မင်းသားပျက်သည် တီးလုံးပြောင်းသွားသည်ကို မသိလိုက်သောကြောင့် ဇာတ်ခုံပေါ်မှာ ခြေတစ်ပေါင်ကျိုးရပ်လျက်ရှိ၏။ ကျောက်သံပတ္တမြားစီခြယ်ထားသော ရွှေခွက်အတွင်းမှာ ရေတစ်စက်မျှ မရှိ။ ကျွန်ုပ်သည် မြန်မာလူမျိုးဖြစ်၏။ တောင်ထွတ်ဖျားက စေတီသည် နေခြည်ထဲတွင် ဝင်းလက်နေ၏။ ကျွန်ုပ် တစ်ခါထပ်၍ ပြောရပါဦးမည်။ အနုပညာဆိုသည်မှာ အစစ်လည်းမရှိ၊ အတုလည်း မရှိ။ အနုပညာနှင့် အနုပညာမဟုတ်သောအရာသာ ရှိ၏။ ကျွန်ုပ်ရင်ထဲက အချစ်သည် အစစ်လည်းမဟုတ်၊ အတုလည်းမရှိ။ အနုပညာနှင့် အနုပညာမဟုတ်သော အရာသာရှိ၏။ ကျွန်ုပ် ရင်ထဲကအချစ်သည် အစစ်လည်းမဟုတ်၊ အတုလည်း မဟုတ်။ အချစ်သာလျှင် ဖြစ်၏။ ထိုအချစ်သည် ပေးအပ်ရန် မဟုတ်၊ တောင်းခံရန်မဟုတ်။ ဖြစ်တည်၍ ရှိနေသော အချစ်သာလျှင်ဖြစ်၏။ သင်တို့နှင့်မဆိုင်၊ ကျွန်ုပ်နှင့်လည်း မဆိုင်၊ သူနှင့်လည်း မဆိုင်။ စိမ်းလန်းသော တောင်ကုန်းများ မီးလောင်သွားပြီ။ သူ့ကို နှင်းဆီဥယျာဉ်တစ်ခု လက်ဆောင်ပေးပါမည်ဟု ဘယ်တုန်းကမှ ကတိမပြုခဲ့ဖူးပါ။ သို့သော် အကယ်၍ ဖြစ်နိုင်ပါမည်ဆိုလျှင်. . . ။

*

ဇော်ဇော်အောင်သည် ဘာမျှသုံးမရသူဖြစ်ရုံမက အနုပညာများကို ပိုင်ဆိုင်ထားသည်ဟု သူ့ကိုယ်သူ ထင်နေကြောင်း ကျွန်ုပ် ယူဆ၏။ အကယ်၍ သို့သော်. . . ။ အချစ်သည် သုညဖြစ်၏။ သူ့ကို ရှာရဦးမည်။

■


mgyoe.com

mgyoe.com
SAMPLE BOOK


# (၂) ယုဇနမခင်ပျို

ရွှေခြည်တွေ ပျပျမှိုင်း၍ လောကတံတိုင်းမှာ အမှောင်ညို့ပြီ မခင်ပျို။ အရာရာမှာ အသင့်အတင့် နှလုံးသွင်းတတ်သော ရင့်ကျက်ခြင်းအဆင့် တစ်ဆင့်သို့ ရောက်ပြီဟုကိုယ့်ကိုယ်ကို ထင်ထားသည်။ အထင်ဆိုသည်မှာ ရှိတတ်စမြဲပါပဲ။ ထို့အပြင်လည်း အထူးသဖြင့် ဥပေက္ခာတရားကို လက်ကိုင်ထားနိုင်သူဟုလည်း ထင်မိသေး၏။ တစ်ခါတုန်းက မခင်ပျို၏ ထဘီအနားခတ်လိုက်ပုံသည် ကျွန်တော်၏ အသည်းနှလုံးကို ယူဆောင်သွားဖူး၏။ သို့သော်လည်း ခဏတာမျှသာ ဖြစ်သည်။ တပ်မက်ခြင်းလား၊ ရသခံစားမိခြင်းလား မသိခင်မှာပင် ကျွန်တော့်အသည်းနှလုံး ပြန်လာပါသည်။ အခုတော့ မခင်ပျိုနေဝင်တော့မည် ထင်ပါသည်။ သွားကြစို့၊ သွားကြစို့ မခင်ပျို။ တစ်ယောက်တစ်လမ်းစီ ဆိုပေမယ့် ဆုံရဦးမှာ သေချာပါသည်။

နီရဲစေးပျစ်သော လက်ဖက်ရည်ပန်းကန်လုံးထဲမှာ နို့နှစ်အဆီများ ဝေ့နေ၏။ ခပ်ဝေးဝေးမှ ဆိုင်းတီးသံကြားရသည်။ အေးမြသောလေထုကို ဖြတ်၍ ဆိုင်းတီးသံသည် ချမ်းတုန်စွာ ပြေးလာ၏။ မန္တလေးမြို့၏ ညများထဲမှာ အနုပညာရနံ့များ ဝေ့နေ၏။ ကြက်သွေးရောင်ကတ္တီပါကားပေါ်မှာ ရွှေခြည်ငွေခြည် ဘော်ကြယ်စာလုံးတွေ ဝင်းလက်ဖိတ်ဖိတ်တောက်နေသည်။ သည်နေ့ညမခင်ပျို ဘယ်မှာကမှာလဲ။ ရွှေဘုန်းရှိန်မှာလား၊ ပုလဲငွေရောင်မှာလား၊ ဈေးချိုမှာပဲလား။ လူတစ်ယောက်ရဲ့ရင်ထဲမှာလား၊ ဘာမှမဟုတ်သော သာမန်ရေမြောင်းကလေးဖြစ်ပေမယ့် ရေနီမြောင်းသည် လူပေါင်းများစွာ၏ အတွင်းရေးများကို ကျောက်တုံးရွှံ့နှစ်နှင့် ရေညှိရွက်အကြားမှာ သိမ်းဆည်းထားသူဖြစ်၏။ စိန်မြင့်လာ၍ကျွန်တော်တို့ နုကြည်ရိပ်သာကို သွားကြသည်။ ဟိုကောင်ကို မတွေ့၍ ရေနီမြောင်းဘေးမှာ ညနက်အောင် ထိုင်ကြ၏။ စိန်မြင့်သည် စကားများပေမယ့် စကားပြောကောင်း၏။ ကဗျာအကြောင်း၊ လင်္ကာအကြောင်းတွေကိုပြောသည်။ နတ်သျှင်နောင်အကြောင်း၊ အိုမာခေယမ်အကြောင်း၊ နီရှူးဒါးအကြောင်း၊ ခေတ်စမ်းကဗျာတွေ


mgyoe.com

mgyoe.com SAMPLE BOOK



အကြောင်းလည်း ပြောသည်ထင်၏။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ကဗျာ၏ အလုပ်အကြောင်းလည်း ပြောသည်ထင်၏။ ကျွန်တော်သည် ကြက်သွေးရောင် ကတ္တီပါကားလိပ် အကြောင်းကိုသာ စိတ်ကရောက်နေ၏။ ပွဲဈေးတန်းက မုန့်မောင်နှမ အိုးကင်းညှော်နံ့ သင်းပျံ့ပျံ့ကလေးသာ စိတ်ကူးနေမိ၏။ လထွက်ပြီ၊ ထူးထူးဆန်းဆန်း မှတ်နေသည်က ထိုည ကျွန်တော် မခင်ပျိုကို သတိမရ။ စကားစပ်လို့လည်း မပြောမိ။ ထနောင်းပင်ကိုင်းဖျား လတစ်ခြမ်းချိတ်သောအချိန်တွင် အချစ်အကြောင်းကို စကားစပ်မိကြ၏။ စိန်မြင့်နှင့် ကျွန်တော် သဘောကွဲလွဲခဲ့ကြသည်။

*

အချစ်ဆိုတာ ဘာလဲ။ ရွှန်းလက်ညိုမှောင် အလိုမကျယောင်ဆောင်တဲ့ မျက်စောင်းကလေးလား။ ဘယ်တစ်ဆစ် ညာတစ်ဆစ် ချိုးချလိုက်တဲ့ လက်မောင်းသွယ်သွယ်ကလေးရဲ့ အဆုံးမှာ ကော့ညွတ်ပျံတက်နေတဲ့ လက်ဖျားကလေးတွေလား။ ဆလိုက်မီးအပြောင်းမှာ တစ်ချက် ဝင်းခနဲ လက်သွားတဲ့ ရင်ညွန့်ဝါဝါကလေးလား။ ဒူးကလေးတွေ ညွှတ်ပြီး ဒူးပေါ်မှာ လက်နှစ်ဖက်တန်းတန်းချလို့၊ ပခုံးလေးဘယ်ညာလှုပ်လို့ ဇာတ်စင်အရှေ့ပိုင်း အပြေးကလေးထွက်လာတဲ့ ဟန်ကလေးလား။ အချစ်ဆိုတာ မခင်ပျိုရယ် မျက်နှာလား၊ ကိုယ်လုံးလား၊ အသံလား၊ ဟန်လား။ အချစ်ဆိုတာ အကြောင်းတရားလား။ အကျိုးသက်ရောက်မှုလား။ လူတွေ ညာပြောနေကြတာပါ။ တကယ်တမ်းက လူဟာ ဘာသာစကားကို အတော်လုံးလုံးလောက်လောက် ကျကျနန ပြောတတ်လာတဲ့အချိန်ကစပြီး မုသားတွေ မမြင်သာအောင် ဖုံးဖို့ဖှက်ဖို့ နေရာကောင်းတစ်ခု ရခဲ့တယ်ဆိုတာ ဘယ်ပညာရှင်ကမှ ပြောသံ မကြားဖူးပါဘူး။ အချစ်ဆိုတာ ဘယ်ကလာပေးဆပ်ခြင်းဟုတ်ရမှာလဲ မခင်ပျိုရယ်။ ရချင်တာ၊ ယူချင်တာ၊ ပိုင်ဆိုင်ချင်တာပါ။ အဲဒီတစ်ညကလည်း အရင်ညတွေလိုပါပဲ။ မခင်ပျို ကျွန်တော့်ကိုကြည့်ပြီး သီချင်းဆိုနေတယ်လို့ ထင်မိတာ ဟုတ်၊ မဟုတ် နောက်တစ်ခါပြန်စဉ်းစားမနေပါဘူး။ မန္တလေးမြို့ရဲ့ တန်ဆောင်မုန်းညတွေဟာ အားလုံး ကဗျာတွေချည်းပါပဲ။

နှစ်ပေါင်းများစွာကတည်းက အငြိမ့်မင်းသမီးပေါင်းများစွာဟာ မန္တလေးမြို့ တစ်နေရာက ဇာတ်စင်ပေါ်မှာ၊ မီးရောင်အောက်မှာ ကရင်းဆိုရင်းနဲ့ ကဗျာတွေကို ဖန်တီးသွားခဲ့ကြပါတယ်။ ပွဲပြီး မီးမှိတ်လို့ ကားလိပ်တွေ ခေါက်သိမ်းတဲ့အထိ မရောက်ပါဘူး။ အဲဒီကဗျာတွေဟာ ချက်ချင်း ကွယ်ပျောက်သွားကြပြန်တယ်။ ဒါပေမဲ့ အဲဒီကဗျာတွေဟာ လောကရဲ့ နှလုံးသားထဲက တစ်နေရာမှာ အားလုံးစုရုံးနေကြတယ်။ သွေးကြောထဲမှာ လှည့်ပတ်နေကြတယ်။ နှလုံးသားထဲ ပျံ့ဝင်နေကြတယ်။ လောကရဲ့ ရင်ခုန်သံတစ်ချက်ကြားရတိုင်း အဲဒီကဗျာတွေအားလုံးဟာ သီဆိုကခုန်နေကြတယ်ဆိုတာ လူတိုင်း သတိပြုမိမယ် မထင်ပါဘူး။ သေဆုံးကွယ်လွန်သွားကြတဲ့ အငြိမ့်မင်းသမီးကြီးတွေလည်း အဲဒီကဗျာတွေထဲမှာ ရှိကြတယ်။ မခင်ပျို ကပါ၊ ဆိုပါ။ အနုပညာဆိုတာ မခင်ပျိုရဲ့ အလုပ်ပါ။ ကျွန်တော် ပြောပြီးပါပြီကော။ လူဆိုတာ ညာပြောတတ်တယ်၊ လိမ်ပြောတတ်တယ်။ ဒါပေမဲ့ အခု ဒီတစ်ခါတော့ ကျွန်တော် မညာပါဘူး။ ကျွန်တော်ချစ်တာ မခင်ပျိုကိုပါ။

*

ဝေးလံသော အရပ်တစ်ပါးမှ ဝါးပတ္တလားသံ ခပ်သဲ့သဲ့ ခပ်အုပ်အုပ် ကြားနေရသည်။ ဝါးရွက်နှင့် လက်ခတ်ထိတွေ့လိုက်သည့်အခါတိုင်း၊ ဝါးရွက်ပေါ် လက်ခက်ကျလိုက်သည့်အခါတိုင်း ရင်မှာ ပေါက်ကွဲမှုများ ဖြစ်ပေါ်၏။ ဝေဒနာ၏ နာကျင်စွာသော အဖြစ်သည်ပင်လျှင် နှစ်လိုဖွယ်ကောင်းလှချေသည်။ တောင်တောင်ယံ တောငယ်နှင့် မောလေအောင် ဝေးကျူးသီခေါင်၊ ရီမှောင်ညိုညိုဆိုင်းဆိုင်း၊ ဝေမှိုင်းမှိုင်းလေး။ ပင်တိုင်းသာ မာလာကြိုင်ကြိုင်သင်း။ နှင်းယွန်းဝသန်ရွှေ၊ စုံမြိုင်ခြေဦး၊ သာဟန်လေသာဆန်းထူး။ သံသရာတောအုပ်အတွင်းမှာ မှောင်လွန်းလှသည်။ ဘယ်သောအခါမှ လမ်းမမှားဟု ကြွားနေသူ



mgyoe.com

mgyoe.com SAMPLE BOOK


သည် သူလမ်းမှားနေကြောင်း မသိ။ အင်ကြင်းပန်းတွေ ပင်လုံးဝေဝေပွင့်နေ၏။ သည်နေရာမှာ ဘယ်သူလာ၍ ကျွန်ုပ်ကို ပစ်ချထားခဲ့သနည်း။ အထီးကျန်မှု၊ အားကိုးမဲ့မှု၊ ဘာဆိုဘာမျှ မတတ်နိုင်မှုတို့သည် စင်းထားသော ကျွန်ုပ်၏လည်ပင်းပေါ် သို့ အရှိန်ပြင်းစွာ ကျရောက်လာသည်။ လောက တစ်ရေးနိုးပြီလား။ တစ်နေ့သစ်ပြီလား။ တစ်နေ့ ဟောင်းသွားပြီလား မသိပါ။ တောအလယ် မောတယ် မရယ်။ သူတို့ ဘာလိုချင်ကြသည်လဲ။ ဘာဖြစ်ချင်ကြသည်လဲ။ ကျွန်ုပ် ဘာကိုမျှ မလိုချင်ပါ၊ ဘာမှမဖြစ်ချင်ပါဟု လိမ်ညာ၍ပြောလိုက်သောအခါ ကမ္ဘာပေါ်မှာ အရှက်မဲ့သူ တစ်ယောက် တိုးသွားပြီ။ အို လှုလွန်းလှုလွန်းပါသည်။ မိန်းမ ၁၃ ယောက်ကို တွေ့ရ၏။ သေတ္တာထဲမှာ မြွေအစိမ်းရောင် ၁၃ ကောင်ခွေနေသည်။ ဘယ်ကိုသွားကြမည်နည်း။ ကျွန်ုပ်ကိုယ်ပေါ် သို့ နူးညံ့သော ပန်းဝတ်ဆံများ၊ ကတ္တီပါ ပွင့်ဖတ်များ မိုးကဲ့သို့ ဖွဲ့ရွာကျလာသည်။ ကျွန်ုပ်တစ်ကိုယ်လုံး ပွင့်ဖတ်ဝတ်ဆံတွေ ဖုံးသွားတော့သည်။ အနီရောင် ခတ္တာပန်းများ ပွင့်ဖတ်လန်၍ ဖူးပွင့်နေကြ၏။ အချိန် ခုနစ်မိနစ် စေ့သွားပါပြီ။ မောလှချည်ရဲ့၊ မောလှချည်ရဲ့။ တောအုပ်သည် ပို၍ပို၍ မှောင်လာနေသည်။

*

မခင်ပျို။ ယုဇနမခင်ပျို။ လွမ်းလိုက်ရတာ မခင်ပျိုရယ်။ အောင်မြင်တာတွေ၊ ကြီးမြင့်တာတွေ၊ ကျော်ကြားတာတွေ။ အခုနေ ကျုံးဘေးမှာ လေပြည်တဖြူးဖြူး ရှိနေမှာပေါ့။ ဘယ်သစ်ပင်စိမ်းပုံနဲ့မှ မတူတဲ့ ထနောင်းပင်ဖြူဖြူတွေရဲ့ အရိပ်စိမ်းမှာ မခင်ပျို ကျွန်တော့်လက်ကို ရဲရဲတွဲပါ။ ချစ်တယ်ဆိုတာ လက်ချင်းတွဲပြီး ရည်ရွယ်ချက်မရှိဘဲ လမ်းလျှောက်ခြင်းတစ်မျိုးပဲလို့ ကြားဖူးတယ်။ ကြည့်စမ်းမခင်ပျို၊ ကော့လိုက်၊ ကွေးလိုက်၊ ညွတ်လိုက်၊ လှုပ်ရှားလိုက်တာနဲ့ လောကကို အသက်ရှုတစ်ခဏ ရပ်သွားစေနိုင်တဲ့ လက်ချောင်းဖြူဖြူသွယ်သွယ်ကလေးတွေ။ သည်လက်ချောင်းကလေးတွေ လှုပ်ရှားရင်း ကွေးညွတ် ကော့ပျံတဲ့ လက်နဲ့စပ်လိုက်တဲ့ ကဗျာတွေကို ကျွန်တော့်မျက်လုံးထဲမှာ သိမ်းထားတယ် သိလား။ အောင်ပင်လယ် တာတစ်ရိုးမှာ ရွှေမိုးတွေ ညို့ပြီ မခင်ပျို။ မိုးရွာမယ် မထင်မိပါလို့ တဘက်ကလေး မပါပေမယ့် ကျွန်တော့်ရင်ခွင်မှာ မိုးခိုလို့ရပါတယ်။ မိုးတွေ သည်းလိုက်တာ။ မိုးရွာတဲ့နေ့ကို သတိရလိုက်တာ။ စုတ်ချာယိုင်ရွဲ့တဲ့ လက်ဖက်ရည်ဆိုင်ကလေးရဲ့ တံစက်မြိတ်စွန်းမှာ နေရောင်ခြည်ကလေး တစ်စက် လက်နေတယ်။ မိုးစက်မိုးပွင့် ကန့်လန့်ကာကို ဖြတ်လာတဲ့ နေရောင်ခြည်ဟာ မခင်ပျိုပြုံးတာနဲ့ သိပ်တူတာပဲ။ ကျွန်တော့်အနားမှာ သစ္စာမဲ့သူတွေ ဝိုင်းဝိုင်းလည်နေလိုက်ကြတာ။ ဘာဆိုင်တာမှတ်လို့လို့ မခင်ပျိုကတော့ ပြောလိမ့်မယ်။ အဲဒီအခါမှာ မခင်ပျိုကို သတိရတယ်။ ဘာမှတော့မဆိုင်ဘူးလေ။ ဒါပေမဲ့ ကျွန်တော် အကြိုက်ဆုံးတွေက ရှင်ဥတ္တမကျော်ရယ်၊ ဇော်ဂျီရယ်၊ ဇေယျရယ်၊ ပန်းချီအောင်စိုးနဲ့ ခင်မောင်ရင်ရယ်၊ စိန်ပေဒါရယ်၊ လွတ်လပ်ခွင့်ရယ်၊ ပိတောက်ပန်းရယ်၊ လက်ဖက်ရည် ချိုပေါ့ကျရယ်။ ခေတ်ပေါ် ဂီတရယ်၊ မခင်ပျိုရယ်။ များတော့ အများသား။ မကြိုက်ဆုံးအရာတွေက ဟိတ်ဟန်ကြီးတာရယ်၊ ဝက်သားပေါက်စီရယ်၊ သင်္ဘောသီးအစေ့ရယ်၊ တတိယတန်းစားဝေဖန်ရေး ဆရာရယ်၊ ကုန်းချောတိုက်တာရယ်၊ မနာလိုမှုရယ်၊ သဇင်ပန်းရယ်၊ ဒံပေါက်ထမင်းရယ်၊ အနီရောင်ရယ်၊ နေကာမျက်မှန်ရယ်၊ စိန်ရွှေရတနာရယ်။

ကြိုက်တာတွေ မကြိုက်တာတွေ ပြောမယ့်သာပြောရတာပါ။ တကယ်တမ်းကျတော့လည်း ဘာမှမဟုတ်ပါဘူး။ ကိုယ်ဘာမှ မဟုတ်ဘူးဆိုတာ မသိလိုက်ခင်မှာပဲ ဘဝဟာ နိဂုံးချုပ်သွားတာပါပဲ။ ဘဝဆိုတာနေဖို့လား။ နေဖို့ထိုင်ဖို့ ပြင်ဆင်နေလိုက်ကြတာ။ သူတို့တစ်တွေရဲ့ မဟုတ်တဲ့အလုပ်တွေကို ကမ္ဘာ့အပြင်ဘက်ထွက်ပြီး ခပ်ခွာခွာကြည့်မှ မြင်ရတာမဟုတ်ပါဘူးတဲ့။ ဒီသစ်ပင်အောက်က ကြည့်ရင်လည်း တကယ်လို့ ကြည့်တတ်ရင်ပေါ့လေ မြင်ရပါတယ်တဲ့။ တစ်ယောက်ယောက်က ကျွန်တော့်ကို ပြောဖူးတယ်။ ပြောပြီးတော့ သူလည်း


mgyoe.com

mgyoe.com SAMPLE BOOK



နေစရာပြင်ဆင်ရဦးမယ်ဆိုပြီး ထွက်သွားပါလေရော။ ရယ်တော့အရယ်ရသားပဲ။ ဘဝဆိုတာ စကတည်းက မှားလာတယ်ဆိုတဲ့အကြောင်း ယန်းပေါ်ဆတ်ကို ဖတ်ဖူးဖို့ မလိုပါဘူး။ အစကတည်းက သိတယ်လို့ ကျွန်တော်တော့ ထင်တာပဲ။ ဒါပေမဲ့ ဖတ်တော့ ဖတ်ကြည့်ပါတယ်။ ဖက်ရှင်ပေါ့လေ။ ကျော်ကြားလှတဲ့ သူ့ရဲ့ ထရိုင်လော်ဂျီ ဝတ္ထုကြီးသုံးပုဒ် ဖတ်တယ်။ ကြိုက်ပါဘူးဗျာ။ နောက်ဆုံး စာကြောင်းကလေးကတော့ သဘောကျသလိုလိုရှိရဲ့။ မနက်ဖြန်ဆိုလျှင် အနက်ရောင်ငှက်များ လာကြတော့မည်တဲ့။

ဒါပေမဲ့ မခင်ပျို။ အဲဒီညက မခင်ပျိုက ဘော်ကြယ်တွေ လက်နေတဲ့ အဖြူရောင်ဝတ်စုံနဲ့။ ကျွန်တော့်မျက်စိထဲမှာတော့ ငှက်အဖြူကလေးတစ်ကောင်၊ ခိုဖြူမလေး တစ်ကောင် အမြီးကော့ကော့ထောင်ထောင်နဲ့ ကျွန်တော့် အသည်းနှလုံးရှိတဲ့ ရင်ထဲက လိုဏ်ခေါင်းမှာ တောင်ပံ တဖျတ်ဖျတ် ခတ်နေသလိုပါပဲ။ ဆင်စွယ်ယပ်တောင်ဖြူဖြူကလေး ကျွန်တော်ရှိရာဘက်ကို တည့်တည့်ညွှန်ပြီး "မိဘပေးစား ဒီလူကြီး ဇနီးရပါစေ"ဆိုတဲ့ သီချင်းကို မခင်ပျိုဆိုခဲ့တယ်။ နောက်တစ်နှစ်မှာပဲ မိဘကပေးစားလို့ ကျွန်တော် ဇနီးရခဲ့တယ်။ အချစ်မပါတဲ့ အိမ်ထောင်ရေးဆိုတာ မသာယာဘူးတဲ့။ လူတိုင်းပြောကြတာပါပဲ။ ဝတ္ထုဆရာတွေ၊ ရုပ်ရှင်ဆရာတွေဆိုရင် သိပ်ပြောကြတာပေါ့။ ထပ်နေပါပြီ။ အဲဒါကိုက ပရမတ်တရားတစ်ခုလို၊ ပရမတ္ထသစ္စာတရားတစ်ခုလို ဖြစ်နေတယ်။ ပြောလိုက်ကြတာ။ ဟိုမှာ မခင်ပျို။ မိုးရွာပြီးစ ခဲသားရောင်ထနေတဲ့ ကောင်းကင်ပြင်ကျယ်ကြီးကို ဗျိုင်းဖြူတစ်အုပ် ဖြတ်ပျံသွားတာ လှလိုက်တာ။ ကျွန်တော့်အဖို့တော့ တခြားသူတွေအတွက် တာဝန်မယူနိုင်ပါဘူး။ ကိုယ့်အတွက်ကိုယ်တောင် မနည်းတာဝန်ယူရတာ။

ကျွန်တော့်အဖို့တော့ အချစ်မပါတဲ့ အိမ်ထောင်ရေး မသာယာဘူးဆိုတာ သဘောမပေါက်ပါဘူး။ သီတာ့ကို ကျွန်တော် လက်ထပ်တာ မိဘတွေပေးစားလို့၊ ပြီးတော့ ကျွန်တော် သူ့ကိုချစ်သလား၊ မချစ်ဘူးလားဆိုတာ စဉ်းစားချိန်လည်း မရလိုက်ပါဘူး။ လေးဖက် လေးတန်က တောင်ကြီးလေးလုံး ပိကျလာသလို ရှောင်မရတဲ့ မိဘဆွေမျိုးအသိုင်းအဝန်း ဘာညာတွေ စုပြုံညှပ်ပြီး သီတာနဲ့ ကျွန်တော့်ကို ပေးစားလိုက်ကြတာပါပဲ။ အဲဒီတုန်းက ကျွန်တော် ငြင်းဖို့ မကြိုးစားမိပါဘူး။ သီတာဟာ သိပ်လှတယ် မခင်ပျို။ သိပ်ကိုလှတယ်။ ရှားရှားပါးပါး ရက်ရက်စက်စက် လှတယ်။ မကွယ်မဝှက် မလိမ်မညာပြောရရင် မခင်ပျိုထက် အများကြီး ပိုလှတယ်။ သူ့အလှမှာ ကျွန်တော့်အထင်တော့ တကယ်အပြစ်မရှိဘူး။ သိပ်လှတာပဲ။ ပြီးတော့လည်း ကျွန်တော့်အယူအဆက ဟိုးငယ်ငယ်ကတည်းက ရှိခဲ့တာဟာ မိန်းမတစ်ယောက်မှာ ရုပ်လှဖို့က အဓိကပဲ။ စိတ်လှဖို့ဆိုတာ သာမည။ အဲဒီအယူအဆက ခိုင်ခိုင်မာမာပဲ တစ်ယောက်ယောက်က မကျေနပ်လို့ ငြင်းလာလျှင်၊ စောဒကတက်လာလျှင် ကျွန်တော် နိုင်အောင် ပြောနိုင်ချင်မှ ပြောနိုင်မယ်။ ဒါပေမဲ့ ဒီအယူအဆကိုတော့ မစွန့်လွှတ်နိုင်ဘူး။ ပင်လယ်ပြင်မှာ နေဝင်သွားတဲ့ မြင်ကွင်း လှတာ၊ ရေစပ်က သဲသောင်ဖွေးဖွေးပြန့်ပြန့် လှတာ၊ ပိတောက်ပင်က ပင်လုံးပွင့်လို့ လှတာ၊ မှိုင်းညို့မြင့်မားတဲ့ တောင်စဉ်တောင်တန်းကြီးတွေ လှတာ၊ အုန်းပင်အုန်းလက်တွေပေါ်မှာ ကျနေတဲ့ လရောင်ခြည်လှတာ အဲဒါမျိုးပေါ့။ သီတာလှတာ အဲဒီလိုပါပဲ။ ကျွန်တော့်အဖို့တော့ လက်ထပ်ပြီးလို့ နှစ်ရက်ခဲ့လောက်ကြာတဲ့အခါ သီတာ ကျွန်တော့်ကို မေးတယ်။ သူ့ကိုချစ်လားတဲ့။ ကျွန်တော် ဘယ်လိုဖြေလိုက်တယ်ထင်လဲ မခင်ပျို။ မဆိုင်းမတွပါပဲ။ သီတာ့ကို သိပ်ချစ်တယ်လို့ ဖြေလိုက်တယ်။ သီတာ ပြုံးပြုံးကလေး ကျွန်တော့်ပခုံးပေါ် ခေါင်းတင်ပြီး မျက်စိမှိတ်ထားတယ်။ အဲဒီအဖြေကို ပေးလိုက်ပြီးတဲ့အခါ လောကကြီးတစ်ခုလုံး တိတ်ဆိတ်သွားတာကို ချောက်ချောက်ချားချား ခံစားလိုက်ရတယ်။ ကျွန်တော့်တို့အိပ်ခန်းထဲက လေးအေးစက်အသံ၊ ဓာတ်ပြားချိန်ချာမှာလည်း လင်ဒါရွှန်စတက်ရဲ့ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ဖွင့်ထားသေးတယ်။ လမ်းပေါ်မှာ သွားလာနေတဲ့ ကားသံတွေလည်း ခပ်သဲ့သဲ့ကြားနေရတယ်။ ပြီးတော့ သီတာရဲ့



mgyoe.com

mgyoe.com SAMPLE BOOK



တတွတ်တွတ်ပြောနေတဲ့ ချစ်စကားတွေကိုလည်း ပူနွေးတဲ့ ထွက်သက်နဲ့ ရောယှက်ပြီး ကြားနေရတယ်။

ဒါပေမဲ့ သူ့ကိုသိပ်ချစ်တယ်လို့ ပြောလိုက်ပြီးတဲ့ခဏ။ ကျွန်တော်ခံစားမိတဲ့ တိတ်ဆိတ်ခြင်းဟာ ဘာနဲ့မှ မတူပါဘူး။ တစ်သက်မှာ တစ်ခါမှ မခံစားဖူးပါဘူး။ တစ်လောကလုံး တိတ်ဆိတ်သွားလိုက်တာ ကြောက်စရာတောင်ကောင်းပါတယ်။ သီတာကတော့ သိပ်ကျေနပ် သိပ်ပျော်သွားမှာပါပဲ။ မပျော်တာက ကျွန်တော်။ အင်မတန်လှတဲ့ သီတာ၊ ဘာမှပြောစရာမရှိတဲ့ သီတာ။ ကျွန်တော့်ကို သိပ်ချစ်ပုံရတဲ့ သီတာ၊ သူ့ကို ကျွန်တော် ပိုင်ဆိုင်လိုက်ရပြီ။ မနက်ပိုင်း ဆေးရုံကြီးကို လိုက်ပို့၊ နေ့လယ်ပိုင်း ထမင်းစားဖို့ သွားကြို၊ ပြန်ပို့။ ညနေကျတော့ ရွှေဘုံသာလမ်းက သူ့ဆေးခန်းကိုလိုက်ပို့ ဆေးခန်းပိတ်ချိန်ပြန်ခေါ်။ ကျွန်တော့်အလုပ်က ဒါပါပဲ။ ကျွန်တော့်ဘဝမှာ ဘာမှ မလိုဘူး။ တော်တော်များများ ပိုနေတယ်။ အပိုဆုံးကတော့ အချိန်တွေပဲ။ တစ်လောကလုံး အုတ်အုတ်ကျက်ကျက် အလုပ်တွေရှုပ်နေကြတဲ့အချိန်မှာ ကျွန်တော်က အချိန်တွေ ကုန်ဆုံးအောင် ကြံရဖန်ရတဲ့ အလုပ်ကိုလုပ်နေရတယ်။ ကျွန်တော် ပျော်သလားလို့မေးလာရင် ဘာဖြေရမလဲ။ စိတ်ညစ်စရာသောက မရှိတာကို ပျော်တယ်လို့ ပြောရင်တော့ ကျွန်တော် ပျော်တာပေါ့။ ကျွန်တော့်အိမ်ထောင်ရေး သာယာသလားမေးရင်လည်း သာယာတယ်လို့ ဖြေရမှာပါပဲ။ ဘာပြဿနာမှမရှိတာ၊ အရာရာအဆင်ပြေချောမွေ့နေတာကို သာယာတယ်လို့ခေါ်ရင်တော့ ကျွန်တော့်အိမ်ထောင်ရေးဟာ သာယာနေတာပါပဲ။ သိပ်လှတဲ့ သီတာဟာ ကျွန်တော့်ကို သိပ်ချစ်တယ်ဆိုတာ ခံစားသိရှိလာရတယ်။ အဲဒီအချစ်ကို သူဘယ်လို မွေးမြူယူသလဲ။ ကျွန်တော် အခုထိမသိဘူး။ ကျွန်တော် သူ့ကိုချစ်သလား မခင်ပျို။ အဲဒီမေးခွန်းဟာ တစ်ကနေပြန်စတဲ့ မေးခွန်းမျိုးထက် ပိုတယ်။ တစ်ရဲ့ဟိုဘက်၊ တစ်ရဲ့ရှေ့မှာ ဘာဂဏန်းများရှိသေးလဲ။ အဲဒီက စရမယ်။ ချစ်တယ်ဆိုတာ ဘာလဲ မခင်ပျို။ ချစ်တယ်ဆိုတာ ဘာလဲကိုမှ ရေရေရာရာ မသိဘဲနဲ့ သီတာ့ကို ကျွန်တော်ချစ်သလားမေးလိုက်ရင် အဆင့်ကျော်နေပြီပေါ့။ ကျွန်တော် ဘယ်လိုလုပ်ဖြေမလဲ။ ချစ်တယ်ဆိုတာ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း သစ်ခွပန်းပွင့်ကလေးလိုလှတဲ့ မသီတာကို ကျွန်တော် ရယူပြီး ပိုင်ဆိုင်ခဲ့ပြီ။

ကျွန်တော် သူ့ကို ချစ်သလား၊ ကျွန်တော် သူ့ကို ချစ်သလား။

*

ဟန်ဆောင်ခြင်းများကို အရည်ကျို၍ လောက၏ နံရံအား သုတ်လိမ်းညစ်ညမ်းစေသူကို ဖမ်းဆီးခေါ်ဆောင်ခဲ့ကြပါ။ ကျွန်တော့်တွင် မုသား ရင်နှင့်အပြည့်ရှိပါသည်။ အချစ်၏အစနှင့်အဆုံးကို မသိသေးသော်လည်း ဟန်ဆောင်သော အရပ်ဒေသတစ်ခုကို မလွဲမသွေ ဖြတ်သန်းသွားရကြောင်း ကျွန်တော် ကောင်းကောင်းသိပါသည်။ အမှန်စင်စစ် ဘယ်သူမှ ဘာမှမဟုတ်ကြပါ။

ထိုအချက်ကို သူကပင် စတင်တွေ့ရှိလေဟန် ကြွားဝါဂိုက်ထုတ်သော ဇော်ဇော်အောင်သည် ဘာမှ မဟုတ်ပါ။ အချို့လူများ အစာမကြေသော ရောဂါရှိ၏။ သူတို့ပါးစပ်မှ မှော်က်စ်ဝါဒလေချဉ်တက်သောရနံ့ ရသည်။ တစ်ခါတစ်ရံ စကားလုံးများသည် မြေကိုခွဲ၍ ဘွားခနဲပေါ်လာတတ်၏။ သံသရာလမ်းသည် အဝါရောင်တောက်ပသော သုညတစ်လုံးထဲသို့ ငုပ်လျှိုး ဝင်သွား၏။ သူ သည်နေ့ည ဘယ်မှာ ကမည်လဲ။

ညနေခင်းသည် ဆည်းဆာတို့အနှံ့ ဖြန့်လွှတ်နေ၏။ လက်ကိုတွဲ၍ ရဲရဲဆုပ်ကိုင်၍ ကျွန်ုပ်နှင့်အတူ အမိုးအောက်ကော်ရစ်ဒါစင်္ကြံတစ်လျှောက် ရေညှိများဖြင့် ချောကျိလျက်။ မိုးစက်များ ထိမှန်သောအခါ ရွှံ့အိုင်ထဲက ကံကော်ရွက်များ ကျွန်တော့်လက်ကို ရဲရဲတွဲပါ။

ဤလောကတွင် အကောင်းဆုံး သတိရနေခြင်းသည် မေ့လျော့ထားခြင်းပင်ဖြစ်ကြောင်း လောကက ကျွန်တော့်အား ပြောကြားခဲ့သည်ကို မေ့သွားပြီ။ စုတ်ချာသော လက်ဖက်ရည်ဆိုင်ကလေးမှာ သူ့ကိုချစ်ကြောင်းပြော၍ ကလောသို့ ခိုးယူထွက်ပြေးသွားချင်သည်ကို သူသိဖို့



mgyoe.com

mgyoe.com SAMPLE BOOK


ကောင်းပါသည်။ လူအချို့ရင်ထဲမှာ မီးပုံများရှိကြောင်း ယုံပါပြီ။ အနုပညာဆိုသည်မှာ သီတာရေစင်လို အေးမြသည်ဟု ဆိုစကားရှိသော်လည်း သီတာရေစင်ကို ကျွန်တော် မတွေ့မမြင်ဖူးပါ။ ကျွန်တော် ဘယ်ကလာ၍ ဘယ်ကို သွားမည်လဲ။ ကျွန်ုပ်၏ဆရာသည် ဇော်ဂျီဖြစ်၏။ ဆရာ ရှေ့က သွားနှင့်ပါ။ လောက၏ အစွန်းအဖျားတစ်နေရာ နဝမမြောက်တိမ်တိုက်ပေါ်တွင် ဆရာနှင့် ကျွန်ုပ် ဆုံပါမည်။ တောင်ဆီက မိုးတွေညို့လာပြန်ပြီ။ ဘယ်များ ရောက်နေသလဲ မခင်ပျို့ရယ်။

*

မန္တလေးအသင်း နှစ်ပတ်လည်ဆုပေးပွဲရှိတယ်လို့ စိန်မြင့်က ပြောတယ်။ ကျွန်တော် မန္တလေးသားမဟုတ်ပေမယ့် မန္တလေးအသင်းကို စိန်မြင့်နဲ့ သွားနေကျ။ အရက်သောက်၊ ဘိလိယက်ထိုး။ မခင်ပျို့ကို စပယ်ရှယ်ဖိတ်ထားတယ်လို့လည်း ပြောတယ်။ ကျွန်တော့်ရင်ထဲ ဘယ်လိုဖြစ်သွားမလဲဆိုတာ စဉ်းစားကြည့်စမ်း။ အချစ်ဆိုတာ ဘာမှန်း အခုမသိရပေမယ့် မခင်ပျို့ကျတော့ သိပ်ချစ်တယ်လို့ ထင်နေတဲ့ ကျွန်တော် ဘယ်လောက်ဝမ်းသာမလဲ။ မန္တလေးအသင်းမှာ ယုဇနမခင်ပျို့ ကမယ်တဲ့။ ဖြစ်ချင်တော့ အဲဒီနေ့က ရက်အားး။ သီတာကို ဆံပင်အလှပြင်တဲ့ဆိုင် လိုက်ပို့ရတယ်။ ကြိုလည်း ပြောမထားဘူး။ ဆိုင်မှာထားခဲ့ပြီး နောက်မှပြန်ခေါ်မယ်ဆိုလည်း မရ။ တစ်ခုရှိတာက သီတာဟာ ဒီလိုနှစ်ယောက်တည်း အတူနေရတဲ့ ရက်အားဆိုရင် ကျွန်တော့်ကို မျက်စိအောက်က အပျောက်မခံဘူး။ သူ အလုပ်သွားတဲ့အခါလည်း ကျွန်တော့်ကို တစ်ခါတည်းခေါ်သွားချင်တယ်။ တာနေသာယက္ခဘီလူးလို လည်ပင်းမှာဆွဲပြီး ရွှေကြုတ်ကလေးထဲ ထည့်ခေါ်သွားချင်တယ်တဲ့။ ကျွန်တော့်ကို ထည့်ခေါ်သွားနိုင်လောက်အောင် ဂျူတီကုတ်မှာ အိတ်ထောင်အကြီးကြီး ချုပ်တပ်ထားရကောင်းမလားလို့လည်း ပြောရဲ့။ ယောကျ်ားကို မျက်စိအောက်က အပျောက်မခံချင်တာဟာ စိတ်မချတာလား၊ သိပ်ချစ်တာလား။

ကျွန်တော့်ကိုတော့ သူ စိတ်ချတယ်။ ကျွန်တော်ကလည်း ဝီစကီသောက်တာရယ်၊ ဘိလိယက်ထိုးတာရယ်၊ ဘောလုံးပွဲကြည့်တာရယ်ကလွဲလို့ တခြား ရှုပ်ရှုပ်ပွေပွေ မရှိပါဘူး။ ကျွန်တော့်မှာ အင်မတန်လှတဲ့၊ အင်မတန်စွဲမက်စရာကောင်းတဲ့၊ အင်မတန် တွတ်တီးတွတ်တာလုပ်တတ်တဲ့ သီတာရှိနေပြီပဲ။ အဲလေ ဒါနဲ့ ဆံပင်အလှပြင်ဆိုင်မှာ ထိုင်စောင့်နေလိုက်ရတယ်။ ပြီးတော့ တစ်ခါ မိုးကုတ်က သူ့သူငယ်ချင်းတစ်ယောက် ရန်ကုန်လာလို့ သွားတွေ့တယ်။ လိုက်သွားရတယ်။ အဲဒီအမျိုးသမီးကို ခေါ်ပြီး ညစာစားတယ်။ ပြန်ပို့ရတယ်။ ည ၉ နာရီကို ထိုးပါရော။

မခင်ပျို့နဲ့ လွဲရတာ စိတ်ထဲမှာ မကောင်းလိုက်တာ။ ဒါပေမဲ့လည်း ဘာတတ်နိုင်မှာလဲ။ မန္တလေးအသင်းက နှစ်ပတ်လည်ပွဲ နှစ်ရက်ဆက်လည်း မလုပ်ဘူး။ မခင်ပျို့လည်း နှစ်ခါဆက် ကမှာမဟုတ်ဘူး။ ကျွန်တော် စိတ်မကောင်းလိုက်တာ ည ၉ နာရီ အိမ်ပြန်ရောက်လို့ အိပ်တဲ့အထိ စိတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိဘူး။ ၁၁ နာရီလောက် အိပ်ပျော်သွားတယ် ထင်ပါရဲ့။ အဲ ၁၁ နာရီအထိ မခင်ပျို့နဲ့လွဲခဲ့ရတာ စိတ်မကောင်းဘူး။ အိပ်ပျော်သွားတော့ ကျွန်တော် အိပ်မက် မမက်တတ်ဘူး။ အိပ်ပျော်နေတုန်းတော့ ဘယ်သတိရမလဲ။ မနက်မိုးလင်းတော့ ကျွန်တော် အမှန်ပြောရမှာလား မခင်ပျို့။ ကျွန်တော် သတိမရတော့ဘူး။

အိပ်ရာကနိုးလည်းနိုးရော ငယ်ငယ်တုန်းက သူငယ်ချင်းတွေ စောစောစီးစီး ပေါက်ချလာတယ်။ မြင့်သိန်းရယ်၊ ကျော်မောင်ရယ်၊ အေးကိုရယ်၊ ငှက်ကျားရယ်၊ ဘသန်းတင်ရယ်၊ ကိုသန်းလွင်ရယ်။ ဘယ်သတိရဖို့ အချိန်ရှိတော့မလဲ။ နောက်ရက်တွေမှာလည်း ကျွန်တော် မေ့တော့တော့ဖြစ်နေတယ်။ တစ်ခါတစ်ခါတော့ သတိရရဲ့။ ဒီလိုပါပဲလေ။ နောက် မခင်ပျို့ မန္တလေးပြန်သွားတယ်ဆိုတာ ကြားလိုက်ရရဲ့။ ပြန်သွားတော့လည်း ပြီးသွားတာပဲ။ မိုးကုန်လို့ ဆောင်းဦးပေါက်ပြီဆိုရင်ပဲ မန္တလေးမှာ အငြိမ့်ပွဲတွေ ဗြိမ့်ဗြိမ့်သဲတော့မယ်ဆိုတာ အသိက


mgyoe.com

mgyoe.com SAMPLE BOOK


တော့ တစ်နှစ်တစ်ခါ ပေါ်လာတတ်ရဲ့။ အဲဒီလိုအခါမျိုးမှာတော့ မခင်ပျိုကို သတိရတာတော့ မဟုတ်ပါဘူး။ တမ်းတမိတာ။ မခင်ပျို ကတာ ဆိုတာလေးတွေကို ချမ်းချမ်းအေးအေး ဇာတ်စင်ဘေးက ငေးကြည့်နေချင်တဲ့ တမ်းတမှုမျိုး။ ညနက်လာတာနဲ့အမျှ အအေးဓာတ်က ပိုလာတယ်။ ပွဲမပြီးပါစေနဲ့၊ ပွဲမပြီးပါစေနဲ့ဦးလို့ ရင်ထဲမှာ လှုပ်ရှားရတဲ့အရသာ။ အဲဒါတွေက အစားထိုးလို့ မရပါဘူး။

ဘာလို့လဲဆိုတော့ ဒီလောကမှာ ယုဇနမခင်ပျို နှစ်ယောက် မရှိလို့ပါပဲ။ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ မခင်ပျိုကို သိပ်တမ်းတမိတာပါပဲ။ လေထဲမှာ ဝဲပျံလွင့်မျောလာတဲ့ ပတ်မသံ၊ စခွ့ံသံ၊ သံပတ္တလားသံ၊ ကြေးနောင်သံ၊ အဲဒီအသံတွေမှာ နှင်းရည်စက်တွေ ခိုတွဲလို့ အဲဒီအချိန်မှာ ကျွန်တော်ဟာ ကျွန်တော့်အိပ်ခန်းထဲမှာ ဗွီဒီယိုကြည့်နေတယ်။ အရပ်ရှည်တဲ့ ရွှေရောင်မိန်းကလေး ဆူဇန်အင်တန်ဟာ အားကစားဘောင်းဘီတိုကလေးနဲ့ အပြေးလေ့ကျင့်နေလေရဲ့။ သွယ်ပျောင်းတဲ့ ခြေတံရှည်ကလေးတွေ လှုပ်ရှားပြေးသွားနေတာ ကြည့်ရင်းနဲ့ မခင်ပျိုရဲ့ ထဘီအနားခတ်လိုက်ပုံ၊ ထဘီနားဖြူဖြူကြီး ဝဲကျသွားပုံကို မြင်နေမိတယ်။ ကြည့်ပြီးသွားလို့ အိပ်ရာဝင်ကြတော့ တစ်ဖက်လှည့် အိပ်ချင်ယောင်ဆောင်နေတဲ့ သီတာရဲ့ မေးရိုးကလေး ဖွဖွညင်သာနမ်းလိုက်တဲ့ အခါမှာတော့ မခင်ပျိုကို သတိမရတာအမှန်ပါပဲ။ ဒါပေမဲ့ မခင်ပျိုရယ် ကိုယ့်ဘာသာ ကျိတ်ပြီး အကြိမ်ကြိမ်အခါခါ မေးမိတဲ့ မေးခွန်းနှစ်ခု ကျွန်တော်ပြောပြမယ်။ အချစ်ပါတယ် မပါဘူး ဘာညာ မသိဘူး။ အခုတော့ သီတာ ကျွန်တော့်ကို သိပ်ချစ်တယ်။ အိမ်ထောင်ရေးသာယာတယ်။ သီတာ့ကို ချစ်သလားမေးတဲ့အခါမျိုးမှာ အဖြေဟာ တုံ့ဆိုင်းဝေ့ဝဲပြီးတော့ တစ်ခုခုကို မီးခိုးလုံးတွေ ဝေ့ဝိုက်ဖုံးအုပ်သွားသလိုမျိုး အဖြေပျောက်ကွယ်သွားတတ်တယ်။ မခင်ပျိုကို ချစ်သလားလို့မေးတဲ့အခါ အဖြေဟာ ပါးစပ်ဖျား နှုတ်ဖျား မရောက်ခင် ရင်ထဲက ဖြေပြီးသွားပြီ။ မခင်ပျိုကို ကျွန်တော် ချစ်တယ်။ ဘယ်လိုလဲရှင်လို့ မေးမလို့လား။ မမေးနဲ့ မခင်ပျို။ ချစ်တယ်ဆိုတာ ရှင်းပြဖို့မဟုတ်ဘူး။ သက်သေထူဖို့ မဟုတ်ဘူး။ ရှင်းပြလို့လည်း ရချင်မှရမယ်။ ထူစရာ သက်သေလည်း ရှိချင်မှ ရှိမယ်။ ရှိတယ်ထားဦး၊ ယုံလောက်အောင်လည်း ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ ချစ်တာဟာ ချစ်တာပါပဲ။ ချစ်တယ်ဆိုတာ ချစ်တာပါပဲ မခင်ပျို။

*

နေဝင်ချိန် တိမ်တောက်ခြင်းသည် ကဗျာဖြစ်၏။ အညိုရောင်မျက်မှန်ကိုင်းနောက်မှ မျက်လုံးများသည် ကဗျာဖြစ်၏။ သူတောင်းစားအိုကြီး၏ ဆုတောင်းသံသည် ကဗျာဖြစ်၏။ မစားရတာကြာပြီဖြစ်သော ကြက်သားဆီပြန်ဟင်းသည် ကဗျာဖြစ်၏။ ၁၀ နှစ်ကြာမှ ပြန်လာဆပ်သော အကြွေးငါးကျပ်သည် ကဗျာဖြစ်၏။ နှုတ်ခမ်းပါးလှပ်၊ ပါးစပ်ပိတ်ထားသော အပြုံးသည် ကဗျာဖြစ်၏။ အမေ၏ခေါ်သံသည် ကဗျာဖြစ်၏။ အဖေကျွေးသော ရေနွေးကြမ်းတစ်အိုးသည် ကဗျာဖြစ်၏။ ခရမ်းရောင် သစ်ခွပန်းသည် ကဗျာဖြစ်၏။ ဆံတိုပြတ်နှင့် သမီးလေးသည် ကဗျာဖြစ်၏။ အော်ဟစ်ရယ်မောနေသော သူငယ်ချင်း၏မျက်နှာသည် ကဗျာဖြစ်၏။ စပါးခင်းသည် ကဗျာဖြစ်၏။ အရာအားလုံးသည် ကဗျာဖြစ်၏။ မခင်ပျိုသည် ကဗျာဖြစ်၏။ ကဗျာ၏ရည်ရွယ်ချက်နှင့် ရည်ရွယ်ချက်သို့ ရောက်အောင် ပို့ဆောင်ပုံကို အပန်းတကြီး ရှာဖွေနေကြသောသူများ ကျွန်တော်နှင့် ကြမ်းတစ်ပြေးတည်း မထိုင်ကြနှင့်။ အပြင်ဘက်မှာ နုပျိုသော နှင်းဆီပန်းရနံ့များ ကြိုင်လှိုင်စွာ ကူးခတ်လွင့်မျောလျက်ရှိနေသည်။ အခန်းတွင်းက အံဆွဲထဲမှာ ပိုးဟပ်တစ်ကောင်၊ ပျို့ယောင်းတစ်စောင်နှင့် ပင်အပ်တစ်ထုပ်ရှိသည်။ လူတစ်ယောက်သည် ကဗျာဆိုသောအရာကို ဓားမဖြင့် နုပ်နုပ်စဉ်း၍ ဤကဗျာကောင်းသည်ဟု ပြော၏။

နောက်တစ်ယောက်က ကဗျာကို မတို့မထိ အဝေးကကြည့်၍ ကောင်းသည်ဟု ပြော၏။ ထိုလူနှစ်ယောက်စလုံးကို ကျွန်ုပ် ကားစင်တင်၍ ကွပ်မျက်လိုက်ပြီ။ ကဗျာဆိုသည်မှာ မည်သူ့အတွက် ဖြစ်သည်ဟု မည်မျှပင် ပြော


mgyoe.com

mgyoe.com SAMPLE BOOK


ကြစေကာမူ ဉာဏ်တိမ်သူများအတွက် မဟုတ်သည်ကား သေချာ၏။ ဤလက်ဖက်ရည်ခွက်ကို ပြန်ယူသွားပါလေ။ ကျွန်ုပ် အိပ်တော့မည်။ ပန်းပေါင်းတစ်ရာဆီ ဖျန်းပက်၍ ပြတင်းကိုဖွင့်ထားပါ။ ဟိုလိဗ်က အရာအားလုံးတွင် ကဗျာရှိသည်ဟု ပြောဖူးသည်။

*

ဆန်းတော့အဆန်းသား။ လောကကြီးမှာ ဆရာဝန်တွေလည်း ဖျားတတ်နာတတ်ကြတာကိုး။ တစ်နေ့ကဆို နည်းနည်းတော့ ကြာပါပြီ။ မသီတာ ဖျားတယ်။ တော်တော်လေးဖျားတယ်။ အပူရှိန်ကြီးလွန်းလို့ ထင်ပါရဲ့ နဖူးကလေးပေါ် ရေတဘက်ကလေး တင်ပေးရတဲ့အထိပါပဲ။ သူ့နဖူးကလေးပေါ်မှာ ရေဆွတ်ထားတဲ့ မွေးပွလက်ကိုင်ပုဝါလေး အသာအယာတင်ပေးရင်း သူ့မျက်နှာလေးကို ငေးကြည့်နေမိတယ်။ သိပ်သနားတာပဲ၊ ကျွန်တော့်ရင်ထဲ အလိုလိုပြည့်ကျပ်မွန်းသိပ်လာတယ်။ ငိုချင်သလိုလိုပဲ။ ဖြစ်နိုင်ရင် လူချင်းလဲပြီး ဝေဒနာခံလိုက်ချင်ပါတယ်။ တကယ်ပါ။ မသဲမကွဲ ညည်းညူပြီး ကယောင်ကတမ်းတွေတောင် ပြောလာတယ် မခင်ပျို။ ခေါင်းထဲမှာ မိုက်ခနဲဖြစ်ပြီး မျက်လုံးတွေပြာသွားတဲ့ အံ့သြမှုမျိုး ကြုံဖူးလား။ လျှပ်စစ်ဓာတ် အလိုက်ခံရသလို လန့်သွားတာလည်း ပါမယ် မခင်ပျို။ မသီတာဟာ ကယောင်ကတမ်းနဲ့ အပူရှိန် ပြင်းပြီး ပြောချင်ရာ ပြောနေတဲ့ စကားတွေထဲမှာ ဘာပါလာတယ်ထင်လဲ။ ကိုကိုတဲ့။ မသီတာ ကျွန်တော့်ကို ကိုကိုလို့ ခေါ်တယ်။ ကိုကိုတဲ့။ ကိုကို မခင်ပျိုကို သိပ်ချစ်သလားတဲ့။ ကျွန်တော့်တစ်ကိုယ်လုံး အစိတ်စိတ်အမြွှာမြွှာ ကွဲထွက် လွင့်စဉ်သွားသလို ခံစားလိုက်ရတယ်။ သူ့ကိုကိုဟာ မခင်ပျိုဆိုတဲ့ အငြိမ့်မင်းသမီးတစ်ယောက်ကို ချစ်နေတာ သူသိနေတာကိုး။

အချစ်သည် ဤကမ္ဘာလောကတွင် အကြီးကျယ်ဆုံးသော ဟုတ်ယောင်ထင်မှုဖြစ်ကြောင်း ကျွန်တော့်အား ပြောကြားသော ဒဿနိက ပါမောက္ခအိုကြီးသည် ကျောက်ဖြူသား လှေကားထစ်ပေါ်တွင် ထိုင်၍ ငိုက်မျဉ်းနေ၏။ ဘယ်ကစ၍ ဘယ်မှာဆုံးသည်လဲ။ အချစ်ဆိုသည်မှာ အစလား၊ အဆုံးလား။ အစနှင့် အဆုံးဆိုသော စကားနှစ်ရပ်၏ အဓိပ္ပာယ်ကို တိတိကျကျ သိလိုလှပါသည်။ တောင်ပင်လယ်တိမ်စွန်းမှာ မိုးတွေ ညို့လာပြန်ပါပြီ။ သည်နေ့မနက် ဘာစားထားသလဲ။ လူအချို့ ကိတ်မုန့်စား၏။ လူအချို့ ပီတိကိုစား၏။ လူအချို့ အာလူးစား၏။ လူအချို့ ကျော်ကြားမှုကို စား၏။ လူအချို့ မနာလိုဝန်တိုမှုကို စား၏။ ဇော်ဇော်အောင်သည် မုသားများကို စား၏။

ပုပ်အဲ့နံ့စော်နေသော ခံတွင်းကို ရှနဲလ်နံပါတ် ၅ ရေမွှေးဖြင့် ဆေးကြောပလုတ်ကျင်းလိုက်သောအခါ လောကသည် အတွေ့အကြုံရင့်ကျက်စွာ ပြုံး၏။ လူတွေ အများကြီး သေဆုံးသွားကြပြီ။ သူတော်စင်တွေ၊ အာဇာနည်တွေ၊ သူရဲကောင်းတွေ၊ လူယုတ်မာတွေ၊ သစ္စာဖောက်တွေ၊ ဖန်တီးသူတွေ၊ ဖြည့်ဆည်းသူတွေ၊ ထည့်ဝင်သယ်ပိုးသူတွေ၊ ဖျက်ဆီးသူတွေ၊ အသရေယုတ်လျော့စေသောသူတွေ၊ ညစ်ညမ်းစေသူတွေ လူပေါင်းများစွာ သေကြေလှပြီ။ ဇော်ဇော်အောင် မသေသေး။ မသေသေးသမျှ နေသေးကြဦးပေ့။ မျောက်အကောင် ၂၀ သည် ရှင်ဥတ္တမကျော် တောလားကြီးကို သံပြိုင်ရွတ်ဆိုနေကြ၏။ ကျွန်ုပ် ခွေးတစ်ကောင် မွေးရဦးမည်။ နာတာရှာစကင်စကီးကို စပါးကြီးမြွေတစ်ကောင် ရစ်ပတ်ထား၏။ တစ်ခါတစ်ရံ ရယ်စရာဟာသများသည် မရယ်ရ၊ အရယ်ရဆုံးဟာသသည် ကျွန်ုပ်၏ အချစ်ဖြစ်၏။ ကျွန်ုပ်သည် အချစ်ဖြစ်၏။ ကျွန်ုပ်အား အချစ်ဖြစ်၏။ ကျွန်ုပ်၌ အချစ်ဖြစ်၏။ ကျွန်ုပ်တွင် အချစ်ဖြစ်၏။ ကျွန်ုပ်ကို အချစ်ဖြစ်၏။ ကျွန်ုပ်နှင့် အချစ်ဖြစ်၏။ စနေဂြိုဟ်၏ တတိယမြောက်ခါးပတ်ထဲမှာ ကျွန်ုပ်၏ ဒိုင်ယာရီစာအုပ်ကို သိမ်းထားသည်။ အဝါရောင်တိုက်တစ်လုံးက စောင့်နေပါ။ ကျွန်ုပ်ကိုလိုက်၍ တုပနေသောသူများသည် ကျွန်ုပ်၏ နောက်ကသာရှိ၏။ အမှန်စင်စစ် ဘယ်သူမှ ဘာမှမဟုတ်ပါ။ (ဂျိမ်းဂျွိုက်စ်၏ ယူလီဆီး၊ ၁၉၆၁ စာမျက်နှာ ၁၆၄) အမုန်း၊ အချစ်၊ အမည် ပညတ်များသာ ဖြစ်၏။ (စာမျက်နှာ ၂၈၅) အချစ်သည် အချစ်ကို ချစ်ရန် ချစ်၏။ (စာမျက်နှာ - ၃၃၃)


mgyoe.com

mgyoe.com SAMPLE BOOK


ဝါကြွားဟန်ရေးပြလိုက်ခြင်းသည် သရက်မျိုးကောင်း မှည့်မှည့်တစ်လုံးထက် ချိုမြိန်၏။ ဂျက်ကေရိုဗက်၏ ဝတ္ထုကို ဖတ်ဖူးပါသလား။ ဗာနေကူလာနရေးတစ်နှင့် စထရီး အော့ကွန်စီးရှပ်စ်နက် ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိရဲ့လား။ ကျွန်ုပ်သည် အများသူငါ၏ မုန်းတီးအမြင် ကတ်ခံရခြင်းကို စျေးကြီးပေး၍ ဝယ်ထားရပါသည်။

*

မခင်ပျိုရယ် ယုဇန မခင်ပျိုရယ်၊ ကျွန်တော်ချစ်တယ်လို့ ထင်ထားတဲ့ အငြိမ်းမင်းသမီး ယုဇနမခင်ပျိုရယ်၊ သတိရလိုက်တာ။ မခင်ပျိုရယ်။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မသီတာ ဟင်။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မသီတာ။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မခင်ပျို။ မသီတာ၊ မခင်ပျို။ မခင်ပျို။ မသီတာ။ မခင်ပျို။ မသီတာ။ မခင်ပျို။ မသီတာ။ မခင်ပျို။ မသီတာ။ မခင်ပျို။ မသီတာ။ မသီတာ။ မသီတာ။ မခင်ပျို။ မသီတာ။ မသီတာ။ မသီတာ။ မသီတာ။ မခင်ပျို။ မသီတာ။ မသီတာ။ မသီတာ။ မသီတာ။ မသီတာ။ မခင်ပျို။ မသီတာ။ မသီတာ။ မသီတာ။ မသီတာ။ မသီတာ။ မသီတာ။ မသီတာ။ မခင်ပျို ဟင်။ မသီတာ။ သီတာရယ်၊ မသီတာ၊ မသီတာ၊ မသီတာ၊ မသီတာ၊ မသီတာ၊ မသီတာ၊ မသီတာ၊ မသီတာ၊ မသီတာ၊ မသီတာ၊ ခဏလေးနော် မသီတာ။

*

ချစ်စဖွယ် နုထွေးအိသော အပျိုမကလေးကို ပွေ့ချီ၍ ကျွန်ုပ် ချောင်းကိုဖြတ်ခဲ့သည်။ ချောင်းတစ်ဖက်တွင် သူ့ကိုထားခဲ့သော်လည်း ကျွန်ုပ်နေသော နေရာအထိ သူလိုက်ပါလာ၏။ ထိုအခါ ချောင်းရေသည် စီးသွားပြီ။ အနုပညာလား၊ အတတ်ပညာလား၊ လူတချို့ တောင်ပိန္နဲပင်အောက်တွင် အိမ်တစ်လုံးဆောက်ရာ တိုင်မထူဘဲ အမိုးမိုးနေကြ၏။ ကိုယ့်အလုပ်ကိုယ် ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကြရုံနှင့် မပြီးသေး။ ကိုယ့်အလုပ်ကိုယ်သိကြဖို့လည်း လိုသေးကြောင်း ကျွန်ုပ်ပြောကြားခဲ့ခြင်းကို မှတ်ထားဖို့ မလိုပါ။ ဉာဏ်ပညာဖြစ်စေတတ်သော ကိတ်မုန့်တစ်လုံးဖုတ်၍ ကျွေးချင်စမ်းလှသည်။ ကျွေးစမ်းချင်လှသည်။ အတင်းအဖျင်းပြောတတ်သူ တစ်ယောက်သည် ရွှေရောင်အင်္ကျီကိုဝတ်၍ လာနေပြီ။ ညှို့ဖျင်းစွာ ဖျော်ထားသော ကော်ဖီတစ်ခွက်ဟူသော စကားရပ်သည် မြန်မာမဆန်ပါ။ သိသမျှပြောတတ်သူရှိသော်လည်း ပြောသမျှသိသူတွေလည်း လိုသေး၏။ လှုပ်ယမ်းနေသော သရက်ပင်ကိုင်းဖျားကို ခွေးဟောင်နေသည်။ လွယ်အိတ်ထဲက ပညာများသည် ကျိုးပဲ့တွန့်ကြေလျက်ရှိသည်။ အစီအစဉ်ကျနမှုဟူသော စကားရပ်၏အဓိပ္ပာယ်ကိုလည်း ကျွန်တော် နားမလည်ပါ။ အစီအစဉ်ဆိုသည်မှာ ရှိနှင့်ပြီးသောအရာလား၊ သဘောလား။ နောက်မှ ရှိလာတာလား။ တစ်ခါရှိလိုက်သည်နှင့် နောင်အမြဲတည်နေသည်လား။ ဇော်ဇော်အောင်သည် ကာလနှစ်ပါးလုံးတွင် အစီအစဉ်မရှိသူဖြစ်၏။ အနာဂတ်ကာလအတွက် အစီအစဉ် ကြိုတင်ပြောရဲသော အာဂလူမိုက်များ ရှိပါသေးသလား။ ၁၂ နာရီ သံချောင်းခေါက်သံကြားရ၏။ နေ့သစ်သို့ကူးပြီ။ ထိုနေ့သစ်တွင် ကျွန်ုပ်နေ၏။ မည်မျှကြာကြာနေရမည်ကို ပြောပြထားရန် ကျွန်ုပ် ငြင်းဆန်းရလိမ့်မည်။

*

ဆောင်ဦးတစ်ခါရောက်ပြန်ပြီ။ လေထဲမှာ လွင့်မျောလာတဲ့ ပတ်မသံ၊ စခွ့်သံ၊ သံပတ္တလားသံ၊ ကြေးနောင်သံတွေဟာ နှင်းရည်စက်တွေခိုတွဲလို့ ရင်ထဲကို ဝင်လာတယ်။ ဖြူဖွေးတဲ့ မီးရောင်အောက်မှာ ထဘီနားဖြူဖြူကြီးဝဲလို့ပျံ့လို့။ အင်္ကျီမှာ ဘော်ကြယ်တွေ၊ သက်တံရောင်တလက်လက်နဲ့၊ ပုဏ္ဏားကွယ်၊ ကတ္တီပါအစိမ်းစမှာ ညိုမှောင်တဲ့ လှိုင်းရိပ်တွေ ထနေတယ်။ ပွဲခင်းဘေး အကြော်ဖို ဆီဒယ်အိုးထဲကအနံ့သင်းသင်းလေး၊ အေးမြနှင်းရည်နဲ့ စိုစွတ်တဲ့ မီးခိုးပြာပြာတွေ ဇာတ်စင်အထက်က မီးရောင်


mgyoe.com

mgyoe.com SAMPLE BOOK


ထဲမှာ ပျံ့တက်နေတယ်။ ကဗျာတွေ၊ အလှအပတွေ ရိုး တွင်းခြင်ဆီထဲ ဝင်နေကြတယ်။ ကပါ၊ ဆိုပါ။ ကတယ် ဆိုတယ်ဆိုတာ အနုပညာရှင်တွေရဲ့ အလုပ်ပါ။ ကကြပါ။ ဆိုကြပါ။ အဲဒါတွေအားလုံးကို ဧရာဝတီမြစ်ထဲမှာ ထည့် သိမ်းထားလိုက်မယ်။ ဘယ်တိုင်းပြည် ဘယ်လူမျိုးကမှ ဘာမှလုပ်ကိုင်လို့ မရပါဘူး။ ဘယ်သူလာလို့မှ ဖျက်ဆီးလို့ မရပါဘူး။ ဘယ်သူလာလို့မှ ပြောင်းလဲပစ်လို့ မရပါဘူး မခင်ပျို။ ကဗျာများ၊ အလှအပများနှင့် မခင်ပျို။ ဧရာဝတီ မြစ်ထဲမှာ ရှိသည်။

*

အငြိမ့်မင်းသမီး ယုဇနမခင်ပျို၊ ဆရာဝန် ဒေါက်တာ မသီတာနှင့် ဘာမှအသုံးမကျသော ဇော်ဇော်အောင်တို့ သုံးယောက် ကွယ်လွန်သွားကြသောအခါ သူတို့သုံးယောက် အသက်ရှင်၍ ကျန်ရစ်ခဲ့လေသည်။

■


mgyoe.com

mgyoe.com SAMPLE BOOK



# (၃) ကတ္တီပါ လွှမ်းချင်း

အကယ်၍ ဖြစ်နိုင်သည်ဆိုပါလျှင် သူ့ကိုဖက်ရုံက လေးသာ ဖက်ထားချင်ပါသည်။ အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် သူ့ကိုနှင်းဆီ ဥယျာဉ်တစ်ခု လက်ဆောင်ပေးလိုက်ချင်ပါသည်။ ချိုအေးငြိမ့်သော မောင့်လပြည့်ဝန်းသီချင်းသံသည် ကျွန်တော့်အသည်းနှလုံးကို ယူဆောင်ပျံတက်သွားပေပြီ။ ပင်လယ်ကဗွီးပင် ခြေရင်းက မြက်ခင်းအစပ်မှာ ချထားခဲ့ရန် တောင်းပန်ပါသည်။ အပွင့်ပောင်းထဲမှ ရနံ့သည် ချိုမြိန်လတ်ဆတ်စွာ သစ်နေ၏။ ကျွန်တော် သူ့ကိုသိပ်ချစ်တဲ့အကြောင်း သူသိဖို့ကောင်းပါသည်။ အမှန်စင်စစ်. . . ။ နံ့သာဖြူ သေတ္တာထဲမှာ ကုံကော်ပင် လေးဆယ့်သုံးပွင့် ရှိနေပါ၏။

*

သစ်ပင်အောက်မှာ ရွက်ခြောက်တွေ။ အညိုရင့်ရောင် ပြောင်လက်နေတဲ့ မဟော်ဂနီ သစ်ရွက်ခြောက်ကလေးတွေပေါ်မှာ ဖိနပ်မပါ ခြေဗလာနဲ့ သူလျှောက်နင်းသွားနေတယ်။ အဲဒီလို သူဆော့ပြေးသွားတာကို ခုံတန်းလျားပေါ်မှာ ထိုင်ရင်း၊ ကျွန်တော်စောင့်ရင်း ထွေတလာတွေးရင်း သူ့ကို ထိုင်စောင့်ရင်း၊ တွေးရင်းနဲ့ သူ့ကိုကျွန်တော် သိပ်ချစ်တယ်။ လင်းပွင့်တဲ့ ကောင်းကင်ပြာဟာတိမ်များ ကင်းစင်မဲ့တဲ့အခါ သိပ်ရက်စက်တယ်လို့ ခံစားရတယ်။ သူ့အလှကလည်း သိပ်လင်းပွင့်တယ်။ အဖုံးအကွယ်မရှိ အဝှက်အသိုမရှိ၊ ပတိကလှနေတာကို ဆိုလိုတာပါ။ ဟန်လုပ်စရာ ဟန်ဆောင်စရာ မလိုတာမျိုး။ တကယ်တော့ ခြယ်သတယ်ဆိုတာ ဟန်ဆောင်တာတစ်မျိုးပဲ မဟုတ်လား။ နီမနေတဲ့ နှုတ်ခမ်းကို သွေးရောင်လျှမ်းအောင် ပန်းရင့်ရင့်ဆိုးရတာမျိုး။ သူဟာ အဲလိုဟန်လုပ်ပေးရတဲ့ အခြယ်အသ မလိုတဲ့ မိန်းကလေးတစ်ယောက်။ ကိုယ်နေဟန် နွဲ့နွဲ့သွက်သွက်ကလေးရယ်။ အားမရစရာ အလှလို့ ခေါ်ရလေမလား။ ထူးခြားတာက



mgyoe.com

mgyoe.com SAMPLE BOOK



တော့ သိမ်မွေ့မှုပဲ။ ဘယ်အခါကြည့်ကြည့် သိမ်သိမ်မွေ့ မွေ့ကလေး။ ကြောင်ပေါက်စ ဝဝကစ်ကစ်ကလေး တစ်ကောင်ရဲ့ ဝမ်းဗိုက်မှာရှိတဲ့ အမွေးနုနုကလေးတွေကို ထိတွေ့ခံစားသလို ခံစားရတယ်။ သူနဲ့အတူ ရှိနေခြင်းကို က သိမ်မွေ့နူးညံ့မှုတစ်ခုကို ရင်ဆိုင်တွေ့ကြုံခံစားနေရ သလိုပဲ။ သူနဲ့အတူ ရှိနေရရင် စိတ်တွေဟာ အလိုလို နူး ညံ့ပျော့ပျောင်းလာတယ်လို့ ထင်ရတယ်။ နောက်တစ်ခု ကတော့ သူ့ရဲ့စိတ်ပဲ။ သူ့စိတ်ဟာလည်း သိပ်လင်းပွင့် တယ်။ မြင်ရတာကိုမှ လှတယ်လို့ သုံးနှုန်းချင်တဲ့ ကျွန် တော့်အစွဲအလမ်းကြောင့် သူ့စိတ်ကို လှတယ်လို့ မပြော လိုပါဘူး။ ဒါပေမဲ့ တစ်ခြားပြောစရာ စကားလုံးလည်း မရှိဘူး။ ဇန်နဝါရီလ မိုးကောင်ကင်လို သူ့စိတ်ဟာ သိပ် လင်းပွင့်တယ်။ ဟန်ဆောင်တာ၊ ဟန်လုပ်တာ၊ ကွယ်ဝှက် တာမျိုး ဘာမှ မရှိဘူး။ မဟုတ်တာ၊ မမှန်တာကိုလည်း လိမ်ညာမပြောတတ်ဘူး။ ဥပမာဆိုပါတော့ မေသူ ကျွန် တော့်ကို မချစ်ဘူး။ ဘယ်တုန်းကမှ မချစ်ဘူး။ နောင် လည်း ချစ်မှာမဟုတ်ဘူးဆိုတာ သိပါရဲ့။ အဲဒီအချက်နဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုတစ်ခွန်းပဲ ပြောတယ်။ ဇော် အောင်ရယ် နင့်ကိုငါ မချစ်ဘူးတဲ့။ မျှော်လင့်စောင့်စားရ တာကို အရသာဇကန်လို့ မထင်ပေမယ့် မိုက်မိုက်မဲမဲ ကျွန်တော်ကတော့ တစ်နေ့နေ့မှာ ချစ်လာလိမ့်မယ်လို့ မျှော်လင့်စောင့်စားမိတယ်။ အဲဒီအကြောင်းကိုများ စကားစလိုက်ရင်. . . မေသူဟာ မျက်လုံးတွေနဲ့ ရယ် တယ်။ သူနဲ့အတူ အနေကြာခဲ့တော့ သူ့အကြောင်း၊ အလေ့အထ၊ အမူအကျင့်ကို အသေးစိတ် သိနေတယ်။ မျက်နှာတည်တည်ငြိမ်ငြိမ် မျက်လုံးတွေကတော့ ရယ်နေ လျက်။ အဲဒီလိုပဲ ခေါင်းကိုငုံ့ပြီး လှပတဲ့ သူ့မေးရိုးကလေး ကို ဆယ်ဒီဂရီလောက်စောင်းပြီးတော့လည်း ရယ်တတ် တယ်။ လက်ချောင်းဖြူဖြူသွယ်သွယ်ကလေးတွေ ဖြန့် ကားဝှေ့ယမ်းပြီးတော့လည်း ရယ်တတ်တယ်။ ပါးစပ် တင်းတင်းစေ့ပြီး မျက်လုံးတွေနဲ့ ရယ်လိုက်တဲ့ အရယ်ဟာ လှောင်ရယ်ပါပဲ။ အနာဂတ်ကို နင်ပိုင်သလား၊ ငါတော့ မပိုင်ဘူးလို့ သူပြောတဲ့အခါ လူဆိုတာ အနာဂတ်အတွက် ကြိုတင်စဉ်းစားပြင်ဆင်. . . စတာတွေ၊ လူရဲ့ မျှော်လင့် ချက်နဲ့ ကြိုးပမ်းမှု စတာတွေ ကျွန်တော်ပြောတော့ ဇော် အောင်ရယ် လူဆိုတာ ကိုယ်အသေအချာ ပိုင်ပိုင်နိုင်နိုင် နားလည်တဲ့အကြောင်းကိုမှ ပြောရတယ်ဟဲ့လို့ ပြန်ပြော ပါတယ်။ ကျွန်တော် ဘာမှဆက်မပြောပါဘူး။ အဲဒီလိုပဲ စကားကို တစ်ဝက်နဲ့ရပ်လိုက်ရတာတွေ ကျွန်တော်တို့အဖို့ များလှပါပြီ။ မေသူ ကျွန်တော့်ကိုမချစ်ဘူးဆိုတာ အစက တည်းက ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော်သူနဲ့ ခွဲမနေနိုင်ဘူး။ အခုလည်းလေ သစ်ရွက်ခြောက်တွေပေါ် ဖိနပ်မပါဘဲ လိုက်လျှောက်နင်းပြေးသွားနေတာ ကျွန် တော် ထိုင်စောင့်ကြည့်နေတယ်။

*

အချစ်ဆိုတာ ဘာလဲလို့ တချို့က သိပ်သိချင်ကြ တယ်။ တချို့လည်း ဘဝလမ်းတစ်ဝက်မှာ လက်လျှော့ လိုက်ကြပုံရပါရဲ့။ တချို့လည်း အချစ်ကိုသိဖို့ ကြိုးစား ရင်း သေဆုံးသွားကြတယ်။ မဆိုင်လိုက်တာ။ မေသူနဲ့ အနေကြာခဲ့လို့ အချစ်ဆိုတာ သိဖို့မဟုတ်ဘူးဆိုတာ ရေး ရေးသဘောပေါက်လာခဲ့တယ်။ အချစ်ဆိုတာ ရချင်တာ၊ ယူချင်တာ၊ ပိုင်ဆိုင်ချင်တာ မဟုတ်ဘူး။ မဟုတ်သင့်ဘူးဆို တာလည်း သိလာခဲ့တယ်။ အချစ်ဆိုတာ ပေးဆပ်နေရ တာ မဟုတ်ဘူးဆိုတာလည်း သိလာခဲ့တယ်။ သိလာခဲ့ တယ်လို့ ထင်တာပဲလေ။ မေသူက အချစ်ဆိုတာ ချစ်နေ ရတာပဲရယ်လို့ ကျွန်တော့်ကို သင်ကြားပြသပေးခဲ့တယ်။ ကျွန်တော် မေသူ့ကို ချစ်နေတာဟာ ချစ်နေတာပါပဲ။ သည်ထက်ပိုစရာလည်း အကြောင်းမရှိဘူး။ လိုစရာလည်း အကြောင်းမရှိပါဘူး။ အချစ်ဆိုတာ အကြောင်းတရား လား၊ အကျိုးတရားလား၊ နှစ်ခုလုံးမဟုတ်ဘူးလို့ မေသူက ပြောခဲ့တယ်။ အကြောင်းတရားဆိုရင် အကျိုးသက်ရောက် မှု တစ်ခု ရှိရမယ်။ နှစ်ခုလုံးမရှိတဲ့အချစ်ဟာ အဲဒီနှစ်ခုလုံး မဟုတ်တော့ဘူးတဲ့။ မေသူပြောတာ ကျွန်တော်ယုံတယ်။ ကျွန်တော်ကောင်းကောင်း နားမလည်ကြောင်း ပြောတဲ့ အခါ နင်ရင့်ကျက်လာတဲ့တစ်နေ့ သိလာမှာပါ ဇော်ဇော်



mgyoe.com

mgyoe.com
SAMPLE BOOK



အောင်ရယ်လို့ ပြန်ပြောတယ်။ အဲဒီစကားပြောတုန်းက သူ့မျက်လုံးတွေ ဝေရီရီ။ ပြီးတော့ အဲဒီစကားပြောတဲ့ အချိန်မှာ သူက ကျွန်တော့်ထက် သုံးနှစ်ငယ်တယ်။ ကျွန်တော်က အသက်အစိတ်၊ အဲဒီပေါကြောင်ကြောင် ကောင်မလေးကို ကျွန်တော် သိပ်ချစ်တာပဲ။ ဘာမှ မရေရာမသေချာတဲ့အကြောင်း သိပ်သေချာတဲ့ ဒီလောကမှာ သူ့ကိုကျွန်တော် သိပ်ချစ်တဲ့အကြောင်းဟာ အရေရာဆုံးလို့ အနှစ်တစ်သောင်းအထိ ကျွန်တော်ယူသွားမှာပဲ။ သူဘာပြောပြောလေ နင့်ကိုသိပ်ချစ်တယ် မေသူရယ်။

*

ရယ်စရာပါပဲ။ ရှောက်သီးဆေးပြား စားတတ်တဲ့အကျင့်ကို ကျွန်တော်စွန့်လွှတ်လိုက်ပြီ။ ရယ်စရာဆိုတာ အဲဒါကို ပြောတာပါ။ သူ့ဆီကိုသွားတဲ့အခါတိုင်း ပုလင်းအညိုကလေးထဲက ရှောက်သီးဆေးပြားတွေ ကျွန်တော်နှိုက်ယူပြီး စားလေ့ရှိတယ်။ တစ်ခါတလေ ရှောက်သီးဆေးပြားကုန်နေရင် ကြာကြာမနေဘဲ ကျွန်တော်လှည့်ပြန်ခဲ့တယ်။ သူလည်း ရှောက်သီးဆေးပြား ဝယ်ဝယ်ထားပါတယ်။ လာတိုင်း ရှောက်သီးဆေးပြားစားတာကို သူသတိပြုမိလို့ တစ်နေ့တော့ စကားစမေးတယ်။ အဲဒီမေးခွန်းကိုပဲ ကျွန်တော်စောင့်နေတာ။ ငါ့ပါးစပ်ကို အအားမထားချင်လို့၊ ပါးစပ်အားနေရင် နင့်ကိုငါချစ်တဲ့အကြောင်းပြောမိနေမှာလို့ ပြောလိုက်တယ်။ ဇော်အောင်. . . ကိုသိပ်ပြောချင်တဲ့စကားကို မပြောဘဲ နေကြည့်စမ်း။ သိပ်အရသာရှိတာ နင်တွေ့ရလိမ့်မယ်လို့ ပြောတယ်။ အဲဒီအရသာကို ငါတစ်သက်လုံး ခံစားသွားပါ့မယ်ဟာ. . . လို့ သူ့ကိုပြန်မပြောဘဲ နေလိုက်တယ်။ အဲဒီနေ့ကစပြီး ရှောက်သီးဆေးပြားကို ပုလင်းအညိုကလေးထဲက နှိုက်ယူစားတတ်တဲ့အကျင့်ကို ကျွန်တော်စွန့်လွှတ်လိုက်ပြီး သိပ်ပြောချင်တဲ့စကားတွေ မပြောဘဲနေတတ်တဲ့အကျင့်ကို ကျွန်တော်မွေးမြူခဲ့တယ်။ နင့်ကိုလေ ငါ။

*

သုံးထပ်အမြင့် အဆောင်ထက်မှ သူ့မျက်နှာကို လျှပ်ပြက်တရိပ်မြင်လိုက်ရ၏။ ထိုစဥ်က သူပြုံးနေသည်။ မည်သူ့ထံမှာမှ မရှိသောအပြုံး။ ရေညှိတက် စိုစွတ်သောလှေကားမှ သူဆင်းလာသည်။ ဝင်းမွတ်သော ခြေသလုံးကလေးများကို မြင်ရ၏။ မွန်စီယာမာစဲဒူးချမ့်ကို လိုက်ရှာကြပါ။ သူ့ထံမှ ကျွန်တော့်ဘဝကို အဖိုးအခအဖြစ်ပေး၍ ပန်းချီကားတစ်ချပ် အပ်လိုပါသည်။ မာလကာပင်သည် ခရမ်းနုရောင် အခိုးအငွေ့များဖြစ်၍ ပျောက်ကွယ်သွားသည်။ ပိတောက်ပန်းများလည်း အခါမဟုတ် ပွင့်ကြပြီ။ လှေကားမှ သူဆင်းလာသည်။ သူနှင့်ကျွန်တော်သည် ရှည်လျားသော စကြ်န်အမိုးအောက်တစ်လျှောက် အေးဆေးစွာ သွားနေကြ၏။ ကော်ရစ်ဒါစကြ်န်လမ်းသည် မိုးရေပက်သဖြင့် စိုစွတ်ချွဲစိုနေ၏။ မိုးရေထဲမှာ မဟော်ဂနီရွက်များ၊ သော်ကရွက်များ ပြတ်၍လွင့်မျောလာကြသည်။ ဇီဇဝါရနံ့ ရောယှက်သော မိုးစက်မှုန်သည် ခရမ်းနုရောင် တောက်ပနေကြ၏။ တစ်လမ်းလုံး သူစကားမပြော။ ပခုံးစွန်းချင်းထိမိဖို့ နှစ်လက်မသာ လိုတော့သည်။ ဝါးရုံပင်စပ်တွင် ခွေးကလေးတစ်ကောင် အအေးမိ၍ သေဆုံးနေသည်။ ရှိန်းမြပူနွေးစွာ ကျွန်တော်တို့နှစ်ယောက် ပခုံးစွန်းချင်းထိမိကြ၏။ အဖြူပေါ်တွင် အနီစက်ကလေးများပါသော သူ့အင်္ကျီစသည် ပျော့ပျောင်းကြမ်းရှစွာ ရှိ၏။ လျှပ်ရောင်တစ်ချက်ပျက်၍ ပိတောက်ပွင့်ဝါဝါများ မိုးရွာပက်သလို လွင့်စင်ဖွာကြသွားသည်။ သူနှင့် နှစ်လက်မအကွာအဝေးမှ အလင်းနှစ် တစ်သန်းအထိ ကျွန်တော်လွင့်စင် ထွက်သွားသည်။ ဥသြငှက်၏အသိုက်သည် မိုးတွင်းကာလတွင် စိုစွတ်၍နေပေလိမ့်မည်။ ကျွန်တော်တို့ ဘယ်ရောက်လာကြပြီလဲ။ ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးကိုလွန်သည်နှင့် မိုးမှုန်ကြားမှ ပုလဲရောင် အင်လျားကန်ကို မြင်ရတော့သည်။ ကမ်းစပ်မှာ လှေတစ်စင်း။ ထိုလှေနှင့် ကျွန်တော်တို့ လှော်ခတ်လာခဲ့ကြသည်။ မိုးမြင့်စွန်း တိမ်တိုက်ဖြူတစ်ခုအတွင်းမှာ ကျွန်တော်နေသည်။ ကျွန်တော့်အိမ်သို့ သွားကြ၏။ အခန်းထဲမှာ ခရမ်းရောင်သစ်ခွပန်းများ ဖြန့်ကြဲထား



mgyoe.com

mgyoe.com SAMPLE BOOK


သည်။ ဦးအောင်စိုး၏ ပန်းချီကားများ၊ ခင်မောင်ရင်၏ ပန်းချီကားများလည်း ရှိ၏။ ပန်းချီကားအပြည့် အဖုံးပါသော ကျွန်တော့်လက်ဖက်ရည်ခွက်ကို ကြမ်းပြင်ပေါ်တွင် ချထားသည်။ ပြတင်းပေါက်ပေါင်ပေါ်မှာ ကျွန်တော့်ကြောင်ကြီးအိပ်ငိုက်နေ၏။ သူ့အမြီးနားမှာ ရပ်နေသော နာရီဟောင်းတစ်လုံးရှိသည်။ အမှန်တော့ အချိန်သိဖို့ မလိုပါ။ ကျွန်တော်သည် ကမ္ဘာပေါ်မှာရှိသောအချိန်အားလုံးကို ပိုင်ဆိုင်ထားပါသည်။ ကျွန်တော့်ဆရာ၏ ဗေဒါလမ်းကဗျာစာအုပ်၊ ကေ၏ ရဲတိုက် ထိုစာအုပ်နှစ်အုပ်သည် ကျွန်တော့်ခေါင်းအုံးဘေးမှာ ရှိနေသည်။ ပိုးသားမီးအုပ်ဆောင်း စိမ်းဝါရောင်တွင် ပင့်ကူမျှင်များရောထွေးရစ်လျက်။ ကျွန်တော်အိပ်ရာကို သန့်ရှင်းပြန့်ပြူးစွာ ခင်းထားသည်။ လက်စမသတ်ရသေးသော ကဗျာတစ်ပိုဒ်သည် ခုတင်ခြေရင်းတွင် တွန့်ခွေလိပ်နေ၏။ စီးကရက်ပြာစများလည်း ဖြူယော် အန္တံပြန့်နေသည်။ အပြင်ဘက်မှာ တိမ်တိုက်ငယ်တစ်ခု ရွေ့လျားသွားသောအသံလိုလိုကြားရ၏။ မေသူ၏ အင်္ကျီစမှ အနီရောင်အစက်ကလေးများ လွင့်ပျံပြေးထွက်သွားသောအသံကို ကန်ရေပြင်ထက်လှိုင်းတွန့်များကြားမှာ ကျွန်တော်တွေ့လိုက်ရ၏။ သူ့ထံမှ စူးရှသင်းပျံ့သော ကိုယ်သင်းနံ့ကို အပြာရောင်ပေါ်တွင် အဖြူစင်းများပါသော ကျွန်တော့်လက်ကိုင်ပဝါနှင့် တိတ်တိတ်ကလေး ထုပ်ယူသိမ်းဆည်းထားလိုက်သည်။ သူမသိပါစေနှင့်။ ရက်သတ္တနှစ်ပတ်အကြာ မေသူနှင့် မတွေ့ရဘဲ နေခဲ့ပြီးနောက် ယခု သူကျွန်တော့်အခန်းမှာ ရှိနေသည်။ အဖြူရောင်လိပ်ပြာတစ်ကောင်သည် အခန်းပတ်လည်မှာ ပျံဝဲနေသည်။ နှစ်လိုဖွယ်ရာ ချိုမြိန်စွာ ယစ်မူးစေတတ်သော ရေကန်ထဲမှာ ကျွန်တော့်ဦးနှောက်သည် နစ်မြုပ်သွား၏။ ကျွန်တော်ဘာမှမသိပါ။ သူ့ကိုချစ်ကြောင်းတစ်ခုသာ သိပါသည်။ အချစ်တစ်ခုသာ နားလည်သဘောထားသော အသုံးမကျသည့်လူများ ဤကမ္ဘာတွင် မရေမတွက်နိုင်အောင် ပေါများလှသည့်အတွက် ထိုလူတို့၏ အမည်စာရင်းတွင် ကျွန်တော်တစ်ယောက် ထပ်တိုးသည့်အတွက် ဘာမှဖြစ်ဟန်မဟုတ်ပါ။

အချို့သောအရာများ ပြတ်သားကြည်လင်လာလေလေ၊ အချို့သော အရာများ ဝိုးဝါးရီဝေလာလေလေ ဖြစ်၏။ သူ့ကိုချစ်သည်မှာ ပြတ်သားကြည်လင်လာလေလေ ဘာကြောင့် ချစ်မိသည်ဆိုသော အကြောင်းသည် ဝိုးဝါးရီဝေလာလေလေ ဖြစ်ရပါသည်။ ဘာကြောင့် ချစ်မိမှန်းမသိ။ ဘာကြောင့် ချစ်မှန်းမသိ။ ဘာကြောင့်ချစ်နေမှန်းမသိ။ တစ်ခါတစ်ရံ မသိခြင်းက ကောင်းပါသည်။ သူနှင့်ကျွန်တော် စကားပြောကြသည်။ သူက ဘာမှပြန်မပြောပါ။ ကျွန်တော်ပြောသမျှ နှုတ်ခါးပါးလှပ် ပါးစပ်ပိတ်၍ ပြုံးကာသာ နားထောင်နေ၏။ ထိုသို့ ပါးစပ်ပိတ်၍ ပြုံးကြည့်နေခြင်းသည် စကားအခွန်းပေါင်း တစ်သိန်းဖြစ်တော့သည်။ ထိုအပြုံးကို ကျွန်တော်ကြည့်မြင် ခံစားနေရခြင်းသည်လည်း ကြည်နူးရင်နင့်ဖွယ်ရာ ကောင်းလှချေ၏။ သူ၏ ရွှန်းလဲ့မှုကို ကျွန်တော်ကြားယောင်နေ၏။ သူ၏ ပါးလျားမွေးမှိန်သော ကိုယ်သင်းနံ့ကို ကျွန်တော် မြင်တွေ့နေရ၏။ သူ၏ တင့်တယ်ထည်ဝါမှု အသရေကို ကျွန်တော်သောက်သုံးနေရ၏။ ကျွန်တော့်ကိုယ်ပိုင် မိုးကောင်းကင်မှာ လပြည့်ဝန်းများ စက္ကန့်နှင့်အမျှ ပေါ်ထွက်လင်းထွန်းနေပါသည်။ ဒေါ်လာ တစ်သောင်းတန်သော ဆာရီယယ်လစ်ဇင်း ပန်းချီကားတစ်ချပ်ကို မဝယ်နိုင်သောကြောင့် သူ့ကို ကျွန်တော့်မျက်လုံးထဲမှာ သိမ်းထားလိုက်သည်။ မနေ့က သူဘယ်သွားနေလဲ။ အခု မေသူ ကျွန်တော်နှင့်အတူ ရှိနေ၏။ သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်၍ သံပုရာရှမ်ပူနှင့် ခေါင်းလျှော်၍၊ ရေနွေးဖြင့် ရေချိုး၍၊ လျှော်ဖွပ်ပြီးစ မီးပူတိုက်ထားသော အဝတ်တို့ကိုဝတ်၍ ဘလူးဘာယူးနှင့် မောင့်လပြည့်ဝန်းကို ဖွင့်၍၊ မုတ်ဆိတ် လက်ဖက်ရည် ချိုပေါ့ကျကိုသောက်၍၊ ကျားမသန်းဌေးမှာ ဆေးကောင်းစွာစပ် ဖွာရှိုက်၍၊ ခေါင်းအုံးမပါ ပြောင်ချောသော ကြမ်းပြင်ထက်မှာအိပ်၍ မျက်စိတူရူရှိရာ သုံးတောင်ခန့်အကွာတွင် သူ့မျက်နှာကိုထား၍ တစိမ့်စိမ့်ကြည့်နေမိပါသည်။ ထိုအခါ ကျွန်တော်သည် ရှင်ဥတ္တမကျော်တောလားကိုလည်းကောင်း၊ ဇော်ဂျီ၏ ဗေဒါလမ်းကိုလည်းကောင်း၊ ဇေယျနှင့် ပုဂံမြို့ဟောင်းကိုလည်းကောင်း၊ စိန်


mgyoe.com

mgyoe.com SAMPLE BOOK


ပေဒါကြီးနှင့် မြို့မအငြိမ့်ကိုလည်းကောင်း၊ ပန်းချီအောင်စိုးနှင့် ခင်မောင်ရင်ကိုလည်းကောင်း၊ မေရှင်နှင့် မာမာအေးကိုလည်းကောင်း၊ မိုနေနှင့် ရောရှင်ဘတ်ကိုလည်းကောင်း၊ ချင်းတွင်းမြစ်ကိုလည်းကောင်း၊ ဓနိဈေး၊ ဝါးဈေးကို လည်းကောင်း ကျွန်တော့်ကိုယ်ကျွန်တော် လည်းကောင်း မေ့လျော့သွားပါသည်။

*

သူ့ဆံပင်ကို ဘယ်လိုပြင်ထားကြောင်း အမှတ်မထားမိပါ။ ထိုဆံပင်ကို တအားဆောင့်၍ ဆွဲပစ်လိုက်ချင်သည်။ သူနာ၍ငိုသောအခါ ကျွန်တော်သူ့ကို ဖက်ထားမည်။ ရွှေဝါရောင် မွေးညင်းနုကလေးများ လှုပ်ခါယမ်းသွားအောင် သူ့လက်မောင်းကို ပါးပြင်ကပ်၍ လေးတွဲ့သက်ပြင်းချလိုက်မည်။ သူတစ်ကိုယ်လုံး ပိတောက်ပန်းတွေ ဖုံးလွှမ်းနေသည် ထင်မိ၏။ တကယ်တမ်းမှာတော့ ကျွန်တော်သည် သူ့ကိုချစ်နေမိသူသာ ဖြစ်ပါသည်။ ချစ်မိနေခြင်းတစ်ခုသာလျှင် သူနှင့်ကျွန်တော် ဆက်စပ်ပတ်သက်နေပါသည်။ ထိုထက်ပိုသော ဆက်စပ်မှုမျိုးကို ကျွန်တော် မတောင်းခံပါ။ လိုလည်း မလိုချင်ပါ။ သူ့ရုပ်ခန္ဓာကို ခေတ္တခဏမျှပင် ကျွန်တော်မပိုင်ဆိုင်ချင်ပါ။ သို့သော်လည်း တစ်ခါတစ်ရံ. . . . ။

သူ့ကျောပြင်မှ ကိုယ်ငွေ့ဖြင့် ကျွန်တော့်ရင်ကို နွေးစေ၍ အခါမလပ် သိစေတတ်သော စေတသိက်တို့ ပျက်စီး ကင်းဝေးစေ၍ လောက၏ အချိန်များကို ကုန်လွန်သွားစေချင်ပါသည်။ စကားဖြူပင်ကြားမှ ဆင်းသက်ဖြာကျလာသော လရောင်ခြည်၏ ခိုးမှုခိုးရာဖြင့် သူရှိရာသို့သွားချင်ပါသည်။ ဇာပွင့်ဝါဝါအခန်းဆီးစများ ဖယ်ရှားလိုက်သံကြောင့် သူနိုးလာလျှင် စကြာဝဠာနှစ်ခုစာမျှ ပြေးလွှားပုန်းအောင်းနေပါမည်။ နာတာရှာကင်စကီးကို မြွေကြီးတစ်ကောင် ရစ်ပတ်ထား၏။ ချိုသင်းမြ၍ ပြောင်လက်သော သူ့နှုတ်ခမ်းကလေးများကို ကျွန်တော့် လက်နှင့် အသာအယာ ထိတွေ့ချင်သော ဆန္ဒသည် အချစ်ဖြစ်သည်ဟု တစ်စုံတစ်ယောက်က ပြောကြားခဲ့သည်ကို ကျွန်တော်ယုံကြည်ရန် ခဲယဉ်းပါသည်။ နှစ်တစ်သောင်းမျှ သက်တမ်းရှိသော ကြာညိုပန်းသည် လန်းဆန်းမွှေးပျံ့စွာ ဖူးပွင့်လာနေသည်လား။ သာယာသော လေညင်းသည် ပြတင်းပေါက်မှ ဝင်လာကာ ဘလိပ်ဓားသွားများကို အပိုင်းပိုင်း ပြတ်၍ သွားစေ၏။ အရာအားလုံး၏ အဓိပ္ပာယ်များတွင် တန်ဖိုးများ ရှိကြ၏။ တန်ဖိုးများတွင်လည်း အဓိပ္ပာယ်ရှိမှ အဆင်ပြေညီညွတ်လိမ့်မည်ထင်သည်။ အဆင်ပြေ၍ ညီညွတ်မှုရှိသော ဂုဏ်ကို သုဗောဓာလင်္ကာရ ကျမ်းတွင် မည်သို့ခေါ်ထားကြောင်း ကျွန်တော်မမှတ်မိပါ။ စကားလုံးတစ်လုံးသည် အကြောင်းအရာတစ်ခု၊ တန်ဖိုးတစ်ခု၊ အဓိပ္ပာယ်တစ်ခုကို မည်သည့်အခါတွင်မှ ပြီးပြည့်စုံစွာ ဖော်ပြနိုင်လိမ့်မည်မဟုတ်။ ဘာသာစကားသည် ရင်ထဲက အချစ်ကို မည်သည့်အခါတွင်မှ ပြည့်မီအောင် ဖော်ပြနိုင်ခြင်းမရှိကြောင်း မှန်ကန်စွာ လက်ခံထားသော်လည်း ကျွန်တော်သည် မေသူ၏အကြောင်း ဤဝတ္ထုကိုဘာသာစကားဖြင့် ရေးသောကြောင့် ဘာသာစကားဖြင့် ရေးနေပါသည်။

'လှပသော ကျွန်တော်ချစ်ရသည့်မေသူ'ဟူသော စကားရပ်ကို အမှတ်ပေးစည်းမျဉ်းအရ သဒ္ဒါမှားသည်ဟု ပြော၍ ပြင်ဆင်ပြောင်းလဲထားလိုပါသော်လည်း မည်မျှပင် ပြင်ဆင်ပြောင်းလဲ ရေးသားစေကာမူလည်း ကျွန်တော့်ရင်ထဲက ဒိုးယိုပေါက်မှုန်ဝါးနေသော အချစ်ကို မြင်ကြရလိမ့်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် တစ်ရံရောအခါက ချစ်မိသူလူတစ်ယောက် ရှိခဲ့သည်ဖြစ်၍ ထိုလူသည် ကျွန်တော်ဖြစ်သောကြောင့် အဆိုပါချစ်မိသူသည် ကျွန်တော်ဖြစ်ပါသည်ဆိုလိုက်လျှင် ကျွန်တော်သည် ထိုချစ်မိသူပင်ဖြစ်ပါသည်။ နင့်ကိုငါ ဘာပြောရဦးမလဲ မေသူ။ ငါ့ကိုချစ်တယ်ဆိုတာကလွဲလို့ အကုန်ပြောဇော်အောင်၊ ငါနားထောင်မယ်။ ကျွန်တော်သူ့ကို အလွန်မှန်တတ်သော ပေဒင်အကြောင်း လက္ခဏာအကြောင်း ပြောပြ၏။ အလွန်မှားတတ်သော ပေဒင်အကြောင်း လက္ခဏာပညာအကြောင်း ပြောပြ၏။ ပရမတ်တရားလေးပါးအကြောင်း ပြောပြ၏။ ရေကန်ဘေးမှ ပေါ်ပီပန်းခင်း


mgyoe.com

mgyoe.com SAMPLE BOOK



အကြောင်း ပြောပြ၏။ ပြင်သစ်ရုပ်ရှင်ကားအကြောင်း ပြောပြ၏။ သမထလေးဆယ် ကသိုဏ်းဆယ်ပါးအကြောင်း ပြောပြ၏။ ကွန်မြူနစ်လူ့အဖွဲ့အစည်း၏ ရွှေရောင်မျှော်လင့်ချက်သည် မည်မျှ ရယ်စရာကောင်းကြောင်း ပြောပြ၏။ 'အောင်မြေသာစံ'ပတ်ပျိုးအကြောင်း ပြောပြ၏။ ဂျက်ဆင်ပေါလော့(က)၏ 'ဩတွမ်ရစ်သမ်'ပန်းချီကားအကြောင်း ပြောပြ၏။ ဟင်နရီရူဆိုး၏ 'မြွေအလိမ္မာမယ်ဆရာ'ပန်းချီကားအကြောင်း ပြောပြ၏။ ဦးစံဝင်း၏ ရွှေတိဂုံပန်းချီကားများအကြောင်းနှင့် ဦးနန်းဝေ၏ 'ဖရောင်းပန်း'ပန်းချီကားအကြောင်းကိုလည်း ပြောပြ၏။ ပူနွေးစူးရှသော သံချွန်တစ်ချောင်းကို ပျားရည်သုတ်လိမ်း၍ ကျွန်တော်နှလုံးသားတည့်တည့်ထိုးဖောက်လိုက်သလို သူ့အပြုံးကို ကျွန်တော်ခံစားရကြောင်း ပြောပြ၏။ ထိုအခါ မေသူ ပြုံးပြန်၏။ ကျွန်တော် တစ်ကြိမ်ထပ်၍ သေဆုံးသည်။ အပြင်ဘက်မှာ နုပျိုသော လေညင်းသည် အဝါရောင် ကံ့ကော်ဝတ်မှုများကို သယ်ဆောင်လာနေသည်။ ပန်းဝတ်မှုန် မိုးဖွဲများကြားတွင် သူရော ကျွန်တော်ပါ ပျောက်၍သွား၏။ တပ်မက်မှုရာဂမပါသောအချစ်သည် နှင်းဆီပွင့်ဖတ်ကဲ့သို့ သန့်ရှင်းကြောင်း ကျွန်တော် ယုံသည်။ သူနှင့်အတူတကွ ရှိနေရခြင်းသည် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်ကြောင်း ကျွန်တော်ယုံသည်။ ကျွန်တော် သူ့ကို ချစ်ကြောင်း ကျွန်တော်ယုံသည်။ သူ ကျွန်တော့်ကိုမချစ်ကြောင်း ကျွန်တော်ယုံသည်။ ကျွန်တော့်နာမည်သည် ဇော်ဇော်အောင်ဖြစ်ကြောင်း ကျွန်တော်ယုံသည်။ သူ့နာမည်သည် မေသူဖြစ်ကြောင်း ကျွန်တော်ယုံသည်။ ကမ္ဘာပေါ်တွင် စိတ်ကောင်းရှိသူ အနည်းငယ်ကျန်သေးကြောင်း ကျွန်တော်ယုံသည်။ အနုပညာသည် ဝေဖန်ရေးနှင့် ဝေဖန်ရေး ဒဿနနယ်ပယ်မှ သတ်မှတ်ချက်များ နှုန်းစံများကို ဖြိုလဲဖျက်ဆီး၍ ထိုးဖောက်ထွက်သွားနိုင်ကြောင်း ကျွန်တော်ယုံသည်။ အချစ်ကို အချစ်အတိုင်းထားနိုင်လျှင် ကမ္ဘာလောက စိမ်းလန်းသာယာလိမ့်မည်ဟု ကျွန်တော်ယုံသည်။ သို့သော် အချစ်ကို သည်အတိုင်း ကျွန်တော်မထားနိုင်ပါ။ ထို့ကြောင့် အချစ်ကို အချစ်အတိုင်း မထားနိုင်သူအတွက် နေဆယ်စင်း ဝင်းဝင်းတောက်သလို ပူပြင်းလောင်မြိုက်ကြောင်း ကျွန်တော်ယုံသည်။ နောက်ထပ် ဘာကိုယုံရဦးမည်လဲ။ ယုံတယ်ဆိုတာ ဘာလဲ။ တုံ့ပြန်မှုကို မမျှော်လင့်။ အချည်းနှီးသော ချစ်ခြင်းဖြင့် ချစ်သူသာလျှင် တကယ်ချစ်သူဖြစ်၏ဟု မီရိုစလဗ်ဟိုလဗ်က ပြောခဲ့သည်။ ကျွန်တော်မယုံပါ။ အမှန်စင်စစ် တုံ့ပြန်မှုလည်း မလိုအပ်၊ မတုံ့ပြန်မှုလည်း မလိုအပ်။ ချစ်ရန်အတွက် အချစ်အတွက်၊ ချစ်နေရန်နှင့် အချစ်သာလျှင် လိုအပ်၏။ အချစ်အတွက် အချစ်သာလျှင် လိုအပ်၍ အခြားဘာမှ မလိုအပ်ဟု ကျွန်တော်ယုံသည်ဟု ထင်၏။ အချစ်သည် ဝိုင်းစက်ဆူဖြိုးသော သုညတစ်လုံးသာ ဖြစ်၏။ ထိုအချစ်သည် ပိတ်ထားသော တံခါး၏ကြေးဝါသော့ခလောက်မှ သော့ပေါက်အတွင်းသို့ ဝင်သွားသည်။ ထိုအခါ ကျွန်တော်နှင့်သူ ပြန်လာခဲ့ကြသည်။

*

အပြန်လမ်းမှာ ပန်းတွေရှိသည်။ ဥယျာဉ်တစ်ခုနှင်းဆီပန်းတွေ အပြည့်နှင့်တွေ့ရသည်။ ငါးမန်းတစ်ကောင်၏ ပွင့်ဟနေသော ပါးစပ်ကြီးကိုလည်း တွေ့ရသည်။ ကိုကာကိုလာ သံဗူးများ အပြည့်ထည့်ထားသော ရေခဲသေတ္တာတစ်လုံးကို တွေ့ရသည်။ ယစ်မူးငိုက်မှေးနေသော ပါမောက္ခအိုကြီးကို တွေ့ရသည်။ သေဆုံးသွားသော ဘာသာစကားကိုလည်း တွေ့ရသည်။ သီချင်းဆိုနေသူတစ်ယောက် နှင်းပိုးကိုက်ထားသော ပန်းသီးတစ်လုံးကိုလည်း တွေ့ရသည်။ ပျက်ပြယ်သွားသော စာချုပ်တစ်စောင်ကိုလည်း တွေ့ရသည်။ လေဆာရောင်ခြည်ခွဲစိတ် ခံထားတစ်လက်ကိုလည်း တွေ့ရသည်။ ပျို့ဟောင်းတစ်စောင်နှင့် ပိုးဟပ်တစ်သိုက်ကိုလည်း တွေ့ရသည်။ လူတော်တော်များများထံမှ ထုတ်ယူထားသော ကျောရိုးပုံတစ်ပုံကိုလည်း တွေ့ရသည်။ အနက်ရောင်ပန်းချီကားတစ်ချပ်နှင့် စကားလုံးမဲ့ကဗျာတစ်ပုဒ်ကိုလည်း တွေ့ရသည်။ ရွှေချည်ထိုး ပိုးအင်္ကျီနှင့် ကိတ်မုန့်တစ်လုံးကိုလည်း တွေ့ရသည်။ ဖန်တီးရှင်၏ လက်ချောင်းများကိုလည်း တွေ့ရသည်။ ဘာမှမရှိခြင်းကိုလည်း တွေ့ရသည်။ အပြန်



mgyoe.com

mgyoe.com SAMPLE BOOK



လမ်းမှာ ပန်းတွေရှိသည်။ ထို့နောက် ကျွန်တော်တို့ နေရာအသီးသီးသို့ပြန်ရောက်ကြသည်။ ထိုနေ့က သူ့ကို ကျွန်တော် နောက်ဆုံး တွေ့လိုက်ရခြင်းဖြစ်ပါသည်။ မေသူရယ်။

*

အချိန်တို့သည် သဘာဝမကျစွာ လျင်မြန်သော နှုန်းဖြင့် ပြောင်းလဲရွေ့လျားခဲ့ကြ၏။ မေသူနှင့်ကျွန်တော် ကွဲကွာခဲ့သည်မှာ. . .။ ဥပုသ်သီတင်းကို မပြင်လိုက်ရဘဲ ရေသည် စီးသွား၏။ မေသူ့ကို ကျွန်တော်ချစ်နေမြဲ။ အတူတကွ ရှိနေရခြင်း ကောင်းချီးမင်္ဂလာကို အစီအစဉ် မကြေငြာဘဲ ကျွန်တော့်ထံမှ မည်သူရုပ်သိမ်းသွားသနည်း။ စိမ်းလန်းသော တောင်ကုန်းများ မီးလောင်သွားသော အခါ မီးကျွမ်းသစ်ငုတ်များနှင့် ညိုမည်းသော မြေပြင်သာ ကျန်ရစ်သည်။ မျှော်လင့်ချက်များ ဇေကန်သေဆုံးသွားသော်လည်း အချစ်သည် အသက်ရှင်ကျန်ရစ်၏။ ကျွန်တော့်ပခုံးတွင် သိုင်းလွယ်ထားသော ရှမ်းလွယ်အိတ်အတွင်းမှာ ပညာများရှိနေသည်ဟု ကျွန်တော်ထင်နေသော်လည်း အမှန်စင်စစ် မသိခြင်းများသာ ဖြစ်နေကြောင်းကို ကျွန်တော်မသိ။ အချိန်တို့ လျင်မြန်ပြောင်းလဲခဲ့သော်လည်း နေ့ရက်ညတို့သည် ရှည်လျားလှ၏။ သူမရှိဘဲ ကင်းမဲ့လပ်ဟာနေခြင်းသည် ကြိမ်ဖန်များစွာသစ်၍ အစိမ်းရောင်တောက်ပနေသည်။ မိုးစက်မှုန်တွေကြားမှာ၊ နှင်းမှုန်တွေကြားမှာ တန်ဆူးလမှာ တိုက်သောလေတွေကြားမှာ သူ့ကို မရှာဖွေပါ။ မေသူ ကျွန်တော့်ဘဝအတွင်းမှ ထိန်လင်းစူးရှစွာ ပျောက်ကွယ်သွားသော်လည်း ရှာဖွေရန်မလိုပါ။ မေသူသည် ကံ့ကော်ပင်အောက်မှာ ရှိ၏။ စာအုပ်ထဲမှာ ရှိ၏။ စာသင်ခန်းထဲမှာ ရှိ၏။ စာကြည့်တိုက်ထဲမှာ ရှိ၏။ နှုတ်ခမ်းဆိုးဆေးများ ပေကျံနေသော လက်ဖက်ရည်ပန်းကန်ထဲမှာရှိ၏။ ပိတောက်ပင်ပေါ် မှာ ရှိ၏။ ပိတောက်ပွင့်တွေကြားမှာ ရှိ၏။ သစ်ရွက်ခြောက်တွေကြားမှာ ရှိ၏။ ခုံတန်းလျားနားမှာရှိ၏။ နေရာတိုင်းမှာ ရှိ၏။ နေရာသည် ဘာလဲ။ နေရာဆိုသည်မှာ ကျွန်တော်ဖြစ်၏။ နေရာဆိုသည်မှာ. . .။ မေသူနှင့်ကျွန်တော် ကွဲကွာခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ကြာခဲ့ပါပြီ။

*

မင်းမော်လာပေးတဲ့ စာအုပ်ကလေး ညကဖတ်ဖြစ်တယ်။ အတော်ညဥ့်နက်သွားတယ်။ 'ဩဂုတ်လအပူရှိန်' ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တစ်အုပ်။ တောင်အာဖရိက စာရေးဆရာတစ်ယောက် ရေးတာ။ နှစ်ခြိုက်ခံစားရတာတွေ အတော်များများပါတယ်။ စာအုပ်ကောင်းကလေးတစ်အုပ်တွေ့ရင် ကိုယ်တစ်ယောက်တည်း မဖတ်နိုင်ဘဲ အဲလိုဝေငှပေးတာဟာ အင်မတန်ချစ်စရာကောင်းတဲ့၊ အင်မတန်ရည်မွန်တဲ့ အကျင့်ကလေးပဲ။ ကျေးဇူးတင်ပါတယ် သူငယ်ချင်း မင်းမော်။ ဒီလိုပါပဲ။ ဟင်းကောင်းတစ်ခွက် အစားကောင်းလေးတစ်လုပ်တစ်ဆုပ်ကို တစ်ယောက်တည်းမျိုမကျဘဲ ခင်မင်သူတွေကို မျှဝေကျွေးတာဟာ ယဉ်ကျေးသူများရဲ့ ယဉ်ကျေးမှု။ တစ်လောကလည်း ငြိမ်းကျော်က မောရစ်ဝိတ်ရဲ့ ရသပညာလက်ရွေးစင်စာအုပ်ကြီး လာပေးတယ်။ သူငယ်ချင်း ဖတ်ကြည့်တဲ့။ သူ့ကိုလည်း စာအုပ်တစ်အုပ် ပြန်ငှားလိုက်တယ်။ ဟာမင်ဘတ်(စ)ရဲ့ 'အရှေ့ဘက်သို့ ခရီး'ဆိုတဲ့ ဝတ္ထု။ နုပါပေတယ်ဆိုတဲ့ ဝတ္ထုရေးနေသူဖြစ်ပေမယ့် ငြိမ်းကျော်ဟာ ဒီလိုလေးလံတဲ့စာမျိုး ကြိုက်တတ်မှန်း သိထားတယ်။ တစ်ယောက်နဲ့တစ်ယောက် စာအုပ်ချင်းလဲဖတ်ကြ၊ ပြန်ဆုံတဲ့အခါမှာ ပြောကြဆိုကြ။ သဘောမတူရင် ငြင်းကြခုန်ကြ၊ သဘောတူရင်လည်း ပီတိဖြာကြ၊ ဒါဟာ ဘဝပဲ။ ဒီအတိုင်း ဖြစ်တည်နေကြတာပါပဲ။ နီရဲစေးပျစ်တဲ့ လက်ဖက်ရည်နဲ့အတူ ရင်ထဲကို ဝင်သွားလေရဲ့။ ငါတို့ နောက်ထပ်ပုံမှန်အတိုင်းဆိုရင် ဘယ်နှနှစ် အသက်ရှင်နေကြဦးမလဲ။ ဘဝရဲ့ အချိန်တွေဟာ တစ်ခါတစ်ရံ စေးနည်းတွန့်တိုလွန်းလှတယ်။ အခုဆိုရင် ထွန်းထွန်းဆေးသိပ္ပံမရှိတော့ဘူး။ သိန်းသန်းထွန်းတော့ အင်းထဲမှာ ရှိသေးရဲ့။ စကားပြောစရာလူတွေ တဖြည်းဖြည်း ပါးသွားပြီ။ မင့်ကို ငါမကျေနပ်ဘူးလို့ စားပွဲခုံလက်သီးနဲ့ထုပြီး အသံကုန်အော်လိုက်ရင် ဘေးနားက ကလေးတွေ လန့်ကုန်မယ်။ စိတ်



mgyoe.com

mgyoe.com SAMPLE BOOK



ဆိုးနေတာလား။ မခံချင်ဖြစ်တာလား။ သူက ဘာပြော လို့လဲ။ ရင်ထဲမှာ ဒေါသတွေ ပြည့်ဖောင်းလာရင် ရှေ့မှာ ရှိတဲ့ လက်ဖက်ရည်ပန်းကန်ထဲ သကြားထပ်ထည့်ဖို့ အ ရှည်ကြီးကို ခေါ်လိုက်ပါ။ သကြားချိုချိုရဲ့ အရသာ ရင်ထဲ ရောက်သွားရင် နည်းနည်းတော့ သက်သာသွားလိမ့် မယ်။ စာဖတ်ပါ။ စာအုပ်ငှားပါ။ စာရေးပါ။ လက်ဖက်ရည် သောက်ပါ။ မောင်စံဖော်ဆီကိုသွားပြီး သူ့ဆီက ငှားထား တဲ့ 'ကပ်(ဖ)ကာရဲ့ ပေးစာများ'စာအုပ် ပြန်ပေးရဦးမယ်။ စာအုပ်ချင်း လဲဖတ်ပါ။ သူက ပြောလို့ ငါ့ကိုဘယ်လိုရေး လိုက်လို့ မကျေမနပ် မခံချင်ဒေါသတွေဖြစ်နေရင် စာ ရေးပျက်ကရောပေါ့။ လိုလားသည်ဖြစ်စေ၊ မလိုလားသည် ဖြစ်စေ၊ သည်အတိုင်း ဖြစ်တည်နေတဲ့ဘဝမှာ အချိန်ဆို တာ ကိုယ်ထင်တာထက် မြန်မြန်ကုန်တတ်တယ်။ စိတ် မဆိုးနဲ့ သူငယ်ချင်း။ သောက်လိုက် သောက်လိုက်။ မင့် လက်ဖက်ရည်တွေ အေးကုန်ပြီ။ ငွေစံပယ် သုံးလိပ် လောက် ယူခဲ့ပါဟေ့။

*

စာသင်ရတယ်။ ကလေးတွေ ဘောလုံးပွဲကို လိုက် ကြီးကြပ်ထိန်းသိမ်းပေးရတယ်။ သူတို့နိုင်လာရင် သံပုရာ ရည်လိုက်တိုက်ရတယ်။ သူတို့ပြဿနာကလေးတွေ၊ သူ တို့အရေးကိစ္စကလေးတွေကို လိုက်ရှင်းပေးရတယ်။ ကိုယ့်အမြင်မှာ သေးသေးကလေးဖြစ်ပေမယ့် သူတို့အဖို့ တော့ အကြီးအကျယ်ကိုး။ ချော့ရတာတွေ ရှိတယ်။ ခပ် ပေပေကလေးတွေကို ခြောက်ရတယ်။ နံနက်ကျောင်း လာ။ ဆိုင်မှာ နံနက်စာစား။ ညနေအဆောင်ပြန်၊ အ ဆောင်မှာ ညနေစာစား၊ ညကျတော့ လှည်းတန်းထိပ် ဦးချစ်ဆိုင်သွား၊ ည စာဖတ်၊ အိပ်။ အဲဒီဘဝမှာ အစ လည်းမရှိဘူး။ အဆုံးလည်း မရှိဘူး။ အတိတ်လည်း မရှိ ဘူး။ အနာဂတ်လည်း မရှိဘူး၊ ပစ္စုပ္ပန်သာရှိနေတယ်။ ပစ္စုပ္ပန်သာ ရှိတယ်လို့ပြောတာကို ငြင်းချင်တဲ့လူ ရှိကောင်း ရှိမယ်။ ငြင်းချင် ငြင်းလေ။ ငြင်းတာဟာ သူ့ကိစ္စပဲ။ ပစ္စု ပ္ပန်သာရှိတယ်လို့ ယူဆတာ ကိုယ့်ကိစ္စပဲ။ ဒါပေမဲ့. . . အယူအဆဆိုတဲ့ စကားရပ်ဟာ လွယ်လွယ်ပေါ့ပေါ့ ပြော လို့မရကြောင်း ဝိုးတဝါးသိကလေး သိလာခဲ့ပြီ။ အထူးသ ဖြင့် ကိုယ်ပိုင်အယူအဆ ဆိုတဲ့စကားကို ရဲရဲပြောနိုင်ဖို့ အတော်ရင်နှီးမြှုပ်နှံရပါလားဆိုတာ ရေးတေးတေးတော့ ရိပ်မိလာပြီ။ ဇော်ဇော်အောင်ဟာ ပစ္စုပ္ပန်ထဲမှာပဲ နေ တယ်လို့ ပြောလိုက်တာဟာ စိန်တွေစီပြီး ရွှေကွပ်ထားတဲ့ ကြွားဝါမှုပါပဲ။ အတိတ်ဟာ မြေကြီးကိုခွဲ ဘွားခနဲပေါ် လာပြီး ငါသည်အချစ်ဖြစ်၏လို့ မိုးကြိုးပစ်သလို အော် ဟစ်တတ်ပါတယ်။

*

ကျွန်တော့်အခန်းတံခါးပေါက်မှာ အခန်းစီးစ အပြာ ရောင်တပ်ထားတယ်။ အခန်းစီးစကို လက်နဲ့သိမ်းပယ်ပြီး မေသူ ကျွန်တော့်အခန်းထဲ ဝင်လာတယ်။ တံခါးပေါက် ပေါင်ကွပ်ထားလို့ မေသူဟာ ကျွန်တော့်ရှေ့မှာ ပုံတူ ပန်းချီကားတစ်ချပ်လို ငြိမ်သက်နေတယ်။ လာလေ ထိုင်။ မေသူ ဝင်လာတယ်။ ကျွန်တော့်စားပွဲရှေ့က ကုလားထိုင် မှာ ညင်ညင်သာသာ ဝင်ထိုင်တယ်။ သူ့နောက်က ကလေးတစ်ယောက် ပါလာတယ်။ ဆံတိုပြတ်နဲ့ နုပျိုတဲ့ မျက်နှာကလေး။ အမေရဲ့ အလှကို ပြည့်ဝဖူလုံစွာ အလှ ဆက်ခံထားတဲ့ မိန်းကလေးပါပဲ။ သမီး ထိုင်လေ။ ဟိုကု လားထိုင် ဆွဲယူ။ မေသူ ကျွန်တော့်ကို ကြည့်နေတယ်။ သူ့မျက်လုံးတွေဟာ ဝမ်းသာနေတယ်။ နင် မအံ့ဩတော့ ဘူးလား ဇော်အောင်။ အင်မတန်ဝေးလံတဲ့ အရပ်က တယောသံနွဲ့နွဲ့သဲ့သဲ့ကလေး ကြားလိုက်ရတယ်။ ကျွန် တော့်မျက်စိထဲမှာ အပြာရောင်မီးဖွားတွေ တဖျပ်ဖျပ် လွင့်စင်ဖြာထွက်နေတယ်။ အင်း. . . အမှန်ကတော့ အံ့ ဩစရာပေါ့လေ။ ကျန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က တည်းက အင်မတန်ပါးနပ်တဲ့ မေသူဟာ အခုဆိုရင် ပါး နပ်ရုံမက ရင့်ကျက်နေရောပေါ့။ ကျွန်တော်မအံ့ဩဘူး ဆိုတာ သူသိနေပါတယ်။ ဒါ ငါ့သမီး။ ဪ. . . ။ နင် ဒီမှာရှိတယ်ဆိုတာ ငါသိတယ်။ မအံ့ဩပါဘူး။ သမီးက



mgyoe.com

mgyoe.com SAMPLE BOOK



ဒီတက္ကသိုလ်ရတယ်လေ။ အေး. . . ကောင်းတာပေါ့ဟာ။ သမီးအမှတ်ရာနှုန်းက ခုနှစ်ဆယ့်ကိုးတဲ့။ ဘောဂဗေဒကိုပဲ ဝါသနာပါတယ်၊ ယူချင်တယ်ဆိုလို့ လျှောက်တာ ရတယ်။ အင်းလေ နင့်သမီးပဲ။ မေသူ အနှစ်နှစ်ဆယ်သို့ ပြန်ပြေးသွားပြီး ရယ်မောတယ်။ သူ့သမီးကို ကျွန်တော့်အပ်တယ်။ ကျွန်တော်ကလည်း အထိုက်အလျောက် စကားပြန်ပြောတယ်။ သူ့အမေနဲ့ ကပ်ထိုင်ပြီး မျက်လွှာချထားသည်။ သမီးဟာ စကားဝင်ပြောချင်တဲ့ အမူအရာပေါ်နေတယ်လို့ ထင်မိတယ်။ ညနေ အဆောင်ကိုလိုက်ပို့မယ်လို့ ပြောတယ်။ ဘယ်အချိန်လဲ။ ဘယ်အဆောင်လဲ။ ငါလိုက်ပို့ပါ့မယ်။ ဒီလိုလုပ်လေ။ ငါ့ကို ဝင်ခေါ်ပါလား။ ငါ ညနေ ၄ နာရီအထိ ရှိနေမယ်။ အဆောင်မှူးက ငါနဲ့ ခင်ပါတယ်။ ကောင်းသားပဲ နင်စောင့်နေလေ။ ဇော်အောင် နင်ဘာမှမပြောင်းလဲပါလား။ ကျွန်တော့်အခန်းထဲက ပန်းအိုးထဲမှာ နှင်းဆီပန်း ပန်းနုရောင်တစ်ပွင့်တည်း ထိုးထားတာကို ပြောတာလား၊ ဆံပင်စုတ်ဖွား မဖြီးမသင်ပဲ ထားတာကိုပြောတာလား။ နံရံမှာချိတ်ထားတဲ့ ကျွန်တော့်တိုက်ပုံအင်္ကျီဟာ ကျွန်တော်နှစ်သက်တဲ့ မီးခိုးရောင်ဖြစ်နေတာကို ပြောတာလား။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က မပြောနဲ့၊ လွန်ခဲ့တဲ့ စက္ကန့်က ဇော်ဇော်အောင်ဟာ အခုစက္ကန့်မှာ မရှိတော့ဘူးဆိုတာ သူတကယ်မသိတာလား။ ခပ်ပေ့ါပေ့ါ ပြောလိုက်တာလား။ ဒါမှမဟုတ် အို. . . ဘာကိုပြောတာများလဲ။ ငါအများကြီး ပြောင်းလဲနေပါပြီဟာ။ အသက်တွေ ကြီးလာပြီလေ။ ပြီးတော့လည်း ငါမသိတာတွေ ပိုများလာလို့ ကြောက်နေပြီလေ။ နင်ငါ့ကိုတော့ သိပါတယ်နော်။ ငါနင့်ကို အရင်ကလည်း မသိခဲ့ဘူး။ အခုလည်း မသိဘူး မေသူ။ ငုံ့ထားတဲ့ခေါင်းဟာ ဆက်ခနဲ မော့လာပြီး မျက်လွှာတစ်ချက်နဲ့ ကျွန်တော့်ကိုကြည့်လိုက်တယ်။ ဒီသမီးလေးဟာ အမေ့ဆီက အလှအပတွေကိုသာမက၊ ပါးနပ်မှုကိုပါ အမွေဆက်ခံထားတယ်လို့ ကျွန်တော်အတည်ပြုလိုက်မိတယ်။ မျက်လွှာပြန်ချသွားတယ်။ မေသူက သူ့သမီးကို ငဲ့စောင်းပြီး ပြုံးကြည့်တယ်။ စိတ်အထင် နာရီဝက်လောက်နေပြီး ပြန်သွားတယ်။

ကျွန်တော့်အခန်းထဲမှာ မေသူရဲ့ ရနံ့တွေ ပဲ့တင်သံတွေ ကျန်ရစ်တယ်။ တစ်ချိန်လုံး ဟန်ဆောင်ပြီး မအံ့ဩသလို နေခဲ့ရသမျှ လျှော့ချပြီး ကျွန်တော်မျက်စိ မှိတ်လိုက်တယ်။ စောစောက မမေးလိုက်ရတဲ့ မေးခွန်းတွေဟာ အချင်းချင်း တိုက်ခိုက်ပြိုလဲ လွင့်စင်သွားကြတယ်။ မေသူရယ် . . . ။ ဇော်အောင်ရဲ့ဘဝဟာ သမုဒ္ဒရာအောက် ကြမ်းပြင်မှာ လှုပ်တဲ့လျှောင်လို တိုးတိုးညင်းညင်း မြည်ဟည်းလာနေတယ်။

*

ကျွန်တော့်စားပွဲပေါ်မှာ ပန်းအိုးတစ်အိုး အမြဲရှိတတ်တာ၊ ပန်းအိုးထဲမှာလည်း ပန်းရောင်နှင်းဆီ တစ်ပွင့်တည်း ထိုးတတ်တာ ကျွန်တော့်အနီးမှာ ပန်းချီကားတွေကို မြတ်မြတ်နိုးနိုးထားတတ်တာ၊ တိုက်ပုံအင်္ကျီ မီးခိုးရောင်ကို နှစ်သက်တာ၊ ဆံပင်စုတ်ဖွား မဖြီးမသင်ပဲနေတတ်တာ အဲဒါတွေက အရင်က အတိုင်းပဲ။ လူဆိုတာ အကျင့်ကို ဖျောက်လို့ရခဲသား၊ မပြောင်းလဲပါဘူး။ ဇော်ဇော်အောင် ဘာမှမပြောင်းလဲပါဘူး၊ မပြောင်းလဲတာ တစ်ခုရှိနေသေးတယ် မေသူ။ နင့်ကိုချစ်နေတာလေ။ အဲဒီစကားကို ကျွန်တော်မပြောလိုက်ပါဘူး။ သမီးကို ကျောင်းဆောင်လိုက်ပို့တယ်။ အသုံးအဆောင်ပစ္စည်းတွေ တစ်လှေကြီး တစ်ထမ်းကြီး။ သတိထားမိတာက မေသူရဲ့ သမီးကလေး အသုံးအဆောင်ပစ္စည်းတွေထဲမှာ ပြည်တွင်းဖြစ်ဆိုလို့ ကျောက်ပျဉ်ရယ်၊ သနပ်ခါးတုံးရယ်၊ တံမြက်စည်းရယ် အဲဒီသုံးခုပဲ ပါတယ်။ အားလုံးဟာ ဈေးကြီးပေးဝယ်ရတဲ့ နိုင်ငံခြားဖြစ်တွေချည်းပဲ။ ကားပေါ်ကအဆင်း ကျောင်းဆောင်ဝမှာ စုပုံထားတဲ့ ပစ္စည်းတွေကို ကျွန်တော် ကြည့်နေမိတယ်။ မေသူ သိပ်ပါးနပ်တယ်ဆိုတာ ပြောခဲ့ဖူးတယ်မဟုတ်လား။ ကျွန်တော့်ကို ကြည့်တယ်။ လှလှပပ ပြုံးတယ်။ မေသူအသက် လေးဆယ့်သုံးနှစ်ရှိပြီ။ နုပျိုခြင်းတွေကို ဘယ်လိုထိန်းသိမ်းထားသလဲ မသိဘူး။ သူ့အပြုံးဟာ အရင်က အပြုံးမျိုးပဲ။ ငါ့သမီးမှာ မြန်မာဆန်တဲ့ မြန်မာပစ္စည်းဆိုလို့ နင်တွေးနေသလိုပဲ



mgyoe.com

mgyoe.com SAMPLE BOOK



ဇော်အောင်။ ကျောက်ပျဉ်ရယ်၊ သနပ်ခါးတုံးရယ်၊ တံမြက်စည်းရယ် ဒါပဲပါတယ်။ ဒါပေမဲ့ နင်မသိသေးတာ တစ်ခုရှိသေးတယ်။ မြန်မာစိတ်တဲ့။ ကျွန်တော် ဘာမှ ပြန်မပြောလိုက်ဘူး။ သမီးကိုပို့ပြီး အဆောင်က ပြန်လာခဲ့ကြတယ်။ လှိုင်နယ်မြေက မိန်းကလေးအဆောင်တွေဟာ သူ့အဖို့ နေရာအသစ်အဆန်းတစ်ခုပဲ။ ကားထောင့်စွန်းမှာ ကပ်ထိုင်ရင်း အပြင်ဘက်ကို ငေးပြီး လိုက်လာတယ်။ ကျွန်တော့်ကို ဆရာဆောင်ပို့ပြီး သူပြန်သွားတယ်။ မနက်ဖြန် သူနဲ့တွေ့ဖို့ အချိန်သတ်မှတ်ပေးသွားတယ်။ ဇော်ဇော်အောင်ရဲ့ဘဝဟာ သမုဒ္ဒရာအောက် ကြမ်းပြင်မှာလှုပ်တဲ့ ငလျှင်လို တိုးတိုးညင်းညင်း မြည်ဟည်းနေတယ်။

*

ဇော်အောင် ငါတစ်ခုမေးမယ်။ နင် စိတ်ဆိုးမှာလား။ အင်းလေ ငါဟာ စိတ်ဆိုးရမယ့်လူမှ မဟုတ်ဘဲ။ နင်နဲ့ ငါဟာ တစ်ယောက်နဲ့တစ်ယောက် အချစ်ဆုံး၊ နားအလည်ဆုံး သူငယ်ချင်းတွေ မဟုတ်လား။ နင်ဘာလို့ အိမ်ထောင်မပြုတာလဲ။ အင်းလေ ရယ်တော့ ရယ်စရာဖြစ်နေမှာပဲ။ ငါဟာ နင်သိတဲ့အတိုင်း ဟိုတုန်းက အဲလိုစပ်စပ်စုစု မလုပ်တတ်ဘူး။ အခုလည်း ငါမစပ်စုတတ်ပါဘူးဟာ။ နင့်အကြောင်းဆိုတော့ အဲလိုစပ်စုတာ ငါ့မှာ စပ်စုပိုင်ခွင့် ရှိနေပါတယ်နော်။ မဟုတ်လား ဖြေလေ။ အေးလေ အကြောင်းရှိမှာပေါ့။ အဲဒီအကြောင်းကို ငါမသိရလည်း ဖြစ်ပါတယ်။ ငါထင်ထားတာတော့ ရှိတယ်။ နင်ဘာလို့ အိမ်ထောင်မပြုတာလဲဆိုတဲ့အကြောင်း ငါထင်ထားတာ ရှိတယ်။ အင်းပါ. . . . အင်းပါ။ အဲဒီထဲမှာပဲ ငါနေပါ့မယ်။ ကိုသော်ကကိုတော့ နင်သိတယ်နော်။ မသိဘူး ဟုတ်လား။ အင်းလေ သူက ငါတို့ထက် လေးနှစ်လောက် စီနီယာကျတယ်။ တွေ့ဖူးမှာ မဟုတ်ဘူး။ ငါလည်း အရင်က မတွေ့ဖူးပါဘူး။ သူနဲ့လက်ထပ်တော့မှပဲ တွေ့ဖူးတာ။ ငါ နင်နဲ့တွေ့ပေးချင်တယ်။ ငါ့အချစ်ဆုံး သူငယ်ချင်းဆိုတာ ပြချင်တယ်။ နင် ဘာပြုံးတာလဲ။ ငါတို့ဟာ ငယ်ပေါင်းတွေပါ ဇော်အောင်ရယ်။ ငယ်ပေါင်းမှ ရိုးရိုးငယ်ပေါင်း မကပါဘူး။ တစ်ယောက်အကြောင်းတစ်ယောက် သိပ်သိတဲ့ ငယ်ပေါင်းတွေပါ။ တစ်ယောက် ရင်ထဲမှာ ဘာရှိတယ်ဆိုတာ တစ်ယောက်သိနေတဲ့ သိပ်သိနေတဲ့ သူတွေပါ။ နင်ပြုံးလိုက်ပုံက ထူးခြားတဲ့အဓိပ္ပာယ်ရှိတယ်ဆိုတာ ငါသိပါတယ်။ ထားပါတော့လေ။ ထားပါတော့ပဲ ထားပါတော့။ ဒီမယ် ငါလေ နင်နဲ့တွေ့ရတာ သိပ်ဝမ်းသာတာပဲ။ ဘာရယ် ဇော်အောင်။ နင်အရင်တုန်းက အတိုင်းပဲ။ အသက်ကြီးလာတာကို ပြောတာမဟုတ်ဘူးလေ။ စိတ်ကိုပြောတာ။ အင်မတန် ခေါင်းမာတဲ့စိတ်၊ အစွဲကြီးတဲ့ စိတ်၊ ပြီးတော့လေ ဘယ်လိုပြောရမလဲ နားလည်ရသိပ်ခက်တဲ့ စိတ်။ ဒါတော့ ဒါပေါ့ဟာ။ တစ်ယောက်အကြောင်း တစ်ယောက် သိပ်သိတယ်ဆိုပေမယ့် နင့်စိတ်မှာ ငါမသိခဲ့တဲ့ ဘယ်လိုမှမသိနိုင်တဲ့ အပိုင်းကလေးတစ်ပိုင်းလောက်တော့ ရှိသေးတယ်။ ထားပါတော့လေ။ ဒီမယ် ဇော်အောင် ငါတို့ကွဲကွာခဲ့တဲ့ ဒီအနှစ် နှစ်ဆယ်အတွင်း ဘာ. . . ။ ဩော်. . . ဇော်အောင်ရယ်။ နှစ်ဆယ့်တစ်နှစ်ငါးလနဲ့ ဇော်အောင်ရယ်. . . . ငါဘာဆက်ပြောရမှန်းတောင် မသိတော့ပါဘူးဟယ်။

*

မေးလေ။ စိတ်ဆိုးမှာလားဆိုတာ နင်မေးချင်တဲ့ မေးခွန်းလေ။ ပြီးတော့ နင်ဟာ ငါစိတ်ဆိုးရမယ့်သူလား။ အဲဒါဆိုရင်တော့ မမေးနဲ့ပေါ့။ ဟုတ်ပါတယ်။ အချစ်ဆုံး နားအလည်ဆုံး သူငယ်ချင်းပါပဲ။ ဒီထက် မပိုပါဘူး။ မေးလေ။ အဲဒီမေးခွန်းဟာ ရယ်စရာ မကောင်းဘူးလားဟယ်။ စပ်စုပိုင်ခွင့်၊ ဟုတ်လား။ ရှိပါတယ်။ နင့်မှာ စပ်စုပိုင်ခွင့်မကပါဘူး ငါနဲ့ပတ်သက်လို့ ငါ့အပေါ်မှာ ဘာမဆို လုပ်ပိုင်ခွင့် ရှိနေပါတယ်။ အဲ အိမ်ထောင်မပြုတဲ့အကြောင်းက အကြောင်းရှိလို့ပဲပေါ့။ ဘာလို့ ဒါတွေသိချင်နေရတာလဲ မေသူ။ ဘာလို့ သိချင်နေရတာလဲ။ မသိဘဲ နေရတာ တစ်ခါတစ်ခါ အရသာ ရှိပါတယ်။ နင်က ဘယ်လို ထင်လို့လဲဟင်၊ ထင်ထားတာရှိရင် အဲဒီအထင်ကိုပဲ အတည်ပြုလိုက်ပေါ့။ အဲဒီအထင်ထဲမှာပဲ နေလိုက်



mgyoe.com

mgyoe.com
SAMPLE BOOK


ပေါ့။ ကိုသော်က ငါမသိဘူး။ အေးဟုတ်တယ်။ ငါမသိဘူး။ ထူးခြားတဲ့အဓိပ္ပာယ် မရှိပါဘူးဟာ။ ငါတော့ ဝမ်းသာတယ်ရယ် မဟုတ်ပါဘူး။ နင်ထင်လို့ပါ။ အရင်တုန်းကနဲ့ မတူပါဘူး။ ငါအခု အသက်ကြီးလာပြီလေ။ ခေါင်းမာတယ်ဆိုတာတော့ မဟုတ်ဘူး။ ငါ့လောက် ပျော့ညံ့တဲ့လူ ကမ္ဘာမှာ မရှိပါဘူး။ အစွဲအလမ်းကြီးတယ်ဆိုတာလည်း မဟုတ်ဘူး။ နေပါဦး နင်ဟာ ငါ့ရင်ထဲမှာဘာရှိတယ်ဆိုတာ သိပ်သိဆို။ မသိနိုင်တဲ့အပိုင်းကလေးတစ်ပိုင်း ဟုတ်လား။ အလင်္ကာစကားဟောင်းကြီးအတိုင်း ငါ့ရင်ထဲကို ခွဲပြလိုက်ချင်တယ် မေသူ။ ဒါမှ ငါ့ရင်ထဲမှာ ဘယ်လောက် ရွံ့စရာ၊ မုန်းစရာ၊ စက်ဆုပ်စရာတွေ ရှိတယ်ဆိုတာ နင်သိသွားအောင်။ အနှစ်နှစ်ဆယ် ဟုတ်လား။ အနှစ်နှစ်ဆယ်လား မေသူ။ ဒီမယ် ငါပြောမယ်။ နှစ်ဆယ့်တစ်နှစ် ငါးလနဲ့ ဒီနေ့ပါဆိုရင် တစ်ရက်စွန်းပြီ မေသူ။ နှစ်ဆယ့်တစ်နှစ် ငါးလနဲ့ တစ်ရက်။ အကောင်းဆုံးကတော့ နင်ဘာမှ ဆက်မပြောနဲ့တော့ မေသူ။ ဒီမယ် သူငယ်ချင်း၊ တို့သူငယ်ချင်းနှစ်ယောက် ပြန်ဆုံတုန်း. . . ပျော်စရာ စကားကလေးတွေ ပြောကြရအောင်။ ငါက ရန်ကုန်မှာနေတော့ အိမ်ရှင်ပေါ့။ နင်သွားချင်တဲ့ဆီ ငါလိုက်ပို့မယ်။ နင်စားနိုင်တဲ့ အစားအစာတွေ ငါဝယ်ကျွေးမယ်။ ဆိုပါတော့ဟာ အင်းလျားကန်ဘေးက ဗူးသီးကြော်တို့၊ ရှမ်းထမင်းချဉ်တို့၊ လက်သုတ်စုံတို့၊ မရမ်းပေါင်းတို့၊ ဆီးပေါင်းတို့ ဟုတ်လားနော်။ မေသူ သွားကြစို့နော်။

*

ဘာလို့ဒါတွေ ပြန်မေးနေချင်ရတာလဲ မေသူရယ်။ နင် ဘာမေးမယ်ဆိုတာ ငါသိပါတယ်။ အကြောင်းမထူးကြတော့ပါဘူး။ (Hoderlin)ရဲ့ ကဗျာတစ်ကြောင်း ငါမှတ်မိနေတယ်။ ဒါပေမဲ့ သူငယ်ချင်းရယ် ငါတို့သိပ်နောက်ကျခဲ့ပြီတဲ့။ But, Friend, We Have Come Too Late. ဂျာမန်ကဗျာဆရာကြီး မေသူ။ 1770 မှာ မွေးတယ်။ 1843 မှာ ကွယ်လွန်တယ်။ သူဟာ နှစ်ပေါင်းနှစ်ရာလောက်က ကြိုတင်ပြီး တို့နှစ်ယောက်အတွက် အဲဒီကဗျာ တစ်ကြောင်းကို စပ်ခဲ့တာလား။ ဟင် မေသူ ငါ အိမ်အိမ်ထောင်မပြု မမေးပါနဲ့ မေသူရယ်။ အို. . . မေသူ။ နင့်ကိုချစ်လို့၊ အိမ်ထောင် မပြုတာ။ ဒီစကားကို ရှူးရှူးမိုက်မိုက် ယောက်ျားတွေ သမိုင်းတစ်လျှောက်လုံး မရေတွက်နိုင်အောင် ပြောခဲ့ကြပြီ။ ငါလည်း အဲဒါပဲ ထပ်ပြောရမှာပဲ။ အရှုံးစာရင်း မရေတွက်နိုင်အောင်ရှိနေမှ ငါတစ်ယောက်ထပ်တိုးလို့လည်း အကြောင်းမထူးပါဘူး။ သိပြီလား မေသူ။ ငါ နင့်ကိုချစ်လို့။ သိပလား မေသူ။ ဇော်အောင်က မေသူ့ကိုချစ်လို့။ ချစ်လို့။ သိပလား၊ သိပလား၊ ဟင် မေသူ။ နင်သိပလား။ ဘာ. . ဘာပြောလိုက်တယ် မေသူ။ နင် ဘာ. . ပြော. . လိုက်. . တယ် မေသူ။ နင် ဘာပြောလိုက်တယ် မေသူ။ တော်ပါတော့ မေသူရယ်. . တော်ပါတော့။ ငါပြုံးတာလား။ ကမ္ဘာပေါ်မှာ ဘယ်သူမှ အဓိပ္ပာယ်ဖော်လို့ မရနိုင်တဲ့ ပြုံးနည်းမျိုးနဲ့ ပြုံးပြတတ်နေတာ ကြာပါပြီ မေသူရယ်။ တော်ပါတော့ မေသူရယ်။ တော်ပါတော့၊ တော်ပါတော့။ ငါ တောင်းပန်ပါတယ်။ တော်ပါတော့။ တော်ပါတော့ မေသူရယ်။ ဟင်. ဟင်. အနှစ်နှစ်ဆယ် ဟုတ်လား။ ဒီမယ် ဒေါ်မေသူသော် ငါ့ဘဝထဲက နင်ပျောက်သွားတာ၊ နင်ထွက်သွားတာ နှစ်ဆယ့်တစ်နှစ် ငါးလနဲ့ ဒီနေ့ပါဆိုရင် တစ်ရက်ရှိပြီ။ အနှစ်နှစ်ဆယ်။ ဟင်း. . ဟင်။ နှစ်ဆယ့်တစ်နှစ် ငါးလနဲ့ တစ်ရက်။ ဘာဆက်ပြောရမှန်းတောင် မသိဘူးဟုတ်လား။ နင်ဘာမှ ဆက်မပြောတာ အကောင်းဆုံးပဲ မေသူ။ ဘာမှ ဆက်မပြောနဲ့တော့။ ပြောစရာလည်း အကြောင်းမရှိပါဘူး။ နင့်သမီးလေးကို ငါ့သမီးအရင်းလို တကယ်ဖြူစင်ကြီးမားတဲ့မေတ္တာနဲ့ ငါအစွမ်းရှိသမျှ စောင့်ရှောက်လိုက်ပါ့မယ်။ အကောင်းဆုံးက အို. . လေ၊ နင်မန္တလေးကို အမြန်ဆုံး ပြန်တော့ မေသူ။ နောက်ထပ် ရန်ကုန်ကို ဘယ်တော့မှ မလာနဲ့တော့။ ပြန်ပါတော့။ ပြန်ပါတော့ မေသူရယ်။ ငါတောင်းပန်ပါတယ်။ ပြန်ပါတော့။

*

နောက်တစ်နေ့ မေသူမန္တလေး ပြန်သွားတယ်။


mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော် မတွေ့လိုက်ရဘူး။ နှုတ်မဆက်လိုက်ရဘူး။ သမီးလေးက ပြန်ပြောမှပဲ သိရတယ်။ သမီးဆီမှာ စာတိုကလေးတစ်စောင် ရေးပစ်ထားခဲ့တယ်။

*

ဇော်အောင် ငါ့သမီးလေး မေသူဇော်ကို စောင့်ရှောက်လိုက်ပါ။ မေသူ။

*

တက္ကသိုလ်နယ်မြေမှ မိုးတွေ ဖြိုင်ဖြိုင်ရွာစ ပြုလာပြီ။ ဘာလို့များ သမီးလေးကို ဒီနာမည် မှည့်ပေးထားရသလဲ မေသူရယ်။

*

နာမည်ဆိုသည်မှာ အမှန်တော့ ခေါ်စရာတစ်ခုပါပဲ။

နှင်းဆီပန်းမှာ နာမည်ရှိ၏။ လမ်းကြိတ်စက်မှာ နာမည် ရှိ၏။ အနက်ရောင်ခေါက်ထီးမှာ နာမည်ရှိ၏။ နာမည်ဆိုသည်မှာ အမျိုးမျိုးဖြစ်နိုင်၏။ ဟစ်တလာ၊ အိုက်ခမန်း၊ ပီကာဆို၊ ဗန္ဓုလ၊ ရှုပင်၊ ဟိုးမား၊ ဂျွန်ဝိန်း၊ ဖရင့်လွိုက်ရိုက်၊ ဖာရာဖောဆက်၊ လင်ကွန်း၊ ဦးဖေမောင်တင်၊ ဟိုင်ဒဂ်ဂါ၊ အိုနာစစ်၊ ဆီဇန်း၊ နာတာရှာကင်စကီး၊ စိန်ပေဒါကြီး၊ ဝေါသာဗွန်ဘရောင်း၊ ယောမင်းကြီး ဦးဖိုးလှိုင်၊ ဂျင်ဂျုန်း၊ ဘရုစလီ၊ ဂါဂါရင်၊ လေဒီဒိုင်ယာနာ၊ ကနောင်မင်းသားကြီး၊ ရှိတ်ယာမာနီ၊ ရှိတ်စပီးယား၊ ဂိုလ်ဒါမီယာ၊ ဆရာစံ၊ နန်းတော်ရှေ့ ဆရာတင်၊ ဟင်းမလား၊ လဲခွန်၊ ကျန်စစ်သား၊ ဟင်နရီမာတီ၊ ယူကလစ်၊ အိုင်စင်စတိန်း၊ ကောပါးနီးကပ်၊ အင်ဒရိုပေါ့၊ အစ်(ရှ)မဲ့လ်၊ ဇော်ဇော်အောင် အားလုံးသည် နာမည်များဖြစ်ကြ၏။ ထိုနာမည် အားလုံးသည် ခေါ်စရာများ ဖြစ်၏။ နာမည်ဆိုသည်မှာ ခေါ်စရာတစ်ခုသာ ဖြစ်၏။

*

သမီးလေး မေသူဇော် အပြင်ဘက်မှာ မိုးတွေရွာနေတယ်။ အခိပတိ လမ်းမကို နက်မှောင်ပြောင်လက်အောင် ဆေးကြောနေတာပေါ့။ မိုးမှုန်မိုးငွေ့တွေကြားမှာ ကုံကော်ပင်တွေ ဝါးနေတယ်။ မိုးရေထဲက လေထုကို ဖြတ်လာတဲ့ ဇီဇဝါပန်းရနံ့တွေ ရမိလား သမီး။ မိုးစက်မှုန်တွေကြားမှာ တက္ကသိုလ်ဟာ လှမြဲ၊ ပမြဲ မပြောင်းလဲပါဘူး။ သမီးရဲ့ မေမေနဲ့ဦးတို့ ကျောင်းသား ကျောင်းသူဘဝက အတိုင်းပါပဲ။ ဒီတက္ကသိုလ်မှာနေပါ၊ ဒီတက္ကသိုလ်ကို ချစ်ပါ၊ ဒီတက္ကသိုလ်က ရခဲ့တဲ့အသိတွေ၊ ဉာဏ်ပညာတွေနဲ့ ထိုက်တန်စွာ အလုပ်ကိုကြိုးစားလုပ်ပါ။ စာမေးပွဲအောင်လက်မှတ်နဲ့အတူ ရင့်ကျက်ခြင်း၊ သိက္ခာရှိတဲ့လူသားတစ်ယောက်ဖြစ်ခြင်း၊ ကိုယ့်ကိုယ်ကို သိရှိခြင်းတွေပါ ပေးလိုက်လိမ့်မယ်ဆိုတာ သမီးမျှော်လင့်ထား။ ရအောင်လည်း ယူသွား။ အဲဒါတွေပါအောင် ယူသွားနိုင်ဖို့ဆိုတာကတော့ စာမေးပွဲအောင်ဖို့ထက် ခက်ပေလိမ့်မယ်။ စာကြိုးစား။ ပျော်စရာရှိရင် ပျော်ပေါ့။ အပြစ်ကင်းတဲ့ ရယ်မောသံတွေလျှံနေတဲ့ တက္ကသိုလ်ဟာ ဦးတို့လို တက္ကသိုလ်ကို ဖက်တွယ်နေတဲ့ သူတွေအတွက် လေပြည်လေညင်းပါပဲ။ ဘဝရဲ့ အပူအလောင်တွေ လျော့ကျသွားစေပါတယ်။ မိုးစဲသွားပြီနော်။ သစ်ပင်တွေရဲ့ အစိမ်းရောင်ဟာ ဒီလိုအခါမျိုးမှာ ဘာနဲ့မှမတူအောင် လှနေတယ်။ သတိထားမိလား သမီး။ ရှားရှားပါးပါးပွင့်တဲ့ ပိတောက်ပန်းတွေလေ ဟိုမှာမြင်လား။ သမီးတို့ မန္တလေးမှာ ဘယ်လိုခေါ်သလဲ။ ကဗျာစပ်တဲ့ ဦးသူငယ်ချင်းတစ်ယောက်ကတော့ ကာလနှောင်းမှ၊ အကြောင်းပြရန်၊ တမင်ချန်သော၊ နွေကျန်မြိုင်လှောက်မိုးပိတောက်ကို၊ စိုးထောက်စာနာ၊ မကြင်နာဟု၊ ရင်နာသူတို့ အပြစ်ဖို့စေ၊ ကိုတို့အတွက်၊ မေတ္တာဆက်မည့်၊ တစ်ခက်စံပယ်ရှိနှင့်ပြီလို့ တစ်ခါက ရေးဖူးတယ်။ အင်းလေ ကြာပါပြီ။ ဦးလည်း ပိတောက်ပန်းတွေကို သိပ်သဘောကျတာပေါ့။ ဒီလိုပဲပေါ့ သမီးရယ်။ ကိုယ်နှစ်သက် သဘောကျတဲ့ အရာနဲ့ တွေ့ကြုံရရင် ပျော်တယ်။ စိတ်ချမ်းသာတယ်လို့ ဆိုနိုင်တာပါပဲ။ သီရိဆောင် အင်း သီရိဆောင်မှာ မိုးပိတောက်ပင်ကြီးတစ်ပင် ရှိခဲ့ဖူးတယ်။ အခုတော့ ရှိသလား မသိပါဘူးကွယ်။ အမှတ်တမဲ့ပါပဲလေ။ သမီးမေမေ သိရှိ



mgyoe.com

mgyoe.com
SAMPLE BOOK


ဆောင်မှာ နေတာလား။ အင်း ဟုတ်တယ် မဟုတ်ပါဘူး၊ အင်းလျားဆောင်ပါ။ ဪ. . . အေးအေး သီရိဆောင် ဟုတ်တယ်။ နှစ်ပေါင်းနှစ်ဆယ် ကျော်ပြီပဲ သမီးရယ်။ ဦးလည်း မေ့ရောပေါ့။ ဪ. . . သမီး အဆောင်ထမင်းဟင်း ဘယ်လိုလဲ။ ဒါပေါ့လေ ပထမတော့ အပြောင်းအလဲ တစ်ခုကြုံတိုင်း ကသိကအောင့် ဖြစ်တတ်စမြဲပါပဲ။ အမေ့သမီးပဲ၊ အမေ့သတ္တိမျိုး ရှိပြီးသား၊ ပါပြီးသားဆိုတာ ဦးယုံပါတယ်။ သမီးမေမေဟာ အင်မတန် သတ္တိရှိတဲ့ မိန်းမတစ်ယောက်ပါပဲ။ ဦးဆိုလိုတာက ဒုက္ခကိုတွေ့ကြုံရတဲ့ အခါမျိုးမှာ စိတ်ဓာတ်ကျမသွားဘူး။ ပြုံးပြုံးရယ်ရယ်နဲ့ ရင်ဆိုင်နိုင်တယ်။ ပြုံးတာ ရယ်တာဟာ ဟန်ဆောင်တာ တမင်လုပ်တာ ဖြစ်ချင်ဖြစ်မယ်လေ။ ဒါပေမဲ့ တော်ရုံတန်ရုံ လူဆိုရင် ကိုယ့်ဒုက္ခကြုံတဲ့အခါ ဟန်ဆောင်ပြုံး၊ ဟန်လုပ် ရယ်တတ်ဖို့ကို မလွယ်လှပါဘူးကွယ်။ အဲဒီအရည်အချင်းရှိတာကို ဆိုလိုတာပါ။ ဦးကတော့ သည်လောက် သတ္တိမရှိပါဘူးကွယ်။ ခပ်ပျော့ပျော့၊ ခပ်ညံ့ညံ့ထဲကပါ။ ဦးရဲ့ဘဝမှာလား။ ဒုက္ခဆိုတာတော့ ကြုံရတာပေါ့ သမီးရယ်။ လူမှန်သမျှ ဒုက္ခနဲ့ကြုံရတာချည်းပဲပေါ့။ အရေးကြီးတာက ဒီဒုက္ခကိုဆိုပါတော့။ အခက်အခဲလို့ပဲ ဆိုပါတော့။ အဲဒီအခက်အခဲတွေကို ကျော်လွှားနိုင်အောင် ကြိုးစားတာက အရေးကြီးတာပါ။ ကိုယ့်ဒုက္ခက လွတ်မြောက်အောင်၊ ကိုယ့်အခက်အခဲကို ပြေလည်ကျော်လွှားနိုင်အောင် လုပ်တဲ့အခါမှာ သူများကို ဒုက္ခမပေးနဲ့။ သူများကို ဒုက္ခရောက်စေပြီးမှ ကိုယ့်ဒုက္ခ ကိုယ့်အခက်အခဲကို ဖြေရှင်းတယ်ဆိုတာ အောက်တန်းကျတယ် သမီး။ ရှက်စရာကောင်းတယ်။ မညစ်ပတ်နဲ့၊ မကောက်ကျစ်နဲ့၊ ရိုးရိုးသားသား ကြိုးစားပြီး ကိုယ့်အခက်အခဲကို ကိုယ်ဖြေရှင်း၊ အောင်မြင်ရမှာပေါ့။ ဪ. . . သမီးရယ် ဦးဘယ်လို ပြောရမလဲ။ မင့်မေမေကို ချစ်မိတဲ့အတွက် ဦးဟာ အခုအထိ အဲဒီချိုမြိန်တဲ့ ဒုက္ခတွေထဲမှာ နေလျက်ပါပဲ။ ဒုက္ခထဲမှာပဲ ရှိပါတယ်။ ချစ်နေတဲ့ဒုက္ခကို ဦးလွန်မြောက်အောင် မကျော်လွှားနိုင်ခဲ့ပါဘူး။ ဦး မအောင်မြင်ခဲ့ပါဘူး။ ဦး မအောင်မြင်ခဲ့ပါဘူး သမီးရယ်။ ဒါပေါ့ ဒါပေါ့။ ဦး အယူအဆက အဲဒီအတိုင်းပဲ။ မဖြေရှင်းနိုင်တဲ့အခက်အခဲ မလွန်မြောက်နိုင်တဲ့ ဒုက္ခဆိုတာ မရှိပါဘူးကွယ်။ ကြည့်စမ်း သမီး၊ ပိတောက်ပန်းတွေ ဟိုအပင်မှာလည်း ပွင့်နေလိုက်တာနော်။

*

အချစ်ဆိုသည်မှာ စာကြည့်တိုက်ချောင်ကြားတစ်နေရာမှာ စွန့်ပစ်ထားသော စာအုပ်အမည် ကတ်ပြားဟောင်း တစ်ခုသာဖြစ်၏။ ဆာ့(တ်)က အချစ်ကို ပိုင်ဆိုင်သောအချစ်ဟု ယူဆခဲ့ပါလျှင် သူနှင့်ကျွန်ုပ် သဘောကွဲလွဲ၏။ အချစ်သည် အကွက်တစ်သောင်းပါသော စိန်တုံးတစ်တုံးဖြစ်၏။ အချစ်ကို ကဗျာဖွဲ့၍ မရနိုင်ကြောင်း၊ ဝတ္ထုရေး၍ မရနိုင်ကြောင်း လူအချို့မသိကြ။ မှတ်သားလိုက်ကြပါလေ။ မော်တော်ကားတစ်စီးသည် ညာဘက်သို့ ချိုးကွေ့၍ အခိုးအငွေ့ဖြစ်ကာ ပျောက်ကွယ်သွား၏။ လောကကြီးသည် တစ်ခါတစ်ရံ ရယ်စရာကောင်းသည်ဟု တွေးမိကာမျှဖြင့် လောကသည် ရယ်မော၍ပြီးသွားပြီ။ မိုးခြိမ်းလျှပ်ပြက်လိုက်သောအခါ ကောင်းကင်သည် ကွဲအက်သွား၏။ သို့သော်ချက်ချင်း အကောင်းပကတိ ပြန်ဖြစ်သွားသည်။ ဘဝ၏ပါးလျားအားနည်းသောနေရာတွင် ကွဲအက်သွားပါက အကောင်းပကတိပြန်ဖြစ်ရန် မျှော်လင့်ချက် လွန်စွာနည်းပါးကြောင်း ကျွန်ုပ်သိသင့်ပါလျက်မသိ။ ဝေးလံသော မြင်ညာအရပ်မှာ တစ်ခုသော မြစ်အကွေ့မှာ ကမ်းနဖူးထိပ်တွင် ရေနံ့ရွှဲရွဲ မည်းနက်သော ကျွန်းသားနှစ်ထပ်အိမ်ကြီးတစ်လုံး ရှိ၏။ ဝရန်တာသည် မြစ်ကွေ့ကို မျက်နှာပြုထား၏။ ရေယာဉ်သည် ငြိမ့်၍ စိမ်းလဲ့နေသည်။ တစ်ဖက်ကမ်း သောင်ခုံငယ်သည် သူ့ပါးပြင် တစ်ဖက်နှင့် တူလှစွာ။ မိုးမောက်ပြေပြေ လျောနေ၏။ ကမ်းပေါ်က တောအုပ်အတွင်းမှာ စိမ်းညို့ရွက်တို့အကြားတွင် ဖွေးဖွေးဝေနေ၏။ လေပြည်တစ်ချက် ဖြူးလိုက်သည်။ တံငါတဲအချို့ဆီမှ ငါးညှီနံ့သင်းပျံ့ပျံ့ကလေးကို နှစ်သက်ဖွယ်ရာ ရလိုက်၏။ မြစ်၏အစ သန့်ရှင်းစင်ကြယ်သော ရေစိမ်းလဲ့တွင် ပျော်ရွှင်စွာ အတူတကွ ကူး



mgyoe.com

mgyoe.com SAMPLE BOOK



ခတ်ချင်ပါသည်။ သူမရှိပြီ။ ကျွန်ုပ် ဆေးတံသည် မီးသေသွား၏။ မီးခြစ်ကျောက်သည် အဝါရောင်မီးပွားများကို ဘယ်နေရာတွင် ဖွက်ထားသည်ဟု မသိရ။ ဖြူလျော်သော မီးခိုးခွေလိပ်များသည် ပျင်းရိအညောင်းဆန့်နေကြ၏။ သနားသဖြင့် ကျွန်ုပ်အား ဆေးတစ်အိုးနှင့် နွားနို့ချိုချို တစ်ခွက်ပေးကြပါ။ မြစ်ပြင်ပေါ်မှာ မြူငွေ့ပြာပြာနုများ သန်းလာနေသည်။ သူမရှိပြီ။ 'အောင်မြေသာစံ'ပတ်ပျိုး ဆုံးသွား၏။ ကျွန်ုပ်ကား ယခုအထိ အစထဲမှာပင် ရှိနေသေးသည် ထင်ပါသည်။ လေပြင်းတစ်ချက် ဝှေ့လိုက်သည်နှင့် သဲခင်းသာဝယ် သီဒါကြည်လဲ့ငှက်သံနွဲ့နှင့် လွမ်းဖွယ် မြိုင်ခြေ မြူခိုးဝေ။ မီးခိုးငယ်ဖြူ လူတွေလား ကူတွေလား၊ ပန်းနုရောင်အသွေးနှင့် လည်ဆံမွေးတခါခါ ပြေးလာသော မြင်းတစ်ကောင်ကို တွေ့ရပြန်သည်။ ကျွန်ုပ်သည် သဲသောင်ရေစပ်မှာ ကျောက်သလင်းဖြူ ခေါင်းအုံးတစ်လုံး အတွင်း လဲလျောင်းနေ၏။ အင်ကြင်းပန်းဖြူဝါဝါများ ဖွဲဖွဲဖြူတ်ဖြုတ် ကြွေကျ၍ ကျွန်ုပ်တစ်ကိုယ်လုံး အင်ကြင်းပန်းတွေ ဖုံးကာ ကျောက်ဖြူသားခေါင်းမှာ အင်ကြင်းပန်းတွေ လျှံကျနေ၏။ အလွန်ညံ့ဖျင်းစွာ မီးကင်ထားသော ပေါင်မုန့်တစ်ချပ်ကို အလွန်ညံ့ဖျင်းစွာ မီးကင်ထားသော ကြောင့် မီးကျွမ်းသော ပေါင်မုန့်နံ့ကို ရ၏။ ပြည့်စုံခြင်းက နိဂုံးချုပ်စကားပြောရန် ကြံစည်မှာပင် မပြည့်စုံခြင်းက ပြုံးရယ်တံခါးတွန်းဖွင့်၍ ဝင်လာသည်။ သံသရာဆိုသည်မှာ ဘာလဲ။ ကြိုးပြတ်၍ ကျိုးပဲ့နေသော တယောတစ်လက် သဲပြင်မှာ တစ်ဝက်မြုပ်နေသည်။ စတန်း သို့မဟုတ် ပါလ်မင်း၏တယောကွန်ချာတို ဘွဲ့တစ်ဘွဲ့ကို ဤသောင်စပ်တွင် သူနှင့်အတူ နားထောင်ချင်ပါသည်။ ခြေကျင်းဝတ်ပတ်လည် ရေမြုပ်သည်အထိ သူ့ခြေထောက်ဖြူဖြူကလေးများ မြစ်ရေတွင်းမှာထား၍ လှုပ်ရှားလှုပ်ယိမ်းဆော့ကစားနေသည်ကို ကြည့်ချင်ပါသည်။ သြော်. . . လှိုင်းတစ်ထောင် ဗျိုင်းတောင်ခတ် ကမ်းစပ်ကိုသွား။ မည်သည့်စားပွဲမှ ထုတ်ယူထားသည်မသိရသော အံဆွဲဟောင်းတစ်ခု ပင့်ကူမျှင်များ ရစ်ထွေးစွာ ပက်လက်လန်နေသည်။ ထို အံဆွဲထဲမှာ သုံးမရသော ကျမ်းတစ်စောင်သည် မြေကြီးထဲတွင် လိုဏ်ခေါင်းတူး၍ ပျံသန်းတတ်သော လေယာဉ်ပျံတစ်စင်းအကြောင်း အိပ်မက် မက်နေ၏။ ခေတ်သစ် ကဗျာသမိုင်း ရေးသားရာတွင် ညကြီးမင်းကြီးထပြီး ထိုင်နေတတ်သူကို ချန်လှပ်ကြသော သူတစ်စုကြည့်သည့် ကိုယ်လုံးပေါ် မှန်ကြီးတစ်ချပ် ဤသောင်စပ်၏ အသရေကို ဖျက်နေသည်။ မှန်ဖိုးကို ကျွန်ုပ်ပေးပါမည်။ တစ်စုံတစ်ယောက် လာယူလှည့်ပါ။ ပျော်ရွှင်မှုများ ရနိုင်သော လူ့လောက အရောင်းဆိုင်အဝင်ဝမှ ကုန်ပြီဟူသော ဆိုင်းဘုတ်ကတ်ပြားတစ်ခု တွေ့မြင်နေရ၏။ အနုပညာသမားသည် သူပိုင်သော ပစ္စည်းဥစ္စာကို ဦးခေါင်းအတွင်းမှာ ထား၏။ စိန်ရွှေရတနာ နီလာပုလဲများ စီခြယ်တန်ဆာဆင်အပ်သော သောက်ရေခွက်အတွင်းမှာ ရေတစ်စက်မျှ မရှိ၍ ဤမြစ်ရေလက်တစ်ခုပ်ကို ကျွန်ုပ်သောက်သုံးလိုက်၏။ ရင်ထဲမှာ ရှားမီးကျည်းပမာ တောက်ပသော အပြုံးသည် တစ်ကိုယ်လုံးအနှံ့ အေးအေးစိမ့်ပျံ့၍ သွားပါသည်။ ပူနွေးသော မိုးစက်များ ကျလာပြန်ပါပြီ။ ဝါညိုညစ်သော လက်ဖက်ရည်ချိုပေါ့ကျများ စွန်းထင်းပေကျံနေသည့် စားပွဲတစ်လုံး မိုးစက်များနှင့်အတူ ကျလာ၏။ တစ်လောကလုံးမှာရှိသော သုညများ၏ ရယ်မောသံကို ကြားရ၏။ နှုတ်ဆက်လိုက်ပါသည်။ မွန်းစီယာပေါလ်ဆာ(တ်)။ သြော် သောင်ယံသဲက ပုလဲလိုလိုပါလား။ စားပွဲပေါ်မှာ မစစ်ရသေးသော အဖြေလွှာတစ်အုပ် ရှိ၏။

*

ဘဝဆိုတာ ဝတ္ထုကြီးတစ်ပုဒ်လိုပဲလို့ တစ်ယောက်ယောက်က ပြောဖူးတယ်ဆိုတာ အမှတ်ရနေတယ်။ ဘယ်သူလဲတော့ မသိတော့ဘူး။ ဟုတ်ချင်လည်း ဟုတ်မယ်။ ဒါပေမဲ့ ဖတ်ကောင်းအောင်ရေးတဲ့ အနုပညာမြောက်တဲ့ ဝတ္ထုကြီးတွေလို စလယ်ဆုံး သုံးပါးလုံး ညီညွတ်တာတွေ၊ အစဉ်ပြေတာတွေ၊ အဆင်ပြေတာတွေတော့ ဖြစ်ချင်မှဖြစ်မှာ။ အစမရှိဘဲ ဆုံးသွားတာ၊ အစထဲမှာပဲ ရှိနေတာ၊ အစမှာပဲ ဆုံးသွားတာ အမျိုးမျိုး ဖြစ်နိုင်ပါတယ်။ သူက ဘဝကိုး။ ဝတ္ထုမှ မဟုတ်ဘဲ။ ဝတ္ထုဆိုတာ



mgyoe.com

mgyoe.com SAMPLE BOOK



က . . . . ။ သမီးလာ။ ရော့ . ရပ်ဝေးအခြေစိုက် လုပ်အားပေးစခန်းမှာ သမီးစားဖို့ မုန့်ပုံး။ ဦးက ပိုက်ဆံချမ်းသာပါတယ်ကွ။ ဟောဒါက ဖျော်ရေမှုန့်ပုလင်း။ လိမ္မော်ရည်လေ။ ရေနဲ့ဖျော်သောက်ရုံပဲပေါ့။ အေး သူငယ်ချင်းတွေနဲ့အတူ စားကြပေါ့ကွာ။ ကုန်သွားလည်း စခန်းကကျွေးတာပဲ စားပေါ့ကွ။ အေးအေး။ ပင်ပန်းမှာပေါ့ကွ။ ပင်ပန်းပါစေ။ ပျော်ပွဲစားထွက်သွားတာမှ မဟုတ်ဘဲ။ ကိုယ်လုပ်သမျှလေး စေတနာထားနိုင်ရင် အများအကျိုးရှိတာက နောက်၊ ပထမဆုံးက ကိုယ်စိတ်ချမ်းသာတယ်။ ဦး မလိုက်နိုင်ပါဘူးကွာ။ ဦးမှာ စာဖတ်စရာ၊ စာရေးစရာတွေ တစ်ပုံကြီးရှိနေပါတယ်။ အေးအေး သမီး။ ကျန်းမာရေး ဂရုစိုက်ဟေ့။ ဩော် . . . မေသူရယ်။

*

အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် သမီးလေး မေသူဇော်အတွက် အောင်မြင်မှုနှင့် ပျော်ရွှင်မှုအားလုံးကို ရှာဖွေစုစည်း၍ ပေးလိုက်ချင်ပါသည်။ နှင်းဆီပန်းခင်းကို ဖြတ်သွားသော လေညင်းပြေပြေကဲ့သို့ သမီးလေးဘဝမွှေးပျံ့ပါစေ။ ဟုတ်ယောင်ထင်မှုများကို ဖယ်ရှားလိုက်သောအခါ အရှိတရားသည် ချွန်ထက်စူးရှစွာ ဓားသွားတစ်ချောင်းလို မတ်မတ်ထောင်နေ၏။ မိုက်မလင်းနိုင်ဘူး။ မြိုက်ခင်းညာဆီမှာ ခါတော်မီသီမဝေ့နိုင်လို့ သည်ကွေ့မှာ နေကုန်မျှော။ အမျှောသမား အနစ်သမားတွေ။ မျှော်လင့်ထားတာသော အရာတွေက ဖြစ်မလာ။ ဖြစ်လာသည်က မမျှော်လင့်ထားသော အရာတွေ။ ဝိုးဝါးမှုန်ရီသော ဟုတ်ယောင်ထင်မှားမှုနှင့် စူးရှချွန်ထက်သော ဖြစ်ရပ်မှန်တို့ စပ်ကြား၊ အလင်းနှစ်တစ်သန်း အကွာအဝေး အပိုင်းအခြားအတွင်းမှာ အပြာရောင်မီးဖွားများ လွင့်စင်ဖြာထွက်နေသည်။ ကံ့ကော်တောအုပ်အတွင်းမှာ ရွာသောမိုးသည် အရာအားလုံးကို စိုစွတ်စေသည်လေ။ ခေါင်းပြားချပ်၍ သေဆုံးသွားသော ခွေးကလေးကို ကျွန်ုပ်ကျင်းတူး မြေမြှုပ်ပေးရဦးမည်။ ခွေးမချစ်တတ်သော်လည်း ခွေးသေကို မိုးရေထဲမှာ ပစ်မထားချင်ပါ။ ဆေးပြာသုတ်ထားသော သစ်သားတဲအိမ်တစ်လုံး၊ သစ်ခွပန်းရုံတစ်ရုံနှင့် ဒေါနပန်းခင်းတစ်ခင်း၊ ဗူးစင်ရိပ်အနီးမှ ရေချိုးတွင်းတစ်တွင်း၊ ပန်းချီကားများ၊ အနည်းငယ်မျှသော ကျွန်ုပ်၏ဘဝလိုအင်များ ရေမှတ်ထားသော စာရင်းစာရွက် ဘယ်မှာကျပျောက်ခဲ့သည်မသိပါ။ အပြင်ဘက်မှာ မိုးတိတ်ပါတော့။ ရေတံခွန် တစ်ခုကို ခပ်ဝေးဝေးမှ ပြောင်းပြန်မြင်နေရသကဲ့သို့ မီးခိုးငွေ့များ ပျင်းရိလေးတွဲ့စွာ အထက်သို့တက်နေကြသည်။ မီးခိုးငွေ့များနှင့်အတူ ကျွန်ုပ်လိုက်ပါသွားပါတော့မည်။ အတ္တ၏အရိပ်သည် မြေကြီးပေါ်မှာ ဖုန်မှုန့်ထဲမှာ တွန့်လိမ်နေ၏။ သိသည်ဟု ထင်ထားသူများ ဆူညံကျယ်လောင်စွာ စကားပြောနေချိန်တွင် ကျွန်ုပ်သည် မီးခိုးငွေ့များကြားတွင် တစ်ပါတည်း ပျောက်သွား၏။ ထိုနေရာမှာ သံကြိုးနှင့်တွဲထားသော ခွေးခြေခုံတစ်လုံးသာ ကျန်ရစ်သည်။ ခွေးခြေခုံပေါ်တွင် ဈေးကြီးပေး၍ ဝယ်မှရသော ရှုနဲလ်နံပါတ်ငါး ရေမွှေးပုလင်း အလွတ် တစ်ခုရှိ၏။ ရေမွှေးပုလင်းထဲတွင် ပုတ်အဲ့နံ့စော်သော ဇော်ဇော်အောင်၏ နာမည်ရှိသည်။ ကျွန်ုပ်ပြန်လာတော့မည် မဟုတ်ပါ။

*

အမှန်စင်စစ်
နံ့သာဖြူသေတ္တာထဲမှာ
ကံ့ကော်ပွင့်ခြောက်များ
မရှိပါ။
ဘာမှ မရှိပါ။
မေသူ. . . ။
ငါလေ. . . ။
အို. . .
ဘာမှ မရှိဘူး
ဘာမှ မရှိဘူး
ဟုတ်တယ်၊
. . . ဘာမှ မရှိဘူး။

❑



mgyoe.com

mgyoe.com
SAMPLE BOOK


# (၄) ရေပွက်ပမာ တသက်လျာတည်း

**'ရေပွက်ပမာ၊ တသက်လျာတည်း....'**

**အနန္တသူရိယအမတ်ကြီး**

တံခါးပေါက်ကို အသေအချာ လုံခြုံစွာ ပိတ်ခဲ့သည် မှန်သော်လည်း ပိတ်ပြီးသည်၏ခဏတွင် တံခါးသည် ပြန်၍ ပွင့်သွား၏။ တံခါးပေါက်များကို သေချာလုံခြုံစွာ ပိတ်ခဲ့၍ လုံခြုံလှပြီဟုထင်ရသော အိမ်ထဲမှာ ကျွန်တော် ရှိနေခြင်းဖြစ်၏။ အမှန်စင်စစ် တံခါးပေါက်၏သဘာဝ အရ လောကမှာ ဘယ်တံခါးပေါက်မှ မလုံခြုံပါ။ လုံခြုံ သည်ဟု စိတ်ကိုအကြိမ်ကြိမ်အဖန်ဖန် လှည့်စားပါသော် လည်း မလုံခြုံခြင်းအဖြစ်ကို ဝမ်းနည်းပက်လက် သိနေ ပါသောကြောင့် ကြံရာမရ၊ ဆောက်တည်ရာမရ ဖြစ်သည် ၏အဆုံးတွင် မျက်စိများကို မှိတ်ထားလိုက်ပါသည်။ ဤ လောကတွင် အလုံခြုံဆုံးသော အခြေအနေသည် မျက်စိ ကို မှိတ်ထားခြင်းဖြစ်ကြောင်း သိလိုက်ပြီ။ ဘာကိုမှ မမြင် ပါ။ ဘယ်သူ့ကိုမှ မမြင်ပါ။ ဘာကိုမှ မတွေ့ပါ။ ဘယ်သူ့ ကိုမှ မတွေ့ပါ။ ထိုအခါ. . . လုံခြုံသွားပြီထင်ရသော် လည်း ထိုအထင်သည် အထင်သာဖြစ်တော့၏။ လုံခြုံ သောအခြေအနေနှင့် မလုံခြုံသောအခြေအနေဟူ၍ သီးခြားသပ်သပ်ရှိပါ့မလား။ ရှိသင့်သလား။ ထိုအခြေအ နေ နှစ်ရပ်၏ နှိုင်းယှဉ်ချက်သာရှိသည်ဟူသော အယူအ ဆကို လက်ခံရမည်လား။ ငြင်းပယ်ရမည်လား စဉ်းစား ဆဲခဏမှာပင် ကျွန်တော်ပိတ်ပစ်ခဲ့သော တံခါးပေါက်မှ လူတစ်ယောက်ဝင်လာသည်။ ထိုလူသည် ရယ်မောနေ သည်။ မျက်စိမှိတ်ထားသော ကျွန်တော်သည် ပါးစပ်ကို လည်း ပိတ်ထားပါသည်။ ဘာကိုမှ မပြောရသေးပါ။ မေးလည်း မမေးရသေးပါ။ သို့သော် သူရယ်၏။ ရယ်စရာ ဟာသပြောမှ ရယ်သင့်ပါသည်။ ဘာမှကိုမပြောရသေးဘဲ နှင့် သူရယ်သည်မှာ အကြောင်းရှိပါလိမ့်မည်။ ဖြစ်နိုင် စရာရှိသည်မှာ ကျွန်ုပ်မျက်စိမှိတ်ထားခြင်းသည် ရယ်စ ရာမဟုတ်ပါ။ သူဘာ့ကြောင့် ရယ်နေသလဲ။ ဘယ့်ကြောင့် ရယ်ရသလဲဟု မေးလိုက်ပါသည်။ ကျွန်ုပ်ပါးစပ်မှ အသံ ထွက်မလာပါ။ ခန္ဓာကိုယ်အတွင်းပိုင်းမှ ကြွက်သားများ ၏ ညှစ်အားကြောင့် အဆုတ်တွင်းမှလေသည် တွန်းကန် ၍ အပေါ်သို့တက်ရမြဲ၊ လည်ချောင်းဝတစ်နေရာ အသံ


mgyoe.com

mgyoe.com SAMPLE BOOK



ကြီးဟုခေါ်သော ကြွက်သားမျှင်ကလေးနှစ်ခုကို ထိုလေက ရိုက်ခတ်လိုက်သောအခါ ဂစ်တာကြိုးကို ခတ်လိုက်သကဲ့သို့ဖြစ်ပေါ်၍ အသံထွက်လာရစမြဲ။ ထိုအသံကိုမှ ခံတွင်းပိုင်းအသံဖြစ်စေသော အင်္ဂါများက ပြုပြင်ပေးလိုက်သောအခါ စကားသံများ ဖြစ်လာရစမြဲ။ ကျွန်တော့်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ အလုပ်မလုပ်သည်မှာ ကြာပြီ။ အဆုတ်တွင်းမှလေကို အပေါ်သို့ တွန်းကန်ထွက်စေလောက်အောင် ကျွန်တော့်ကြွက်သားများက ညှစ်အားမပေးနိုင်သည်မှာ ကြာပါပြီ။ ပါးစပ်က ဘယ်မှာအသံထွက်လာပါမည်နည်း။

ထိုလူက အရယ်ရပ်လိုက်၏။ သစ်တုံးပေါ်မှာ ရယ်သံကိုတင်၍ ပုဆိန်ဖြင့် ဖြတ်လိုက်သလို တိခနဲ ပြတ်သွား၏။ ကျွန်တော်မေးသည်။ သူနှင့်လိုက်မလားဟု မေးသည်။ ဘယ်ကိုလည်းမေးရန် မေ့လျော့စွာ ခေါင်းညိတ် ပြမိပါသည်။ လာ ငါတို့အရှေ့အရပ်သို့ သွားကြမယ်။ အဲဒီမှာ ရွှေတုံးတွေ ရှိတယ်။ ရေတွက်ခြင်းရဲ့ ဟိုမှာဘက်ကို ပေါက်ရောက်တဲ့ အရေအတွက်စတဲ့. . . ။

ရွှေတုံးတွေကို သွားယူကြမည်။ သူနှင့်လိုက်ခဲ့ပါဟု ပြောပါသည်။ ခေါင်းညိတ်၍ပင် ပြမိ၏။ ထိုအခါ သူနှင့် ကျွန်တော့်မျက်စိများကို အရာဝတ္ထုတစ်ခုဖြင့် ပွတ်သပ်လိုက်သည်။ ကျွန်တော့်မျက်စိများ တုံ့ဆိုင်းစွာပွင့်၍ ခဏချက်ခြင်း ပြုံးကျယ်သွားသည်။ သူ့လက်ထဲမှာ ကျွန်တော့်မျက်စိများကို ပွတ်သတ်ပေးသောအရာကို ကိုင် ထား၏။ ထိုအရာသည် ရွှေတုံးဖြစ်သည်။ ထိုအရာသည် မျက်စိများကို ပွင့်စေသော အရာဖြစ်ကြောင်း ကျွန်ုပ်သိသည်မှာ အတော်ကလေး နောက်ကျသော်လည်း တော်ပါသေးရဲ့။ သူသည် ပြုံးရာမှရယ်၍ ကျွန်ုပ်ခေါင်းကိုဆွဲကာ ရှေ့မှ ထွက်သွားသည်။ သူ့နောက်ကို လိုက်ခဲ့ရပါသည်။

ရွှေရောင်တောက်ပသော လူတစ်ယောက်သည် ကောင်းကင်ထက်မှာ တောင်မှမြောက် အရှေ့မှ အနောက် လူးလားခေါက်ပျံဝဲလျက် တအားအားအော်မြည်ကာ နီရဲသောအာခေါင်မှ ဝန်တိုစဉ်းလဲခြင်းများကို ထွေးထုတ်ပစ်နေ၏။ လူများကောင်းကင်မှာ ပျံဝဲနေသည်ကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး၍ အထူးအဆန်းဖြစ်ရ၏။ မြေပြင်ပေါ်မှာလည်း လူအများ ယောက်ျား၊ မိန်းမတို့ ဟိုမှ သည်သို့၊ သည်မှဟိုသို့ လူးလားတုံ့ခေါက် သွားလာနေကြ၏။ သူတို့လွယ်အိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟ၊ မာနများကို အဖုံးစက္ကူလှလှဖုံးထားကာ စာအုပ်များကြားမှာ မသိမသာညှပ်၍ ယူလာကြသည်။ လူအချို့ရင်ပတ်ပေါ်မှာ ရပြီးပြီဟူသော စာတန်းပါ၏။ လူအချို့ရင်ပတ်ပေါ်မှာ ပေးပါဟူသော စာတန်းပါ၏။ လူတို့သည် သပ်သပ်ခွဲ၍မနေကြ။ ရောနှော၍ နေကြသည်။ အချို့က ခြေတံများရှည်ကြ၏။ သွားချင်သောအရပ်ကို ရောက်အောင် သူတကာထက် အလျင်ဦးအောင် ခြေတံရှည်များဖြင့် ပြေးလွှားနေကြ၏။ အချို့သည် ဗျိုင်းနှင့်တူ၍ အချို့သစ်ကုလားအုပ်နှင့် တူ၏။ ဝန်းကျင်ဝဲယာကို ငေးမောကြည့်နေစဉ်မှာပင် ရွှေချောင်းရှိရာသို့ ခေါ်လာသူက ကျွန်တော်၏ ဦးခေါင်းကို ကိုင်လှုပ်ပြီး ဆက်သွားကြမည်ဟုပြောသည်။ ကျွန်ုပ်က ခေါင်းညိတ်ရပြန်ပါသည်။

မိုးတွေရွာနေသည်။ မိုးစက်များသည် အုံ့ဩဖွယ်ရာ ပူနွေးနေသည်။ မျက်စိတူရှုမှ ကျဆင်းနေဆဲ မိုးစက်တစ်စက်ကို မှတ်သား၍ လိုက်ကြည့်ပါသော်လည်း ကြည့်နေရင်း ပျောက်ကွယ်သွား၏။ မိုးစက်များ အဆက်မပြတ်ကျနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရုတ်တရက် ပူနွေးရာမှ အေးမြသွားသောအခါ ကတ္တရာလမ်းသည် အငွေ့ခြောင်းခြောင်း ထလျက်ရှိ၏။ မြေပြင်ပေါ်မှ ချောင်းငယ်ကလေးများသည် မြက်ပင်များကို တိုးဝှေ့စီးဆင်းနေ၏။ မဟာသမုဒ္ဒရာရှိရာအရပ်ကို သူတို့ဘယ်အခါ ရောက်ကြမည်မသိကြသော်လည်း အလုအယက်တိုးဝှေ့စီးဆင်းနေသည်။ အချိန်ကာလနှင့် နေရာဒေသ မှားယွင်းတွက်ချက်မိသော ငှက်တစ်ကောင်သည် စိုစွတ်ထိတ်လန့်စွာ ပျံသန်းနေ၏။ မိုးရွာမည်ကို သူသိဖို့ကောင်းပါသည်။ မိုးရာသီကို သူသိဖို့ကောင်းပါသည်။ မိုးရွာသော နေ့တစ်နေ့ကို သတိရမိပါသေး၏။

လောလောလတ်လတ် ထည့်လိုက်သော မီးသွေးခဲကို မီးစွဲလောင်သော အနံ့ကို မွှေးပျံ့စွာ ရလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK


ခြောက်သွေ့သော မီးသွေးခဲကို မီးစွဲအသံကိုလည်း ဖျတ်ခနဲ ကြားလိုက်ရ၏။ မီးဖိုပေါ်မှာ လက်ဖက်ခြောက်အကျရည်အိုးသည် တပွက်ပွက်ဆူဝေလျက်၊ ရက်လနှစ်ပေါင်းများစွာက ကြာမြင့်တင်ကျန်ခဲ့သော ဖျော့ညော် အထပ်အထပ် စွန်းထင်းနေသော စားပွဲမျက်နှာပြင်ကို ဖြူသွယ်သွယ်လက်ချောင်းကလေးများက တဒေါက်ဒေါက် ခေါက်လျက်နေသည်။ ပန်းကန်ပြားထဲသို့ ရေနွေးကြမ်းများငှဲ့လိုက်သောအခါ ရေနွေးကြမ်းဝါဝါ ညစ်ညစ်များ အေးစက်စွာ ကျလာ၏။

ကျွန်ုပ်တို့နှစ်ယောက်ကို စားပွဲတစ်လုံးက ခြားထား၏။ စားပွဲပေါ်မှာ ပန်းကန်အလွတ်များ၊ သတ္တုရေနွေးကရားနှင့် စီးကရက်တို တစ်ပုံရှိ၏။ ထိုစဉ်က ကျွန်တော်သည် မလိုအပ်ပါဘဲလျက် နေရာပြင်ရွေ့၍ ထိုင်သည်။ သေးငယ်နက်မှောင် ရွှန်းရွှန်းလဲ့သော မျက်လုံးများက တစ်စုံတစ်ခုကိုပြောရန် ကြံစည်နေကြောင်း ရိပ်မိပါသည်။ ဘာမှပြောရန်မလိုကြောင်း ကျွန်ုပ်၏မျက်နှာပေါ်က အချက်ပြခြင်းကို သူသိသွားပုံရ၏။ ဘာစကားမှ မပြောဖြစ်ကြ။ တိတ်ဆိတ်သော ဘာသာစကားသည် စပ်စပ်စုစုလုပ်တတ်သော ဘာသာဗေဒပညာရှင်များနှင့် တွေ့သောအခါ ဆဲရေးဝေါက်ငမ်း ပစ်တတ်သော်လည်း ကျွန်တော်တို့အဖို့ သာယာသော ချိုမြိန်မှုဖြစ်၏။ ကျွန်တော်တို့အရင်က လူပေါင်းများစွာသည် ဘာသာစကားပေါင်းများစွာ၊ စကားလုံးပေါင်းများစွာနှင့် သည်အကြောင်းအရာကို ပြောခဲ့ဖူးကြပါပြီ။ ကျွန်တော်တို့နှစ်ယောက်ကျကာမှ ပြောဖို့လိုအပ်ပါသလား။ ပြည့်စုံလုံလောက်ပါသည်။ ဘယ်နှမိနစ်ကြာသောအခါ မော်တော်ကားတစ်စင်းလာ၍ သူတို့တင်၍ခေါ်ဆောင်သွားမည်။ မိုးတိတ်သွား၏။

မေးလျော့ငေးငိုင်နေသော ကျွန်တော်၏ ဦးခေါင်းကို ကိုင်လှုပ်၍ ရုတ်တရက်ဆွဲကာ ကောင်းကင်ပေါ်သို့ ပျံတက်သွားပါသည်။ ကျွန်တော်သည်လည်း ထိုလူဆွဲငင်ခေါ်ဆောင်သွားသည့်အတိုင်း ကောင်းကင်သို့ ပါသွားပါသည်။ ဆန်းကြယ်လွန်း၍ အံ့သြဖို့ သတိမေ့နေပါသည်။ အမြင့်မှဆီး၍ ကြည့်ရသောအခါ အနိမ့်မှလူများကို သေးငယ်စွာသောအဖြစ်ကို ဝမ်းပန်းတသာ မြင်လိုက်ရပါ၏။ လူတွေသေးငယ်လှပါသည်။ ကောင်းကင်အမြင့်၌ လေထန်လွန်းသည်။ လေတွေကြားထဲမှာ အုတ်နံရံတစ်ခုရှိ၏။ အုတ်နံရံဘေးမှာ သစ်မြစ်ဆုံတစ်ခုရှိ၏။ သစ်မြစ်ဆုံကို ခွေရစ်သွားသော ချောင်းကလေး၏ ဘေးတွင် ကလေးငယ်တစ်ယောက်ကို တွေ့ရ၏။ အပြစ်ကင်းစင်လှသော ကလေးရယ် . . . ဟု အံ့သြစိတ်လှုပ်ရှားမိသည်။ မျက်နှာဝိုင်းဝိုင်းကလေးကို ဆံနွယ်နုများက ဝန်းရစ်ထား၏။ မို့မို့ဖောင်းသော ပါးစုံကလေးနှစ်ဘက် နီမြန်းလျက်ရှိ၏။ သူပြုံးရယ်လိုက်သောအခါ ရွှေသွားဟောင်းလောင်းပေါက်နှင့် ချစ်စရာရယ်စရာကလေး။ လက်ကလေး ခြေကလေးများသည် လုံးဝန်းဖုထစ်ပျော့နွဲ့လှ၏။ အသားအရေ လတ်ဆတ်ကြည်လင်သည်။ သူ့မျက်လုံးဝိုင်းဝိုင်းကလေးတွေထဲမှာ အနာဂတ်ကာလရှိ၏။ ကျွန်တော့်ကို ဦးဦးဟုခေါ်၍ သူ့မြင်းရုပ်ကလေးအကြောင်း၊ သူ့ပုဆိုးအသစ်ကလေးအကြောင်း သီတင်းကျွတ်တုန်းက သူစုထားသော မုန့်ဖိုးများအကြောင်း၊ သူမွေးထားသော ခွေးအမွေးစုတ်ဖွားကလေးအကြောင်း၊ တွတ်တီးတွတ်တာ ပြောပြ၏။ ဤကလေးကြီးလာလျှင် စကားပြောကောင်းသူ ဖြစ်လိမ့်မည်ဟု တွက်မိသည်။ ခေါင်းကလေးငဲ့ကာ လက်ညှိုး ဝတုတ်တုတ် ပုတိုတိုကလေးထောင်ကာ ပြုံးကာရယ်ကာ သူပြောနေပုံမှာ လွန်စွာချစ်စရာ ကောင်းလှ၏။ ကျွန်တော် ငေးမောနားထောင်နေစဉ်မှာပင် ရုတ်တရက် ကျွန်တော့် ခြေမကို ကျောက်ခဲတစ်လုံးနှင့်ထု၍ ကျွန်တော့်ကို တွန်းလှဲကာ ထွက်ပြေးသွား၏။ အံ့သြငေးမော ကြက်သေ သေနေရာမှ သတိရသောအခါ ကျွန်တော့်မျက်လုံးထဲမှာ ပူနွေးသောမျက်ရည်များ စုအိုင်နေကြပါသည်။ ခပ်တိုးတိုးခပ်အုပ်အုပ် ရယ်မောသံကို ကြားရပြန်၏။ လာပါကွာ၊ သူကလူကြီး၊ မင်းက ကလေးပဲဟုပြော၍ ကျွန်တော့်ခေါင်းကိုဆွဲကိုင်ကာ ဆက်လက်ပျံသန်းလာခဲ့ကြသည်။

*


mgyoe.com

mgyoe.com SAMPLE BOOK


ဤမျှလှပသော သစ်ခွဥယျာဉ်မျိုး တစ်သက်မှာ တစ်ခါမှ မမြင်ဖူးပါ။ ခရမ်းရောင်ရင့်ရင့် သစ်ခွပန်းရနံ့များသည် လေထဲတွင် ပျံ့နှံ့ရီစွာ လွင့်မျောနေကြ၏။ ရှည်လျားလှသော ပုဝါစကြီးကို ဖြည်းညင်းစွာ လှုပ်ယမ်းနေသကဲ့သို့ ရနံ့များသည် သစ်ခွပင်များ၊ သစ်ခွစင်များကြားတွင် ဝေ့ဝိုက်မျောပါ ဖြည်းညင်းစွာ သွားလာနေကြသည်။ ဖြူဆွတ်နူးညံ့သော လိပ်ပြာအကောင်တစ်သောင်း ပျံဝဲနေကြ၏။ ကွင်းစပ်မှ ခရေပင်ကြီးသည် ခရေပွင့်များကို စည်းကိုက်ဝါးကိုက် လိုက်ခြွေချနေသည်။ ခရေပင်တန်းနှင့် လမ်းကလေးကိုလည်းကောင်း၊ ခရေပွင့် ကောက်ခဲ့ရသည်ကိုလည်းကောင်း၊ မင်းသုဝဏ်ကိုလည်းကောင်း သတိရဆဲခဏတွင် ဝိုင်းစက်ဝဖောင်းသော ပင့်ကူအဖြူကြီးတစ်ကောင် ခရေပင်ပေါ်မှ ဆင်းလာ၏။ ဝမ်းဗိုက်ဖြူဖြူကြီးသည် အသံမြည်၍ ပေါက်ကွဲသွားသောအခါ ခရေပွင့်များ ပွင့်အန်ထွက်ကျလာ၏။ ခရေပင်အောက်ရှိ ကျောက်ဖြူသား ခုံတန်းလျားကလေးပေါ်တွင် ခရေပွင့်များ ဖုံးလွှမ်းသွားသည်။ အမှန်စင်စစ် ခရေပွင့်ဆိုသည်မှာ ခြေထောက်အပိုများစွာပါသော ပင့်ကူကလေးများသာဖြစ်၏။ စိမ်းရွှေသော မီးခိုးများကြားမှာ အဝါရောင် မြင်းတစ်ကောင်ကို ခွာလေးဘက်ညီညီစီး၍ ခရီးသွားရသည်မှာ အရသာရှိလှ၏။ ကျွန်တော့်ခေါင်းပေါ်မှာ ရွှေချောင်းများရှိရာကို ပြမည့်သူ ထိုင်လိုက်ပါလာ၏။ မြင်းစီးကောင်းကောင်းတတ်သော ကျွန်တော်သည် မြင်းကိုကြိမ်တို့၍ ကဆုန်ချစီးလိုက်သည်။ မြင်းကြီးသည် သန်မာလျင်မြန်စွာ ကဆုန်စိုင်းနေသော်လည်း နေရာက မရွေ့။ မြင်းမရွေ့သော်လည်း ဘေးနှစ်ဖက်မှ တောတောင်ရေမြေ ပတ်ဝန်းကျင်သည် လည်၍လည်၍ နောက်မှကျန်ရစ်၏။ မြင်းရွေ့သည် မရွေ့သည် အပထား အရေးကြီးသည်မှာ ခရီးပေါက်ဖို့၊ ခရီးရောက်ဖို့ပင် ဖြစ်သည်မဟုတ်ပါလား။ မြင်းမပြေးပေမယ့် ကျွန်တော်၏ အရှေ့ဘက်အရပ်သည် နီး၍ နီး၍လာခဲ့၏။ ပထမဆုံးအကြိမ်ဟု ထင်ပါသည်။ ကျွန်တော်အသံထွက် ရယ်လိုက်မိ၏။ ကျွန်တော့်ခေါင်းပေါ်က လိုက်ပါလာသော ပုဂ္ဂိုလ်၏ ရယ်သံကိုပါ ကြားရပြန်သည်။ မင်း သဘောပေါက်လွယ်သားပဲ။ အစက ငါဟာ မင်းကိုအတုံးအအ အထူတစ်ယောက်လို့ ထင်ခဲ့တာ။ ဒါပေမဲ့ကွာ၊ အရေးကြီးတာ ခရီးရောက်ဖို့ပဲ။ တကယ်တန်းကျတော့ ခရီးရောက်တယ်၊ မရောက်ဘူးဆိုတာ သိပ်အရေးမကြီးသေးဘူး၊ တကယ်အရေးကြီးတာက ခရီးရောက်တယ်လို့ မင်းထင်နေဖို့ပဲဟု ခေါင်းပေါ်က လူကြီးမင်းက ပြောပါသည်။ မြင်းကြီးသည် ကျယ်လောင်စွာ ရယ်မော၍၊ လူရယ်သလို ရယ်မော၍ နှစ်ဆတိုးကာ ကဆုန်ချပြေး၏။ ကျွန်တော်သည် နှစ်ဆပိုမြန်လာပြီး၊ နှစ်ဆတိုး၍ ခရီးရောက်သည်ဟု ထင်လိုက်၏။ ခေါင်းပေါ်မှ လူ၏ ရယ်သံသည် မီးခိုးငွေ့ကွင်းများသဖွယ် တစ်ခုနှင့်တစ်ခု ထပ်၍ဆက်၍လည်ပတ်ကာ ထွက်ပေါ်လာသည်။

ကျွန်တော်တို့ရှေ့တွင် သကြားလုံးများ အပြည့်ထည့်ထားသော မှန်ဗီရိုတစ်လုံးကို ဘွားခနဲ တွေ့လိုက်ရသည်။ ထိုဗီရိုပေါ်တွင် တံဆိပ်ခေါင်းကပ်ထားသော စက္ကူတစ်ထပ်ရှိသည်။ ခေါင်းပေါ်က လူက ကျွန်တော့်ကို တံဆိပ်ခေါင်းပေါ်တွင် လက်မှတ်ရေးထိုးပါဟု ပြောသည်။ တံဆိပ်ခေါင်းပေါ်တွင် တစ်ဝက်၊ စက္ကူအဖြူသားပေါ်တွင် တစ်ဝက်၊ ဇော်ဇော်အောင်ဟူသော လက်မှတ်အမည်ကို အခါတစ်သောင်း ရေးထိုးလိုက်၏။ ရေးထိုးပြီးသောအခါ ကျွန်တော်စီးလာသော မြင်းဝါကြီးသည် လက်ခုတ်တီးသြဘာပေးကာ ထွက်ပြေးရှောင်ထွက်သွားတော့သည်။ တံဆိပ်ခေါင်းကပ်ထားသော စာရွက်တစ်သောင်းပေါ်မှ လက်မှတ်အကြိမ် တစ်သောင်းထိုးပြီးသည်၏နောက်တွင် ဘာဖြစ်မည်နည်း။ ကျွန်တော်ဘာရမည်နည်း။ လူ့လောကထဲကို ကျွန်တော် ရောက်လာကတည်းက လိုချင်သူအဖြစ် ရောက်လာခဲ့၍ အကျင့်ကပါနေပြီ။ တစ်စုံတစ်ခု ပြုလုပ်ပြီးလျှင် ထိုသို့ပြုလုပ်ခြင်းအတွက် ဘာပြန်လည်ရရှိမည်နည်းဟု တွေးတတ်သောအကျင့်က ကျွန်တော့်တွင်ပါနေပြီ။ ကျွန်တော်ဘာလိုချင်သလဲ။ မင်းလိုချင်တာတွေ အကုန်ရမှာပေါ့ကွာဟု ကျွန်တော့်ခေါင်းပေါ်က လူက ပြော၏။ အံ့သြစရာကောင်းသည်မှာ ကျွန်တော်ဘာမှ မပြောပါဘဲလျက် ကျွန်တော့်စိတ်ထဲကအတွေးကို သူသိ၍


mgyoe.com

mgyoe.com SAMPLE BOOK



သိ၍နေသည်ဟူသောအချက်ပင် ဖြစ်၏။ ကျွန်တော်ဘာမှ ပြန်မဖြေဘဲ ငြိမ်၍သူ့ကို ကြည့်နေသည်။ နှစ်လိုဖွယ်ကောင်းလှသော်လည်း တစ်စုံတစ်ခု လစ်ဟာနေသောသူ့အပြုံးကို ကျွန်တော်အနီးကပ် မြင်တွေ့နေရ၏။ သူ့အပြုံးသည် မီးခိုငွေ့များပမာ ကျွန်တော့်ထံသို့ တည့်တည့်ပြေးလာ၍ ကျွန်တော့်ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ပါသည်။ ငါတို့ ခရီးဆက်ကြမယ်။ ရှေ့မှာ အစ်(ရှ်)တာကုန်းမြေမြင့်ဆိုတာကို တွေ့ရလိမ့်မယ်။ ခရီးကဝေးတော့ အတွေ့အကြုံ ဗဟုသုတတွေ ရတာပေါ့ကွာဟု ပြော၍ ကျွန်တော့်ခေါင်းကို ဆွဲကိုင်ကာ သွား၏။ ကျွန်တော်နောက်က လိုက်ခဲ့ရပြန်ပါသည်။ ဗဟုသုတ သိပ်မကြိုက်ပါ။

*

အစ်(ရှ်)တာ ကုန်းမြေမြင့်မှာ လေထန်လွန်းလှ၏။ တစ်ခါတစ်ရံ လေ၏ အသံကိုကြားရ၏။ တစ်ခါတစ်ရံ လေ၏အသံကို မကြားရ။ အနီရောင် ဖုန်လုံးများ လိပ်ကြွ၍ တက်လာ၏။ အရောင်ပြောင်းကာ အရပ်ကိုးမျက်နှာသို့ တစ်ပြိုင်နက် လွင့်စင်ခဲ့ထွက်သွား၏။ နောက်တစ်ချီ ဖုန်လုံးတစ်လုံး လိပ်၍ကြွ၍ တက်လာပြန်၏။ အရောင်ပြောင်းကာ အရပ်ကိုးမျက်နှာသို့ တစ်ပြိုင်နက် လွင့်စင်ခဲ့ထွက်သွားပြန်၏။ လေတိုက်ခြင်း၊ ဖုန်လုံးများ လိပ်ကြွတက်လာခြင်း၊ ဖုန်မှုန့်များ အရောင်အမျိုးမျိုး ရှိခြင်း၊ လွင့်စင်ဖြာထွက်သွားခြင်းတို့နှင့် ပတ်သက်၍ ကျွန်တော် အတွေ့အကြုံရသည်။ ဗဟုသုတဖြစ်သည်။ ထို့နောက် ဘာဖြစ်သလဲဟု ကျွန်တော်စဉ်းစားနေမိပါသည်။ တစ်စုံတစ်ယောက်က မောင့်လပြည့်ဝန်း သီချင်းကို ဆွဲငင် ကြေကွဲစွာ သီဆိုနေ၏။ ကျွန်တော့်ကိုယ်ခန္ဓာသည် တစ်စစီကွဲအက်၍ အစိတ်အပိုင်းတစ်ခုချင်း ဖြည်းညင်းစွာ မြေကြီးပေါ်သို့ ပြုတ်ကျနေသည်ဟု ခံစားရပါသည်။ ပြန့်ကျဲနေသော အကွဲအအက် အပိုင်းအစများပေါ်တွင် ဇော်ဇော်အောင်ဟူသော အမည်များ ရော်ဘာတံဆိပ်တုံးဖြင့် နှိပ်ထား၏။ အကွဲအအက် အပိုင်းအစ အစုအပုံမှ ကျွန်တော်ပြန်ထ၍ လာသည်။ ကောင်းကင်မှာ တကယ်ပင် လမင်းထွန်းလင်းနေပေပြီ။ လရောင်ခြည်သည် ချိုအီယစ်မူးသော ကျွန်တော်၏ အတွေးအခေါ်များကို ပုပ်သိုးသွားစေသည်။ ကျွန်တော့်တစ်ကိုယ်လုံး ပုပ်အဲ့နံစော်လာသည်။ အတွေးအခေါ် ပုပ်သိုးလျှင် တစ်ကိုယ်လုံးသာမက တစ်ဘဝလုံး လက်ကျန်ရက်များကိုပါ ပုပ်သိုးသွားနိုင်ကြောင်း ကျွန်တော်မသိခဲ့ရိုးအမှန်ပါ။ တစ်ခဲကို သုံးဆယ့်ငါးကျပ်လောက် ပေးရသော ရေမွှေးဆပ်ပြာခဲဖြင့် တိုက်ချွတ် ဆေးကြော ရေမိုးသန့်စင်ပေးလိုက်သောအခါ အတွေးအခေါ်များ မွှေးလာလိမ့်မည် ထင်ပါသည်။ အပွင့်ဟောင်းထဲမှ ရနံ့တို့သည် သစ်တတ်၍ အပွင့်သစ်ထဲမှ ရနံ့တို့သည်လည်း ဟောင်းတတ်၏။ အကယ်၍ ကျွန်တော်သည် ရနံ့တစ်ခုဖြစ်ခဲ့ပါလျှင် မည်မျှကောင်းသနည်းဟု တွေးမိရာ ကျွန်တော်၏ ခေါင်းပေါ်က ပုဂ္ဂိုလ်က ဖြစ်ခဲ့ပါလျှင်ဆိုတာ ဖြစ်ပြီလား မဖြစ်သေးဘူးလားဟု မေးသည်။ သည်လောက်မှ မသိရန်ကောဟု ပြောမည်ကြံကာ ပါးစပ်ကိုဟသော်လည်း ကျွန်တော့်ပါးစပ် ဟ၍မရ။ ကျွန်တော်သည် အလွန်အမှတ်သညာ နည်းပါး၍ သတိမေ့တတ်သူဖြစ်၏။ ကိုယ့်ဆန္ဒအလျောက် ခန္ဓာကိုယ်အစိတ်အပိုင်းများ လှုပ်ရှားစေတတ်သော အတတ်ပညာ ကျွန်တော့်မှာမရှိတော့ကြောင်း မေ့နေ၏။ ဟိုမှာကြည့်စမ်းဟုပြော၍ လက်ညှိုးညွှန်သည်။ သူ့လက်ညှိုးညွှန်ရာကို ကျွန်တော်ကြည့်၏။ ဟိုအဝေးကြီးမှ ရေတံခွန်တစ်ခုကို ပြောင်းပြန်မြင်နေရသကဲ့သို့. . . မီးခိုးများ အထက်သို့ ပျင်းရိလေးတွဲစွာ တွန့်လိပ်ခွေလိမ်၍ တက်နေသည်ကို မြင်ရ၏။ မီးခိုးများကြားမှ လူမျက်နှာများ ဝိုးတဝါး တွေ့ရ၏။ ကျွန်တော်နှင့် မတည့်သူများ ပါ၏။ ကျွန်တော့်အပေါ် ဆိုးညစ်ခဲ့သူများ ပါ၏။ ကျွန်တော်က ဆိုးညစ်လိုက်သော သူများပါ၏။ ကျွန်တော့်အပေါ် ဆိုးညစ်သူများက ပြုံးရယ်နေကြ၏။ တချို့လည်း အားတုံ့အားနာ အမူအရာ ရှိနေ၏။ ကျွန်တော်က ဆိုးညစ်လိုက်သောသူများသည် မကျေနပ်စွာ အော်ဟစ်ဆဲရေးနေကြ၏။ သူတို့ဘာလုပ်ကြသလဲ။ ကျွန်တော့်သူငယ်ချင်း ကဗျာဆရာတစ်ယောက်



mgyoe.com

mgyoe.com SAMPLE BOOK



က ကဗျာကိုးပုဒ်ကို လှုပ်ယမ်းပြ၍ ကျွန်တော့်အား စာအုပ် တစ်အုပ်လှမ်းပေးသည်။ ခင်မင်သူများက နှုတ်ဆက်ကြ၏။ မုန်းတီးသူများက မျက်လုံးများကို နီရဲအောင် ပြူးကျယ်ပြကြ၏။ သူတို့ဘာလုပ်နေကြသလဲ။ သူတို့ဘာလုပ်နေကြသလဲဆိုတာ အကြောင်းမဟုတ်ပါဘူးကွာ။ တို့ဘာလုပ်မယ်ဆိုတာသာ အကြောင်းပါ။ တို့ဘာလုပ်နေကြသလဲ။ တို့ရွှေချောင်းတွေ ရှိတဲ့နေရာကို သွားမယ်လေ။ ဟိုမှာ မင်းနဲ့ငါ တစ်ဝက်စီခွဲယူပြီး ကမ္ဘာတစ်ခြမ်းစီ ဝယ်ကြမယ်။ အဲဒါ ငါတို့လုပ်ရမယ့် အလုပ်ပေါ့။ ကမ္ဘာ့အနောက်ဘက်ခြမ်းကို ဝယ်မည်။

*

ကျွန်တော် ရှေ့ဆက်သွားရ၏။ ကျွန်တော်နှင့်အတူ သူလိုက်ပါလာလျှင် မည်မျှကောင်းမည်နည်း။ သို့သော် သူ့တွင် ဈေးဝယ်ရန် ရှိ၏။ စာပြရန် ရှိ၏။ အပ်ချုပ်ဆိုင် သွားရန် ရှိ၏။ လျှော်ဖွပ်ချက်ပြုတ်ရန် ရှိ၏။ လူမမာမေး သွားရန်ရှိ၏။ ကြမ်းပြင်ကို လှည်းကျင်းရန်၊ သစ်ခွပန်းအိုးကို ရေလောင်းရန်၊ စာဖတ်ရန်၊ ဘုရားရှိခိုးရန် ရှိသည်။ ဘဝ၏ အရေးကိစ္စမှန်သမျှကို အချိန်ဇယားချ၍ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်သောသူ လိုက်လာနိုင်မည်မဟုတ်ပါ။ သူနှင့်အတူ ရှိနေခဲ့ရသော အချိန်များသည် ကောင်းချီးမင်္ဂလာများဖြစ်၏။ ထိုအကြောင်းကို တသသ ဖြစ်နေခြင်း၏ အချည်းနှီးအကျိုးမဲ့မှုကို ကျွန်တော် ငြင်းပယ်ခဲ့ပါသည်။ နေရောင်ခြည် ရောယှက်ထားသော မိုးငွေ့မှုန်များ ကျဆင်းနေသည့် တစ်ညနေခင်း သူပြန်သွားကတည်းက ထိုငြင်းပယ်မှုကို ကျွန်တော် စွန့်လွှတ်သင့်ပါလျက် မစွန့်လွှတ်မိသော အမှားဒဏ်ကို ယခုတိုင် ခံနေရဆဲဖြစ်သည်။ ပင်ပန်းလွန်းလှပါတယ်ကွာ . . . ဟု ကျွန်တော့်ခေါင်းပေါ်မှ ပြောသံကြားရ၏။ ကျွန်တော်သည် ရှက်ရွံ့မလုံမလဲဖြစ်၍ ကျွန်တော့်ရင်ထဲမှာ သိမ်းဆည်းထားသော ဆာရီရယ်လစ် ပန်းချီကားကို ထုတ်ပေးလိုက်ရ၏။ ရင်ထဲမှာ ထိုပန်းချီကား မရှိသော အခါ ပို၍ လေးလံမွန်းကျပ်လာ၏။ ဘဝအဆက်ဆက် သံသရာကပါလာခဲ့သော အညစ်အကြေး ဝန်ထုပ်ကြီး ကျန်ရှိနေသေးကြောင်း ကျွန်တော်သတိမထားမိပါ။ ကျွန်တော့်ကိုယ်ထဲမှာ ပုပ်စော်နံသော သံသရာချေးညော်အထုပ်ကြီးရှိနေသည်မှာ လေးလံလှပါ၏။ ရွှေချောင်းများ ရှိရာကို လိုက်ပို့သူက ကျွန်တော့်ကို ဆွဲငင်ခေါ်ဆောင်သွားပြန်သောအခါ ကျွန်တော်သည် ပေါ့ပါးစွာ လိုက်ပါလာခဲ့ရပြန်၏။

သိသည်ဟု ထင်နေသူက သူသိသမျှ ဟုတ်မှန်သည်၊ သူမသိသော အရာများ မဟုတ်မှန်ဟု အာပေါင်အာရင်း သန်စွာ ပြောနေ၏။ အမျှ. . . အမျှ။ အချိန်ကြာမြင့်စွာ မဖွပ်လျှော်ဘဲ ပစ်ထားသော ဘောကန်ခြေအိတ်ကဲ့သို့ ရှုပ်လည်းရှုပ်၍ နံလည်း နံသော အတွေးအခေါ်များကို မီးပုံထဲသို့ ပစ်ထည့်လိုက်၏။ အမျှ. . . . အမျှ။ အမည်ဆိုသည်မှာ ခေါ်စရာတစ်ခုသာ ဖြစ်၍ နှင်းဆီပန်းကို နှင်းဆီပန်းဟုမခေါ်ဘဲ အခြားနာမည်တစ်ခုဖြင့် ခေါ်ပါသော်လည်း ရနံ့မွှေးပါက ရနံ့သည် မွှေး၍ ရနံ့မမွှေးပါက ရနံ့သည် မမွှေးဘဲ ရှိလိမ့်မည်ဖြစ်သောကြောင့် နှင်းဆီပန်းသည် နှင်းဆီပန်းသာလျှင်ဖြစ်၍ အမည်နှင့်ပတ်သက်၍ အငြင်းပွား အချင်းများသူကို ဈေးလယ်တွင် ကားစင်တင်၍ လူသွမ်းဟု အမည်တပ်ကာ ကွပ်မျက်လိုက်ပါ။ အမျှ. . . အမျှ။ ကျွန်တော်သည် ရွှေချောင်းများ ရနိုင်သည်ဟု လာရောက်ခေါ်ငင်သော လူစိမ်းတစ်ယောက်၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့ပါသည်။ အမျှ. . . အမျှ။ အနုပညာဆိုသည် လူသား၏ ကြီးကျယ်မြင့်မြတ်မှုကို ပြရန်မှတစ်ပါး အခြားအရေးကိစ္စ မရှိ။ သာဓု. . . သာဓု။

*

မိုးပေါ်မှာ နေတစ်စင်း ဝင်းဝင်းတောက်နေ၏။ ပတ်ဝန်းကျင်လောကသည် ကြေးနီရောင်ထလျက်။ လေပြင်းတစ်ချက် ဝှေ့သည်နှင့် နွေလယ်ကွင်းနှင်းများ ပြန့်ကျဲသွား၏။ လိမ္မော်သီးကားကြီး တစ်စင်းမှောက်သွား၍ လူတစ်ယောက် ဝမ်းနည်းပက်လက် ငိုနေ၏။ နောင်



mgyoe.com

mgyoe.com SAMPLE BOOK



တော် ထပ်ကြိုးစားပါဦး။ မိမိလိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ၊ ဘဝတစ်ခုကို ရပြီးသည့်နောက် ဆက်လက်တာဝန်ယူရလိမ့်မည်ဟု လူတတ်လုပ်ပြီး ပြောဖို့ကြံရွယ်သောအခါ ကျွန်တော့်ခေါင်းပေါ်က လူက ချောင်းတစ်ချက် ဟန့်၏။ ကျွန်တော်ဘာမှ မပြောလိုက်။ ပြော၍လည်း ရမည်မဟုတ်ပါ။

မာတိစ်ဉယျာဉ်ဟူသော ဆိုင်းဘုတ်ကြီးကို တွေ့ရ၏။ ဉယျာဉ်တွင်းသို့ ကျွန်တော်တို့ ဝင်လာခဲ့သည်။ ထင်းရှူးဖြူပင်သည် မားမားရပ်၍ ကျွန်တော်တို့ကို ကြည့်နေသည်။ ကျောက်ဖြူသား ထိုင်ခုံတစ်ခုပေါ်မှာ အညိုရောင် ခွာမြင့်ဖိနပ် တစ်ရံကို တွေ့ရ၏။

အစိမ်းရောင် နှင်းမြူကြားမှ အဝါရောင်တိုက်တစ်လုံး ပေါ်လာ၏။ ဝရံတာပေါ်မှာ ပန်းအိုးသုံးလေးလုံး တွေ့ရသည်။ အဝါရောင် အခန်းစီးစသည် အစိမ်းရောင် တောက်နေ၏။ ပင်လယ်ကဗွီးပင်များ။ အောက်ခြေတွင် သဲပုံတစ်ပုံရှိသည်။ သဲများအတွင်းမှာ ခေါင်းကိုမြှုပ်၍ အိပ်နေသော ကြိုးကြာငှက်တစ်ကောင်ကို အဝေးက မြင်သည်။ ကြိုးကြာငှက်၏ အနီးတွင် လက်ဖက်ရည်ဖျော်စက်ရှိ၏။ ထိုစက်ထဲမှာ ဆားအိတ်များရှိသည်။ ဆားအိတ်များကို မိုးရေမထိစေရန် ထီးမိုးပေးထားရသည်။ ထီး၏အရောင်သည် အဖြူနှင့်အပြာကြားဖြစ်၏။ လမ်းသွားရဖန်များ၍ ကျွန်တော်၏ခြေထောက်များ ပေါက်ဖူးရောင်၍နေပြီ။ စိမ်းလန်းသော ကန်ပေါင်ရိုး ပေါ်သို့ အုတ်လှေကားထစ်များ တက်သွားသော လမ်းကလေးရှိ၏။ လမ်းဆိုသည်မှာ လိုရာအရပ်ကို မယိမ်းမယိုင် ဆက်သွယ်ပို့ဆောင်ပေးသည်ချည်း ဖြစ်၏။ ယိမ်းယိုင်တတ်သည်မှာ လမ်းမဟုတ်။ ခြေလှမ်းများသာ ဖြစ်သည်။ ကျွန်တော့်ခြေလှမ်းများ ယိမ်းယိုင်နေသည်မှာ အနည်းဆုံး ကိုးနှစ်အများဆုံး တစ်ဘဝ ရှိပါပြီ။ ယိမ်းယိုင်စွာ ဆက်လျှောက်လာခဲ့၏။ ကျွန်တော့်ခေါင်းကို ဆွဲငင်ဆုပ်ကိုင်ထားသော သူ့လက်ချောင်းများအောက်တွင် ကျိန်းစပ်နာကျင်နေပါသည်။

စားပွဲပေါ်မှာ လူတစ်ယောက် ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်။ အနုပညာအယူအဆ ဓာတ်လိုက်နေခြင်းဖြစ်ကြောင်း သိရသည်။ ဝိုင်ယာကြိုးကို ဆွဲဖြုတ်ရန် ပလပ်ပေါက်ကို ရှာ၏။ ထိုလူက အော်ဟစ်ကန့်ကွက်သည်။ ပလပ်ပေါက်ကို တွေ့ပါလျက် သူကန့်ကွက်သောကြောင့် ပလပ်ခေါင်းကို ဆွဲမဖြုတ်ဘဲ သည်အတိုင်း ထားခဲ့ရသည်။ သနားစရာ။ လောကမှာ ဓာတ်လိုက်ပြီး အသေခံလိုသူတွေ ရှိပါကလား။ ရှိပါစေ။ ကိုယ့်ကိစ္စ မဟုတ်ပါဟု အသင့်အတင့် နှလုံးသွင်းလိုက်ရုံမှတစ်ပါး အခြားဘာမှ မရှိပါ။

*

ရှေ့မှာ ချောင်းကလေးတစ်ခု တွေ့ပြန်သည်။ ပယင်းရောင် ခပ်လဲ့လဲ့၊ စေးစေးပျစ်ပျစ် ပျားရည်များသည် ထိုချောင်းကလေးထဲတွင် ဖြည်းညင်းစွာ တအိအိစီးဆင်းနေ၏။ ကျွန်တော် တစ်ခါမှ စိတ်ကူးမကြည့်မိသော ပျားရည်ချောင်းထဲမှာ ပလတ်စတစ်ပန်းအတုများ မျောပါလာ၏။ ထိုပလတ်စတစ်ပန်းများ တွေ့မြင်လိုက်သော ခဏတွင် အမျိုးဘာသာ သာသနာကို စွန့်ပယ်သွားသော နတ်ရှင်နောင်ကို သတိရ၏။ ပလတ်စတစ်ပန်းများပေါ်မှာ အပြာရောင်လဲ့လဲ့သန်းသော မုတ်ဆိတ်ရိတ် ဘလိပ်ဓားသွားများ ပါလာ၏။ အချို့ ဘလိတ်ဓားသွားများသည် ရွှေရောင်တောက်နေသေး၏။ ချောင်းတစ်ဖက် သစ်ပင်အောက်မှာ ပန်းပုရုပ်တု တစ်ခုရှိနေသည်။ ဘာအရုပ်ဟု ပြောပြရန်ခက်သည့် လူရုပ်လား၊ နတ်ရုပ်လား၊ တိရစ္ဆာန်ရုပ်လား ခွဲခြားပြော၍မရ။ ပန်းပုရုပ်ဖြစ်နေသည်မှာ သေချာသည်။ ပန်းပုရုပ်တစ်ရုပ်သည် ပန်းပုရုပ်တစ်ရုပ်ဖြစ်ကြောင်း ပြောပြနိုင်ရန် တစ်ခုခုတော့ လိုအပ်ပေလိမ့်မည်။ ပန်းပုရုပ်တစ်ရုပ်ဖြစ်ကြောင်း ပြောပြနိုင်ခြင်းနှင့် ဘာအရုပ်ဖြစ်ကြောင်း ပြောပြနိုင်ခြင်း အတူတူလား။ တခြားစီလား။ ပန်းပုရုပ်တစ်ရုပ်ဖြစ်ကြောင်း အတည်ပြုလိုက်ခြင်းနှင့် ဘာအရုပ်ဟု သိလိုက်ခြင်းတို့သည် သီးခြားသပ်သပ် ကိစ္စများ ဖြစ်ပုံရပါသည်။ နေ တစ်ခါဝင်တော့မည်။ သစ်ကိုင်းသစ်ခက် သစ်ရွက်တို့ကြားမှ ဖြာဆင်း



mgyoe.com

mgyoe.com SAMPLE BOOK


စောင်းရွှေကျလာသော နေရောင်ခြည်သည် ပျားရည်စမ်းချောင်းပေါ်တွင် လှပသော ဒီဇိုင်းအဆင်များ ပေါ်စေသည်။ သစ်ကိုင်းအရိပ်ကြားမှ နေရောင်ခြည်အကွက်ဒီဇိုင်းသည် ချိုသာမွှေးပျံ့နေ၏။ ထိုမွှေးပျံ့ချိုသာခြင်းသည် သစ်ပင်အောက်တွင် ရှိသော ကိတ်မုန့်တစ်လုံးကို ရစ်ပတ်ဖုံးအုပ်လိုက်သည်။ ကျွန်တော့်ခေါင်းပေါ်က လူက ထိုကိတ်မုန့်ကို စားလျှင် ဉာဏ်ပညာရှိလိမ့်မည်၊ ယူ၍စားပါဟု ပြောသည်။ ကျွန်တော် ဉာဏ်ပညာ မရှိချင်ပါ။ အခုရှိသမျှ ဉာဏ်ပညာကလေးနှင့်ပင် လောကကို ချိန်တွယ်ရသည်မှာ ပင်ပန်းဝန်လေးလှ၏။ နောက် ထပ်ပင်ပန်းဝန်လေးမှုများ တိုးလာအောင် ဘာမှမလုပ်ချင်ပါ။ ကျွန်တော် ဤနေရာက ထွက်ခွာသွားချင်လှပါပြီ။ ချိုအီဆိမ့်လေးသော ရနံ့များ၏ မွှေးပျံ့ ကြိုင်လှိုင်လွန်းခြင်းကို ကျွန်တော် သည်းမခံနိုင်တော့ပါ။ ကျွန်တော့်စိတ်ကို သိသောသူဖြစ်၍ ကျွန်တော်သွားချင်စိတ် ပေါ်ရုံနှင့် ကျွန်တော့်ခေါင်းကို တင်းတင်းကျပ်ကျပ် ဆွဲကိုင်ကာ ပျံတက် ထွက်ခွာလာခဲ့၏။

ပိုးဟပ်ဆယ့်သုံးကောင်၊ ပင်အပ်တစ်ထုပ်၊ ခဲနီတံသုံးချောင်း၊ ပျို့ဟောင်းတစ်စောင်နှင့် ရေနံ့ဝနေသော ပေထုပ်တစ်ထုပ်ကို အံဆွဲထဲမှာ တွေ့ရ၏။ ထိုအံဆွဲကို အံမှ ဆွဲထုတ်၍ စားပွဲပေါ်တွင် တင်ထားသည်။ အံဆွဲနှင့်ဖိလျက်သား စာရွက်တစ်ရွက်ကိုလည်း တွေ့ရ၏။ ထိုစာရွက်ကို ကြွက်ကိုက်ထား၍ အနားများ ဖွာလံကျဲနေသည်။ ထိုစာရွက်ကို အသေအချာကြည့်သောအခါ ကေ. . . ဆိုသော သူ၏ မြေတိုင်းအရာရှိအလုပ်ခန့်စာ ဖြစ်နေသည်။ ထူးဆန်းအံ့ဩဖွယ်ရာ လေးစားဦးညွှတ်ဖွယ်ရာ စကားပြေ ရေးနိုင်စွမ်းရှိသော ကေသည် တစ်ထောင့်ကိုးရာ နှစ်ဆယ့်လေးခုနှစ်၊ အသက်က လေးဆယ့်တစ်နှစ်အရွယ်တွင် သေဆုံးခဲ့သည်။ ကမ္ဘာလောကသည် လူတော်အနုပညာရှင်တစ်ယောက် ဆုံးရှုံးခဲ့ရသည်။ သူ့အလုပ်ခန့်စာကို သည်မှာလာ၍ တွေ့ရသည်။ အမှန်စင်စစ် ကျွန်တော်ဘာမှမသိပါ။ ရေထဲမှာ မြှုပ်ထားသော သံပုံးစုတ် တစ်လုံးထဲတွင် ငါးရှဉ့်များ ပြည့်သိပ်စွာ ခွေနေ၏။ စကြာဝဠာ၏ ဟိုဘက်တွင် ဘာရှိမည်ကို ကျွန်တော် စဉ်းစားမရပါ။ ဦးနှောက်များ ထုတ်ယူထားပြီးဖြစ်သော ကျွန်တော့်ဦးခေါင်းထက် စက်ပျက်နေသော ကွန်ပျူတာတစ်လုံးကိုသော်လည်းကောင်း၊ ငါးရှဉ့်များရှိသော သံပုံးအစုတ်ကိုသော်လည်းကောင်း၊ လက္ခဏာဆရာ တစ်ယောက်ယောက်ကိုသော်လည်းကောင်း မေးကြည့်လျှင်မှ ဘာရှိမည်ကို ရေးတေးတေး ပြောနိုင်လိမ့်မည်ထင်သည်။

အလွန် ရယ်စရာကောင်းပါသည်။ ကျွန်တော့်ခေါင်းထဲမှာ ရွှေချောင်းများရှိသည်ကို ဗေဒင်ဆရာများ မသိကြပါ။ စနေဂြိုဟ်၏ လှပသော ကွင်းဝိုင်းများအလယ်တွင် နောက်ထပ် လတစ်စင်း ထပ်မံတွေ့ရှိသည်ဟု ဆိုကြသည်မှာ မဆန်းပါ။ ကျွန်တော့်ကိုယ်ပိုင် မိုးကောင်းကင်တွင် နေ့စဉ်နေ့တိုင်း လပြည့်ဝန်းများ တစ်ခုပြီးတစ်ခု သစ်ဆန်း တိုးပွားနေသည်မှာ ကိုးနှစ်မက ကြာပါပြီ။ လက်ခုပ်နှင့်ခပ်ယူခဲ့သော စမ်းရေသည် တစ်စတစ်စ ယိုစိမ့်၍ ကုန်ပြီ။ သွားကြဦးစို့၊ အချိန်သည် ရွှေလောက် အဖိုးမတန်သော်လည်း အတော်အသင့်တော့ အဖိုးတန်ပါသေးသည်။ ရွှေချောင်းများကိုရမှ ကျွန်တော်နာရီ အလုံးတစ်ထောင် ဝယ်၍ထားဦးမည်။

*

သွားနေသော်လည်း ခရီးမတွင်လှပါလားဟု ထင်ရသော်လည်း တစ်ခါတစ်ခါ အလွန်ဝေးကွာခဲ့ပြီဟု ထင်မိပြန်၏။ ခရီးဆုံးအောင် သွားရမည်လော။ အဆုံးဆိုသည်မှာ ဘာလဲ။ တစ်ခါတစ်ရံ မစမီက ဆုံးတတ်သည်။ ကျွန်တော်သည် ရှေ့ခရီးကို စပြီးပြီလား။ ဘယ်တော့ဆုံးမည်လဲ။ အဆုံးကို မှန်းမျှော်စဉ်းစားသောအခါ မော၍လာ၏။ ဘဝအမောတွေ ပြေလျော့သန့်စင်စေဖို့. . . ကွမ်းတစ်ယာနှင့် ဆေးတစ်အိုး ပေးကြပါ။ ကျေးဇူးပြု၍ မုန့်အချိုတစ်ခုလည်း ပါပါစေ။

ထိုစဉ် ရုတ်တရက် မှောင်မည်း၍လာ၏။ အမှောင်သည်ဇာတ်စင်ပေါ်မှ ကားလိပ်ကြီးကျသလို ဖြည်းညင်းစွာ ကျလာခြင်းမဟုတ်။ သံသေတ္တာအဖုံးကို ဖြုန်းခနဲ


mgyoe.com

mgyoe.com
SAMPLE BOOK


ပိတ်လိုက်သလို မြည်ဟီး၍ ကျလာသည်။ လေပြင်းများ တိုက်ခတ်လာ၏။ ဆူညံသော တော်လဲသံများ ကြားရ၏။ တောင်တန်းများ ကွဲပြိုသံများ တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်နေ၏။ ကောင်းကင်သည် ကွဲအက်၍ လွင့်စင်ဖြာထွက်သွား၏။ တောင်ပင်လယ်စွန်းမှ ဒီလှိုင်းများ ရိုက်နှက်လာသည်။ ကျွန်တော့်ခြေဖဝါးအောက်က မြေကြီးသည် သွင်သွင်ခါယမ်း၍ လှုပ်၏။ ထိုစဉ် လျှပ်တစ်ချက် ဝင်းခနဲ ပြက်လိုက်သည်။ နေမျိုးပလကျော်သူဘွဲ့ရ ရွာစားကြီး စိန်ဗေဒါ၏ ခြောက်သွယ်ညွှန့်တီးလုံးကို ကြားလိုက်ရသည်။ အရှေ့မှာ ပတ်ရင်းသံ၊ ပတ်ဖျားသံ အတွဲများကြားတွင်. . . ။

ဤမျှ များပြားသော ရွှေတုံးများ၊ ရွှေချောင်းများကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးပါ။ စိတ်ကူးမကြည့်ဖူးပါ။ အိမ်မက်ပင် မမက်ဖူးပါ။ ရွှေချောင်း၊ ရွှေတုံး အပုံကြီး၏ ထိပ်ဖျားကို တိမ်တိုက်များ ရစ်ပတ်ဖုံးလွှမ်းနေ၏။ အကျယ်အပြန့်ကို မှန်းဆ၍ မရပါ။ ရွှေချောင်းများ၊ ရွှေတုံးများ၊ ရွှေတုံးများနှင့် ရွှေချောင်းများ။

ရွှေဟိမဝန္တာတောင်ကြီးကို ငေးကြည့်နေစဉ် ကျွန်တော့်ခေါင်းပေါ်က လူသည် ရယ်မောလျက် ရွှေချောင်းအခိုးအငွေ့များဖြစ်ကာ ပျောက်ကွယ်သွား၏။ ဤမျှများပြားသော ရွှေချောင်း ရွှေတုံးများကို ကျွန်တော်တစ်ယောက်တည်းသာ ပိုင်ဆိုင်ရတော့မည်။ ကမ္ဘာတစ်ခြမ်းမဟုတ်တော့။ တစ်ကမ္ဘာလုံးကို ကျွန်တော် ဝယ်တော့မည်။ တစ်ကမ္ဘာလုံး။ ရွှေများ။ ရွှေချောင်းနှင့် ရွှေတုံးများ။

*

ကျွန်တော် သေသွားပြီ။ မည်သူ ကျွန်တော့်ကို သတိရမည်နည်း။ နှစ်ရက်မျှ ကြာဟောင်းသွားသော သတင်းစာမှ နာရေးကြော်ငြာသည် ဘယာကြော်ထုပ်ပြီး လမ်းဘေးသို့ လွှင့်ပစ်ခြင်းခံလိုက်ရသော အချိန်က ဆီများ စွန်းကွက် ပေကျံနေပေပြီ။ သေခြင်းဆိုသည်မှာ အစလား၊ အဆုံးလား၊ အစဉ်၏ အစိတ်အပိုင်းလား၊ ကျွန်တော်သေလျှင် သူငိုမည်လား။ တစ်နှစ် တစ်ခါ ကျွန်တော့်ကို သတိရမည်လား။ ကျွန်တော်ကြိုက်သော လက်ဖက်ရည်ခါးခါးကျကျ ချိုချိုတစ်ခွက်ကို အမှတ်ရသော သဘောဖြင့် တစ်သက် ပြန်မသောက်တော့ပါဟု ဆုံးဖြတ်မည်လား။ ကျွန်တော်ကြိုက်သော ဒူမောရီးယားစီးကရက်ဗူးခွံလှလှကလေးများကို စိတ်ပြေစရာ စုဆောင်းသိမ်းဆည်းထားတော့မည်လား။ ပိတောက်ပန်းပွင့်သောနေ့မှာ ခရမ်းရောင်ဝတ်စုံကို သတိရစွာ ထုတ်ယူဝတ်ဆင်မည်လား။ ကျွန်တော်ရေးခဲ့သော ဝတ္ထုနှင့်ဆောင်းပါးများ၏ ဟောင်းနွမ်းဝါကျင်သော စာမျက်နှာပေါ်သို့ သူ့မျက်ရည်တစ်စက်တလေမျှ ကျသွားလေမည်လား။ ထိုအတွေးများသည် သေခြင်းပွိုင့်၏ ဟိုမှာဘက်သို့ မလိုက်ပါသော ရှက်ဖွယ်အတွေးများ ဖြစ်လေသည်လား။ ငါသေလျှင် မငိုပါနှင့်၊ ပင်လယ်ကဗွီးပင်အောက်တွင် မြှုပ်နှံ၍ အုတ်ဂူပေါ်မှာ သစ်ခွပန်းများ ကျဲချထားပါဟုမှာသော အရှူးလောက် မရှူးဟု ထင်ပါသည်။ သတိရခြင်း၊ မေ့လျော့ခြင်း၊ ချစ်ခင်ခြင်း၊ မုန်းတီးခြင်းတို့အတွက် အရေးထားသတိပြုမိစရာ အကြောင်းရင်းဖြစ်သော ကျွန်တော်၏ ဖြစ်တည်မှုတစ်ခုသည် ကန့်သတ်ချက် အတိုင်းအတာကုန်လွန်သွားခြင်းသာဖြစ်ပါ၏။ ကမ္ဘာပေါ်တွင် လူသားသန်းပေါင်း လေးထောင့်လေးရာ ကျန်သေး၏။ ရွှေချောင်းများ၏ အစုအပုံအောက်မှာ သေဆုံးသွားသူတစ်ယောက်အတွက် ဘာမှမဖြစ်ပါ။ ရှင်ကျန်ရစ်သူများကိုသာ ထမင်းဝဝကျွေး၍ ကလေးများကို ကျောင်းထားပေးပါလေ။ ထို့ပြင်. . . အနုပညာလည်း ရှင်သန်ဝေစည်ပါစေ။ မေတ္တာတရားလည်း. . . . ။

ဆေးလိပ်လည်းတို

နေလည်း ညိုပြီ. . .

(သူငယ်ချင်းတစ်ယောက်၏ ကဗျာမှ)

❑

mgyoe.com

mgyoe.com SAMPLE BOOK



# (၅) မိုးရေထဲက ကံ့ကော်ပင်လွမ်းချင်း

လောက၏ လက်ဝါးပြင်ပေါ်တွင် အမြော်အမြင်ရှိသော မိန်းမသည် ခရမ်းရောင်ဝတ်စုံဝတ်ဆင်လျက် ရပ်နေသည်ကို ကြည့်ကြလော့။

*

ရေကန်ဘေးတွင် ပိတောက်ပန်းများ ပွင့်နေသည်။ မိုးငွေ့ဖြင့် သိပ်သည်းသော အပြာရောင်လေထုကို ဖြတ်၍ ပိတောက်ပန်းရနံ့များ ပျံ့သန်းလာသည်။ ကလေးဘဝက သကြ်န်အခါကိုလည်းကောင်း၊ လွဲခဲ့ရသော အချစ်ဟောင်းကိုလည်းကောင်း၊ အပျော်ဆုံးနေ့ကိုလည်းကောင်း ပိတောက်ပန်းရနံ့က သယ်ဆောင်လာမြဲ ဖြစ်သည်။ သကြ်န်ကျလုနီးပြီလား၊ ကျပြီးသွားပြီလား မသိပါ။ နေ့စွဲ၊ ရက်စွဲ၊ ခုနှစ်သက္ကရာဇ်များနှင့် ပတ်သက်၍ ကျွန်ုပ်သည် လွန်စွာအမှတ်သညာ နည်းပါးသူဖြစ်၏။ သို့သော် ထိုနေ့က မိုးရွာနေသည်။

*

မိုးစက်များသည် အုံ့သြဖွယ်ရာ ပူနွေးနေ၏။ သူနှင့် ကျွန်ုပ် ထီးတစ်လက်ကို မရွံ့မရဲ အတူဆောင်း၍ ပိတောက်ပင်တန်း ရေလွှမ်းသော လမ်းအတိုင်း လျှောက်ခဲ့သည်မှာ နာကျင်စွာ အမှတ်ရဖွယ်ဖြစ်သည်။ မယုံနိုင်ဖွယ် နီးကပ်စွာ ရှိနေခြင်းအဖြစ်ကို သတိရနေပါသည်။ ပခုံးစွန်းချင်း မထိအောင် သတိကြီးစွာ ထားနေကြရကြောင်း နှစ်ယောက်လုံး သိကြပါသည်။ မည်မျှပင် သတိထားနေစေကာမူ ပျော့ပျောင်းကြမ်းရှသော သူ့အင်္ကျီစနှင့် မကြာခဏ ထိမိကြောင်း ကျွန်ုပ်တို့သိကြ၏။ လေတွေ့ဝန်းသည်နှင့် မိုးစက်များ ယိမ်းခါသွားသည်။ သူ့ကိုယ်တခြမ်း မိုးရွှဲစိုပြီ။ အအေးကြောက်သော ထိုမိန်းမဖျားနေလျှင် မည်သူ့အား ကျွန်ုပ်တရားစွဲရမည်နည်း။ ဝါညိုညစ်သော ရေများ လမ်းပေါ်တွင် အရှိန်အဟုန်ဖြင့် စီးနေ၏။



mgyoe.com

mgyoe.com SAMPLE BOOK



ရာဘာဖိနပ် သဲကြိုးပြတ်တစ်ခုသည် ချာလည်လည်၍ မျောပါလာသည်။ လမ်းတစ်လျှောက်တပြန့်စီးနေသော ရေပြင်သည် ချိုင့်ဝှမ်းကျောက်ခဲများကြောင့် အသေးစား ရေတံခွန်များကို ဖြစ်ပေါ်စေ၏။ လျှပ်တစ်ချက် ဝင်းပြက်၍ သော်ကရွက်များ ပြတ်ကြွေသွား၏။ မိုးခြိမ်းလျှပ်ပြက်သည်နှင့် ကောင်းကင်သည် ကွဲအက်သွား၍ ချက်ချင်း အကောင်းပကတိ ပြန်ဖြစ်သွားသော်လည်း ဘဝ၏ ပါးလျားအားနည်းသော နေရာတွင် ကွဲအက်သွားပါက အကောင်းပကတိ ပြန်ဖြစ်ရန် မျှော်လင့်ချက်မရှိကြောင်း ကျွန်ုပ်ကောင်းစွာ သိသင့်ပါလျက်မသိ။ မိုးစဲသည်နှင့် အဝါရောင် တိမ်တိုက်တစ်လုံး ဘွားဘွားပေါ်လာသည်။ ကျွန်ုပ်သည် နပိုလီယံအစစ်ဖြစ်ကြောင်း ပြောကြားရန် နောက်ကျသွားပေပြီ။ အနက်ရောင်ထီးတလက် ပျံတက်သွား၏။ ရေကန်ထဲမှာ ကြာညိုပန်းများ ရှိ၏။

*

မုတ်သုံဦးမှာ မိုးပထမဆုံး ရွာသောနေ့။ မြေအက်ကြားမှ နိုးထသော မြေသင်းနံ့နှင့်တူသော သူ့အပြုံး။ အမှတ်မထင် ထိတွေ့ကြသော ကျွန်ုပ်တို့၏ လက်ချောင်းကလေးများကို မည်သူတွေ့မြင်လိုက်ကြသနည်း။ သူ့ထံမှ စူးရှသင်းပျံ့သော ကိုယ်နံ့နှင့် ပိတောက်ပန်းအပြုံးကို ကျွန်ုပ်တွေ့ရှိခံစားရသည်မှာ ခိုးကြောင်ခိုးဝှက် ဖြစ်လှပါသည်။ ပါးနပ်သော ထိုမိန်းမ သိမည်မှာ သေချာ၏။ မျက်နှာကို အပြုံးနှင့်ဖုံး၍ မသိကျိုးကျွင်ပြုနေသော်လည်း သူ့မျက်လုံးများကို ကျွန်ုပ်ကောင်းစွာ ကျွမ်းဝင်ရင်းနှီးပါသည်။ သူ့မျက်လုံးများက ကျွန်ုပ်၏ ခိုးမှုခိုးရာကို သိကြပါသော်လည်း မသိဟန်ဆောင်သည့် အကြောင်းကို ကျွန်ုပ်သိကြောင်း သူသိသည် ဆိုသောအကြောင်းကို ကျွန်ုပ်သိပါသည်။ တောက်ပဝင်းလက် အရောင်ထွက်သော ကြယ်ပွင့်များသည် သဲကန္တာရအတွင်း သဲပွင့်များအောက်တွင် ရှိနေကြသည်ကို လူအချို့သာ သိကြ၏။ ဝေးလံသော အရပ်တစ်ပါးမှ တယောသံကို ကြားရသည်။ ထိုတယောကြိုးများသည် မကြာမီ မီးလောင်ကျွမ်း၍ ကျွန်ုပ်၏ နှလုံးသားအား အမည်းစက်များ ဖြစ်ပေါ်စေလိမ့်မည်ဟု မည်သူကမှ ကြိုတင်ပြောမထားကြပါ။ ကေ . . . . ၏ ရဲတိုက်သည် မြင့်မားလှ၏။

*

ချိုပေါ့ကျ လက်ဖက်ရည်တစ်ခွက် အတွင်းမှာ မဆုံလိုက်ရသော အထီးကျန်မှုသည် စိတ်ပျက်ဖွယ် တစ်စစီ ပြိုကွဲသွားသော အတူတကွ ရှိနေခြင်းကို ခေါင်းဖြတ်အဆုံးစီရင်လိုက်သည်။ သူနှင့်မတွေ့လိုက်ရသော ကင်းမဲ့ခြင်းအဆိပ်ကို စိန်စီထားသည့် ရွှေခွက်တွင်ထည့်၍ ကျွန်ုပ် သောက်မျိုလိုက်ပြီ။ မော်တော်ကားတစ်စင်း ညာဘက်သို့ ချိုးကွေ့ အခိုးအငွေ့ဖြစ် ပျောက်ကွယ်သွားသည်။ သူပြန်သွား၍ မရှိခြင်းအဖြစ်ကို ရောဘတ်ရောရှင်ဘတ်ဂ်ထံ ပန်းချီကားတစ်ချပ်ဆွဲပေးရန် အပ်နှံရဦးမည်။ မော်တော်ကား တာယာတစ်ခု စွပ်ထားသော ဆိတ်တစ်ကောင် ကမ္ဘာကျော်သကဲ့သို့ သူထိုင်သွားသော ကုလားထိုင်တစ်လုံးသည် ကမ္ဘာကျော်သွားလိမ့်မည်ထင်သည်။ သစ်သားခွေးခြေခုံများကို မပျောက်ပျက်ရအောင် သံကြိုးဖြင့် ချည်တွဲထား၍ရသော်လည်း လူကိုသံကြိုးချည်ထား၍မရကြောင်း သိကောင်းပါ၏။ စားပွဲခုံအောက်မှာ ပေါင်မုန့်စားကြွင်းစားကျန်များကို ခွေးကလေးတစ်ကောင် ရှာဖွေနေ၏။ လက်ဖက်ရည်ခွက်သည် အေးစက်ချွဲကျိနေပေပြီ။ ဘယ်အရပ်ဆီမှ မသိ၊ ဇီဇဝါပန်းရနံ့များ မိုးစက်ကြားမှာ မျောပါလာ၏။ စုတ်ချာယိုင်ရွဲ့သော လက်ဖက်ရည်ဆိုင်ကလေးကို မိုးမှုန်များက ဝါးမျိုပစ်လိုက်သည်။ ခရမ်းရောင် လှပသော ကျွန်ုပ်၏ ထိုမိန်းမဟူသော စကားရပ်ကို သဒ္ဒါစည်းကမ်းဖြင့် တိုက်ဆိုင်ညှိနှိုင်း၍ အထားအသိမှားသည်ဟု တစ်စုံတစ်ယောက်က ပြောလာလျှင် ထိုသူကို ကျွန်ုပ် ဂရုစိုက်လိမ့်မည်မဟုတ်ပါ။ အချိန်ကာလ၊ နေရာဒေသ မှားယွင်း၍ လူဖြစ်လာသောသူတွေ မည်မျှရှိသနည်း။

*



mgyoe.com

mgyoe.com SAMPLE BOOK



မိုးမရွာဘဲ ကြာလေပြီ။ မြက်ခင်းစိမ်းစိမ်း ကုန်းစောင်းပေါ်တွင် အုတ်လှေကားထစ်ကလေးများ ရှိ၏။ ခံစားမှုများသည် ပန်းရောင်မျက်လုံးများကို ပိတ်၍ တစ်ရပ်တစ်ကျေးသို့ ပြေးလေပြီ။ လေတွင် အနံ့ဖြန့်ကြလိုက်သော ကံ့ကော်ဝတ်မှုန်များကို တွေ့လိုက်ကြပါသလား။ အိပ်မက်ကို မည်သူတီထွင်ခဲ့သနည်း။ ထိုသူအား ဒေါ်လာ ခြောက်သိန်းပေးသင့်၏။ လှိုင်းထပိုင်းအိသော တင်သားများ လှုပ်ရှား ယိုင်နွဲ့လှမ်းသွားသည်ကို မြင်နေရပါသည်။ အစ်(ရှ)တာကုန်းမြေမြင့်တွင် ကျွန်ုပ်တစ်ယောက်တည်း "မောင့်လပြည့်ဝန်း"သီချင်းကို ဆိုညည်းနေပါမည်။ သူသွားလိုပါက သွားပါစေ။ ဆီလိုက်မမှန်သော ကားတစ်စင်း၏ အသံက ကျွန်ုပ်၏လှပသော အိပ်မက်များကို နင်းချေပစ်လိုက်၏။ ချောင်းလိုလို မြစ်လိုလို တစ်ခုသော ကမ်းစပ်မှာ ဆိုက်ဝင်လာသော လှေကြီးတစ်စင်းပေါ်တွင် အမှန်စင်စစ် ဘာမျှမပါလာကြောင်း ဆရာငြိမ်းသိသွားမည်ထင်ပါသည်။ သူတို့ဘယ်သွားကြသည်လဲ။ အအေးမိ၍ သူချောင်းဆိုးနေသည်ကို ကိုဝဲလ်အရာဝတ္ထုပေါ်မှာ စီးနင်းလိုက်ပါလာသော ကျွန်ုပ်ကြားရ၏။ မိုးရနံ့တွေ သင်းပျံ့ဝေလျက်။

*

ကျူပစ်ဇင်းကို ဆီဇန်းတို့ စတင်ခဲ့စဉ်က ပုံဖျက်ခြင်း ခေတ်စားပါသည်။ ကျွန်ုပ်၏ ဘဝအစိတ်အပိုင်းများကို ပုံဖျက်သွားသောအခါ လှပသော ကျူပစ်ပန်းချီကားတစ်ချပ် ဖြစ်မလာပါ။ ခရမ်းရောင်လှပသော အမိုက်မအား ကျွန်ုပ်ဘာပြောရမည်နည်း။ အေးစက်သော လေများ တိုက်ခတ်လာပြီလား။ ကျွန်ုပ်နှင့်အတူ စက္ကူစုတ်များ အေးစက်သော လေပွေထဲတွင် ဝန်းဝိုက်လွင့်ပျံလာပါသည်။ စက္ကူစုတ် တစ်သောင်းပေါ်တွင် သူ့အမည်များ ကျွန်ုပ်ရေးထား၏။ 'ဂျေအယ်လ်ဖရက် ပရူဖရော့၏ အချစ်သီချင်း'ကဗျာကို သင်တို့ဖတ်ဖူးကြရဲ့လား။ ပထမ ဝါကျနှစ်ကြောင်းသည် သူနှင့်အတူ သွားခဲ့ရသော ပိတောက်ပင်တန်း လမ်းကလေးကို သတိရစေပါသည်။ သို့သော် လူအများနှင့် စက္ကူစုတ်များသည် အေးစက်သော လေပွေထဲတွင် လွင့်မျောပါသွား၏။ ကျွန်ုပ်တို့ စက္ကူစုတ်များ၊ လေပွေများနှင့် ကျွန်ုပ်တို့ အားလုံးကို အေးစက်သော လေပွေများက ဖုံးလွှမ်းဝါးမျို၍ လေပွေများ ကျွန်ုပ်တို့နှင့် စက္ကူစုတ်များကို အေးစက်သော လေပွေထဲတွင် လွင့်ပျံဝေ့ဝိုက် မျောပါနေသော ကျွန်ုပ်တို့နှင့် စက္ကူစုတ်များ ပြတင်းပေါက်ကို ဖွင့်လိုက်ပါ။

*

တောင်ပင်လယ်ရပ်ဝေးဆီမှ မိုးချုန်းသံသဲ့သဲ့နှင့်တူသော သူ့အပြုံးသည် ကျွန်ုပ်၏ ပုံမှန်အတွေးလမ်းကြောင်းများကို ကစဉ့်ကလျားဖြစ်သွားစေပါသည်။ သူသည်နေ့ လာသည်။ ပိတောက်ပင်များ ပင်လုံးဝေဝေပွင့်နေ၏။ သူ့ခြေထောက်များသည် ငှက်ဖြူကလေးတစ်ကောင်ကဲ့သို့ လှပနူးညံ့၏။ ခရမ်းရောင်လုံချည်အနားစသည် ခြေဖနောင့်အထက် ငါးလက်မခွဲတိတိတွင် ရှိ၏။ ခြေနှစ်ချောင်းထပ်၍ ချိတ်ထားသည်ကို စားပွဲအောက်မှာ ကျွန်ုပ်ခိုး၍ကြည့်စဉ် မြင်ရ၏။ အဖြူရောင် ပလတ်စတစ်ဖိနပ်ပါးပါးကလေးသည် ခြေဖျားတွင် တွဲလဲခို၍ ချိတ်နေ၏။ Je baisi ses fines chevilles ရှက်ဖွယ်ရာဟု ကျွန်ုပ်မယူဆ။ ရင်ဘိုး၏ ကဗျာတစ်ပုဒ် သင်တို့ဖတ်ဖူးပါသလား။ အဝတ်လှန်းသော ကြိုးတန်းမှ ရှပ်အင်္ကျီအဖြူတစ်ထည် ဝရံတာကို ကျော်၍ လွင့်ကျသွား၏။ ကောက်လိုက်ကြပါ။ မီးခြစ်ကျောက်သည် အဝါရောင်မီးပွားများကို ဘယ်နေရာတွင် ဖွက်ထားလေသနည်း။ ကျွန်ုပ်မသိရပါ။ မိုးရွာလာသည်။ အချို့သော မေးခွန်းများတွင် အဖြေမလိုအပ်။ တစ်စုံတစ်ယောက်က အစည်းအဝေးရှိသည်ဟု ဟစ်အော်ခေါ်ငင်နေသည်။ သစ်တိုပင်သည် အနီရောင်သစ်ရွက်များကို အလိုအလျောက် ခြွေချနေ၏။ စမ်းသပ်မှုင်များ တလှုပ်လှုပ် တရွရွဖြစ်နေသော ပိုးဟပ်ကို အချို့အရပ်ဒေသတွင် ဆီသောက်ငှက်ဟု ခေါ်၏။ ကျွန်ုပ်မှာထားသော လက်ဖက်ရည် ချိုချိုခါးခါးတစ်ခွက် မလာကြာလှပြီ။

*



mgyoe.com

mgyoe.com SAMPLE BOOK



သေးငယ်စူးရှသော အသံများသည် ဒေါင်လိုက်ကန့်လန့်ပြေးသွားကြ၏။ လေထုသည် ကိုယ့်အကြောင်းကို အကောင်းပြောစကားများဖြင့် ပူနွေးညစ်ညမ်းနေသည်။ အချိန်တွေ ကုန်ခဲလှသည်ဟု လူတစ်ယောက်က ပြော၏။ အဓိပ္ပာယ်ကို ကျွန်ုပ်မသိပါ။ ကျွန်ုပ်အဖို့ အချိန်ဆိုသည်မှာ သူအလာကို ရေတမာပင်အောက်က စောင့်နေရခြင်းဖြစ်၏။ မိုးဖွဲဖွဲ ရွာလာခြင်းဖြစ်၏။ ဆားငန်သော ချက်နို့ဆီနှင့် ဖျော်သည့် လက်ဖက်ရည်တစ်ခွက်ဖြစ်၏။ ဆေးကောင်းစွာ စပ်ထားသော နွားဆေးပေါ့လိပ် တစ်လိပ်ဖြစ်၏။ ဒါလီ၏ ပျော့တွဲအိကျနေသော နာရီအဝိုင်းများ ဖြစ်၏။ မြောက်သို့သွားသော အမြန်ရထားတစ်စင်းဖြစ်၏။ ကောက်ရိုးအပြည့်တင်ထားသော ချယ်ဂါရီတစ်စင်းဖြစ်၏။ အချိန်ဆိုသည်မှာ ကျွန်ုပ်အဖို့ လှေကားထစ်များဖြစ်၏။ လူတစ်ယောက်နှင့် သူလိုက်ပါသွားသောအခါ ကမ္ဘာပေါ်ရှိ အချိန်အားလုံး ရပ်တန့်သွား၏။ သူစာမေးပွဲအောင်သောနေ့က ကျွန်ုပ်ကားတိုက်ခံရသည်။ လှေကားပေါ်မှ သူဆင်းလာနေပြီ။

*

ကျွန်ုပ် သူ့ကိုဘာပြောရမည်နည်း။ ရေကန်ဘေးမှ ပေါ်ပီပန်းခင်းအကြောင်း ပြောရမည်လား။ မေတ္တာတရားနှင့် ပတ်သက်၍ ယန်းပေါလ်ဆတ်(တ)နှင့် ကျွန်ုပ်သဘောကွဲလွဲကြောင်းလား၊ အောင်စိုး၏ ပန်းချီကားများအကြောင်းလား၊ သမထလေးဆယ်နှင့် ကသိုဏ်းဆယ်ပါးအကြောင်းလား၊ တစ်နေ့တခြား အနေကျဉ်းလာဖွယ်ရှိသော ကမ္ဘာကြီးအကြောင်းလား၊ မိုးရွာသော နေ့တစ်နေ့အကြောင်းလား၊ လူ့အခွင့်အရေးအကြောင်းလား၊ စကားပြေမှာ တွေ့ရသော ဆာရီယယ်လစ်ဇင်အကြောင်းလား၊ သူ့ကိုရိုင်းစိုင်းဖောက်ပြန်စွာ စွဲလမ်းနေသည့်အကြောင်းလား။ အမှန်အားဖြင့် ကျွန်ုပ်သည် စက္ကူစုတ်တစ်ခုဖြစ်သည်။ ငါသိသည်၊ ငါတတ်သည်၊ ငါလုပ်သမျှ ဟုတ်သည်ဟု ထင်နေသူတို့ နေပါစေ။ သူ့ကို ကန့်ကွက်ခြင်းဖြင့် အသိအမှတ်မပြုလိုက်ပါနှင့်။ ကျွန်ုပ်ကို ဇော်ဇော်အောင်ဟု ခေါ်ကြပါ။ ကျွန်ုပ်ကို အစ်(ရှ)မဲလ်ဟု မခေါ်ပါနှင့်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် အစ်(ရှ)မဲလ် မဟုတ်သောကြောင့် ဖြစ်ပါ၏။ မြေကြွက်၏ ရွေ့သွားများနှင့်တူသော မနာလိုဝန်တိုမှုသည် ကိုယ်တွင်းမှ အူများကို တတိတိကိုက်ဖြတ်ပစ်တတ်ကြောင်း သင်တို့သိသင့်ကြ၏။ အနီရောင် ခဲတံတွင် ခဲဆံခဏမကြာ ကျိုးတတ်သည်။ ခရမ်းရောင် သစ်ခွပန်းများပွင့်သော နေ့က ခဲသားရောင် မိုးကောင်းကင်များကို ဗျိုင်းဖြူများ ဖြတ်ပျံသန်းသွားကြ၏။ ကံ့ကော်တောအုပ်အတွင်းမှာ ရွာသောမိုးသည် အရာအားလုံးကို စိုစွတ်စေ၏။ ခေါင်းပြားချပ်သေသွားသော ခွေးကလေးကို ကျွန်ုပ်ကျင်းတူးမြှုပ်ရဦးမည်။ ကျွန်ုပ်ခွေးမချစ်တတ်သော်လည်း ခွေးသေကို မိုးရည်ထဲတွင် မထားချင်ပါ။ နှင်းဆီပန်းအဖြူများ ကျောက်သားထိုင်ခုံပေါ်မှာ နေသည်။ ကျောင်းပေါ်မှ သူဆင်းလာနေပြီ။ မွန်စီယာမာစဲဂျူချမ့်ကို ရှာခဲ့ပါ။ ကျွန်ုပ်ဘဝကို အဖိုးလခအဖြစ် ပေး၍ သူ့ထံပန်းချီကားတစ်ချပ် အပ်နှံပါဦးမည်။ ကန်ရေပြင်ထက်မှာ ငါးကြင်းတစ်ကောင် ခုန်ပျံတတ်လာသည်။ သူ့ခြေသလုံးကလေးများကို စနေဂြိုဟ်၏ တတိယကွင်းဝိုင်းအတွင်းမှာ ကျွန်ုပ်သိမ်းဆည်းထားလိုက်ပြီ။ ပင်လယ်ကဗွီးပင်များသည် အဆောက်အအုံရှေ့မှ မားမားရပ်၍ မဆိုင်သူများမလာရအောင် စောင့်ကြပ်နေကြသည်။ မိုးစက်မှုန်များ ကျလာပြန်သည်။ ကျွန်ုပ်မလာပါ။

*

'မှန်သည်။ သိပ်မှန်သည်။ ငါသည် ဆင်ခြင်တုံတရားရှိသော ကာလအပိုင်းအခြားကို ရရှိခဲ့ပြီ'

'မျက်ကန်းတွေ၊ အရူးတွေ'

'မနက်ဖြန်ဆိုလျှင် အနက်ရောင်ငှက်များ လာကြတော့မည်'

အကယ်၍ မနက်ဖြန်ဆိုလျှင် အဖြူရောင်ငှက်များလာကြမည်ဆိုပါလျှင် ဆာ့တ်(တ)ကို ကျွန်ုပ်ဘာပြောရမည်နည်း။ ရှိပါစေ။ အနက်ရောင် ငှက်များ ယနေ့ပင်



mgyoe.com

mgyoe.com SAMPLE BOOK



ပျံ့ဝဲနေကြောင်း သူသိသွားပုံရပါသည်။ ကျွန်ုပ်အခန်း ပြတင်းပေါက်မှ သရက်ပင်၏ စိမ်းမြရွက်ညွန့်တို့ကို မြင်နေရသည်။ စိမ်းဝါနုကွက်ဆင်များပါသော သူ့အင်္ကျီသည် ပါးလွှာလွန်းသည်ထင်၏။ နှုတ်ဆက်လိုက်ပါသည် မွန်စီယာဆာ့တ်(တ)။ သို့သော်လည်း ကျွန်ုပ် သူ့ကို နှင်းဆီဥယျာဉ်တစ်ခု လက်ဆောင်ပေးမည်ဟု ဘယ်တုန်းကမှ ကတိမပြုခဲ့ပါ။ သူ့ထံမှ ခရမ်းရောင်စူးရှသော ကိုယ်သင်းနံ့ကိုမူ ကျွန်ုပ်၏ အဖြူရောင် လက်ကိုင်ပဝါတွင်းမှာ သိမ်ဆည်းထား၍ နဝမမြောက် တိမ်တိုက်ကြားတစ်နေရာတွင် ဝှက်ထားလိုက်သည်။ ထိုနေရာကို မည်သူမျှ ကျွန်ုပ်မပြ။ သူ့ကိုလည်း မသိစေပါ။ နှစ်ပေါင်း နှစ်ဆယ်အတွင်း သုတေသနစာတမ်း လက်တစ်ဝါးစာမျှ မရေးဖူးသော သူများကို ကျွန်ုပ်ဝမ်းထဲက ပြုံးပြလိုက်ပါသေးသည်။ သူတို့နှင့် ကျွန်ုပ် ကြမ်းတစ်ပြေးတည်း မထိုင်လိုပါဟု ဆိုခြင်းအတွက် ကျွန်ုပ်အလွန်သာ ရှိပါစေ။ အတင်းပြောတတ်သော သူ တစ်ယောက်လာနေပြီ။ ကျွန်ုပ်သွားတော့မည်။ လီယိုကို ခေါ်မသွားပါ။

*

သူ့တွင် သစ်ရွက်စိမ်းရောင် လုံချည်တစ်ထည် မရှိဟု ငြင်းဆိုခြင်းသည် အလကား။ ထိုလုံချည်ကို လွန်ခဲ့သော အနှစ်အစိတ်ကပင် ကျွန်ုပ်တွေ့မြင်ဖူးပြီး ဖြစ်၏။ အစ်(ရှ)တာ ကုန်းမြေမြင့်ဝယ် လေထန်လွန်းနေသည်လား။ ဤနေရာမှ အမှိုက်ပုံကို မည်သူရွှေ့မည်နည်း။ ဖိနပ်သဲကြိုးပြတ်တစ်ခုကို ရွှေရောင်စက္ကူဖြင့် ထုပ်ထားသည်ကို ငှက်ပျောခွံများကြားတွင် ကျွန်ုပ်တွေ့ရ၏။ မြူနှင်းတို့ ဝေမှုန်သော နံနက်ခင်းသည် ဖြစ်ရပ်မှန်များကို လှပစွာ ဖုံးအုပ်ထား၏။ ကျိုးကြောင်းဆင်ခြင်မှု ရေကြည်သည် မြောင်းပုပ်အတွင်း စီးဆင်းနေသောအခါ နှင်းမှုန်များ ပိုမိုထူထပ်လာ၏။ သူ့ကို ပထမဆုံးရုံးခန်းတွင်းမှာ ကျောင်းလခပေးသွင်းစဉ်က တွေ့ခဲ့သည်မှာ နှစ်ပေါင်းမည်မျှ ကြာပြီနည်း။ လုပ်သမျှ ဒုက္ခဟု ညည်းနေသူသည် ရာထူးတိုးမြှင့်ပေးသည့် အမိန့်စာကို မျှော်နေသည်။ ဈင်

ဝါဒအကြောင်းကို ပြောနေသူက နို့ဆီခွက်အတွင်း ကျပ်ကျပ်တည်းတည်း ထိုင်နေသော ကြောင်ကလေးတစ်ကောင်အကြောင်း စဉ်းစားနေသည်။ ကျွန်ုပ်ရင်တွင်းမှာ ဟင်းခါးဖတ်များနှင့်တူသော ဝန်တိုမနာလိုမှု စိတ်ထားများရှိနေသည်လား။ မြေတိုင်းအရာရှိ၏ အလုပ်ခန့်စာသည် ဌာနတစ်ခုမှ အခြားဌာနတစ်ခုသို့ပို့ရာ၊ စားပွဲတစ်ခုမှ အခြားစားပွဲတစ်ခု၏အကြားတွင် ပျောက်ဆုံးသွား၏။ မည်သူ့ကိုမျှ မေး၍မရ။ မစ်ဇီဆိုသော မိန်းမက အံဆွဲများကိုဖွင့်၍ ရှာပါသေးသည်။ ဌာနခွဲအေနှင့် ဌာနခွဲဘီအကြောင်း အထက်အရာရှိက ရှင်းပြရင်း ရှုပ်နေသည်။ ထူးဆန်းအံ့သြဖွယ်ရာ လက်ဖျားခါလောက်သော စကားပြေ ရေးစွမ်းနိုင်သူသည် တစ်ထောင့်ကိုးရာ နှစ်ဆယ့်လေး (၁၉၂၄)ခုနှစ်၊ အသက်လေးဆယ့်တစ်နှစ်တွင် ကွယ်လွန်ခဲ့သည်။ ကမ္ဘာလောကသည် လူတော်တစ်ယောက် ဆုံးရှုံးခဲ့၏။ အလုပ်ခန့်စာယနေ့တိုင် ပျောက်ဆုံးနေဆဲ။ ကျွန်ုပ်ဘာမျှ မသိပါ။

*

ရှည်လျား မှုန်သီစွာသော အနမတဂ္ဂ ဘာသာတရားနှင့် နှိုင်းစာပါလျှင် ဘဝတစ်ခုသည် မြူမှုန်စိတ်ငယ်မျှသာ။ လောက၏ သင်ပုန်းပြင်ပေါ်တွင် ဝိုင်းစက်ဆူဖြိုးသော သုညကြီးတစ်လုံးကို မြင်ကြရဲ့လား။ ဉာဏ်ပညာဖြစ်စေသော ကိတ်မုန့်တစ်လုံး ဖုတ်၍ တောင်ပိန္နဲပင်အောက်တွင် စတုဒိသာကျွေးရဦးမည်။ ပျော်ရွှင်ခြင်းများ ရနိုင်သည်ဆိုသော လူ့လောက အရောင်းဆိုင်အဝင်ဝတွင် ကုန်ပြီဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။ ပြတင်းပေါက်ကိုဖွင့်၍ ဥယျာဉ်တွင်းသို့ ဆင်းခဲ့ပါ။ စွန့်စားကြောက်ရွံ့ နောက်မတွန့်ဘဲ ပြေးထွက်ခဲ့ပါ။ တန်ဖိုးရှိသော လူသားတစ်ယောက်ဖြစ်ခြင်းက ကြိုဆိုနေပါလိမ့်မည်။ သင်တို့သွားကြပါ။ ကျွန်ုပ်အိပ်တော့မည်။ ယုတ်လျော့သော နေရာတွင် လောက၏ ရယ်မောသံများဖြင့် ဖုံးကွယ်လွှမ်းဖို့ပစ်လိုက်သောအခါ မြေသည်ညီ၍ ခရမ်းရောင် သစ်ခွပန်းများ ပွင့်လာကြပါလိမ့်မည်။ ကေ၏အမှုစီရင်ချက် ချမည့်နေ့ကို ဗေဒါလမ်းကဗျာများ ဖတ်ရင်း၊



mgyoe.com

mgyoe.com SAMPLE BOOK



စောင့်ရင်း၊ အိပ်ရင်း သင်တို့သွားကြတော့။ သူလည်း သွားပါစေ။ ကျွန်ုပ်ကေကို လွန်စွာလေးစား၏။

*

သူ့ကို ကျွန်ုပ်. . . အေးစက်သော လေပွေများ၊ စက္ကူစုတ်များ. . . . သူနှင့် ကျွန်ုပ်။ သူ့ကို ကျွန်ုပ်. . .။ သူသည် ကျွန်ုပ်. . . .။ သူ့အား ကျွန်ုပ်. . .။ မိုးရွာနေသည်။

*

ရှားပါးသော သစ္စာငှက်သည် သော်ကပင်ပေါ်တွင် ဝဲပျံလူးလွန့်သော ဖြူရောင်ပြာရောင် မီးခိုးများဖြင့် ဝန်းဝိုက်ကွေ့သော ပန်းချီကားတစ်ချပ်ကို ရေးဆွဲနေသည်။ အတ္တဆန်ခြင်းအရိပ်သည် မြေပြင်ပေါ်တွင် တွန့်လိမ်လျက်ရှိ၏။ သိသည်ဟုထင်ထားသူများနှင့် စကားပြောကောင်းသူများ ဆူညံစွာ စကားပြောနေစဉ် ကျွန်ုပ်အိပ်ပျော်သွားပါသည်။ အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝသော လောက၏ ရယ်သံသဲ့သဲ့ကို အိပ်ပျော်နိုးတစ်ဝက်တွင် ကြားလိုက်ရသေး၏။ တန်ဖိုးနည်း နှုတ်ခမ်းနီဆိုးဆေးတို့ဖြင့် နီရဲစိုစွတ်သော နှုတ်ခမ်းများ ပွင့်လာသောအခါ လောကသည် အသံရှည်စွာ ငိုညည်း၏။ လသာသော ညတိုင်း မလှပကြောင်း ကျွန်ုပ်သိသည်။ သူပြန်သွားသော အခါ ကျွန်ုပ်သည် တွင်းနက်ကြီးအတွင်းသို့ကျ၍ သုံးပိုင်းပြတ်သွားသည်။ သူမရှိသော ကင်းမဲ့လပ်ဟာခြင်းသည် အစိမ်းရောင်တောက်ပနေ၏။ ဟိုလပ်(ဗ)က အရာအားလုံးတွင် ကဗျာရှိသည်ဟု ဆိုဖူး၏။ မြစ်ဘက်ဆီမှ ဝေ့ပျံလာသော အောင်မြေသာဇံသီချင်းသံကို ကြားနေရ၏။ ဝါးပတ္တလားသံသည် လှိုမ့်၍ ကျွန်ုပ်၏ ကဗျာအားလုံးကို ယူသွားပြီ။ သူ့အား နှင်းဆီဥယျာဉ်တစ်ခု လက်ဆောင်ပေးမည်ဟု ဘယ်တုန်းကမှ ကတိမပြုခဲ့ဖူးပါ။ အမိုက်မသည် ကျွန်ုပ်မုန်းသော အနီရောင် အင်္ကျီကို လုံချည်အနက်နှင့် တွဲဖက်၍ ဝတ်ဆင်လာပြန်ပါပြီ။ အတူတကွ ရှိနေခြင်းသည် ဆုလာဘ်တစ်ခုဖြစ်၏။ သူ့ကို ဘယ်အခါမှ မမေ့သော်လည်း ကျွန်ုပ်တွင် မေ့လျော့တတ်သော ရောဂါရှိ၍ သူ့ကိုမေ့ပစ်ရန် ကျွန်ုပ်မေ့လျော့နေကြောင်း သူသိဖို့ ကောင်းပါသည်။ အမှန်စင်စစ် သူ့ကိုမတွေ့မမြင်ရလျှင် ကျွန်ုပ်နေ၍မရကြောင်း သူကောင်းစွာသိသော်လည်း အမိုက်မသည် ကျွန်ုပ်ရှိရာသို့မလာ။ ယနေ့ မတ်လ ဆယ့်ကိုးရက်နေ့လား။

သူ့ကို ကျွန်ုပ်. . . . ကံ့ကော်ပင်. . . . မိုးရွာနေသည်။ မိုးစက်မှုန် ကန့်လန့်ကာနောက်မှ. . . . လက်ဖက်ရည်ပန်းကန်ပေါ်တွင် ပန်းနုပျော့ နှုတ်ခမ်းရာများ . . . . နှုတ်ခမ်းပါးလှပ် ပါးစပ်ပိတ်၍ သူပြုံးသောအခါ . . . . ကျွန်ုပ်၏ကဗျာများ. . . . မနေ့က. . . . ကျွန်ုပ် . . . . သူပြန်သွားပြီ။ ဇီဇဝါပန်းများ ပွင့်သောနေ့က . . . အနည်းငယ်သော ကျွန်ုပ်ဘဝ လိုအင်များရေးမှတ်ထားသော စာရင်းစာရွက် ဘယ်မှာကျပျောက်ခဲ့သည် မသိတော့။ ကျွန်ုပ်သည် သူ့ကို. . . . လေပွေများ အေးစက်စွာ. . . အေးစက်သော လေပွေများ။

❑



mgyoe.com

mgyoe.com
SAMPLE BOOK


# (၆) မပျော်ပိုက်တော့ပြီဖြစ်၍

သိပ်ဆူသည်။
လောကမှာ
မခံနိုင်ဆုံးအရာကား၊
ဆူညံခြင်း အသံဗလံများပင်
ဖြစ်တော့သည်။
ဆူညံခြင်းကို
မည်သူစတင်
တီထွင်ခဲ့သနည်း။

လောက၏အကျိုးကို
ဖြစ်ထွန်းစေသော
တီထွင်မှုတစ်ခုခု
စတင်ဆောင်ရွက်ခဲ့သူကို
ဆုငွေပေးသည် ကြားဖူး၏။
သည်ဆူညံခြင်းကို
စတင်တွေ့ရှိသူ
သို့မဟုတ် တီထွင်သူကို
ဘယ်လိုလုပ်ပစ်ရမည်လဲ။
နာအေးပါးအေး
နေချင်သူ ဖြစ်ခဲ့၏။
သို့သော်
ဘဝထဲရောက်လာမှတော့
မှတ်မိသလောက်
သိတတ်သည့်အရွယ်ကစ၍
နာအေးပါးအေး
မနေခဲ့ရပါ။ ဘယ်သူလဲဟု
အသေအချာ မမှတ်မိ။
ဘဝဆိုတာ
လှုပ်ရှားရုန်းကန်ခြင်းပါပဲ။
ဘဝဆိုတာ တိုက်ပွဲပါပဲဆိုပြီး


mgyoe.com

mgyoe.com SAMPLE BOOK



သူ့ကို ခပ်ငယ်ငယ်က
လူတစ်ယောက်က
မြှောက်ပေးခဲ့သည်။ ဘဝထဲမှာနေဖို့
ရုန်းကန်လိုက်ရတာ
ဘဝအမောတွေဆို့ပြီး
မတ်တတ်က ဗုန်းဗုန်းပစ်
လဲကျလုမတတ် လှုပ်ရှားရုန်းကန်
ခဲ့ရသည်။
သည်တုန်းကလည်း
အသံတွေ ဆူညံလို့ပါပဲ။

လူတွေရဲ့ ခြေသံ
ရယ်သံ၊ ငိုသံ
စိတ်ဆိုးသံ၊ ဟန်ဆောင်သံ
လိမ်ပြောသံ၊ ထမင်းအိုးဖုံးဖွင့်တဲ့
အသံ၊ ပန်းကန်ဆေးတဲ့အသံ၊
ပြေးထွက်သွားတဲ့ အသံ၊
ထမင်းလုံးတစေ့
ကြမ်းပြင်ပေါက်က
အောက်ကျသွားတဲ့အသံ၊
စာအုပ်ထဲက စာလုံးတွေ
ခိုတစ်အုပ် လန့်ပျံသလို ဝုန်းခနဲ
ပျံထွက်သွားတဲ့အသံ၊
ငေါက်လိုက်တဲ့အသံ၊
ခြေတစ်လှမ်း နောက်ဆုတ်သွားတဲ့အသံ၊
ကျောကုန်းကို
လက်ဖဝါးနဲ့ သပ်လိုက်တဲ့အသံ၊
ခေါင်းပေါ်တက်နင်းသွားတဲ့ အသံ၊
အပေါ်ထပ်က
ကြေးစည်သံ၊ ဘောက်(စ)ပန်နာနဲ့
တအားလှည့်ကျပ်လိုက်လို့
နပ်တိုင်ထောက်ခနဲ
ကျိုးသွားတဲ့အသံ၊
ဆူညံနေလိုက်တာ။
အခုတော့ တော်လောက်ပါပြီ၊
အလုပ်က အနားယူပြီး
ပင်စင်လစာလေး
ဆုကြေးကလေးနှင့်
နားအေးပါးအေး
တစ်ကိုယ်ရေတစ်ကာယ
တော်လောက်ပါပြီလေ။

*

ဘယ်ဘက်အခန်းလူ
သိပ်ဆူသည်။
သတင်းစာအကျယ်ကြီး
အော်ဖတ်လေ့ရှိ၏။
ပြည်တွင်းပြည်ပ သတင်းအကုန်။
ဆောင်းပါး၊ နာရေးကြော်ငြာ၊
စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊
နာမည်ပြောင်းခြင်း၊ စာအုပ်
ကြော်ငြာ။
တိပ်ခွေကြော်ငြာ၊ ရုပ်ပြကြော်ငြာ၊
ရုပ်ရှင်ဇာတ်ပွဲတီးဝိုင်း ကြော်ငြာ၊
အကုန် အကုန်။
ဘာတစ်ခုမှ မကျန်။
အကုန်ဖတ်သည်။
အကျယ်ကြီးအော်ဖတ်သည်။
သတင်းစာဖတ်သံ၊
တစ်ချိန်လုံးကြားနေရ၏။
တစ်စောင်လုံး
ကုန်သွားလည်း ပြန်ဖတ်၏။
ထပ်ကာ ထပ်ကာ ဖတ်၏။
အကြိမ်ပေါင်းများစွာ ဖတ်၏။
တစ်ချိန်လုံး
ကြားနေရသည်။



mgyoe.com

mgyoe.com SAMPLE BOOK



သိနေရသည်။ သိပ်ဆူသည်။

*

ညာဘက်အခန်းက
လူသည် စကားနည်း၍
အလွန်အေးသည်။
သတင်းစာ
အော်မဖတ်တတ်၊
သို့သော် ခက်နေသည်က
ထိုလူသည် တစ်နေ့လုံး
ပစ္စည်းတွေကို ဟိုရွှေ့ သည်ရွှေ့
လုပ်တတ်၏။
မ၍ ရွှေ့၏။ တွန်း၍ ရွှေ့၏။
ဆွဲ၍ရွှေ့၏။
ခုတင်၊ စားပွဲ၊ ကုလားထိုင်၊
သေတ္တာ၊ ကြောင်အိမ်၊
ရေအိုးစင်၊
ဖျာလိပ်၊ ပစ္စည်းတွေကို
တစ်နေရာက တစ်နေရာသို့
အမြဲရွှေ့နေ၏။ တစ်နေ့လုံး ရွှေ့သည်။
နေ့တိုင်း ရွှေ့၏။
ထိုမျှမကသေး။ တူတလက်နှင့်
နံရံပေါ်မှာ၊ တိုင်တွေပေါ်မှာ
တဒုံးဒုံးနှင့်
သံချောင်းတွေ ရိုက်နေ၏။
အိမ်ဆိုသည်မှာ ပစ္စည်းချိတ်စရာ
သံချောင်း ရိုက်ရစမြဲပါပဲ။
သို့သော် နေ့တိုင်းရိုက်၏။
တဒုံးဒုံးရိုက်၏။
တစ်ချိန်လုံး ရိုက်၏။
ပစ္စည်းရွှေ့သံနှင့် သံရိုက်သံတွေ
သိပ်ဆူသည်။

*

သုံးခန်းတွဲ အိမ်ကလေးမှာ
အလယ်ခန်းကိုမှ
ရွေး၍ ငှားမိပေသကိုး။
စတုန်းကတော့
သူ့လိုပဲ။
တစ်ကိုယ်ရေတစ်ကာယသမားတွေ။
သူ့လိုပဲ
အသက်ကြီးကြီး ပင်စင်စား
အဘိုးကြီးတွေဟုသိရ၍
အဆင်ပြေလိမ့်မည် ထင်ခဲ့သည်။
အခုတော့

*

သူ့အခန်းနှင့် မျက်နှာချင်းဆိုင်
လမ်းဟိုဘက်က အိမ်မှာလည်း
မြင်နေရ၏။ ကြားနေရ၏။
မျက်နှာချင်းဆိုင် အိမ်ကလူသည်
သူ့အကြောင်းကို
သူသိပ်ပြော၏။ ဘယ်တုန်းက
ဘာလုပ်ခဲ့တာ၊
အဲဒီတုန်းက ဘယ်လို
အခု ဘာတွေလုပ်နေတာ
ဘယ်လိုလုပ်နေတာ
လုပ်သမျှလည်း
အကောင်းတွေချည်းပဲ။
အမှန်တော့ သူ့ကို
လာပြောနေခြင်းတော့ မဟုတ်။
သူ့အိမ်မှာ သူသာနေပြီး
လမ်းသွား လမ်းလာတွေကို
ဆီးနှုတ်ဆက်၊ ဘယ်သွားမလို့လဲ။
ဘယ်က ပြန်လာသလဲ၊ လာထိုင်ပါဦး။
ရေနွေးသောက်ပါဦး၊ ခေါ်ပြီး



mgyoe.com

mgyoe.com
SAMPLE BOOK


သူ့အကြောင်းတွေ
သူပြောခြင်းသာ ဖြစ်၏။
ဘာပဲဖြစ်ဖြစ် ကြားနေရ၏။
ကြာတော့ နားထဲမှာ ဆူလာသည်။

*

သူ့အိမ်နောက်ဖေး
ရေကပြင်ထွက်လိုက်သောအခါ
နောက်ဖေးလမ်းကြားနှင့် ကပ်လျက်
တစ်ဖက်လမ်းက အိမ်၏
ရေကပြင်မှာ လူတစ်ယောက်။
ထိုလူက သူ့ကို
တွေ့တိုင်း ပြုံး၍ ပြုံး၍ပြ၏။
စကားတော့ တစ်ခွန်းမှမပြော။
ပြုံး၍ ပြုံး၍သာပြ၏။
ထို့ပြင် ထိုလူသည်
အဝတ်အသစ် အစားသစ်
တစ်နေ့အကြိမ်များစွာလဲ၍
ဝတ်တတ်၏။ အကျီလုံချည်
အလွန်ပေါသူဖြစ်သည်။
နောက်ဖေး ကပြင်သို့
ထွက်လိုက်တိုင်း
ထိုလူကို တွေ့ရ၏။
တစ်ခါတွေ့လျှင်
အကျီလုံချည် တစ်မျိုး
တွေ့တိုင်း သူ့ကိုပြုံးပြုံးပြ၏။
ကြာတော့
အဝတ်အစား ခဏခဏလဲဝတ်
တတ်သော
ထိုလူ၏ အပြုံးသည်
ဆူညံလာတော့၏။
နားမခံသာတော့။

*

သူအိမ်ပြောင်းတော့မည်။
ပြောင်းဆို အခုပြောင်းတော့မည်။
အိမ်ရှင်တွေက တခြားမှာနေ၏။
နောက်မှပဲ စပေါ်ငွေ
တောင်းယူတော့မည်။
အခုပြောင်းသွားကြောင်း
သိရုံ စာရေးခဲ့မည်။
စာရေးဖို့ သူစဉ်းစား၏။
ဆူလို့ ပြောင်းသည်ဟု ပြောလျှင်
တစ်ဖက်လူတွေ
ထိခိုက်လိမ့်မည်။
ဘယ်သူ့ကိုမှ အပြစ်မပြောလို။
သူမပျော်လို့
ပြောင်းသွားသည်ပဲ ထားတော့။
ဘယ်ကစ ရေးရမည်လဲ။
ဤအိမ်တွင်
မပျော်ပိုက်တော့ပြီဖြစ်ပါ၍။
သိပ်မကောင်း။
စာရွက်ကို လုံးချေပစ်လိုက်၏။
နောက်မှပဲ ကြည့်ပြောတော့မည်။
သိပ်များများစားစား မရှိသော
သူ့ပစ္စည်း ပစ္စယတွေကို စုထုပ်၏။
မကြာခင် ပြီးသွားသည်။
အထုပ် ငါးထုပ်၊ သံသေတ္တာတစ်လုံး
မဟာမြတ်မုနိပုံတော်
ကားချပ် တစ်ချပ်။
သည်လောက်ပါပဲ။
ဘယ်သွားရပ့်။
အထုပ်တွေကြည့် စဉ်းစားသည်။
ငါ ဘယ်သွားမလဲ။ သူစဉ်းစားသည်။
အတော်ကလေးကြာသောအခါ
သူ့ဘာသာတစ်ယောက်တည်း


mgyoe.com

mgyoe.com SAMPLE BOOK

ပြုံးမိသည်။ ငါဘယ်သွားမလဲ။
အထုပ်တွေကြည့်၍
အသံထွက် ရယ်မိသည်။
အတော်ကြာကြာ
ဟက်ဟက်ပက်ပက်
ရယ်မိ၏။ အရယ်ရပ်လိုက်သည်နှင့်
တစ်လောကလုံး အသံဗလံတွေ
တိတ်သွားသည်။ တစ်ခါထပ်၍
ရယ်ပြန်၏။ ရယ်ရင်း
သူ့အထုပ်တွေ သူပြန်ဖြေ၏။

*

သည်လိုနှင့်
သုံးခန်းတွဲ အလယ်ခန်းတွင်နေသော
အသက်ခြောက်ဆယ်အရွယ်
မော်တော်ကား
စက်ပြင်ဆရာဟောင်း
အငြိမ်းစား မက္ကင်းနစ် ဦးဇော်မြင့်
အိမ်မပြောင်းဖြစ်။
အသံဗလံတွေကြားမှာ ဆက်နေ၏။

❑


mgyoe.com

mgyoe.com SAMPLE BOOK



# (၇) သစ္စာပျက် မှတ်တမ်း

ကြာခဲ့ပြီ။

ကြာခဲ့ပြီ အချစ်ရယ်. . .။

အနှစ်နှစ်ဆယ်သည် လျင်မြန်စွာ ပျံသန်းလာခဲ့၏ အသည်းနှလုံးသည် အပိုင်းအစပေါင်း နှစ်ဆယ်တိတိ ကွဲအက်ပြတ်ကြေပြီးသောအခါ ပြီးသည့်နောက်တွင်မူကား ရယ်မောသံသည် သွေ့ခြောက်တွန့်လိမ်အက်ကွဲ၍ အဓိပတိလမ်း၏ဘေး ဖုန်မှုန့်များထဲတွင် လဲလျောင်းနေသည်။ ထိုနေရာတွင် ကမ္ဘာတည်သရွေ့ ရှိနေလိမ့်မည်။ နောင် အနှစ်တစ်သန်းကြာသောအခါ သိပ္ပံပညာရှင်များ၊ သုတေသီများသည် တူးဖော်အမှတ်မထင် ရရှိလိုက်ကြသော ရယ်မောသံကျောက်ဖြစ်ရုပ်ကြွင်းကို စားပွဲပေါ်တင်၍ စာတမ်းဖတ်ကြလိမ့်မည်။ ထိုအခါ မသေသောအချစ်သည် သူ့အကြောင်း တစ်စွန်းတစ်စ တစ်ပါဒမျှ မပါဝင်သော သုတေသနစာတမ်းကို နားထောင်၍ ပြုံးနေလိမ့်မည်။ ထိုအပြုံးသည် မိုက်မဲသော၊ အရှက်မရှိသော သစ္စာတရား ကို တိတ်ဆိတ်စွာ ငေါက်ငမ်းနေပေလိမ့်မည်။

အနှစ် နှစ်ဆယ်သည် လျင်မြန်စွာ ပျံသန်းလာခဲ့သည်။

ထိုစဉ်က. . .

ထိုစဉ်က ကုံကော်ပွင့်တွေ ဝေနေသည်။ ဥသြငှက်၏ တေးသံသွင်းရိပ်မြုံသည် အင်းလျားကန်စပ် တစ်ခုတည်းသော စိန်ပန်းပြာအပင်ပေါ်တွင် ရှိခဲ့၏။ နှင်းကြွင်းတို့ စိုစွတ်သော မြက်ခင်းသည် အဆောင်တံခါးပိတ်ချိန် သံစကာကွက်များနောက်မှ မြင်လိုက်ရသော မျက်လုံးကလေးများနှင့် တူ၏။

ထိုစဉ်က တက္ကသိုလ်က လေပြည်ညင်းသည် ဒေါနပန်းခင်းတစ်ခုလုံးကို သယ်ဆောင်လာသည်။ ဒေါန လေပြည်ညင်းနှင့်တူသော ရယ်မောသံကို တစ်ရံမလပ် ကြားနေရ၏။

သစ်ပုပ်ပင်ကြီးသည် ထိုစဉ်က မအိုသေး။

နုပျိုသော ခြေထောက်ဖြူဖြူလေးတစ်စုံသည် ဖိနပ်မပါ၊ ဗလာပြေး၍ ညိုရင့်ပြောင်လက်သော မဟော်ဂနီ



mgyoe.com

mgyoe.com SAMPLE BOOK



ရွက်ခြောက်များကို လိုက်လံနင်းချေခဲ့သေးသည်။ လဲပြိုမှုယိမ်းယိုင် သွားသောအခါ သူရယ်သည်။ ထိုရယ်သံကို အမိပတိလမ်းက ဖမ်းယူဖွက်ထားလိုက်ပြန်သည်။ ယခုဘယ်ဆီရောက်နေပြီ မသိပါ။

ထိုစဉ်က. . .

သီရိဆောင်တွင် ကံ့ကော်ပင် တစ်ပင် ရှိခဲ့ဖူး၏။ သူ့အပွင့်တွင် ကြည်သာသော ချစ်သူတို့၏ ပန်းနုရောင်ရနံ့များ ရှိသည်။ ပွင့်ချပ်များတွင် ချစ်သူတို့၏ အပြုံးများရှိ၏။ ဝတ်ဆံများတွင် သဝန်တိုသော အချစ်စစ် အချစ်မှန်များ ရှိ၏။ အရွက်များတွင် ဟန်လုပ်သော စိမ်းကားမှုများ ရှိ၏။ အကိုင်းအခက်တို့သည် လောကတံတိုင်းတိုင်ယှက်ဖြာနေ၏။ ထိုအပင်သည် ထာဝရ။ ထိုစဉ်က သီရိဆောင်တွင် ကံ့ကော်ပင်တစ်ပင် ရှိခဲ့ဖူး၏။ ကံ့ကော်ပန်းများ ဝေနေသည်။ နှင်းဖြူတွေ မှိုင်းနေ၏။ တက္ကသိုလ်များကံကော်တွေဝေ၍ နှင်းဖြူတွေ မှိုင်းပြီဆိုပါလျှင် ဘာကိုမျှမမြင်ရ။ လောကသည် ပိတ်ဖုံးလျက်။ ရှည်လျား ကော့သွယ်သော မျက်တောင်များပေါ်တွင် ထင်နေသည့် နှင်းမှုန်ကလေးများကိုသာ မြင်ရသည်။

အင်းလျားရေပြင်သည် ပူနွေးသော အငွေ့များကိုထုတ်လျက်ရှိသည်။ ဖြူဖွေးနွဲ့သွယ်သော လက်ချောင်းကလေးများ ဖြန့်၍ ရေပြင်မှ အနွေးဓာတ်ဖြင့် မီးလှုံခဲ့ဖူးပါသည်။ အင်းလျားရေပြင်၏ အကြည့်သည် ယခုအခါလောက် စိမ်းစိမ်းကားကား မရှိလှ။ ပြုံးမြနေသည်ထင်၏။ ဘွဲ့နှင်းသဘင် အဆောက်အအုံကြီး၏ နောက်တွင်ကျွန်းဆွယ်တစ်ခုမှ ဖြတ်ထွက်သွားသော ကမ္ဘာပေါ်မှာအလှဆုံးသော ကျွန်းကလေးတစ်ကျွန်းရှိသည်။ သည်ဘက် အငူစွန်းမှာ ကိုင်း၍ ပေါက်နေသော သစ်ပင်ကြီးတစ်ပင်လည်း ရှိသည်။ နောင် အနှစ်နှစ်ဆယ်ကြာသောအခါ သစ်ပင်ကိုင်းကိုင်းကြီးရှိ မရှိ ငြင်းခုံခဲ့ကြသေး၏။ ချစ်သူတို့၏ ငြင်းခုံမှုသည် ကွဲကွာခြင်းနှင့် အထီးကျန်နိမိတ်ကို ယူလာကြောင်း ထိုစဉ်က မသိ။ ထိုသစ်ပင်ကြီး မရှိတော့ပြီ။

အဖြူရောင်နောက်ခံတွင် အနီ၊ အပြာနှင့် အနက်ပတ်လည်စင်းများပါရှိသော လုံချည်ကို တိုတိုမ၍ ကျွန်းကလေးသို့ ကူးလာသောအခါ ဖြူဝင်းသွယ်မွတ်သောခြေသလုံးကလေးများ အင်းလျားရေပြင်တွင် အရိပ်ထင်ကျန်ရစ်၏။ ထိုအရိပ်ကို ကျီစယ်တတ်သော ရေကန်မိုက်က ဖမ်းယူဖွက်ထားခဲ့သည်။ ယခုဘယ်ဆီတွင် ရောက်လေပြီမသိ။ ပျောက်ကွယ်သွားသော သစ်ပင်ကြီးရှိခဲ့ဖူးရာ နေရာပောင်းကိုမြင်မိတိုင်း လျှော့ထားသည်မှာ ကြာပြီဖြစ်သော အားတင်းမှုတို့သာ ဆူဝေလာပါသည်။

ဗဟိုစာကြည့်တိုက်၏ဘေးတွင် ကံ့ကော်တောအုပ်ကလေး မရှိသေး။ မြက်ခင်းကွက်လပ်၏အလယ် စိန်ပန်းပြာပင်ကြီးတစ်ပင်သာ ကြီးမားစွာ ရှိခဲ့၏။ အကိုင်းအခက်များသည် ပုံပြင်ထဲက စုန်းမကြီး၏ ခြေထောက်များနှင့်တူသော ထိုအပင်ကြီးသည် အရုပ်ဆိုးလှ၏။ သို့သော် တစ်ပင်လုံး အပြာနုရောင်သန်းလာသောအခါ ဘယ်သူမှ တုမရသော အလှပေါ်လာသည်။ အပွင့်တွေကြွေ၍ ပင်အောက်ခြေ မြက်ခင်းတစ်ဝိုက် အပြာနုရောင်တွေ ဖုံးသောအခါ ထိုအလှသည် အထွတ်အထိပ်သို့ ရောက်တော့၏။ ဘယ်သောအခါမှ ပြန်လည်ဖတ်တော့မည်မဟုတ်သော ဒိုင်ယာရီပောင်းတစ်ခုမှ မတ်လ (၁၉)ရက်နေ့ဟူသော စာမျက်နှာနေရာတွင် ယခုတိုင် ရှိနေပေလိမ့်ဦးမည်။ ထိုတစ်ခုသော ပွင့်ဖတ်၏ အပြာနုရောင်သစ္စာတရားသည် ယခုအခါ မည်းညစ်စွာ ပျက်ယွင်းခဲ့လေပြီ။

သစ္စာတရားဆိုသည်မှာ မည်သို့သော တရားမျိုးပါလဲ။ သမိုင်းစာအုပ်၏ ဝါကြင်ရော်နေသော စာမျက်နှာပေါ်မှ ဒဿနပညာရှင်သည် မိုက်မဲသော အပြုံးစဖြင့်မသိကျိုးကျွန် ပြုနေသည်။

တက္ကသိုလ်များ ဓမ္မာရုံတွင် ဉာဏ်တော်တစ်တောင်သာသာ ကြေးသွန်းဘုရားတစ်ဆူရှိသည်။ သစ္စာမြဲ၍လက်တွဲမဖြုတ်လိုသော ချစ်သူတိုင်း ထိုဘုရားထံတော်ပါးမှာ သစ္စာထားကြသည်ဟု အစဉ်အလာ ဆိုရိုးရှိခဲ့ဖူးသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ဖူးမြော်မြင်တွေ့ခဲ့ရသည့် အသရေတော် တည်ငြိမ်ခြင်းသည် မပြောင်းမလဲသပ္ပာယ်ဆဲပင် ရှိပါလိမ့်မည်။ တက္ကသိုလ်များ ဓမ္မာရုံသို့



mgyoe.com

mgyoe.com SAMPLE BOOK



မရောက်သည်မှာ အနှစ်နှစ်ဆယ်ကြာခဲ့ပါပြီ။

အို. . . အရှင်၊ လောကသုံးပါးသခင် မိုက်မဲလေးလံသာ ဘုရားတပည့်တော်အား ခွင့်လွှတ်တော်မူပါ။

စိမ်းကားစွန့်ပစ်မှု၏ အထိမ်းအမှတ်ရန့်သည် ခရေပန်းနံ့ဖြစ်လေမည်လား။ ထိုပန်းသည် ဤလောကတွင် မနှစ်သက်ဆုံး၊ အမုန်းဆုံးပန်း ဖြစ်၏။ လွန်ခဲ့သော အနှစ်နှစ်ဆယ်က အမုန်းဆုံးပန်းကို ကြိုက်ခဲ့ရပြန်ပါသည်။ အင်းဝလမ်းမှ ထွက်သော် အင်းလျားပေါ်သို့ ရောက်၏။ အင်းဝ ဝင်းတံခါးနှင့် တည့်တည့်တွင် အဒေါ်ကြီးလု(စ်)၏ ကလေးများကျောင်း ရှိ၏။ ကလေးများကျောင်းနှင့် ဘုရားကျောင်း၏အကြားတွင် ခရေပင်တန်းနှင့် လမ်းကလေးနီနီရှိ၏။ ချစ်သူတို့၏ ခရေလမ်းဟု အမည်တွင်ခဲ့သည်။ ယခုမည်သို့ ခေါ်ကြသည်မသိ။ ချစ်သူတို့ ခရေလမ်းမှာ ခရေပန်းတွေ ဖွေးနေအောင် ကြွေတတ်ပါသည်။ ရေတမာ တစ်ရွက်ကို ဆူးဆွတ်၍ အရွက်များကို သတ်လိုက်သောအခါ အကြောတံစိမ်းစိမ်းကလေး ကျန်၏။ ထိုရေတမာကြောတံတွင် ခရေပန်းများသီ၍ ခရေသီတံနှစ်ခုကို သူ့ခုတင်ခေါင်းရင်းမှာထား၍ ဘုရားကို လှူခဲ့သည်ဟု ဆိုပါသည်။ အဘယ်ကဲ့သို့သော စိမ်းကားစွန့်ပစ်ခြင်းဆုကို တောင်းယူရမည်နည်း။

လက်ဖက်ရည်ဆိုင်ကလေးမှာ နှစ်နာရီ ကြာ၏။ ဘာ စကားတစ်ခွန်းကိုမျှ မပြော။ မျက်လွှာချ၍ လက်ဖက်ရည် ပန်းကန်ကိုသာ ငုံ့ကြည့်နေဖူးသည်။ ပန်းနုရောင် ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေးများ စွန်းထင်းသော လက်ဖက်ရည် ပန်းကန်ပေါင်းတစ်သိန်းခန့်ပင် ရှိပေရော့မည်။ အေးစက်ချွဲပျစ်ဝါကြင်သော လက်ဖက်ရည်များသည် မျက်လွှာချထားသူ၏ ရှက်ယောင်ပြုံးကို သောက်သုံးဝါးမျိုးလိုက်ပြန်၏။ ပြန့်ကျဲကျနေသော စီးကရက်ပြာတောင့်ပြာစများသည် နှစ်ဦးသားကြားတွင် တံတိုင်းတစ်ခုကို တည်ဆောက်စပြုနေကြောင်း ထိုစဉ်က မသိခဲ့။ စားပွဲအောက်မှာ ခွေးလေးတစ်ကောင်သည် စားကြွင်းစားကျန်များကို ရှာဖွေနေ၏။

ချစ်ခြင်းမေတ္တာ၏ အကြီးအကျယ် အမြင့်မားဆုံးကိစ္စသည် လုံးဝ မချစ်ဘဲနေခြင်း ဖြစ်သည် ဟူ၍များ ပြောဖူးပါသလား။ ဤစကြာဝဠာတွင် အနိမ့်အမြင့်၊ အတိုအရှည် အပူနှင့် အအေး စသည် စသည်တို့ မရှိကြ။ ရှိသည်ထင်သော အရာနှစ်ခု၏ နှိုင်းယှဉ်ခြင်းသာ ရှိကြသည်ဟု မည်သူပြောခဲ့ပါသနည်း။ အချစ်နှင့် အမုန်းသည် အခြေအနေ နှစ်ရပ်၏ နှိုင်းယှဉ်ခြင်းသာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

သို့သော် ချစ်တော့ ချစ်ပါသည်။ မေ့တော့ မေ့လိုက်ပါဟူသော စကားတစ်ခွန်းသည် မည်သည့်ဝိဘာဂအုပ်စုတွင် ပါဝင်ပါသနည်း။ ချစ်၍ နေရခြင်း၊ ချစ်၍ နေခွင့်ရှိခြင်းကို မည်သူ့ထံတွင် သွားရောက် တောင်းခံရပါမည်နည်း။

ရက်စက်သော၊ စိမ်းကားသော၊ ကွေ့ဝိုက်သော၊ ကောက်ကျစ်သော၊ လှည့်ပတ်သော၊ အမိုက်မ၊ မာရီယာ . . .။ အနှစ်နှစ်ဆယ်မျှ သင်၏ကိုယ်နံ့နှင့် သင့်ပန်းနုရောင် နှုတ်ဖျားမှ ပဲ့တင်သံများကို ကျွန်ုပ်၏ နှလုံးသားတွင် သိုဝှက်သိမ်းဆည်းထားခြင်းဖြင့် သင့်အား ဒဏ်ခတ်ခဲ့သည်ကို ဤမှတ်တမ်းဖြင့် သိစေလိုပါသည်။ သင့်နှုတ်ခမ်းပါးလှပ်၊ ပါးစပ်ပိတ်၍ ပြုံးတတ်သော ခရမ်းရောင်အပြုံး ကွယ်ပျောက်သွားသည့် ခဏဝယ် ကျွန်ုပ်တွင် ရေးရန်မကျန်တော့ပြီ။ ခရမ်းရောင်မိန်းမ၊ မာရီယာ။ အနှစ် နှစ်ဆယ်ကြာခဲ့ပါပြီ။ အချစ်မ၊ အမုန်းမ၊ အမိုက်မ၊ မာရီယာ. . .။

❑



mgyoe.com

mgyoe.com SAMPLE BOOK



# (၈) ဆီလျော်သော ခေါင်းစဉ်တပ်ပါ

(၁)

'လူဆိုသည်မှာ
အေးစက်သောလေထဲတွင်
ဝေ့ဝိုက်လွင့်တင်ခြင်းခံရသော
စက္ကူစုတ်များ ဖြစ်၏။

အဲလရော့

(၂)

မြောက်ဥက္ကလာပမြို့အဝင် တစ်ခုသောနေရာတွင် ဆိုက်ကားဆရာ မောင်ဇော်မြင့်နေသည်။ သူ့တွင် သားသမီးခြောက်ယောက်ရှိသည်။ အငယ်ဆုံးကလေးသည် အသက်ခြောက်လကျော်ကျော်ရှိပြီ။ ထိုအိမ်ထောင်စုကို ဆိုက်ကားနင်းခြင်းဖြင့် မောင်ဇော်မြင့်ရှာကျွေးသည်။ သူ့မိန်းမသည် အဝတ်လျှော်ခြင်း အတတ်ပညာကို မတတ်ကျွမ်းခဲ့သော အိမ်ထောင်စုများသို့ လိုက်လံအဝတ်လျှော်ခြင်းဖြင့် တစ်ဖက်က ဝင်ငွေကူရှာရသည်။

(၃)

ဆိုက်ကားဆရာ မောင်ဇော်မြင့်တွင် ထူးဆန်းသော ဝါသနာတစ်ခုရှိ၏။ ထိုဝါသနာကား ဆိုက်ကားရပ်ထားစဉ် အနီးအပါး၌တွေ့ရသော စက္ကူစုတ်များကို ကောက်ယူကြည့်တတ်သော ဝါသနာဖြစ်၏။ ဝါသနာဆိုသည်မှာ တစ်ခါတရံ အတော်အပြောရခက်သည်။

(၄)

တနင်္ဂနွေနေ့က စက္ကူစုတ်တစ်ခုကို ကောက်ယူကြည့်မိ၏။ အင်္ဂလိပ်လို ရေးထားသောကြောင့် မောင်ဇော်မြင့် မဖတ်တတ်။ ဟိုဘက်သည်ဘက် နှစ်ခါလောက်လှန်ကြည့်ပြီး နားမလည်သောကြောင့် လွှင့်ပစ်လိုက်သည်။ ထိုစာရွက်ကို မောင်ဇော်မြင့် နားမလည်သော်လည်း ဤဝတ္ထုရေးသူ ဇော်ဇော်အောင်သည် အင်္ဂလိပ်လိုဖတ်တတ်သော



mgyoe.com

mgyoe.com SAMPLE BOOK


ကြောင့် နားလည်၏။ ထိုစာရွက်သည် ဟိုတယ်ကြီးတစ်ခုမှ ဘောက်ချာစာရွက်ဖြစ်၏။ Swing ဝီစကီနှစ်ပတ်၊ ခြောက်ဆယ့်ကိုးကျပ်။ ပုတ်(က)ချော့(ပ) ဝက်သားစင်းကောကြော်၊ နှစ်ဆယ့်ရှစ်ကျပ် ပြားရှစ်ဆယ်၊ ဒိန်ခဲပွဲကြီး၊ ဆယ့်ရှစ်ကျပ်၊ နောက်ထပ် Swing ဝီစကီနှစ်ပက်၊ ခြောက်ဆယ့်ကိုးကျပ်၊ မာတီနီ(အချို)နှစ်ခွက်၊ သုံးဆယ့်ခြောက်ကျပ်။ ချစ်ကင်းအင်သဲဘတ်(စ)ကတ်၊ ကြက်ကောင်ကြော်၊ သုံးဆယ့်ခြောက်ကျပ်။ စုစုပေါင်း နှစ်ရာ့ငါးဆယ့်ခြောက်ကျပ် ပြားရှစ်ဆယ်ဖိုး သောက်စားထားသော ငွေရပြေစာ တစ်စောင်ဖြစ်သည်။(ထိုစာရွက်ကို စာရေးသူ ဇော်ဇော်အောင် ဘယ်ကဲ့သို့တွေ့ရှိ ဖတ်မိသွားသနည်းဆိုသော မေးခွန်းသည် အဖြေမရနိုင်သော မေးခွန်းဖြစ်၏။) သို့သော် ထိုစာရွက်သည် ဟိုတယ်ကြီးတစ်ခုမှ ငွေရပြေစာ ဖြစ်သည်မှာ သေချာပါသည်။

(၅)

တနင်္လာနေ့က မောင်ဇော်မြင့် စက္ကူစုတ်တစ်ခုကို ကောက်ယူကြည့်မိပြန်သည်။ အင်္ဂလိပ်လို ရေးရုံမျှမက ဂျပန်စာလား၊ တရုတ်စာလား၊ ရှုပ်ရှုပ်ယှက်ယှက်စာတွေလည်း ပါ၏။ မောင်ဇော်မြင့် မဖတ်တတ်။ လွှင့်ပစ်လိုက်ပြန်သည်။ ထိုစာရွက်သည် နိပွန်အီလက်ထရစ်ကုမ္ပဏီမှ တယ်လီဗီးရှင်း ရုပ်မြင်သံကြားစက်အကြောင်း ရေးထားသော လက်စွဲစာအုပ်ငယ်မှ စာမျက်နှာ တစ်မျက်နှာဖြစ်၏။ ဂျပန်လိုရေးထားသည့် စာသားက များသည်။ (စာရေးသူ ဇော်ဇော်အောင်သည် အင်္ဂလိပ်စာသာတတ်၍ ဂျပန်စာမတတ်သောကြောင့် တယ်လီဗီးရှင်းကုမ္ပဏီ၏ အမည်ဖြစ်သော NEC စာလုံး သုံးလုံးသာ ဖတ်တတ်သည်။ သို့သော် တယ်လီဗီးရှင်း လက်စွဲစာအုပ်မှပါသော စာသား မှန်းတော့ သိ၏။)

(၆)

အင်္ဂါနေ့က မောင်ဇော်မြင့် စက္ကူစုတ်တစ်ခုကို ကောက်ယူကြည့်မိသည်။ စာတွေက အင်္ဂလိပ်လို၊ မနေ့ကတွေ့သော စာရွက်ထဲက စာမျိုး(ဂျပန်စာ)တွေလည်းပါ၏။ မောင်ဇော်မြင့် မဖတ်တတ်။ သို့သော် သည်တစ်ခါတော့ လွှင့်မပစ်။ အဘယ့်ကြောင့်ဆိုသော် ထိုစက္ကူစုတ်တွင် မော်တော်ကားပုံ လှလှကလေးတစ်ပုံ ပါသောကြောင့် ဖြစ်၏။ ထိုကားပုံမျိုးကို မောင်ဇော်မြင့် မြင်ဖူးသလိုလိုတော့ ရှိ၏။ သိတော့ မသိ။ မောင်ဇော်မြင့်သည် သူတို့ဆိုက်ကားရှေ့ခုံ ကူရှင်ကို လှန်လိုက်၏။ အတွင်းက သစ်သားခင်း။ သစ်သားခင်းမှ ပျဉ်တစ်ချပ်ကို လှန်လိုက်၏။ အတွင်းက တိုလီမိုလီထည့်သော အံ၊ မော်တော်ကားရုပ်ပါသော စက္ကူစုတ်ကို သေချာဖြန့်သပ်၍ ထိုအံထဲ ထည့်သည်။ အံကို ပြန်ပိတ်။ ကူရှင်ကို ပြန်ချ။ အိမ်ရောက်လျှင် သူ့ခေါင်းရင်း ကျူထရံမှာ အလှကပ်ထားရန် မောင်ဇော်မြင့် ရည်ရွယ်၏။ ထိုမော်တော်ကား၏ အမျိုးအမည်ကို မောင်ဇော်မြင့်မသိသော်လည်း စာရေးသူ ဇော်ဇော်အောင်သိ၏။ ထိုကားသည် မစ်ဆူဘီရှီဂဲလင့် ဆစ်(ဂ) မာ ငွေရောင်ကားကြီးဖြစ်သည်။

(၇)

ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာ သုံးရက် မောင်ဇော်မြင့်ဖျား၍ ဆိုက်ကားမထွက်။ အုံနာ ဦးကျင်းဟိုက်က ဘုမ္မာလမ်းသွယ်ထဲမှ စိန်မြင့်ဆိုသော သူငယ်ကလေးကို ဆိုက်ကားပေး၍ အထွက်ခိုင်းသည်ဟု သိရ၏။ ဖျားရုံမျှမက ကိုယ်လက်တွေပါ ကိုက်ခဲနာကျင်လှသောကြောင့် အတော်ခံလိုက်ရသည်။ ကိုးပါးဆေးနှင့်ပျောက်၍ စနေနေ့ ဆိုက်ကားပြန်ထွက်သည်။ အနည်းငယ် မောနေ၏။

(၈)

စနေနေ့က မောင်ဇော်မြင့် စက္ကူစုတ်တစ်ခု တွေ့ပြန်သည်။ ကောက်ယူကြည့်ပြန်၏။ မြန်မာလိုရေးထားသောကြောင့် မောင်ဇော်မြင့် ဖတ်တတ်၏။ ဖတ်၏။ ဘာမှ သူနားမလည်။ ဖတ်တတ်သော်လည်း နားမလည်သော စာများ ရှိပါသေးသလားဟု သူစဉ်းစားမိ၏။ လေးငါး


mgyoe.com

mgyoe.com SAMPLE BOOK



ကြောင်းလောက်ဖတ်ပြီး လွှင့်ပစ်လိုက်ပြန်၏ ထိုစာကို မောင်ဇော်မြင့် နားမလည်သော်လည်း စာရေးသူ ဇော်ဇော်အောင် နားလည်၏။ ထိုစာမှာ ဤသို့ဖြစ်၏. . . ။

. . . . ဆယ့်ကိုးရာစုနှစ် ရုရှားစာပေလောကတွင် အိတ်ဇစ်တင်ရှယ်လစ်ဇင်း အရိပ်အငွေ့သန်းသော ဂန္ထဝင်မြောက် လက်ရာနှစ်ခု ပေါ်ခဲ့၏။ ယင်းတို့မှာ အိုင်ဗင် အိလိရစ် ကွယ်လွန်ခြင်းဟူသော တော်လစတွိုင်း၏ ဝတ္ထုနှင့် ဖခင်နှင့် သားများဟူသော တာဂျီနက်၏ ဝတ္ထုတို့ပင် ဖြစ်သည်။ သို့သော် ကျွန်ုပ်သဘောအရ ပြောရလျှင် အကြီးကျယ်ဆုံး အိတ်ဇစ်တင်ရှယ်လစ် စာရေးဆရာကြီးမှာ ဒေါ့စတိုယက်စတီး(၁၈၂၁-၈၁)ပင် ဖြစ်သည်။ ဆရာကြီး၏ ကာရမာဇော့ညီအစ်ကိုများနှင့် မြေအောက်မှ မှတ်စုများဟူသော လက်ရာနှစ်ပုဒ်တွင် အိတ်ဇစ်တင်ရှယ်လစ်ဇင်းကို. . . . ။

(ထိုစာသားကို ဇော်ဇော်အောင် နားလည်သော်လည်း မသိ။)

(၉)

ဘယ်နေ့ဟု မမှတ်မိ။ လူနှစ်ယောက်ကို နှစ်ကျပ်ခရီးတစ်နေရာ လိုက်ပို့ရာတွင် ငွေအစိတ်ရလိုက်၏။ သည်ကိစ္စလည်း သိပ်မဆန်း။ မကြာခဏ ဤသို့မတန်တဆရတတ်၏။ မော်ဇော်မြင့် အိမ်အစောကြီးပြန်သည်။ လမ်းထိပ်မှာ စက်ဘီးပေါ်တွင်တင်၍ ရောင်းသော ထီဆိုင်ကို တွေ့၏။ စက်ဘီးကယ်ရီယာပေါ်မှာ တင်ထားသော ကက်ဆက်က သီချင်းသံ ထွက်နေ၏။ မွေးနေ့မင်္ဂလာ၊ မွေးနေ့မင်္ဂလာ၊ မွေးနေ့ လက်ဆောင်သီချင်းပင်ဖြစ်လိမ့်မည်။ ရွှေသူဌေး ထီဆိုင်မှ ထီတစ်စောင် ထိုးခဲ့၏။ အတိတ်ဘာရေးရမှန်းမသိ၍ သည်အတိုင်းယူလာသည်။ ထီလက်မှတ်နှင့်အတူ စိတ်ကူးများကိုပါ ယူလာခဲ့သည်။

(၁၀)

မောင်ဇော်မြင့် အိမ်ပြန်ရောက်၏။ အငယ်ဆုံးသမီးကလေး တဝါးဝါးငိုနေသည်။ ဗိုက်နာတာလား၊ သံထိုးလို့လား၊ မအေ ဘာအစားမှားသလဲ။ ညနေကျမှ လမ်းထိပ်ဆေးခန်းသွားပြမည်။ သူ့မှာ ငွေနှစ်ဆယ့်သုံးကျပ် ရှိ၏။ သမီးကို လှမ်းကြည့်၏။ မည်းမည်းပိန်ပိန်၊ ဗိုက်ပူနံကားကလေးနှင့် ထီဆိုင်တုန်းက သီချင်းသံကို သူသတိပြန်ရ၏။ မွေးနေ့မင်္ဂလာ၊ မွေးနေ့မင်္ဂလာ။ နာမည်မပေးရသေးသော သူ့သမီးလေး မွေးနေ့မင်္ဂလာပွဲလုပ်မည်။ တစ်ရပ်ကွက်လုံး ဒန်ပေါက်ထမင်းကျွေးမည်။ ဒူးယားနှင့် ရေခဲမုန့်ပါ ပါဦးမည်။ နာမည်။ သည်ကောင်မကို အခုထိ နာမည်မပေးရသေး။ နာမည်။ နာမည်။ နာမည် ကောင်းကောင်းလှလှ ခေတ်ဆန်ဆန်ပေးရမည်။ နာမည်ကြားဖူးသမျှ ဗဟုသုတရှိသမျှ၊ နာမည်၊ နာမည်။

(၁၁)

မောင်ဇော်မြင့်သည် သူ့သမီးလေးကို မမသူဇာဖြူပြာ ကလျာနွဲ့နှင်းဖြူ. . . ဟု စိတ်ထဲက နာမည်ပေးလိုက်၏။

(၁၂)

ဒါပဲ တတ်နိုင်တယ် သမီးရယ်။

❑



mgyoe.com

mgyoe.com SAMPLE BOOK


# (၉) ခင်သန်းနုအကြောင်း ဝတ္ထု

အပြာရောင် နှင်းမြူဇာပဝါ ပါးပါးကလေး လွှမ်းခြုံထားတယ်လို့. . . ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ရသည်ကို အမှတ်ရနေ၏။ ဆောင်းအကုန် နွေအကူး သည်လိုရာသီမျိုးမှာ တက္ကသိုလ်နယ်မြေသည် အလှဆုံး၊ အသာယာဆုံး၊ ကံ့ကော်ဝတ်မှုန် ဝတ်ဆံများ လေထဲမှာ ဝဲပျံနေ၏။ မွှေးပျံ့ကြည်သာသော ရနံ့များသည် ကံ့ကော်ပွင့်တို့ တက္ကသိုလ်ကို လွှမ်းမိုးထားသည်။ ကံ့ကော်ပင်တွေကြားမှာ အစိမ်းနုနု ဆေးသုတ်ထားသော ခုံတန်းလျားကလေးများ တိတ်ဆိတ်စွာ လှနေကြ၏။ နုပျိုသော အကြင်နာများ၊ အတွယ်အတာများသည် နေရာအနှံ့ပျံ့လျက်။ အပူအပင်ကင်းသော ရယ်မောသံများ၊ ရင်ခုန်သံ ရောယှက်သော သက်ပြင်းထွက်သက်နွေးနွေးများ၊ ဟန်ဆောင် စိတ်ကောက်သော မျက်စောင်းချိုချိုများသည် ကံ့ကော်ရွက်များကြားတွင် အချစ်သီချင်းတစ်ပုဒ်ကို သီဆိုနေကြ၏။ ဆွတ်ပျံ့သာမော ရင်ခုန်ရပါသော တက္ကသိုလ်မှာ။

*

သန်းနုသည် တက္ကသိုလ်နယ်မြေမှာမွေး၍ တက္ကသိုလ်နယ်မြေမှာပင် ကြီးပြင်းခဲ့ရ၏။ ရုပ်ရှင်မင်းသမီး ခင်သန်းနု ရုပ်ရှင်စရိုက်သောနှစ်က သူ့ကိုမွေးခဲ့သည်။ အဖေက ခင်သန်းနုကို အသည်းစွဲမို့ သူ့သမီးကို ခင်သန်းနုဟု နာမည်မှည့်ခဲ့၏။ ဘာ့ကြောင့်မှန်းမသိ၊ ဆိုင်တန်းတစ်တန်းလုံး ဘယ်သူမှ သူ့ကိုခင်သန်းနုဟု မခေါ်ကြ။ သန်းနုဟုသာ ခေါ်ကြသည်။

တစ်ခါတစ်ခါ အမေက ငယ်နာမည် ဘုတ်ဆုံမဟု ခေါ်ခေါ်နေသောကြောင့် စိတ်ညစ်ရသည်။ မခေါ်ဖို့ ပြောရသည်က အမော။ ငယ်ငယ်က ဝဝကစ်ကစ် ချစ်စရာ ဘုတ်ဆုံမသည် ကြီးလာ၍ သန်းနုဖြစ်လာသောအခါ အလှသွေး ရွှန်းစိုစွာ ထူးထူးခြားခြားလှပနေ၏။ အဖေတို့ အမေတို့အမျိုးတွေ အညာကျောက်ပန်းတောင်းက ဘုရားဖူးလာကြတုန်းက မှတ်မိနေသေးသည်။ တို့အမျိုးထဲမှာ ဟောဒီကောင်မ အလှဆုံးပဲ။ ရန်ကုန်သူကိုးအေး။ နင့်အသားလေးက ဖြူဥနေတာပဲဟယ်။ ငါ့မြေးက မိန်းမချောကြီးဟဲ့။

ဝိုင်းဝန်းချီးကျူးသံတွေကြား သန်းနုသာယာခဲ့၏။ အပျိုဘော် မဝင်ခင်ကတည်းက သန်းနုသည် သူ့အလှကို


mgyoe.com

mgyoe.com SAMPLE BOOK


သူသတိပြုမိ၏။ အချောအလှ တက္ကသိုလ်ကျောင်းသူ အစ်မတွေကိုကြည့်ပြီး စိတ်ထဲက ကျိတ်နိုင်းယှဉ်ကြည့်မိသော အကြိမ်ပေါင်း မရေတွက်နိုင်။ သန်းနုသည် သူ့အလှကို သူသတိပြုမိ သိရှိသော မိန်းကလေးဖြစ်၏။

*

မှတ်မှတ်ရရ အဖေအဆောင်စားဖိုမှူးအလုပ်က အငြိမ်းစားယူသော နှစ်မှာ သန်းနုဆယ်တန်းအောင်သည်။ တက္ကသိုလ်ဆက်တက်ဖို့။ သည်တက္ကသိုလ်မှာ သူ့ကိုမွေးခဲ့၊ သူကြီးပြင်းလာခဲ့ရသည်။ ယခုလည်း သည်တက္ကသိုလ်နယ်မြေမှာ သူနေသည်။ တက္ကသိုလ်သည် သန်းနုဘဝပတ်ဝန်းကျင်ပင် ဖြစ်၏။

*

သို့သော် ပင်စင်ယူပြီးမှ အဖေ့ကျန်းမာရေး ပိုဆိုးလာသည်။ အရင်က သူတို့ဆိုင်ကို အမေပင် ဦးစီးလုပ်ကိုင်လာခဲ့သည်။ သူမှတ်မိသမျှ ဟိုးငယ်စဉ်ကတည်းက အဖေဆိုသည်မှာလည်း အဆောင်တာဝန်တွေနှင့် ဆိုင်ကိုသိပ်မကြည့်အား။ အခု အဖေကျန်းမာရေး မကောင်းရသည့်အထဲတွင် အမေကပါ ကျန်းမာရေး ထွေလာ၏။

အားကိုးလွှဲအပ်ရသော အမေ့ညီမ အပျိုကြီးတစ်ယောက်ကလည်း မနှစ်ကပင် ဆုံးပါးခဲ့သည်။ အကြောင်းကြောင်းများကိုထောက်၍ သမီးအကြီးဆုံးဖြစ်သော သန်းနုအပေါ်သို့ တာဝန်တွေအလိုအလျှောက် ကျရောက်လာနေသည်။ သူတာဝန်ယူရလိမ့်မည်။ ဆိုင်ကလည်း အခြေတကျ အနေတကျ ဖြစ်နေပြီ။

အဖေနှင့်အမေ၏ ဆန္ဒကို ပြတ်ပြတ်ဆန့်ကျင်၍ သန်းနု စာပေးစာယူ သင်တန်းကို လျှောက်လိုက်သည်။ အမေက တက္ကသိုလ်မှာတက်ရန် ထပ်ပြောသောအခါ အမေရယ် သန်းနုမွေးကတည်းက တက္ကသိုလ်ကျောင်းသူဖြစ်လာတာပဲဥစ္စာဟု ရယ်မောလျှောချခဲ့၏။ ထိုအချိန်မှစ၍ သန်းနုသည် ပေါ့ပါးလွတ်လပ်သော ကျောင်းသူဘဝကို စွန့်လွှတ်၍ ဘဝထဲကို ရဲရဲတိုးဝင်ကာ အိမ်ထောင်ဦးစီး၊ ဆိုင်ဦးစီးအဖြစ်သို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

*

သန်းနုကောင်းကောင်း မှတ်မိနေသည်။ တက္ကသိုလ်နယ်မြေမှာ(ထိုနှစ်က) ပထမဆုံး မိုးရွာသောနေ့။ စနေနေ့။ ရက်ပေါင်း လပေါင်း အတော်ကြာကြာ၊ နှစ်ရာသီလုံးလုံး မိုးရေစက်တို့ မထိမတွေ့ခြောက်သွေ့ခဲ့သော မြေပြင်ပေါ်မှာ မိုးစက်များ စတင်ကျရောက် စိုစွတ်ခဲ့တဲ့နေ့။ ထူးခြားသင်းပျံ့သော မြေသင်းနံ့များနှင့်အတူ အစ်ကိုမောင်သည် သန်းနုဘဝထဲသို့ ဝင်လာခဲ့သည်။ ပြန်စဉ်းစားကြည့်ရင် ရိုးရိုးစင်းစင်းကလေးပါပဲ။ ဝတ္ထုထဲရုပ်ရှင်ထဲကလိုမဟုတ်။ သန်းနုဆိုင်ထဲသို့ ကျောင်းသားတစ်ယောက် ပြေးဝင်လာသည်။

စနေနေ့မို့ လူရှင်း၏။ ဆိုင်တန်းမှာ တစ်ခြားဈေးဆိုင်တွေလည်း မထွက်။

သန်းနုတို့ကတော့ လပေးချိုင့်ဆွဲသမားတွေရှိ၍ ချက်ပြုတ်ရသေးသော်လည်း အလုပ်ပါးသည်။ အစ်ကိုမောင် ဆိုင်ထဲပြေးဝင်လာစဉ်က သန်းနုသည် လုံးထားသော ဝက်သားဟင်းထဲ အနှစ်အဖြစ်ထည့်ဖို့ ကြက်သွန်ကြော်ဆီချက် ချက်ရန် ပြင်နေသည်။ ဘာရလဲဟု မေး၏။ ညနေ သုံးနာရီလောက်။ သန်းနုက ဟင်းအမည်တွေ ပြောပြသည်။ ခဏ ဆုတ်ဆိုင်းဆိုင်းလုပ်နေပြီး ကြက်အသည်းအမြစ်နှင့် ထမင်းမှာသည်။ သန်းနုက ပြင်ပေး၏။ ထမင်းကို တို့ကဆိတ် တို့ကနန်းသာ စားသည်။ လည်တဆန့်ဆန့် တမျှော်မျှော်နှင့် ဂျပ်ဆင်မျှော်စင်ဘက်ကိုသာ ကြည့်နေ၏။ တစ်ယောက်ယောက်နှင့် အချိန်းအချက်ရှိလို့ လာစောင့်နေပုံ သိသာလွန်းသည်။

မိုးတိတ်သည်နှင့် ကျသင့်ငွေရှင်းပြီး ကမန်းကတန်း ပြေးထွက်သွားသည်။ ပြန်အမ်းသော အကြွေငါးမူးကိုပင် ယူမသွား။ ထိုနေ့က . . . မိုးပထမဆုံး စရွာသောနေ့က မြေသင်းနံ့များ လွင့်ပျံ့နေဆဲ၊ မိုးစက်တွေထဲကို ဖြတ်၍ အစ်ကိုမောင်သည် သန်းနုတို့ဂျပ်ဆင်ရိပ်သာ ထမင်း


mgyoe.com

mgyoe.com SAMPLE BOOK



ဆိုင်အတွင်းသို့သာမက သန်းနုဘဝထဲသို့ပါ ပြေးဝင်လာခဲ့သည်။

*

နောက်တစ်နေ့၊ နောက်တစ်နေ့၊ နောက်နေ့ပေါင်းများစွာ အစ်ကိုမောင်လာ၏။ လာတိုင်း အသည်းအမြစ်ဟင်းနှင့် ထမင်းမှာစား၏။ သည်လိုနှင့်ပါပဲ။ စိတ်ဝင်စားစရာကောင်းအောင်၊ သဘာဝယုတ္တိ အာဂမယုတ္တိတွေနှင့် ကိုက်ညီအောင် စာဖတ်သူများ စွဲမက်အောင်၊ ဝေဖန်ရေးဆရာများ၏ ချီးကျူးခြင်းခံရလောက်အောင် ကောင်းမွန် အနုပညာမြောက်စွာ ရေးဖွဲ့ထားသော ဝတ္ထုထဲကလိုတော့ ဟုတ်ချင်မှ ဟုတ်မည်။ မင်းသား မင်းသမီး တွေ့ဆုံချစ်ကြိုက်သွားကြပုံ မြန်လွန်းသည်။ လွယ်လွန်းသည်ဟု ပြောကောင်း ပြောနိုင်ပေလိမ့်မည်။

အဆန်းတကြယ် မဟုတ်လှစွာ သန်းနုအစ်ကိုမောင်နှင့် ချစ်ကြိုက်သွားခဲ့၏။ သို့သော် သန်းနုသည် အစ်ကိုမောင့်အချစ်ကို လက်ခံ၍ သူ့အချစ်ကို အစ်ကိုမောင်အား ပေးအပ်နိုင်ဖို့အတွက် အိပ်မရသော ညပေါင်းများစွာ၊ ပြည့်ကျပ်မွန်းသိပ်စွာ ချခဲ့ရသော သက်ပြင်းပေါင်းများစွာ၊ ထိတ်လန့်မှု၊ တုန်လှုပ်မှု၊ စိုးရိမ်မှု၊ အားငယ်မှု၊ ဝေခွဲမရမှုပေါင်းများစွာ၊ ရင်ခုန်စက္ကန့်ပေါင်းများစွာ၊ မျက်နက်ဝန်းမှာ စို့တယ်ဆိုရုံမျှ ဝန်းခိုလာသော မျက်ရည်စပေါင်းများစွာကို စွန့်စားကျော်ဖြတ်ခဲ့ရကြောင်း သန်းနုသာ သိပေလိမ့်မည်။

အစိမ်းရောင်ကားအသစ် လှလှကလေးမောင်း၍ အမြဲတမ်း သပ်သပ်ရပ်ရပ် သားသားနားနား ဝတ်စားတတ်သော အစ်ကိုမောင်သည် သန်းနုဘဝထဲသို့ ဝင်လာရုံမျှမကတော့။ အတော်စိုးမိုး နေရာယူလာပြီ။

အစ်ကိုမောင် သီချင်းဆိုသည်။ ဂစ်တာတီးသည်။ ရုပ်မြင်သံကြားမှာ မကြာခဏ အစ်ကိုမောင်တို့ဝိုင်း လွှင့်ရသည်။ အစ်ကိုမောင် လှေလှော်ရွက်တိုက်သည်။ အင်းလျား လှေလှော်ရွက်တိုက်အသင်း ပွဲတစ်ပွဲမှာ တစ်နှစ်က အစ်ကိုမောင် ဆုရဖူး၏။

အစ်ကိုမောင် တင်းနစ်ရိုက်သည်။ သိမ်ဖြူကွင်းမှာ တစ်နှစ်က အစ်ကိုမောင် ဆုရဖူးသည်။ အစ်ကိုမောင် စာမေးပွဲ အောင်သည်။

ကမ္ဘာပေါ်တွင် အစ်ကိုမောင်သည် အချောဆုံး၊ အလှဆုံး၊ အသားနားဆုံး၊ အအောင်မြင်ဆုံး၊ အကျော်ကြားဆုံး၊ သူအချစ်ဆုံးဟု သန်းနုစွဲမြဲ ယုံကြည်ယူဆထားသည်။

*

တစ်နေ့။

မနက်အစောကြီး အစ်ကိုမောင် ရောက်လာ၏။ လက်ထဲမှာ ကုံကော်ပန်းတွေ တပွေ့တပိုက်ကြီး။ ဒဂုံအဆောင်ရှေ့က သူကိုယ်တိုင် တက်ခူးလာသည်ဟု ပြော၍ သန်းနုကို ပေးသည်။ သန်းနုသည် ဟင်းချိုအိုး ပွက်အောင်စောင့်ရင်း ဖတ်လက်စ သမိုင်းစာစဉ်ကို ချထား၍ အစ်ကိုမောင်ကို အပြုံးနှင့် ကြို၏။ ညနေ လှည်းတန်းဈေးမှာ တွေ့မယ်ဟုပြောပြီး ကပျာကသီ ပြန်ထွက်သွားသည်။ မနက်အတွက် ညနေကတည်းက လှည်းတန်းဈေးမှာ ဟင်းလျာ သားငါး ဝယ်ထားရသည်။

ထိုညနေ သန်းနုဈေးသွားတော့ အစ်ကိုမောင် ဈေးထိပ်က စောင့်သည်။ ဈေးထဲမှာ အတူဈေးဝယ်၏။ အစ်ကိုမောင်က ခြင်းတောင်းကို ကိုင်သည်။ ကျောက်ကျောဆိုင်မှာ ထိုင်စကားပြောကြသေး၏။ အပြန် ကမာရွတ်ရဲစခန်းရှေ့အထိ အစ်ကိုမောင် လိုက်ပို့သည်။ ကားတွေ ဥဒဟို ရှုပ်ယှက်ခတ် မောင်းနေသောလမ်းကို ဖြတ်ကူးခါနီးဆဲဆဲ။ အစ်ကိုမောင်သည် ဘယ်တုန်းကမှ ပြောလိမ့်မည်ဟု သန်းနုမျှော်လင့်မထားသော စကားတစ်ခွန်းကို ပြောလိုက်သည်။ နုငယ်၊ အစ်ကိုမောင်တို့ လက်ထပ်ကြစို့တဲ့။

သန်းနု မျက်လုံးတွေ ပြာမိုက်သွား၏။ သူ့ရှေ့က ကားတွေ လူတွေအားလုံး အလင်းရောင်တစ်ချက် စူးရှတောက်ပစွာ ဝင်းလက်ပျောက်ကွယ်သွားသည် ထင်လိုက်ရ၏။ ဘယ်တော့မှ ပြောလိမ့်မယ်ဟု မျှော်လင့်မထားတဲ့



mgyoe.com

mgyoe.com SAMPLE BOOK



စကားကို အစ်ကိုမောင် တကယ်ပြောလိုက်တာပါလား။

*

နောက်တစ်နေ့ မနက်။

သန်းနုသည် အဖေတို့ အမေတို့ အချိန်ကြာမြင့်စွာ ကတည်းက ဖျောင်းဖျနားချ တိုက်တွန်းနေသော သူတို့ အညာ ကျောက်ပန်းတောင်းဘက်က ကိုအုံးလှိုင်ဆိုသူ ကို ယူပါတော့မည်ဟု ခေါင်းညိတ်သဘောတူလိုက်သည်။ ကိုအုံးလှိုင်သည် သူ့ထက် အသက်သုံးလေးနှစ်လောက် သာကြီး၏။ အမေ့ဆွေမျိုးထဲက ဖြစ်၏။ မိဘမရှိ။ ရိုးသည်။ အလုပ်ကြိုးစားသည်။ ကမာရွတ် စံပယ်ခြံထဲတွင် နေ၍ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ကို လမ်းဘေးမှာ ကိုယ်ပိုင်ဖွင့်နေသူ ဖြစ်၏။

အမေသည် သန်းနုကို နားလည်ဝမ်းမြောက်စွာ ကြည့်၍ ပြုံးသည်။ အဖေသည် သန်းနုကို နားမလည် ဝမ်းမြောက်စွာကြည့်၍ သာစုခေါ်သည်။ အဖေရော၊ အမေပါ သူနှင့်အစ်ကိုမောင်တို့ ချစ်ကြိုက်နေကြောင်း ဘာမှမပြောသော်လည်း သိနေကြ၏။

*

အစ်ကိုမောင် နေ့စဉ်ရက်ဆက်လာသည်။ အမြန်ဆုံး လက်ထပ်ဖို့နှင့် မိသားဖသားပီပီ တောင်းရမ်းယူမည်ဖြစ် ကြောင်း တတွတ်တွတ်ပြော၏။ သန်းနုသည် သူ့အသက် အရွယ်နှင့်မမျှ၊ အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝခဲ့သော မိန်းမတစ်ဦးပမာ အစ်ကိုမောင်ကို လိမ္မာစွာ ရှောင်နိုင်ခဲ့ ၏။ ဆိုင်မှာ မရှောင်သာ ဆုံသည့်အခါများတွင် ထမင်း သည်နှင့် ထမင်းဝယ်စားသူတို့၏ ဆက်ဆံရေးမျိုးအဖြစ် က မလွန်အောင် ထိန်းသိမ်းနိုင်ခဲ့၏။ နောက်ဆုံး အစ်ကို မောင် ဒေါသတကြီးပေါက်ကွဲ၍ နင့်ယ်ကို အတင်းအဓမ္မ မရ ရအောင်ယူမည်ဟု ကြိမ်းဝါးထွက်သွားပြီး နှစ်ရက် အကြာတွင် သန်းနုနှင့် ကိုအုံးလှိုင် တရားရုံးတစ်ရုံးမှာ လက်မှတ်ထိုး လက်ထပ်လိုက်ကြသည်။

သုံးလေးလခန့်ကြာသောအခါ အစ်ကိုမောင်တစ် ယောက် နိုင်ငံခြားသင်္ဘောလိုက်သွားသည်ဟု သတင်းသဲ့ သဲ့ ကြားလိုက်ရသည်။

*

လက်ထပ်ပြီး တစ်နှစ်ခွဲ၊ နှစ်နှစ်နီးပါးကြာမှ သန်းနု ကိုယ်လေးလက်ဝန် ရှိလာ၏။ စာပေးစာယူနှင့် ဘွဲ့လည်း ရပြီ။ အိမ်ထောင်လည်း ကျပြီ။ စီးပွားရေး အခြေအနေက လည်း အတော်အသင့် ကောင်းလာပြီ။ ယခု ကိုအုံးလှိုင် ၏ ရင်သွေးကို လွယ်မိ ပိုက်မိပြန်ပြီ။ လင်မယား ပျော် လို့မဆုံး။ တစ်နေ့ စကားစပ်မိ၍ ကိုအုံးလှိုင်က ကိုယ်ဝန် ရှိတဲ့ မိန်းမတွေ ချင်ခြင်းတပ်ကြတယ်လို့ ငါကြားဖူးတယ် နုနု။ မင်း ဘာလုပ်ချင်သလဲ၊ ဘာစားချင်သလဲ ပြောပါ လားကွာ။ သန်းနုက ကိုအုံးလှိုင်ကိုကြည့်၍ ကျွန်မကမ်း နားဘက်သွားချင်တယ်။ ပင်လယ်ကူးသင်္ဘောကြီးတွေ ကြည့်ချင်တယ် ကိုအုံးလှိုင်ရယ်ဟု ပြန်ပြော၏။ ကိုအုံးလှိုင် က ငါတို့သားလေးကြီးလာရင် နိုင်ငံခြားသင်္ဘောလိုင်း လိုက်ရလိမ့်မယ်ကွဟု ပျော်ရွှင်ရယ်မော ပြောသည်။ သန်းနုသည် သူ့ချစ်လင်ကို ကြင်နာသိမ်မွေ့စွာ ကြည့်နေ ၏။

*

ချစ်သူက တစ်ယောက်၊ လက်ထပ်သူက တစ် ယောက်။ ကမ္ဘာပေါ်မှာ အကြောင်းအမျိုးမျိုးကြောင့် ချစ်သူကို ရင်နာစွာ စွန့်ပစ်၍ လက်ထပ်သင့်သူကို မလွှဲ မရှောင်သာ လက်ထပ်ခဲ့ရရှာသော နာကျင်ကြေကွဲဖွယ် ရာ မိန်းမများ၏ စာရင်းကို အကယ်၍ တစ်စုံတစ်ယောက် က မှတ်တမ်းတင် ပြုစုထားသည် ဆိုပါစို့။ နွမ်းပါးနိမ့်ကျ တန်းရည်မျှသူကိုရွေး၍ ကြီးမြင့်ပြည့်စုံ လုံခြုံသူကို ရင်နာ နာ စွန့်ပစ်ခဲ့သော ခင်သန်းနုကို ထိုစာရင်းထဲတွင် ထည့် သွင်းပါမည်လား။

❑



mgyoe.com

mgyoe.com
SAMPLE BOOK



# (၁၀) နိုင်တဲ့လူအကုန်ယူသွားသည်

The Winner takes it all.

ABBA

တောင်စောင်းအပြန့်သည် နိမ့်လျှောဆင်းသွား၏။ ခပ်ဝေးဝေး တစ်နေရာတွင် အနိမ့်အဝှမ်းသည် ကော့ပျံမြင့်တက်၍သွားသည်။ ရှေ့တူရူကို ငေးမောမေ့ကျန်စွာ ကြည့်နေမိသည်။ မည်မျှကြာသွားသည်မသိ။ ပြန့်ပြောခြင်း၊ အတားအဆီး အဖိအနှိပ်မရှိခြင်း၊ ကျယ်ဝန်းခြင်းတို့ကို ရင်မောစွာ ခံစားရ၏။ ရှေ့တူရူမှာ လှိုင်းထနိမ့်မြင့် မိုးမောက် ပြေလျောသွားသော တောင်များ၊ မိုးကုပ်စက်ဝိုင်းအထိ တောင်စဉ်လှိုင်းသည် တည်ရှိနေ၏။ စိတ်ထဲမှာတော့ ထူးဆန်းနေသည်။ တောင်လှိုင်းလွင်ပြင်မှာ ပြောင်ချောလွန်းသည်။ ဗလာဖြစ်လွန်းသည်။ အရာဝတ္ထုမဲ့လွန်းသည်။ သစ်ပင်မဆိုထားနှင့် မြက်ကလေးတစ်မျှင်၊ ရေညှိကလေးတစ်ကွက်မှ မတွေ့ရ။ ဝါညိုရောင် ကျောက်သားများသာ။ ကမ္ဘာပေါ်မှာ ဘာမှမရှိ ဗလာပြောင်ချောနေသော ကျောက်တောင်များ ရှိပါကလား။

ထိုကျောက်တောင်များသည် မိုးကုပ်စက်ဝိုင်းအထိ မျက်စိတစ်ဆုံး ကျယ်ပြန့်စွာ တည်ရှိတတ်ပါကလား။ အတားအဆီးမဲ့သော ကျောက်တောင်ကွင်းပြင်ကို ကြည့်မိပြန်၏။ ဘာလုပ်ရမလဲ။ ဆက်သွားပါ။ ဆက်သာသွားပါ။ အခုဆက်သွားသော အလုပ်ကို လုပ်ပါ။ အချိန်ကျလာလျှင် ထိုအလုပ်မှတစ်ပါး အခြားအလုပ်ရှိနေခဲ့ပါလျှင် ဘာလုပ်ရမည်ကို အလိုလိုသိလာလိမ့်မည် ဖြစ်သော်လည်း အချိန်မကျသေးမချင်း ထိုအချိန်ကိုစောင့်၍၊ စောင့်ချင်သည်ဖြစ်စေ၊ မစောင့်ချင်သည်ဖြစ်စေ၊ စောင့်၍ ထိုအချိန်ကျလာလျှင် အကယ်၍ အခြားအလုပ်ရှိနေခဲ့ပါလျှင် ဘာလုပ်ရမည်ကို အလိုလိုသိလာပါလိမ့်မည်ဟု ထင်၏။

ခင်မောင်ရင် ပေးထားသော (Herman Hesse)၏ 'အရှေ့ဘက်သို့ခရီး' ဆိုသော ဝတ္ထုစာအုပ် တစ်အုပ်ဖတ်ဖူးသည်။ ဝတ္ထုဆိုသည်မှာ ဘာကိုဘယ်လိုရေးထားသလဲ။ သုတလား၊ ရသလား၊ သုတ ရသလား။ သည်မေးခွန်းတွေက အစကတည်းက မှားနေ၏။ သုတဆိုတာ မရှိဘူး။ သုတရသဆိုတာ မရှိဘူး။ ရသတစ်ခုပဲ ရှိသည်။ ကိုယ်မသိသော အကြောင်းအရာကို ဘာမှမသိပါဘဲနှင့် ဝင်ဝင်



mgyoe.com

mgyoe.com
SAMPLE BOOK


ပြောသော သူတစ်ယောက် လာနေသည်။ သူ့အင်္ကျီကျော ပေါ်မှာ 'ရှက်ဖွယ်'ဟူသော စာလုံးနှစ်လုံး ပန်းထိုးချည် အနီနှင့် လှပစွာ ရက်ဖောက် ရေးထိုးပေးလိုက်ကြပါ။ လောကကြီးမှာ အရယ်ရဆုံးဟာသ တစ်မြန်နေ့က ပေါ် ပေါက်လာခဲ့သည်။ သိတယ်ဆိုတာ ဘာလဲ။ အမှန်စင်စစ် ဘယ်သူမှ ဘာမှသိကြသည် မထင်ပါ။

ပြာသော ကောင်းကင်နှင့် ဖြူဆွတ်နုသော တိမ် တိုက်တို့ ပွတ်တိုက်ရွေ့လျားသံသည် ကျယ်လောင်လှချေ ၏။ တိမ်တိုက်များ ရွေ့လျားသံသည် ရက်စက်ပွင့်လင်း နေသည်။ ထိုအသံကို နားမခံသာပါ။ နားနှစ်ဖက်ကို ပိတ်၍ ထိုင်ရာမှ ထလိုက်သည်။ ရှေ့သို့အားသွန် ပြေး ထွက်ခဲ့ရသည်။ တောင်ကမူပေါ်မှာ သံမဏိ ဗီရိုတစ် လုံးရှိနေသည်။ အဆင့်သုံးဆင့်ပါ၏။ ရင်ခေါင်းလောက် မြင့်သည်။ အပေါ်ဆုံး ဆွဲအံကို ဆွဲဆောင့်ဖွင့်ပစ်လိုက် သည်။ အံဆွဲအောက်မှ ဘီးလုံးငယ်ကလေးများ သံ ပေါင်ပြောင်းတစ်လျှောက် ပွတ်တိုက် ရွေ့လျားသွား၏။ ပြန်ဆောင့်ပိတ်လိုက်သည်။ ပြန်ဖွင့်၏။ ပြန်ပိတ်၏။ သံမဏိ အံဆွဲများ၏ ဖွင့်သံ၊ ပိတ်သံသည် နားထဲမှာ လွန်စွာကြည်နူး အေးမြလှပါသည်။ အချိန်မည်မျှ ကုန် သွားသည်မသိပါ။ အံဆွဲ သုံးဆင့်ကို ဖွင့်လိုက် ပိတ်လိုက်၊ ဖွင့်လိုက်၊ ပိတ်လိုက် လုပ်ရင်း ကိုယ်မပိုင်သော အချိန် များကို ကုန်လွန်စေခဲ့ပါသည်။ အချိန်အတော် ကြာသွား ပြီထင်သည်။ အံဆွဲ ဖွင့်သံ ပိတ်သံများသည် နေ့နှင့်ည အကူး အမှောင်ကျဆင်း ဆိုင်းအုပ်လာသလို ဖြည်းညင်း စွာ သိမ်မွေ့စွာ လှပစွာ တစ်ကိုယ်လုံးအပေါ်သို့ ကျဆင်း ဆိုင်းအုပ်လာနေပါသည်။ သာယာလိုက်တာ၊ လှပလိုက် တာ၊ ကြည်နူးလိုက်တာ ရင်ထဲမှာ နှင်းမှုန်တွေ တဖွားဖွား လွင့်နေသည်။ သိတယ်ဆိုတာဟာ ဘာလဲ၊ အမှန်စင်စစ် သိပ်မသိကြပါ။

လူသည် လောကအတွင်းသို့ ပစ်ချခံလိုက်ရသော အထီးကျန်သတ္တဝါဖြစ်သည်။ ဖြစ်လာပြီဆိုကတည်းက အဓိပ္ပာယ်ကင်းမဲ့နေသည်။ လောကထဲမှာ ထိုသို့လျှင် အဓိပ္ပာယ်ကင်းမဲ့စွာ အထီးကျန်စွာ တစိမ်းပြင်ပြင် လောကထဲမှာ သူစိမ်းများ၏အလယ်မှာ ဖြစ်တည်လာခြင်း သည် ကောင်းချီး မင်္ဂလာတစ်ပါးမဟုတ်။ သူအသက်ရှင် တည်ရှိနေသော လောကထဲမှာ ထိုလောကနှင့် အဆက် ပြတ်၍ နေရသည်ဟု လူအချို့က ပြောကြားခဲ့သည်။ မ ကြိုက်ပါ။ သိပ်မကြိုက်လှပါ။ ကိုယ်ကိုယ်တိုင်က ဘာမှ မသိဘဲနှင့်တော့ အယူအဆတစ်ရပ် ဒဿနတစ်ရပ်ကို သိသလိုလို မလုပ်ချင်ပါ။ ဆစ်ဇီဖတ်ဆိုသူသည် ကျောက် တုံးကြီးကို တောင်ပေါ်သို့လှိမ့်တင်နေစဉ် ဇော်ဇော် အောင်သည် ဤဝတ္ထုကို သူခံစား အာရုံရသလို ရေးနေ ၏။ ဘယ်သူမှ ဘာမှပြောရန်မရှိပါ။ အကယ်၍ တစ်စုံ တစ်ယောက်က ဤဝတ္ထုဆိုလိုရင်း အဓိပ္ပာယ်ကို ဘယ်လို အကြောင်းနှင့်ပဲဖြစ်ဖြစ် ရှာဖွေစူးစမ်းဖို့ ကြိုးပမ်းလျှင် သူ့တာဝန်သာ ဖြစ်၏။ ရေးသူနှင့် မဆိုင်ပါ။ ရှာတွေ့သွား ပြီဆိုလျှင်သော်လည်းကောင်း၊ ရှာမတွေ့ဟုဆိုလျှင်သော် လည်းကောင်း ရေးသူက ဘာမှပြောရန် အကြောင်းမရှိပါ။ ရေးသူသည် သူခံစားအာရုံရသလို ရေးထားခြင်းကို သဘောမပေါက်သမျှ ဒဿနတစ်ရပ်ကို မသိဘဲနှင့်ဟူ သော စကားရပ်သည် မသိသေးသမျှဟု ဆိုလိုသည်လား။ ဘယ်တော့သိမည်လဲ။ အမှန်စင်စစ် ဘယ်သူမှ ဘာမှ မသိကြတဲ့အထဲတွင် ဇော်ဇော်အောင်သည် အာရုံခံစား သူသာ ဖြစ်၏။ သစ်သားပေတံ။ ဝါးပေတံ၊ ပလတ်စ တစ်ပေတံအားလုံး အမှိုက်ပုံးထဲ ထည့်ထားပါ။

အဝေးအရပ်မှ ပျံ့လွင့်လာသော တီးတိုးသံများသည် သစ်ပင်များ မြက်ပင်များ၊ ရွက်ခြောက်များ၊ ကင်းမဲ့လပ် ဟာသော ကပတိပြောင်ချော တောင်ကုန်းများ ထူးဆန်း သော အရောင်ဖြင့် စိမ်းလန်းစေ၏။ စိမ်းလန်းသော အ ရောင်ဆိုသည်မှာ နီရဲသော အရောင်မဟုတ်။ နီရဲသော အရောင်မဟုတ်ခြင်းသာ သိရ၍ စိမ်းလန်းသော အရောင် ဆိုသည်မှာ ဘာလဲဟု တကယ်မသိရ။ သိဖို့ မသိဖို့ကို အပထား။ ထူးဆန်းသောအရောင်ဖြင့် မီးစုန်းတောက် သလို စိမ်းလန်းနေသော ကျောက်သားတောင်ကုန်းလွင် ပြင်ကို ဆက်ဖြတ်ရပါလိမ့်မည်။ ဆက်၍ ဖြတ်နေရပါ သည်။ ဗျိုင်းဖြူများသည် ကျက်သရေရှိစွာ ကောင်းကင်ကို


mgyoe.com

mgyoe.com SAMPLE BOOK



ဖြတ် ပျံသန်းနေကြသည်။ အရေးအကြီးဆုံးက ကိုယ့်အလုပ်ကို လုပ်ဖို့ပဲ ဖြစ်သည်။ လူသားတစ်ရပ်လုံး ကောင်းကျိုးအတွက် အသက်ရှင်နေထိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် စစ်မှန်သော ဖြစ်တည်မှုဟူ၍ မှတ်ယူအပ်ပေသည်။ ကမျူး၏ ဖြစ်တည်မှုအမိက ဒဿနကိုမှ ဠာန်ကုန်အောင် မလေ့လာဖူးပဲ ကြည်အေးကဗျာ သုံးပုဒ်၊ ဝတ္ထုလေးပုဒ်လောက် ဖတ်ပြီး ထင်ရာတွေ စွတ်ပြောနေလျှင် ဘာပြောစရာ လိုပါသနည်း။ လူကြီးမင်းများ လက်ခုတ်တီးပါ။ ကမျူးက ဆာ့တ်လို ပုဂ္ဂိုလ်၏ဖြစ်တည်မှု အမိက ဝါဒဆန်သော အတွေးအခေါ်များသည် လုံးဝမှားယွင်း၍ လုံးဝလက်မခံနိုင်ကြောင်း အပြတ်ကြေငြာခဲ့သည်။ တေပေလေလွင့် စိတ်ကစားချင်သော ကောင်မလေး တစ်ယောက် အချိန်တန် အိမ်ပြန်ပါလိမ့်မည်။ ဝန်နှင့်အားကို မချိန်ဆဘဲ လေးလံပြည့်ဖောင်းနေသော ဒဿနအထုပ်ကြီး သူ့ခေါင်းပေါ် တင်မပေးလိုက်ကြပါနှင့်။ လူသတ်မှုအတွက် ထားရှိသော ပုဒ်မသည် (၃၀၂) ဖြစ်သည်ဆိုပါလျှင် အတွေးအခေါ်သတ်မှုအတွက် ပုဒ်မသည် သုံးကုဋေနှစ် ဖြစ်နိုင်စရာ အကြောင်းရှိ၏။ သူတို့ ဘယ်သွားနေကြသည်လဲ။

တောင်ကုန်းစွယ်မှာ မြင်းဖြူတစ်ကောင် တွေ့ရပြန်ပါသည်။ ကကြိုး တန်ဆာ ဘာမှမပါသော မြင်းဖြူကြီးသည် ငွေရောင်တဖိတ်ဖိတ် တောက်ပနေ၏။ လည်ဆံမွေးများသည် ရေတံခွန်များ စီးသွန်ဖြာကျနေသည်နှင့် တူသည်လား။ ဆည်းဆာ၏ ကျနေရောင်သည် ပြောင်လက်သော ကျောကုန်းပေါ်မှတစ်ဆင့် မျက်လုံးထဲသို့ ဝင်၏။ အလှအပဆိုသည်မှာ မျက်လုံးထဲမှာသာ ရှိသည်။ မြက်ပင်၊ သစ်ပင် တစ်ပင်မျှမရှိသော တောင်ကုန်းပေါ်မှာ မြင်းဖြူကြီးသည် စိမ်းလန်းသော မြက်များကို စားနေ၏။ ထိုမြင်းဖြူကြီးသည် ကြည့်နေရင်းမှာပင် အဝါရောင်တောက်ပသော မြွေတစ်ကောင်ဖြစ်၍သွားသည်။ အထင်လား၊ အမြင်လား၊ ခွဲခြားမသိနိုင်ခင်ကလေးမှာပင် အရှေ့ကောင်းကင်မှ ထောပတ်ရောင်တောက်သော လ ထွက်လာသည်။ လရောင်အောက်တွင် အရာအားလုံး ကမ္ဘာအားလုံး မေတ္တာစာတ်ကို ရ၏။

အိပ်ချင်မှု၊ နွမ်းနယ်မှုတို့ဖြင့် လေးလံနေသော မျက်လုံးများသည် တစ်ရပ်တစ်ကျေးမှ ခံစားမှုများကို ပြန်လည်ခေါ်ယူလာခဲ့သည်။ ခံစားမှုဝါဒီ တစ်ဦးဖြစ်ရခြင်းအတွက် ရှက်ဖွယ်ရာဟု မယူဆပါ။ ရင်ထဲကအရာကို ဘယ်သူမှ ဘာမှလုပ်၍မရ။ လေးတွဲသော ရနံ့များသည် ဒေါနပန်း၏ရနံ့များဖြစ်ကြောင်း ခံစားသိရှိလိုက်ရသည်။ လေထဲမှာ ကျောက်သားမျက်နှာပြင်၏ ချောမွတ်မှုများပျံတက်နေသည်။ ချောမွတ်သော ရနံ့များ၊ ဒေါနပန်းများ၊ လရောင်ခြည်များနှင့် ယှက်ထွေးလျက် ကောင်းကင်မှာ တွဲလဲဆွဲ၍ ချိတ်နေသည်။ အဝေးဆုံး မိုးကုပ်စက်ဝိုင်းမှာ လရောင်ခြည်သည် အလှဆုံးဖြစ်တော့သည်။ ဘယ်ဆီဟု မသိရသော အရိပ်တစ်ခုမှ တယောသံများ ပြေးလာ နေသည်။ အသံများသည် ပြေးလွှားရင်း ဒေါင်လိုင် အလျားလိုက် ပျံသန်းကာ သံဇကာကွက် လှောင်အိမ်တစ်ခုကို ရက်လုပ်လိုက်ကြ၏။ လေထဲမှာ တယောသံဇကာကွက် လှောင်အိမ်ကြီးသည် ဖြည်းညင်း စွာ လာနေ၏။ အံ့ဩရန် အချိန်မရလိုက်ဘဲ ခန္ဓာကိုယ်တစ်ခုလုံး ထိုလှောင်အိမ်အတွင်းသို့ သက်ဆင်း ကျရောက်သွားသည်။ ထူးဆန်းသည်မှာ စိတ်က အပြင်ဘက်မှာ ကျန်ရစ်၏။ အေးစက်ကြမ်းရှသော တောင်ကုန်း ကျောက်သားပြင်ပေါ်မှာ စိတ်သည် ခြေပစ်လက်ပစ် မောဟိုက်ကျန်ရစ်သည်။ လျှင်မြန်သော အဟုန်ဖြင့် တယောသံဇကာကွက် လှောင်အိမ်ကြီးသည် ဟိုအဝေးသို့ ပြေးထွက်၊ ခန္ဓာကိုယ်ကို သယ်ဆောင်ကာ ပျောက်ကွယ်သွား၏။ မောလိုက်တာ။ အေးမြလိုက်တာ။ ကောင်းလိုက်တာ။ လရောင်ခြည်သည် ပြန့်ကျဲနေသော အလင်းစက်များအဖြစ် စုစည်းကာ စိတ်ကိုရစ်ပတ်ဖုံးအုပ်လိုက်၏။ တစ်ခဏချင်း ပျံတက်ကာ ကောင်းကင်ထက်က တိမ်တိုက်ငယ်တစ်ခု အပေါ်သို့ ပို့ဆောင်လိုက်သည်။

တောင်တန်း ကျောက်သားပြင်ကို အမြင့်ဝေးဝေးမှ ရေးရေးမြင်ရသည်။ လရောင်ခြည် ပင်လယ်ထဲမှာ မည်းနက်သော အရိပ်ကျွန်းများ ကွက်တိ၊ ကွက်ကျားဖြစ်နေ၏။



mgyoe.com

mgyoe.com SAMPLE BOOK


ကျောက်သားလွင်ပြင်၏ အသရေရှိခြင်းကို စကားလုံးမပါဘဲ စိတ်ထဲမှာသာ ကဗျာစပ်၍ ကြည့်မိသည်။ ထိုကဗျာသည် ဤဝတ္ထုဖြစ်၏။ မောဟ စွန်းထင်းသော ဒေါသပေကျံသော ဤဝတ္ထုကို လရောင်ခြည် ပင်လယ်ပြင်ထဲက တောင်ကမူ အရိပ် ကျွန်းပေါ်သို့ ပစ်ချလိုက်သည်။ ဖြူဖွေးသွယ်ပျောင်းသော နုပျို နွဲ့လျသော လက်မောင်းကလေးတစ်ဖက်က ဆီးယူဖမ်းလိုက်၏။ စကားလုံးမဲ့သော ဒြပ်မဲ့သော ဝတ္ထုသည် လက်ကလေးထဲတွင် ပျောက်၍သွား၏။ လက်သည် အရိပ်ထဲတွင် ပျောက်၍ သွား၏။ အရိပ်သည် မူလကပင်မရှိခဲ့ဟု ထင်ရသည်။ မူလကမရှိသော အရိပ်သည် ကဗျာထဲတွင် ပြန်ပေါ်လာသည်။ ကဗျာသည် စိတ်ထဲတွင် ပေါ်ပြန်သည်။ စိတ်သည် ဖြူလွှသော တိမ်တိုက်ငယ်အတွင်းမှာ. . .။ ရှေ့တူရူကို ပျော်ပါးနှစ်သက်စွာ ကြည့်နေမိသည်။ အဝေးဆုံး အရပ်က မိုးကုတ် စက်ဝိုင်းတစ်နေရာမှာ လရောင်ခြည်များ တဖိတ်ဖိတ်လွင့်စင် ဖြာထွက်နေတော့သည်။ ကျောက်သားပြင်၏ အေးစက်မာကျောသော အတွေ့အထိကို မသိမမြင်၊ မတွေ့ခဲ့ရပြီ။

❑



mgyoe.com

mgyoe.com SAMPLE BOOK



# (၁၁) မကြည်ပြာ အိပ်မက်ဖြစ်သွားပြီ

ရေကန်၏ဘေးကမ်းစပ်မှာ လွတ်လပ်ခွင့်အကြောင်း သူ့ကိုပြောပြချင်ပါသည်။ ရွှေရောင်နေခြည်တို့ဖြင့် စွန်းကွက်ပေကျံနေသော မြက်ခင်းပြင်သည် မှောင်တစ်ဝက်၊ စိမ်းတစ်ဝက် ရင်မောဖွယ်ရာ လှပနေ၏။ အရိပ်များသည် ရှည်လျားတတ်ကြ၏။ တစ်ခါတစ်ရံ နေရာတစ်နေရာမှ အရိပ်များသည် ရှည်ကြာလေးဖင့်စွာ နေတတ်ကြ၏။ ဘဝအပေါ်မှာ ရှည်ကြာလေးမြင့်စွာ အရိပ်ထိုးနေခဲ့လျှင် အကျိုးရှိစေနိုင်သောအရာများ ညှိုးနွမ်းတတ်ပါသည်။ ကျွန်တော့်ရင်ထဲမှာ ပိတောက်ပန်းကိုလည်းကောင်း၊ ရွှေပြည်စိုးငှက်ကိုလည်းကောင်း၊ တိမ်တောက်သော အနောက်ဘက် မိုးကောင်းကင်ကိုလည်းကောင်း၊ အုန်းလက်ပေါ်က လရောင်ခြည်ကိုလည်းကောင်း၊ ကံ့ကော်ပွင့်များဖြင့် ပြည့်မောက်နေသော ခြင်းတောင်းတစ်လုံးကိုလည်းကောင်း၊ ငြိမ်းအေးမှုတစ်သန်းနှင့်အတူ ယူဆောင်ပေးနိုင်သော နှလုံးသားရှိ၏။ ထိုနှလုံးသားပေါ်တွင် အရိပ်ထင်လျက်ရှိချေပြီ။ သစ်ရွက်စိမ်းများ ကန်ရေပြင်ထက်သို့ ကြွေကျသည်။ ရေပြင်၏ မှန်သားချပ်သည် တုန်ခါကွဲအက်သွားသည်။ နှလုံးသားသည် သေးငယ်သော အစိတ်အပိုင်းပေါင်း တစ်သောင်းတိတိ ကွဲအက်သွားသောအခါတွင်လည်း အံ့သြဖွယ်ရာ ထိုအရိပ်သည် ကွဲအက်သွား၊ ပကတိ စွဲမြဲတည်ရှိစွာ နှလုံးသားအစများပေါ်တွင် တစ်လုံးတစ်စည်းတည်း နှောင်ဖွဲ့အုပ်မိုးလျက်ရှိ၏။ သူပြုံးသောအခါ အလွန်လှသည်။ ချိုသာသောစကားလုံးများ နီရဲစွတ်စိုသော သူ့နှုတ်ဖျားမှ ယိုဖိတ်စီးဆင်းသွားသည်။ စကားလုံးများသည် အဝါရောင်သေးငယ်သော မြွေကလေးများသဖွယ် လူးလွန့်တွန့်လိမ်ကာ အရိပ်ထဲသို့ ဝင်သွား၏။ အရိပ်သည် ပို၍ပို၍ သိပ်သည်းစွဲမြဲလာနေသည်။ သူ့ခြေဖမိုးကလေးများ အလွန်လှသည်။ အလွန်လှသော ခြေဖမိုးကလေးများကို တုပ်နှောင် စီးကြပ်ထားသော အနီနှင့် အနက်ကျားကြိုးသိုင်းဖိနပ်သည် ကြီးကျယ်သော ရာဇဝတ်မှုကို ကျူးလွန်နေ၏။ လမ်းမဘက်မှာ ကားတစ်စင်း ဟွန်းအရှည်ကြီး



mgyoe.com

mgyoe.com SAMPLE BOOK



တီး၍ မောင်းနှင်သွားသည်။ ပူနွေးသော ထွက်သက်လေများနှင့်အတူ အမောတကော သူစကားပြောလျက်ရှိ၏။ လောကဝန်းကျင်ကို ပန်းနုရောင်လွဲ့လွဲ့သန်းသော ဟုတ်ယောင်ထင်မှုက ဖုံးလွှမ်းထား၏။ အမှန်စင်စစ် သူ၏ ဆင်ခြေ ပြေပြေ လျော့မို့သော ရင်ထဲမှာ မုသားတစ်ကမ္ဘာ ရှိနေသည်။ ဖန်ခွက်ထဲမှ ကြံရည်များ ကုန်သွားပြီဖြစ်၍ ဖြူဖွေးသေးငယ်သော အမြှုပ်ကလေးများသည် ထူးဆန်းသော ဒီဇိုင်းပုံသဏ္ဌာန်အဖြစ် ကျန်ရစ်၏။ ရေခဲတုံးငယ်ကို အချိန်အတော်ကြာ စုပ်ယူငုံခဲထားသောကြောင့် သူ့နှုတ်ခမ်းများ အေးစက်ထုံကျဉ်၍ နေမည်ကို သိပါသည်။ ဖန်ခွက်နှုတ်ခမ်းပေါ်မှာလည်း နီရဲသော နှုတ်ခမ်းဆိုးဆေးတစ်စ စွန်းထင်းနေ၏။ ကောက်ရိုးတို့ဖြင့် လှပစွာ ရက်လုပ်ထားသော ဘဝပန်းချီကားချပ်ပေါ်မှာ ထိုနှုတ်ခမ်းဆိုးဆေးစကို တွေ့ခဲ့ဖူးပါသည်။ ဘယ်ကစခဲ့သလဲ၊ ဘယ်တုန်းက စခဲ့သလဲဟု ပြန်လည်တွေးတာရန် မေ့လျော့နေဆဲ ခဏမှာပင် အဆိုးကိုမျှော်တွေး စိတ်မောနေမိသည်။ ကြာတော့ ကြာခဲ့ပြီထင်ပါသည်။ မနေ့က ဆိုသည်မှာ ကုန်လွန်သွားပြီဖြစ်ကြောင်း၊ အမှန်တကယ် သိရှိမှုနှင့် ဘဝသည် နေပျော်သောအရာ ဖြစ်လာလိမ့်မည်။ သို့သော် မသိပါ။ ယနေ့တွင် ယစ်မူးနေ၏။ ယစ်မူးပျော်မိန်းမူ ခဏငယ်များ၏ အကြားအစပ်တွင် အနာဂတ်ကို တဖျပ်ဖျပ်ဝင်၍ဝင်၍ တွေးနေမိသည်။ လူဆိုသည်မှာ မိုက်မဲသော သတ္တဝါဖြစ်ပေသည်။ ကြာတော့ ကြာခဲ့ပြီ ထင်ပါသည်။

*

အမောတကော တရစပ်သူပြောသော စကားသံများကြားတွင် နစ်မြုပ်နေသည်မှာ အမှန်ပါ။ စနေနေ့က သူဘယ်သွားသလဲဟင်။ မနက် လေးနာရီ ကီလီ ဆိပ်ကမ်းသို့ သွားရ၏။ ထိုမှ တောင်ဥက္ကလာ နန္ဒဝန်ဈေး၊ အပြန်တွင် ရန်ကုန်ထဲသို့ လူတင်ခဲ့သည်။ ရှားမီးရှေ့မှာ ဆုံး၏။ ထိုမှတစ်ဆင့် သုံးနံပါတ်ဂိတ်သို့ သွားသည်။ အင်းစိန်သို့ လိုင်းရိုက်၏။ အင်းစိန်ကအပြန် မြေနီကုန်းအထိ ဆွဲသည်။ ထို့နောက် ဓာတ်ဆီဆိုင်ပြေး၍ တန်းစီ၊ နောက်အိမ်ပြန်၏။ ဘေးအခန်းမှာ အမေအပ်ခဲ့သော သော့ကိုတောင်းယူ၊ ထမင်းစား၊ အိမ်မှာ ခဏနားရင်း သူ့အကြောင်းစဉ်းစား၊ နှစ်နာရီထိုးသောအခါ ထမင်းအိုးတစ်လုံးချက်သည်။ ဟင်းကတော့ အမေညနေ ဈေးသိမ်းလျှင် ပါလာလိမ့်မည်။ သုံးနာရီ ပြန်ထွက်၊ မြို့ထဲ စကော့ဈေးက ကျောက်မြောင်းဈေးသို့ အသွားအပြန် နှစ်ခေါက်၊ ရှားမီးရှေ့ ပြန်ထိုးသည်။ အော်ဒါရ၍ သုဝဏ္ဏသို့ သွားသည်။ ကျွန်တော့်အတွက် တစ်နေ့စာ ရပြီ။ အုံ့နာခရှင်းပြီးကားသော့အပ်ကာ အိမ်ပြန်ခဲ့၏။ အမေ့ကို ငွေအပ်သည်။ ငါးပြေမဟင်းနှင့် ထမင်းစားသည်။ ထို့နောက် လမ်းထိပ်လက်ဖက်ရည်ဆိုင် သွား၏။ မေခလာ၏ အခွေသစ် နှစ်ဖက်ဆုံးအောင် နားထောင်သည်။ လက်ဖက်ရည် စ၍ သောက်၏။ လက်ဖက်ရည်ဖိုးကို ဆရာကိုထွန်းမြင့်က ပေးသွားသည်။ ဒူးယားနှစ်လိပ်ဝယ်ပြီး အိမ်ပြန်ခဲ့၏။ တစ်လိပ်ကို သောက်တော်ဆက်၊ တစ်လိပ်က မအိပ်ခင် သူ့အကြောင်း စဉ်းစားရင်း သောက်ရန်။ ထို့နောက် ညအိပ်မက်ထဲမှာ သူနှင့်တွေ့၏။ စနေနေ့ကဟုခေါ်သော ကျွန်တော့်ဘဝ အကန့်တစ်ကန့်မှာ ဤသို့ပါဟု သူ့ကို ပြောပြသည်။ သူငေးနေ၏။ သူငေးနေသောအခါ အလွန်လှသည်။ စနေနေ့က ဘယ်သွားသလဲ၊ ဘာတွေလုပ်သလဲဟု ကျွန်တော် သူ့ကိုမမေးပါ။ မနက်ရှစ်နာရီ သူအိပ်ရာထ၏။ မနက်စာ ကပျာကယာစား၊ သူငယ်ချင်းများထံ ကပျာကယာ ဖုန်းဆက်ချိန်းဆို၊ အစ်မလတ် မနိုးခင် အလျင်ဦးအောင် ကားထုတ်၍ မောင်းထွက်ခဲ့သည်။ သူငယ်ချင်းများနှင့်တွေ့ အင်္ကျီအပ်ထားတာ ရွေးသည်။ ကြိုးသိုင်းဖိနပ်တစ်ရံနှင့် ရှမ်ပူတစ်ပုလင်း ကြုံလို့ဝယ်ခဲ့၏။ ဘားလမ်းက ကိုပန်းသီးဆိုင်သို့သွား မှာထားသော 'ဘရိတ်ဒန့်'အခွေ နှစ်ခွေယူ၊ အိမ်ပြန်လာပြီး ကြည့်ကြသည်။ ညနေ လက်ဖက်သုပ်စား၊ လူစုခွဲ၊ ည သူငယ်ချင်း တစ်ယောက်၏ မွေးနေ့ပွဲမှာ ပြန်ဆုံကြ၏။ စောစောပြန်ဖို့ စိတ်ကူးရ၍ ဆယ့်နှစ်နာရီမှာ ပြန်ခဲ့သည်။ စားတာတွေများ၍ အီနောက်နောက် ဖြစ်နေသည်။ တော်တော်နှင့်



mgyoe.com

mgyoe.com
SAMPLE BOOK



အိပ်မပျော်။ တစ်အိမ်လုံး အိပ်ကုန်ကြပြီဖြစ်၍ ကက်ဆက်ကို နားကြပ်နှင့် နားထောင်။ တူးတူးအခွေမှ သီချင်းနှစ်ပုဒ်လောက် မဆုံးခင် အိပ်ချင်လာ၏။ အိပ်သောအခါ တစ်ရေးမှ မနိုး၊ အိပ်မက် မက်ဖို့ ဝေးလို့။ ထိုအကြောင်းများကို သူပြောမပြသော်လည်း ထူးဆန်းအံ့ဩဖွယ်ရာ ကျွန်တော်သိနှင့်နေ၏။ 'လမ်းပေါ်မှာ' ဂျပန်ရုပ်ရှင်ကားအကြောင်း သူပြောပြ၏။ အလွန်အချစ်ကြီးသော မော်တော်ဆိုင်ကယ် ရဲသားကလေး၏ ကြေကွဲဖွယ်ရာ ချစ်ပုံပြင်ဟု ဆိုသည်။ လွန်ခဲ့သော အပတ်ထဲက ကျွန်တော့်လိုင်စင် အသိမ်းခံရ၍ အတော် တောင်းပန်ပြန်ယူခဲ့ကြောင်း တွေးနေမိ၏။ တီဗွီထဲက 'ဟတ်တို့လင်မယား' ဇာတ်လမ်းများကို ပြောပြ၏။ ကျွန်တော့် လက်ဖျားတွေအေးနေသည်။ သူဘာပြောပြော အလွန်နားထောင်လို့ကောင်းပါသည်။ 'ကိုဇော်အောင်၊ သူ့ကို တို့ မချစ်တော့ဘူး'ဟု ပြောခဲ့လျှင် ကမ္ဘာကြီးပျက်သလို ကျွန်တော်ခံစားရမည်ဖြစ်သော်လည်း နားထောင်လို့ကောင်းမည်မှာ အမှန်ပင်။ သူ့အသံသည် ပျားရည်ဖြစ်၏။ ဒေါနပန်းခင်းထဲကို ဖြတ်တိုက်သွားသော လေညင်းဖြစ်၏။ ရေပြင်ပေါ်မှာ အရိပ်ထင်နေသော သက်တန့်ဖြစ်၏။ တစ်လက်တည်းတီးနေသော လျှပ်စစ်ဂစ်တာဖြစ်၏။ အရိပ်ကောင်းသော ညောင်ပင် ဖြစ်၏။ ဖြည်းဖြည်းချင်း ကျနေသော ရေတံခွန်ဖြစ်၏။ မိုးစက်များကို ပွေ့ပိုက်ထားသော ခရမ်းရောင် သစ်ခွပန်းဖြစ်၏။ သူ့အသံသည် အလွန်လှသည်။

*

ပထမဆုံးနေ့က မိုးရွာနေသည်။ ဇီဇဝါပန်းများ တစ်နေရာရာတွင် ပွင့်နေပုံရပါသည်။ လေးတွဲချိုအီစွာ လွင့်မျောနေကြသော ရနံ့များ ကြားတွင် သူ့ကိုဘွားကနဲ တွေ့လိုက်ရ၏။ လျှပ်ရောင် တစ်ချက်ပြက်သည်နှင့် တစ်ပင်လုံးပွင့်ဝေနေသော မိုးပိတောက်ပင် ပြိုလဲသွားသည်။ ပိတောက်ပွင့်ဝါဝါများသည် မိုးရွာပက်သလို လွင့်စင်ဖွာကျဲထွက်သွား၏။ ပိတောက်ပွင့်ပန်းပုထဲမှ အမြော်အမြင်ကြီးမားစွာ အဝါရောင်ဆင်တူဝတ်၍ သူရပ်နေသည်။

မိုးရေထဲမှာ ပင်ခြေအောက်မှ မဟော်ဂနီရွက်များသည် မာကျောပြောင်လက်နေကြ၏။ သူ့နောက်ဘက် ဝါးရုံပင် အစပ်တွင် ခွေးကလေးတစ်ကောင် မိုးရေထဲမှာ အအေးမိ၍ သေနေသည်။ သူ့ဆံပင်ကို ဘယ်လို ဘယ်လိုပြင်ထားကြောင်း သတိမပြုမိပါ။ သူ့ဆံစပ်က ရစ်ခွေနွယ်သော ဆံလှိုင်းတွန့်မှာ မိုးရေစက်များ တွဲခိုနေ၏။ သူ့ရင်ညွန့် ဝါဝါပေါ်မှာ တင်၍ထားသော စိန်ဆွဲသီး၏အရောင်များသည် စွေစောင်းကျလာသော မိုးစက်တန်းများကိုဖြတ်၍ စကြာဝဠာတစ်ဖက်စွန်းသို့ ပြေးသွား၏။ ရေခဲစိမ်ထားသော သံချွန်တစ်ချောင်းဖြင့် ရင်ကိုထုတ်ချင်းခတ် ထိုးဖောက်လိုက်သလို အေးစက်ချမ်းမြေ့သော သူ့အပြုံးသည် ကျွန်တော့်ထံသို့ ပြေးဝင်လာ၏။ နာကျင်စူးရှ နှစ်လိုဖွယ်ကောင်းလှသည်။ အပြာရောင်နုနု မိုးမြူငွေ့များ သန်းလာသောအခါ သူ့ကိုဝိုးဝါးမပီပြင်စွာ မြင်နေရ၏။ သူလမ်းလျှောက်လာသောအခါ မြေပြင်ထက်က ရေပြင်မှာ ဂယက်တွေ ထင်ကျန်ရစ်၏။ လှိုင်းထပိုင်းအိစွာ လှုပ်ရှားယိမ်းနွဲ့ လျှောက်လှမ်းလာသောအခါ အပြာရောင် မိုးငွေ့များ ပြန့်ကျဲပျက်ပြယ်သွား၏။ မောင့်လပြည့်ဝန်း သီချင်းကို တစ်စုံတစ်ယောက်က ဆွဲငင်ကြေကွဲစွာ သီဆိုနေသည်။ လျှို့ဝှက်သိုသိပ်လွန်းသော သူ့မျက်လုံးများထဲမှ အရိပ်အယောင်များ ဖြတ်ပြေးသွားသည်မှာ မြန်လွန်းလှ၏။ ဝေးလံသော အရပ်တစ်ပါးဆီမှ အတီးမပါ၊ အဆိုသက်သက် အစွမ်းပြနေသော သာဆန်းရဂုံဗွေကို ကြားလိုက်ရသည်။ ကျွန်တော်သိဖို့၊ ထိုစဉ်က သိဖို့ကောင်းပါသည်။ သူနှင့်ကျွန်တော့်ကြားမှာ တောအုပ်တစ်ခု ခြားနေသည်။ သို့သော်. . . သူ့ကို မိုးစက်မှုန် မိုးမြူငွေ့တွေကြားက အခြားတစ်နေရာသို့ ခေါ်ဆောင်သွားခဲ့မိပါသည်။ စုတ်ချာယိုင်ရွဲ့နေသော လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်မှာ အတူထိုင်ပြီး သူ့ကိုချစ်ကြောင်း ကျွန်တော်ပြောခဲ့မိပါသည်။ သူ့ကို ကလောသို့ ခိုးယူထွက်ပြေးသွားချင်ကြောင်းကိုလည်း တစ်ပါတည်း ပြောလိုက်ပါသည်။ ထိုအခါ သူရယ်မောသည်။ အမှတ်မထင် ထိတွေ့လိုက်သော ကျွန်တော်တို့ လက်ချောင်းကလေးများက ကျွန်တော်၏



mgyoe.com

mgyoe.com SAMPLE BOOK


ပုံမှန်အတွေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်လိုက်ပါသည်။ မိုးတိတ်သွားပြီ။ ပင်လယ်ပြင်ကို ပြာကျသွားတဲ့အထိ မီးရှို့ပစ်နိုင်သော ခွန်အားသတ္တိရှိသည့် အဆိုတော်တစ်ယောက်က သီချင်းဆို၍ ကျွန်တော့်ကိုကောင်းချီးပေးနေသည် ထင်မိ၏။ ပြောပြီးကာမှ အချစ်ဆိုတာ ဘာလဲဟု မိုက်မဲစွာ ကျွန်တော်စဉ်းစားမိသည်။ ကျွန်တော့်အကျႌကော်လံပေါ်မှာ ဘယ်သူလာ၍ လွတ်ထားခဲ့မှန်း မသိရသော ပုရွက်ဆိတ်ကလေးတစ်ကောင်ကို သူလှမ်း၍ အသာအယာ ကောက်ယူပစ်သောအခါ လှပသော သူ့လက်မောင်းကလေးကို နီးကပ်စွာ ခိုးကြောင်ခိုးဝှက် ကြည့်လိုက်မိ၏။ ကျွန်တော်ဆယ်တန်းဖြေဖို့ လျှောက်လွှာတင်သောနှစ်က ဥမ္မာဒန္တီပျို့ ဖတ်ဖူးပါသည်။ နွယ်ပင်နှင့်တူသော လက်မောင်းကလေးများ၏အလှကို စာဆိုခဲ့သော မဟာမင်းလှမင်းခေါင် ဦးရွှန်းဆိုသော ပုဂ္ဂိုလ်သည် စာရေးသိပ်မကောင်းလှကြောင်း ကျွန်တော်သိလိုက်ပြီ။ ပန်းများပွင့်လာကြောင်း မည်သို့သိနိုင်ပါသနည်း။ ပန်းများ ပွင့်လာကြောင်း သိနိုင်စရာ အကောင်းဆုံးအထောက်အထားမှာ ပန်းများပွင့်လာခြင်းပင် ဖြစ်ပါသည်။ ကျွန်တော့်ကိုချစ်သလားဟု ကျွန်တော်မေးသောအခါ ‘ကိုဇော်အောင်ရယ်. . . မကြည်ပြာလေ. . . လက်ဖက်ရည်သိပ်ကြိုက်တာပဲ’ဟု ပြန်ဖြေပါသည်။ ထိုအဖြေသည် မေးခွန်းနှင့် မကိုက်ညီဟု ကျွန်တော်ထင်ပါသည်။ ထိုသို့ထင်ကြောင်း ပြောပြသောအခါ ‘ကိုဇော်အောင်ရယ် အချစ်မှာ အမှတ်ပေးစည်းမျဉ်းနဲ့ ကိုက်ညီတဲ့ အမေးအဖြေလိုသလား’ဟု ပြန်မေးပါသည်။ ထုံးထိုင်းအနသော ကျွန်တော် ဘာပြန်ပြောရမှန်း မသိတော့ပါ။ ဘာပြောပြရမှန်း မသိသောအခါတိုင်း ကျွန်တော်လုပ်လေ့ရှိသော အလုပ်က ပြုံးပြ၍ တစ်နေရာသို့ ထသွားခြင်းဖြစ်ပါသည်။ သူ့ကို ကျွန်တော်ပြုံးပြပြီး မီးသေနေသော ဒူးယားစီးကရက် တစ်ဝက်ကို မီးသွားညှိပါသည်။ ပြန်လာ၍ထိုင်သောအခါ စားပွဲပေါ်မှာ ပို့စကဒ်လှလှကလေးတစ်ခု တွေ့ရပါသည်။ ပို့စကဒ်ထဲမှာ နီရဲသော နေတစ်စင်း၊ တိမ်တိုက်တွန့်တွန့်လိမ်လိမ်တွေအကြား ပင်လယ်ပြင်နှင့်အတူ တွေ့ရသည်။ သူပြုံး၍ ကျွန်တော့်ဘက်သို့ ပို့စကဒ်လေး တိုးပေးသည်။ သူ့အပြုံးသည် ကျွန်တော့်ရှေ့က လက်ဖက်ရည်ပန်းကန်ထဲသို့ ကျဆင်းသွား၏။ ထိုစဉ်က လက်ဖက်ရည်ကုန်သွားသည်အထိ ကျွန်တော်မသောက်လိုက်ရပါ။ တစ်မော့နှစ်မော့မော့သောက်ပြီး တစ်ဝက်လောက်ကျန်နေသော လက်ဖက်ရည်များကို သူယူ၍ သောက်ပစ်လိုက်ပါသည်။ ကျွန်တော့်ကို ချစ်ရဲ့လားဟု မေးခဲ့သော မေးခွန်းအတွက် အဖြေကို (က)(ခ) နှစ်ပိုင်းခွဲ၍ သူဖြေခဲ့ပြီဟု ကျွန်တော် ကောက်ချက်လွဲမှားစွာ ချလိုက်မိ၏။ ထို့နောက် ကမ္ဘာဦးအစ အချစ်ဆိုတာ ပေါ်ကာစ၊ ချစ်သူဆိုတာ စတင်ရှိကာစကတည်းက ချစ်သူအချင်းချင်း ပြောခဲ့ကြသော ပြောနေကြဆဲဖြစ်သော အမြင့်ဆုံးဘာသာစကားကို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေခြင်းအားဖြင့် တိတ်ဆိတ်စွာပြောကြားနေလိုက်ကြပါသည်။ ဇော်အောင်နှင့် ကြည်ပြာတို့ချစ်သူဖြစ်သွားကြသော အရေးကိစ္စအတွက် ကန့်ကွက်မည့်သူ ရှိ မရှိ ထိုစဉ်က ကျွန်တော် မမေးလိုက်မိပါ။

သစ်ပင်များ၊ အရွက်များ၊ အပွင့်များကို သူစိတ်ဝင်စားတတ်ပါသည်။ သူ့တွင် သစ်ရွက်စိမ်းရောင် လုံချည်တစ်ထည်ရှိကြောင်း အစကတည်းက ကျွန်တော်သိထားပါသည်။ တင်းတင်းရစ်နှောင်သော သစ်ရွက်စိမ်းရောင်လုံချည်အောက်မှ တင့်တယ်မှုများသည် ဇာတ်လမ်းကောင်းသော ဝတ္ထုတစ်ပုဒ်ကဲ့သို့ ပြေပြစ်အသရေရှိလှ၏။ အဝါရောင် သစ်ခွပန်းများ ပွင့်နေသည့်ပွင့်ဖတ်၏ အတွင်းပိုင်းသည် ခရမ်းရောင်မှိုင်းညို့နေ၏။ ရင်ထဲမှာ မိုးတွေရွာနေသည်။ မိုးသံများကို မိုးခြိမ်းသံများက အနားကွပ်ပေးနေကြ၏။ မတူညီသော အရာဝတ္ထုများ၊ မတူညီသော မျက်နှာပြင်များပေါ်သို့ ကျနေသော မိုးစက်သံများ၏ အသံအတိုးအကျယ် ထုသည်လည်း မတူညီကြပါ။ ကျောက်တုံးပေါ် ကျသော မိုးစက်သံ၊ ပိန်းရွက်ပေါ်ကျသော မိုးစက်သံ၊ သံပုံးထဲသို့ကျသော မိုးစက်သံ၊ ဂစ်တာကြိုးပေါ်သို့ကျသော မိုးစက်သံ၊ အသံပေါင်းတစ်သောင်းသည် အာကာသ ဟင်းလင်းပြင်ကို ဖြတ်၍ လွင့်မျောသွားကြ၏။ ရင်ထဲမှာ မိုးတွေ ရွာနေတာပါလား။ မိုးတိတ်


mgyoe.com

mgyoe.com SAMPLE BOOK


သွားသောအခါ သက်တံ့ကိုင်းသည် ခုနစ်ရောင် တောက်ပစွာ ပေါ်လာ၏။ တောင်စောင်းလွင်ပြင်မှာ နေကြာရိုင်းတွေ ကော်ဇောဝါဝါကြီးဖြန့်ခင်းထားသလို၊ ပန်းခင်းထဲမှာ ကျွန်တော်တို့ စက်ဘီးစီး၍ လျှောက်ကြည့်ကြသည်။ စက်ဘီးဘားတန်းပေါ်မှာ အထိုင်ကြာသောကြောင့် ခြေကျဉ်သည်ဟု သူပြောသည်။ အရှေ့ဘက် တောင်စွယ်မှာ နီကျင်ကျင်လမင်းသည် တိတ်ဆိတ်ခြေရာမဲ့စွာ ကောင်းကင်သို့ ဖက်တွယ်တက်နေ၏။ ရေကန်ထဲက ကြာပန်းများ အလယ်မှာလည်း ကောက်ကောက်ကွေ့ကွေ့ လရောင်ခြည်များကို တွေ့ရသည်။ တက္ကသိုလ်ကျောင်းက ငွေလမင်းသည် ကျွန်တော့်ရင်ထဲမှာ သာနေ၏။ ဈေးကြီးသော စိတ်မချမ်းသာမှုများကို လဆိုင်းအကြွေးစနစ်နှင့် ဝယ်မိနေပြီဖြစ်ကြောင်း ကျွန်တော်မစဉ်းစားမိခဲ့ပါ။ တဖွဲဖွဲရွာကျနေသော ကံ့ကော်ဝတ်မှုန်များအောက်တွင် ကျွန်တော်နစ်မြုပ်နေ၏။ မကြည်ပြာကို ကျွန်တော်သိပ်ချစ်နေခြင်းသည် အကြောင်းတရားလား၊ အကျိုးသက်ရောက်မှုလား ကျွန်တော် မစဉ်းစားမိခဲ့ပါ။

*

ဗဟိုစာကြည့်တိုက်ရှေ့က စိန်ပန်းပြာပင်အောက်မှာ ထိုင်ခုံတစ်ခုံရှိ၏။ စိန်ပန်းပြာပွင့်ဖတ်များ သဲသဲရုတ်ရုတ် တဖြုတ်ဖြုတ်ကြွေကျနေသည်။ အပြာရောင် ပွင့်ဖတ်များသည် နားလည်ရခက်သော သီချင်းတစ်ပုဒ်ကို အစမ်းလေ့ကျင့်သီဆိုနေကြသည်။ ရေစီးထဲမှာ ရောင်စုံပန်းများ မျောပါနေကြ၏။ သူတို့ပန်းတိုင် ဆိပ်ကမ်းသည် သာယာချမ်းမြေ့သော အရပ်ဒေသတစ်ခုဖြစ်ပါစေဟု ဆုတောင်းမိသည်။ ကိုယ့်အရပ်ဒေသ မဟုတ်၍ မအပ်စပ်သလို ခံစားနေရ၏။ မမြင်ရသော စည်းတစ်ခုက ခြားထားသလို၊ သူတို့နှင့် ကျွန်တော် ဘာမှမဆိုင်သလို ဖြစ်နေသည်။ အပူအပင် ကင်းမဲ့သော ချိုလွယ်ရယ်မောသံများသည် လူးလားခေါက်တုံ့ ရိုက်ခတ်ပြေးလွှားနေ၏။ အေးစိမ့် ချိုကြည်သော စမ်းချောင်းများသည် ငုပ်လျှိုးရာမှ ဘွားဘွားပေါ်ကာ ဤနေရာတွင် အနှံ့ဖြန့်၍ စီးဆင်းနေ၏။ လေးစားဦးညွှတ်ဖွယ်ကောင်းသော ရဲရင့်သည့်အမျိုးသားစိတ်ဓာတ်တို့ ထွန်းကားဝေစည်ပါစေ။ အဝေးက ကြည့်ရှုရင်မောနေရသည်ကပင် စိတ်ချမ်းမြေ့စရာ။ သူရှိရာအရပ်ဒေသသည် ကျွန်တော်ချစ်သော အရပ်ဒေသဖြစ်ရပါမည်။ သူ့အလာကို ရင်မောစွာ စောင့်ကြိုနေရင်း ကမ္ဘာပေါ်ရှိ နာရီအားလုံး ရပ်တန့်သွားသည်ကို အသက်ရှူမှားစွာ တွေ့မြင်လိုက်ရ၏။ သူလာနေသည်။ ရင်ညွန့်ဝါဝါပေါ်မှာ တဖျတ်ဖျတ်လှုပ်ခါနေသော ဆွဲကြိုးတပ်စိန်တုံး၏ အရောင်သည် ဂုဏ်သိန်ထည်ဝါခြင်းအလင်းများ၊ အလင်းစက်ဝိုင်းများကို အခိုးအလျှံများပမာ မှုတ်ထုတ်နေ၏။ တို့ဆိုင်း လေးတွဲသော ခြေလှမ်းချသံ၊ လှမ်းကြွသံတို့သည် သစ်ရွက်ကြွေသံနှင့် ရောနှော ပေါင်းစပ် သွားသည်။ တစ်ရပ်တစ်ကျေး အဝေးနယ်ပယ်သို့တိုင်အောင် သူလာနေပြီဖြစ်ကြောင်း ပန်းပွင့်တို့က အော်ဟစ်ပြောကြားကြသည်။ ပျော့ပျောင်းကြမ်းရှသော အင်္ကျီပိတ်သားပေါ်မှာ အနီရောင်အစက်ကလေးများ မျက်လုံးအိမ်ထဲမှာ စုဝေးလာ၏။ လေးလံသော အိတ်တစ်လုံးကို သူ့လက်မောင်းမှာ ဆိုင်းချိတ်သယ်ဆောင်လာသောကြောင့် လက်မောင်းဖွေးဖွေး သေးသွယ်လျှမှာ နီရဲသော အလျှိုးရာ ထင်ချေပြီ။ အိတ်ထဲမှာ သံယောဇဉ်တွေ အပြည့်အသိပ်ပါသည်လား။ ကျွန်တော် သယ်ခဲ့ပါရစေ။ ပျော်ရွှင်မှုများ ရနိုင်သော အကောင်းဆုံးနည်းမှာ ပျော်ရွှင်မှုကို မေ့ထားခြင်းဖြစ်ကြောင်း ထိုစဉ်က ကျွန်တော် နားမလည်ခဲ့။ အချစ်သည် နေရာအားလုံးတွင်ရှိ၍ ဘယ်မှာမှမရှိကြောင်းကိုလည်း ကျွန်တော်မသိခဲ့ပါ။ ကျွန်တော့်ထံသို့ ရှေ့တူရူလှမ်းကြွလာနေသော မကြည်ပြာထံတွင် အချစ်ရှိ၏။ မကြည်ပြာသည် အချစ်ဖြစ်၏။ မကြည်ပြာသည် အချစ်ဆိုသောအရာ တည်နေသော နေရာတစ်ခုဖြစ်၏။ မကြည်ပြာသည် နေရာတစ်နေရာမှာ တည်ရှိနေသော အချစ်ဖြစ်၏။ မကြည်ပြာသည် ကျွန်တော့်အဖို့ နေရာတစ်ခုလည်း ဟုတ်သည်။ အရာတစ်ခုလည်း ဟုတ်သည်။ သူ့လက်ကလေးကို အသာဖွဖွ ကိုင်ထားချင်တာလား။ ဖက်ရုံကလေး ဖက်ထားချင်တာလား။ ချစ်သူ၊ ရည်စား၊ ဇနီးခင်ပွန်း


mgyoe.com

mgyoe.com SAMPLE BOOK


ဟူသော နာမည် ပညတ်တွေက ပေးအပ်လိုက်သော အခွင့်အရေးကို ပိုင်ချင်တာလား။ သုခ၊ ဒုက္ခဝေမျှ ခံစား ကြမည်ဆိုသော စကားလှလှကလေးတွေ ဗန်းပြ၍ အတူတူ နေချင်တာလား။ ဘာပဲဖြစ်ဖြစ် ထိုအရာအားလုံး ကို လိမ်မာပါးနပ်စွာ လှည့်ပတ်အကြောင်းပြ၍ အချစ်ဟု ခေါ်ကြသည်။ ကျွန်တော် သူ့ကိုချစ်သည်။ ဇော်အောင် နှင့် မကြည်ပြာတို့ အချစ်ထဲမှာ နေကြသည်။ စိမ်းပြာဝါနု သော ရွက်ညွန့်တို့ဝေလေပြီ။ အဖြူရောင် ပြောင်ချော သော ယူကလစ်ပင်စည်များသည် ဖြူဖွေးရှင်မြူးစွာ အတင်းစကားဆိုကြ၏။ ပင်လယ်ကဗွီးပင်တန်းသည် ဣန္ဒြေကြီးမား တာဝန်ကျေစွာ အိပ်ဖန်စောင့်လျက်ရှိ၏။ သစ်ကိုင်းဖျားများမှာ ချိတ်ဆွဲထားသော ငွေစင်ခေါင်း လောင်းတစ်သောင်းသည် ပြိုင်တူတီးခတ် လှုပ်မြည်ကြ ၏။ ပျပျအုံ့သော မိုးသားထဲမှ မြင်းဖြူကြီးတစ်ကောင် ဝဲပျံကျဆင်းလာသည်၊ ကြည်ပြာ၏ ရွှေအိုရောင် လေးထောင့် နာရီမှ အချစ်ဆိုသောအရာသည် အုတ်ခုံစွန်းကို ကျော် ဖြတ် ဆင်းသွား၏။ လှပဝင်းမွတ်သော ခြေသလုံးကလေး များ၏ ပုံရိပ်ကို ဆင်စွယ်ပြတိုက်အတွင်းမှာ ဖွက်ထား လိုက်ကြပြီ။ အချစ်ဆိုတာ ပိုင်ဆိုင်ခြင်းမဟုတ် အတူရှိနေ ခြင်းသာ ဖြစ်သည်ဟု ပြောသော ယန်းပေါလ်ဆတ်သည် လူညစ်ပတ်ကြီးတစ်ယောက် ဖြစ်နေသည်လား။ ကမ္ဘာ ပေါ်မှာ မိုးဇက်တို့ ရှိုပင်တို့လည်း သေခဲ့ကြပြီ။ အိုင်စတိုင်း လည်း သေပြီ။ နပိုလီယံလည်း သေပြီ။ ရှင်ဥတ္တမကျော်နှင့် ယောမင်းကြီးလည်း သေပြီ။ နိုက်တင်ဂေးလည်း သေပြီ။ ဒိုင်နိုဆောတွေလည်း သေတာကြာလှပြီ။ အချစ်ကလေး မသေသေးပါ။ တစ်နေရာရာကို သွားကြမည်။ အို အချစ် ရယ် မြန်မြန်လာ။

*

လေးခြမ်းကွဲ၍ တွဲလျက်ရှိနေသေးသော ဒူးရင်း သီးအခွံသည် မြေပေါ်တွင် မှောက်လျက်၊ ချွန်ထက်သော ဆူးများကို ဒေါသတကြီးပြနေ၏။ အာလူးကြော်ထည့် သော ပလတ်စတစ်အိတ်ခွံ၊ ဆေးလုံးငယ်လေး နှစ်ဆယ့် ရှစ်လုံး ကုန်သွားသော ဆေးကတ်ပြားပေါင်း တစ်ခု၊ ဘောလ်ပင်အကျိုးတစ်ချောင်း၊ တစ်ခြမ်းစုတ်နေသော ငွေရပြေစာတစ်စောင်၊ ကွာရှင်းပြတ်စဲကြောင်းပါသော သတင်းစာ စာမျက်နှာတစ်ခု၊ ရော်ဘာဖိနပ် သဲကြိုးပြတ် တစ်ဖက်၊ ပုစွန်ဆိတ်အခွံများ၊ ကိတ်မုန့်ထည့်ထားသော ဗူးခွံအလွတ်တစ်ခု၊ အိမ်မိုးပေါင်းမှ ဖျက်ချထားသော ဓနိပျက် နှစ်တန်း၊ ထိုအရာများကို ကျော်ဖြတ်လာခဲ့ရ ပါသည်။ ပိတ်ဆို့နေသော မြောင်းအတွင်းက ရေများသည် အပြာရင့်ရောင် သန်းလျက်ရှိ၏။ အမေ၏ မှိုင်းရီဝေသော မျက်လုံးများ ဝမ်းသာပျော်ရွှင် နေကြ၏။ မကြည်ပြာ၏ လက်ကို အမေကိုင်ထားသည်။ ဘဝပူလောင်၍ထားသော အမေ၏ ကြမ်းတမ်းရှုံ့တွနေသော လက်ချောင်းများကြားမှ ဖြူနွေးနုညက်သော လက်ချောင်းသွယ်သွယ်ကလေးများ သည် ကရုဏာတို့ ခံယူလျက်ရှိ၏။ မကြည်ပြာ လက်ဖက် ရည်ကြိုက်ကြောင်း ပြောပြထားသည်ကို အမှတ်ရ၍ လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ အမေကိုယ်တိုင်သွားဝယ် သည်။ နေပူထဲ လျှောက်နေသော အမေ့မျက်နှာသည် အေးမြကြည်နူးနေ၏။ ကျွန်တော်တို့ အိပ်ခန်းထဲမှာ ကျွန်တော့်နေရာတစ်ဝိုက်က ရှုပ်ပွနေသော အဝတ်အစား များ၊ စာအုပ်များ၊ စာရွက်များ၊ စက္ကူစုတ်နှင့် ဆေးလိပ် တိုများ၊ ဆေးလိပ်ပြာနှင့် ဖုန်မှုန့်များ၊ ဝက်အူလှည့်၊ ပလိုင် ယာ၊ ဘောက်စပန်နာ ကွင်းနှင့်ခွများ၊ ဓာတ်ဆီနံ့၊ အင်ဂျင် ဝိုင်နှင့် ဘာရိတ်ဆီနံ့၊ မပြည့်စုံခြင်း၏ အနံ့များ။ ထိုအရာ အားလုံးသည် မကြည်ပြာသခင်မကို ဆီးကြို ထွေးပိုက် နှုတ်ဆက် နေလိုက်ကြ၏။ မကြည်ပြာသည် ဇဝရတ် တောင်ထိပ်မှာ နေဆာလှုံနေသော နှင်းခဲငှက်ဖြူမလေး တစ်ကောင်လို ကြွားကြွားဝင့်ဝင့် ကြော့ကြော့မော့မော့ ရှိလှ၏။ ကိုယ်နှင့်မဆိုင်သော မဆက်စပ်သော ပတ်ဝန်း ကျင်မှာ ဤသို့အထာကျကျ ကြော့မော့စွာ နေနိုင်သော နေတတ်သော မကြည်ပြာမှာ အချစ်ဟူသော ပါရမီ၊ အချစ်ဟူသော အရည်အချင်းများရှိနေ၏။ အချစ်ဆိုတာ လက်ချင်းမြဲမြဲတွဲ၍ ဘဝထဲ ရဲရဲတိုးဝင်ခြင်းဟု မည်သူကမျှ ကျွန်တော့်ကို ပြောကြားမထားဘဲ သိနေသလိုရှိ၏။ ခေါင်း


mgyoe.com

mgyoe.com SAMPLE BOOK



ရင်းဘက် နံရံမှာ ကပ်ထားသော မဟာမြတ်မုနိပုံတော် ကားချပ်ရှေ့မှာ မကြည်ပြာကျုံ့ရုံ့ရုံ့ ထိုင်၏။ ကျွန်တော့်ကို ခေါ်သည်။ နှစ်ဦးအတူ ဦးသုံးကြိမ်ချ၏။ ပန်းအိုးထဲမှ ဇော်စိမ်း ပန်းများသည် ပို၍အရောင်တောက်လာသည်ဟု ထင်ရ၏။ ထိုညနေက ကျွန်တော်တို့သုံးယောက် ထမင်းနှင့်ဟင်းများ ဆိုင်ကပဲ ဝယ်စားကြသည်။ အမေကြိုက်သော ငါးရံ့အူနှင့် ငါးခူစင်းကော်ကို မကြည်ပြာကလည်း ကြိုက်၏။ ကျွန်တော့်အတွက် ဝက်ကလီစာဟင်းတစ်ခွက်။ ကျွန်တော့်အသက် အနှစ်အစိတ်အတွင်းမှာ သည်တစ်ခါ ပထမဆုံးအကြိမ်အဖြစ် ဟင်းကောင်းသုံးခွက် တစ်ပြိုင်နက် စားဖူးခြင်းဖြစ်၏။ ကျွန်တော် ထမင်းကောင်းကောင်း မစားနိုင်ခြင်းမှာ ဟင်းကောင်းသုံးခွက် တစ်ပြိုင်နက် စားရသောကြောင့် ဟုတ်မည်မထင်။ ညဥ့်အိပ်ညဥ့်နေ ဧည့်စာရင်းတိုင်ဖို့ အမေ့ကို ကျွန်တော်ပြောသောအခါ အမေက ရယ်၏။ ကြည်ပြာဧည့်သည်မှ မဟုတ်ဘဲနဲ့. . . . ဟု မကြည်ပြာက ပြောသည်။ ဘာကြောင့်မှန်း မသိ ကျွန်တော့် မျက်လုံးအိမ်ထဲမှာ မျက်ရည်လဲ့နေ၏။ အမေက ပြုံးရယ်၍ . . မကြီးမငယ် ရှုပါဘိငါ့သားရယ်ဟု ပြော၏။ ခနိမိုးကြား နေရာအနှံ့အပြား၊ ထုပ်တန်းပေါ် နေရာအနှံ့အပြား အိမ်မြောင်များစွာ စုတ်ထိုးကြသည်။ ဇော်အောင်နှင့် မကြည်ပြာတို့ဘဝအရေးကိစ္စကို မည်သူမျှ မကန့်ကွက်ကြပါ။ အချစ်သည် သကြားလုံးများ အပြည့် ထည့်ထားသော မှန်ဗီရိုထဲမှာ ပျော်ဝင်ရွှင်မြူးနေလေ၏။

*

တစ်လသုံးရက်နှင့် တစ်ညနေ ကြာသောအခါ မကြည်ပြာ ပြန်သွားသည်။ အမေသည် ကျွန်တော့်ကို ကြေကြေကွဲကွဲ ကြည့်၏။ စကားတစ်ခွန်းမှ မဆို။ ကမ္ဘာလောကတစ်ခုလုံးမှာရှိသော မိခင်များ၏ ဘာသာစကားကို အမေကောင်းစွာတတ်၏။ ထိုဘာသာစကားဖြင့် ကျွန်တော့်ကို ပြောကြားနှစ်သိမ့်နေသည်။ ထိုဘာသာစကားသည် တိတ်ဆိတ်ခြင်းဖြစ်၏။ တစ်လောကလုံးမှာ လူတွေမရှိ။ သစ်ပင်တွေမရှိ။ တောတောင်ရေမြေမရှိ။ ပန်းပွင့်တွေ၊ ငှက်ကလေးတွေ၊ ဘာမှမရှိ။ ကျွန်တော်နှင့် အမေနှင့် တိတ်ဆိတ်ခြင်းသာ ရှိသည်။ ကျွန်တော့်ရင်ထဲမှာ ပြောစရာစကားမရှိ။ ခံစားစရာ စိတ်မရှိ။ စွန့်စားမှုအထူးအဆန်းတစ်ခုအနေနှင့် ကျွန်တော်နှင့်အတူ တစ်လသုံးရက်နှင့် တစ်ညနေခင်း နေသွားသော မကြည်ပြာသူ့အိမ်သူပြန်သွားပြီ။ ဘဝမှာ အကြီးမားဆုံး စိတ်မချမ်းမြေ့မှုကို လပိုင်း အကြွေးစနစ်နှင့် ဝယ်လာခဲ့ရာ သည်နေ့ အကြေအလည် ပေးဆပ်လိုက်ရသည်။ ကျွန်တော့်မှာပေးရန် ဘာမှမကျန်တော့ပါ။ ကျွန်တော့် အမေနှင့် ကျွန်တော့် သဘောနှင့် ကျွန်တော်ဝယ်ခဲ့သော ပစ္စည်း။ သည်နေ့ ကျွန်တော် အပြီးအပိုင်ရလိုက်ပြီပဲ။ 'ကိုဇော်အောင် သူ့ကိုတို့မချစ်တော့ဘူး'လို့တောင် ပြောမသွားခဲ့။ မကြည်ပြာ အိပ်မက်ဖြစ်သွားပြီ။

အမေ့ဒူးနာကို ဆားကျပ်ထုပ်ထိုးပေးဖို့ မီးသွေးမီးဖိုကို ကျွန်တော်မွှေးနေသည်။ မနက်ဖြန် အင်ဂျင်ဝိုင်ပေးမည်။ အစောကြီးသွားတန်းစီရန်။ နောက် ဘယ်ဘက်ဘီးက အဝိုင်းဆီးမလုံလို့ ဆီယိုနေသည်။ အုံ့နာကိုပြော၍ ညပိုင်းဝပ်ရှော့ထိုးရန်။ မီးသွေးမီးဖိုထဲမှာ မီးကျီခဲတွေ နီရဲတောက်ပနေကြ၏။ နီရဲလောင်ကျွမ်းနေသော မီးကျီခဲသည် နောက်ဆုံးပြာဖြစ်သွားပေလိမ့်မည်။ စားပွဲခွန်းမှာ တင်ထားသော နာရီအဝိုင်းကြီးတစ်လုံး ပျော့တွဲအိကျနေသည်။ ကျွန်တော့်ရင်ထဲက နှလုံးသားပေါ်မှာ ထင်နေသော အရိပ်သာ ကျန်ရစ်၏။ နှလုံးသားမရှိတော့ပါ။ ဆား ကျပ်ထုပ် ရပြီ အမေ။

❑



mgyoe.com

mgyoe.com SAMPLE BOOK



# (၁၂) ချိုပြုံးသီချင်းထဲက ဦးချစ်ဆိုင်မှာ

ဇော်မြင့်သည် ချိုပြုံးသီချင်းများကို အလွန်ကြိုက်၏။ သူမမီလိုက်သော 'ဘဝချင်း ဆုံတွေ့ပါရစေ'၊ 'တမာလမ်းက ပြန်ခဲ့ပါ'၊ တို့ကိုမမီလိုက်၍ မမီလိုက်သော်လည်း သူကြိုက်၏။ 'တက္ကသိုလ်ကျောင်းက ငွေလမင်း'၊ 'မောင်ဘဦး'၊ 'ကမ်းရိုးတန်းတေးဂီတ'၊ 'မချို'၊ နောက်ဆုံး 'တိမ်ပလီနွေနှောင်း'အထိ အကုန်ကြိုက်သည်။ ဆိုင်မှာ ချိုပြုံးအခွေဖွင့်ပြီဆိုလျှင် လူက အလိုလိုသွက်လာသည်။ အလုပ်လုပ်ရတာ ပျော်လာသည်။ အသံက အလိုလို အားမန်ပါလာသည်။ ပိုကျယ်လာသည်။ ဝမ်းတီး၊ ဝမ်းကော်၊ တူးတီးအချိုပေါ့ကျ။ မလိုင်မထည့်နဲ့။ အဲဒီဝိုင်းက ခြောက်ကျပ် ပြားသုံးဆယ်။ နံပါတ်လေးက ချိုစိမ့်တူး။ နံပါတ်ခြောက်က အီကြာကွေးတစ်ပွဲ။ ဇော်မြင့် လူရော အသံရော လက်ရော ခြေရော အကုန်သွက်၍ အလုပ်လုပ်ရတာ သိပ်ပျော်စရာ ကောင်းနေသည်။

*

တစ်လောက အခွေသစ်တစ်ခွေ နားထောင်၏။ အမှန်တော့ ထွက်တာ ကြာပါပြီ။ ဆိုရှင်က အခုမှဝယ်လာ၍ အခုနားထောင်ရခြင်းဖြစ်သည်။ ထိုအခွေထဲမှာ ဦးချစ်လက်ဘက်ရည်ဆိုင် ဟူသော စာသားများ ကြားလိုက်မိ၏။ ချိုပြုံးသည် သူ့ဘာခေါ်မလဲ၊ သူ့ရည်းစား၊ ရည်းစားပဲ ဖြစ်ပါလိမ့်မည်။ သူ့ရည်းစားနှင့် လျှောက်လည်ရင်း၊ ဦးချစ်လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သွားသောက်ချင်ကြောင်းဟု ထင်သည်။ ဇော်မြင့်ကြားလိုက်ရ၏။ လူဆိုသည်မှာ တစ်မျိုးပဲ။ တစ်မျိုးတော့မက။ နှစ်မျိုးရှိသည် ဇော်မြင့်ထင်၏။ တချို့က ကိုယ်ပတ်ဝန်းကျင်နှင့် အကြောင်းဆက်စပ် ပတ်သက်သော အရာများကို စိတ်ဝင်စား၏။ တချို့က စိတ်မဝင်စား။ ဇော်မြင့်သည် ပထမမျိုးဖြစ်ပုံရသည်။ ချိုပြုံးသီချင်းထဲမှာပါသော ဦးချစ်လက်ဖက်ရည်ဆိုင်သို့ သူသွားချင်စိတ်တွေ ပေါ်လာသည်။ တခြားသီချင်းထဲမှာပါသည့် အင်းလျားကန်တို့၊ သစ်ပုတ်ပင်တို့၊ ဂျပ်ဆင် မျှော်စင်တို့၊ ကံ့ကော်တောတို့ ဘာတို့ကို သူစိတ်မဝင်စား။ ဦးချစ်လက်ဖက်ရည်ဆိုင်ကြားမှ သူသွားချင်လာသည်။ ဗဟန်းဘက်မှာ သူ့ဘကြီး တစ်ယောက်ရှိ၏။ ဘုရားကိုးဆူ၊ ဘိသိက်ဆရာ။ ဘကြီးအသည်းအသန်ဖြစ်၍ ဟု ဆိုင်ရှင်ကို ပြောကာ ဇော်မြင့်



mgyoe.com

mgyoe.com SAMPLE BOOK



ထွက်လာခဲ့၏။ ဘကြီးအောင်သင်းထံ သူတကယ်မသွား။ တာမွေက တက္ကသိုလ်အရောက်၊ ဆယ့်ခြောက်ကားစီး၍ လာခဲ့သည်။ ဦးချစ်ဆိုင် ဘယ်နားမှာဟု သူမသိ။ တက္ကသိုလ် ဆိုင်းဘုတ်ကြီးတွေ့မှ နီးရာမှတ်တိုင်မှာ ဆင်းလိုက်သည်။ တက္ကသိုလ်လာပြီး ဦးချစ်ဆိုင် ဘယ်မှာလဲ မေးရမှာ ရှက်သလိုလို။ အို. . . ငါဘယ်သူသိတာမှတ်လို့၊ ခွာမြင့်ဘွတ်ဖိနပ်၊ ဂျင်းဘောင်းဘီအဖြူနှင့် ရင်ဘတ်မှာ ခွေးရုပ်ကြီးပါသော အင်္ကျီဝတ်လာသည့် တက္ကသိုလ် ကျောင်းသား အစ်ကိုတစ်ယောက်ကို မေးသည်။ ကြီးပွားကောင်းစားဦးမည့် ထိုအစ်ကိုက ပြုံးစစနှင့် အသေအချာ လမ်းညွှန်ပေးလိုက်သည်။ ဦးချစ်ဆိုင် ဗာဒံပင် တစ်ပင်အောက်က စားပွဲမှာ ဝင်ထိုင်၏။ ရွှံ့တွန့်တွန့် ကြောင်စီစီ။ အစ်ကိုတွေ အစ်မတွေ အများကြီးပဲ။ သူ တွေ့နေကျ ကားဝပ်ရှော့ဆရာတွေ။ ကားဘော်ဒီရုံ အလုပ်သမားတွေ၊ တွင်ခုံက လူတွေနှင့်မတူ။ အင်ဂျင်ဝိုင် နံ့ အမဲဆီနံ့၊ ချွေးနံ့တွေမရှိ၊ လက်ဖက်ရည်တစ်ခွက် မှာလိုက်၏။ သူ့အကြိုက် ချိုချိုပျစ်ပျစ် နို့ဆီများများဟု ပါးစပ်က ပြောမထွက်၍ မပြောလိုက်ရ။ ဇော်မြင့် လက်ဖက်ရည် စောင့်ရင်း မျက်လုံးတွေ လည်နေ၏။

ကဗျာရဲ့အသက်၊ ကဗျာရဲ့ ဝိညာဉ်ဆိုတာ ဘာလဲ။ အလကား ဒီကောင်တွေ သိမှမသိဘဲနဲ့။ ကဗျာဆိုတာ ခံစားမှုနဲ့ရေးတာလား၊ စကားလုံးတွေနဲ့ ရေးတာလား။ အသံလား၊ ကာရန်လား။ ဒီကောင်တွေ ဘာသိလဲ။ ကာရအန္တဆိုတာဟာ- ဒီ။ ကဗျာအသက်ဟာ ရည်ရွယ်ချက်ပဲဗျ။ ကျွန်တော့်အယူအဆကတော့ -။

*

အမယ်. . . သိပါတယ်။ ဟိုနေ့က သူလှိုင်နယ်မြေကို သွားတယ်မဟုတ်လား။ ဟင်း. . . သိပါတယ်နော်။ မိမိတို့က ပြန်ပြောတာမှအကုန် သိလား၊ သူ့ဟာသူသွားတာ တို့နဲ့ဘာဆိုင်လဲလို့တောင် ပြောလိုက်သေးတယ်။ ဩော်-ဒါနဲ့. . . . ဟိုလေ. . . ဆမ်းမားမှာ ငပလီသွားရအောင်လို့ သီတာတို့နဲ့ တိုင်ပင်ထားတယ်။ တစ်ယောက်မှ အသွားအပြန် ငါးရာ့ကိုးဆယ်လောက်ပဲ ကျတယ်။ သူလိုက်မှာလားဟင်။ ထွန်းမြင့်နဲ့ သာဦးလား။ သွားစမ်းပါ။ သူတို့ပြောမနေပါနဲ့။ လုပ်အားပေးလိုက်ကြမလို့တဲ့။ ဟွန်း. . . ထားပါလေ။ အဲဒါ. . . သူလိုက်မှာလားဟင်။

*

တကယ်တမ်း ရှင်းရှင်းပြောရင် ဒီကောင်က ကျွန်တော့်ထက် ဂျူနီယာကျတယ်။ အဲဒါ ကျွန်တော့်ကို ကျော်တယ်။ တစ်ဆင့်မကဘူး နှစ်ဆင့်ကို ကျော်တယ်။ ကျွန်တော်ကတော့ ဘာမှမပြောပါဘူး။ ကြည့်နေ တစ်နေ့တွေ့ကြရင် ဒီကောင့်ကို ကျွန်တော်ဆွဲထိုးမိလိမ့်မယ်။ မဟုတ်ပါဘူးဗျာ-အဲဒါ သူတို့ကကော မသိကြဘူးတဲ့လား။ ကျွန်တော်ကတော့ ခင်ဗျားသိတဲ့အတိုင်း ခပ်ရှင်းရှင်းပဲ လုပ်ပြီဆိုရင်တော့. . . ဟင်း။

*

ဒီကိစ္စ မင်းလွန်တယ် အောင်ကျော်စိုး။ ကောင်မလေးက မင်းကိုတကယ်ချစ်တာပါ။ မိန်းမသားဆိုတာ တကယ်ချစ်ပြီဆိုရင် နှလုံးသားနဲ့ရင်းပြီး ချစ်ကြတာပါကွာ။ သူ့မှာ ဘာအပြစ်ရှိသလဲ။ ဒီမှာ သူငယ်ချင်း၊ မင်းအနုပညာ ဝါသနာပါသလို သူပါချင်မှ ပါမှာပေါ့ကွ။ ဒါပေမဲ့ သူကြည်ဖြူတယ်။ အနုပညာအသင်းမှာ မင်းနေ့မှန်းမသိ၊ ညမှန်းမသိ လုံးပမ်းနေတာ သူ့ဘက်က ဘာပျက်ကွက်သလဲ၊ ဘာချွတ်ယွင်းသလဲ။ မင်းဟာ မဟာပုရိသဖိုဝါဒသမားပဲ. . ။ အရင်းရှင်အိမ်ထောင်ရေး. . ။

*

ဟိုဒင်း ဒီအရင်းရှင် လူ့ဘောင်ရဲ့အတွင်းမှာ ကုစားလို့မရတဲ့ လူမှုစီးပွား ကင်ဆာရောဂါဟာ အမြစ်တွယ်ရုံမက ကျွမ်းနေပြီ။ ကြည့်လေ. . စစ်လက်နက်တွေ အပြိုင်ထုတ်လာကြတယ်။ အာကာသကို စစ်ရေးအရ လွှမ်းမိုးဖို့ ကြိုးစားနေတယ်။ ကြယ်တာရာ စစ်ပွဲ ရုပ်ရှင်ထဲကလို လေဆာရောင်ခြည် လက်နက်တွေ နဲ့ တစ်နေ့နေ့ ကျုပ်တို့



mgyoe.com

mgyoe.com SAMPLE BOOK



ကမ္ဘာမြေဟာ. . . ဒီ. . . ဟိုဒင်း။

*

ဘာလဲ စိတ်ကောက်နေတာလား။ တို့ကတော့ သူကြည့်မယ်ဆိုလို့ နေအောင်ပါတဲ့ စတိတ်ရှိုး ရှေ့ဆုံးတန်းက လက်မှတ်ရအောင်. . .။ တကယ်ပြောတာ။ နေအောင်ကို တို့မနာလိုဘူး။ သူကြည့်ချင်တယ်ဆိုလို့သာ ဝယ်ခဲ့ရတာ. . .။ အခုတော့ ဒီလက်မှတ်တွေ ဝေမာတို့ကို ပေးပစ်လိုက်မယ်။ (သွား. . . မုန်းတယ်)အို- အို- စိတ်ဆိုးတာကလည်း စိတ်ဆိုးတာနဲ့ မတူဘူး၊ သိပ်လှတာပဲ၊ တကယ်ပါ. . . သူအဲလိုပြုံးတာမြင်ရင် တို့ရင်ထဲမှာ. . .။

*

ဟေ့ ကြီးမြင့်၊ ငွေတောင်နှစ်လိပ်၊ ဖက်ဖြူဖြူချော ချော ယူခဲ့နော်။ ဒီမယ် ငါပြောရဦးမယ်။ ဟိုကောင်တွေ ခံလိုက်ရပြီ။ အဲဒီ ပတ်ဘလစ်ကာ အဝါကလေးက တိုက်ထားတာကွ။ မင်းတို့ စဉ်းစားကြည့်လေ. . . . ပတ်ဘလစ်ကာနဲ့ ဆယ်ဘင်တီအိတ် မော်ဒယ်ဆန်နီနဲ့ ထပ်တာ။ ပတ်ဘလစ်ကာ အောက်ကြေးက နေသတဲ့၊ ရှုံသလားကွ။ တူဒိုးဇကွဲလား၊ မရှာနဲ့ မောမယ်သူငယ်ချင်း။ ဇကွဲလတ်လတ် သန့်သန့် ဆယ့်သုံးအောက် မရှိဘူး၊ အော်သာ အော်နေတာ တွေ့တွေ့ဆိုင်ဆိုင်ကျတော့ ရောင်းမယ့်လူ မရှိဘူး၊ ဝယ်မယ့်လူသာ ရှိတာ။ ဩော်. . . ဟေ့ကောင်၊ ရဲမြင့်ဦး ငါ့ကိုမှတ်စုတွေ ငှားဦးကွ။ စာမေးပွဲနီးပြီ စာကူးရဦးမယ်၊ ဟဲ. . . ဟဲ။ ဒီမယ် ငါ့မှာ ဗောက်စဝက်ဂင်တစ်စီး ရှိတယ်၊ အင်ဂျင်၊ ဂီယာ၊ ကရောင်းအကြီး၊ မှန်ကျယ်အော် ရီဂျင်နယ်၊ သိပ်သန့်တယ် ဒီမယ်. ။

*

ဇော်မြင့်သည် အေးစက်နေသော လက်ဖက်ရည်တစ်ခွက်ကို ကပျာကယာ မော့၍ ကျပ်တန်တစ်ရွက် ချထားခဲ့၏။ ဆိုင်အပြင်သို့ ကမန်းကတန်း ထွက်လာခဲ့သည်။ ဦးချစ်ဆိုင်မှ သူ့အလုပ်ရှိရာ သောက်ရေအိုးစင်လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကလေးဆီသို့ ဆယ့်ခြောက်ကားစီး၍ ပြန်ခဲ့သည်။ သူစီးလာသော ဆယ့်ခြောက်ကားသည် အပြန်ခရီးတွင် ကြယ်တာရာ နဂါးငွေ့တန်း သုံးခု၊ ဂြိုဟ်ကြီးငါးလုံး၊ အခံဂြိုဟ် နှစ်လုံး။ လကမ္ဘာတစ်ခုကို ဖြတ်၍ နောက်ဆုံးတာမွေအဝိုင်းသည်ဘက်ထိပ်မှတ်တိုင်တွင် ရပ်၏။ ဇော်မြင့်ဆင်းသည်။ သူ့နေရာနှင့် ဦးချစ်လက်ဖက်ရည်ဆိုင်က အတော်ဝေးပါကလား။

*

လူတွေအားလုံး ကိုယ့်အလုပ်ကို ကြိုးစားလုပ်ကြလျှင် တိုင်းပြည်တိုးတက်သည်ဟု ဘယ်သူပြောမှန်းမသိ။ ဇော်မြင့်နားစွန် နားဖျားကြားဖူးထား၏။ နံပါတ်ငါးက ချိုးပေါ့ကျတစ်၊ လာပြီ ဆရာ။ ဦးလေး ဘဂျမ်းသောက်မှာဟေ့။ ကော်ဖီချိုချိုတစ်ခွက် နံပါတ်သုံးက ဒူးယားတစ်ကျပ်ဖိုး။ အဲဒီစမူဆာတွေ ဒီပေး၊ ဒီပေး။ ထောပတ်သုတ် တစ်ချပ်အပြင်စားပွဲက။ လာပါပြီ ဆရာရေ. . .။

*

ကောင်တာမှ ဆိုင်ရှင်ဒေါ်ကြီးသည် ကတ်ဆက်ခွေကို ဟိုဘက်သို့ လှန်လိုက်၏။ ဟား ကောင်းလိုက်တာ။ ဇော်မြင့်ပျော်သွား၏။ အကောင်းဆုံးကတော့ ချိုပြုံးသီချင်းတွေ နားထောင်ရတာပဲဟု သူထင်သည်။ ခင်မင်သူတွေ ဒီလိုခေါ်တယ်. . . ကျွန်မကို မချို၊ ဘိုင်စကုပ်မင်းသမီး မချို၊ လာပြီ ဆရာ။ ချိုပေါ့ကျ-တစ်။ ချိုင့်ဆွဲငါးမတ်။ ခင်မင်သူတွေ ဒီလိုခေါ်တယ်. . ကျွန်မကို မချို။ အားလုံးက ချစ်တဲ့ ချိုစိမ့်တစ်။

*

လူကြီးမင်းများ လက်ခုပ်တီးပါ။

❑



mgyoe.com

mgyoe.com
SAMPLE BOOK


# (၁၃) ပင်လယ်ထဲက ညသည်ပိတောက်ပန်းဖြစ်၏

မနက်ဖြန်တွင် ပိတောက်ပန်းများ ပွင့်လိမ့်မည်ဟု တစ်စုံတစ်ယောက်က ပြောကြားသော်လည်း ယုံကြည်ရန်ခက်ပါသည်။ ထိုသူသည် ပန်းများကိုပွင့်စေသူ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် ပွင့်လာမည့် ပန်းများသည် ပန်းများကို ပွင့်စေသူမဟုတ်၊ ပွင့်လာသော ပန်းများသာလျှင် ဖြစ်ပါလိမ့်မည်။ ပန်းများ ပွင့်လာကြောင်းအတွက် အယုံကြည်ရဆုံး အထောက်အထားမှာ ပန်းများပွင့်လာခြင်းပင် ဖြစ်ပါသည်။

ပိတောက်ပန်းကို ကျွန်တော်ချစ်သည်။ ဩော်. . . မနက်ဖြန် ပိတောက်ပန်းတွေ ပွင့်လိမ့်မည်. . . တဲ့။ အထက်သို့တက်နေသော ဆေးလိပ်မီးခိုးများပမာ ခပ်ဝေးဝေးက ရေတံခွန်တဏ်ခုကို ပြောင်းပြန်မြင်နေရသည်။ စိမ်းညို့ချောကျိသော ရေညှိလွှာများသာ ပြောင်ချောလုံးဝန်းသော ကျောက်ဆောင်များကို ရစ်ပတ်လွှမ်းခြုံထားကြ၏။ အဝါရောင်ခက်နွယ်သော ပါတိတ်လုံချည်စကို လေတိုးသံသဲ့သဲ့ ကြားရသည်။ သူက ပြောဖူးသည်။ အချစ်ဆိုသည်မှာ မမျှော်လင့်ဘဲ ရုတ်ခြည်းရောက်ရှိလာသင့်သည်။ မိုးကြိုး ထစ်ခြင်းများ၊ လျှပ်စစ်ပြက်ခြင်းများနှင့်အတူ ကောင်းကင်အမြင့်မှ ဘဝအတွင်းသို့ မမျှော်လင့်ဘဲ မုန်တိုင်းတစ်ခု သက်ဆင်းကျရောက်လာသောအခါ ဘဝတစ်ခုလုံး လှုပ်ရှားပြောင်းပြန် ယောက်ယက်ခတ် ဇောက်ထိုးမိုးမျှော်ဖြစ်စေ၍ သစ်ရွက်ကလေးတစ်ရွက်ပမာ တိုက်ခတ်လွင့်တင်၍ အသူတစ်ရာနက်သော ချောက်အတွင်းသို့ ပစ်ချခံလိုက်ရသကဲ့သို့. . . . ။

အချစ်ဆိုသော မုန်တိုင်းတစ်ခုအကြောင်း တစ်ခါက တစ်ယောက်က ပြောခဲ့ဖူးပါသည်။ ဘဝအတွင်းသို့ အချစ်ဆိုသောအရာ သက်ဆင်းကျရောက်လာခြင်းအတွက် အစီအစဉ်ကို ရွတ်ဆိုပြနေရန် မလိုပါ။ အချစ်တွင် အစီအစဉ်မရှိ။ အစသည် အချစ်ဖြစ်၏။ အလယ်သည် အချစ်ဖြစ်၏။ အဆုံးသည် အချစ်ဖြစ်၏။ အသားဖြူဖြူ မျက်လုံးမှေးမှေး သွားတက်ကလေးနှင့် ကောင်မလေးကို ကျွန်တော်ချစ်မိစဉ်က အစသည် အချစ်ဖြစ်၏။ အလယ်သည် အချစ်


mgyoe.com

mgyoe.com SAMPLE BOOK



ဖြစ်၏။ အဆုံးသည် အချစ်ဖြစ်၏။ စလယ်ဆုံး အချစ်တွေ ဖြစ်နေလျှင် အစီအစဉ်ဆိုသည်မှာ ပျောက်ကွယ်၍ သွားပါသည်။ အစအလယ်အဆုံး လုံးလုံးမရှိတော့ပါ။ အစီအစဉ် ကြေငြာသော စာရွက်ကို ကျွန်တော် ဆုတ်ဖြဲလွှင့်ပစ်လိုက်သည်။

*

အပြင်ဘက်မှာ မိုးမှုန်များကျနေသည်။ စက္ကူစုတ်သည် အသုံးမကျစွာ မိုးရေဖြင့် ပျော့အိနူး၍ လဲလျောင်းနေသည်။ လက်ဖက်ရည် ပန်းကန်ထဲက ပုဏ္ဏားလက်ဖက်ရည်များသည် ကာလရှည်ကြာခြင်းနှင့်အတူ ပျော့အိနူးလျက် ရှိ၏။ မနက်ဖြန်မနက် ပိတောက်ပန်းများ ပွင့်မည် ဆိုခြင်းကို ကျွန်တော်မယုံပါ။

မောင်းမကန် ကမ်းစပ်က သောင်ခုံပေါ်မှာ အမိုးအဝါနှင့် အအေးဆိုင်ကလေးတစ်ဆိုင် ရှိသည်။ သူ့ခြေထောက်များ အလွန်လှပါသည်။ ပါးလျားသော ကြိုးသိုင်းဖိနပ်မျိုးကို သူကြိုက်တတ်၏။ ယုတ်စွအဆုံး သဲပြင်ပေါ်မှာ ထင်ကျန်ရစ်သော ဖိနပ်ဗလာ သူ့ခြေဖဝါး အရာကလေးသည်ပင်လျှင် အလွန်လှ၏။ ကမ်းခြေသို့ ပြေးဝင်လာသော ရေလှိုင်းသည် တစ်နေရာရာ တစ်ချိန်ချိန်က အတောင်ညောင်း၍ ပင်ပန်းသော စင်ရော်ငှက်ကို ကျောထက်မှာ ဖောင်သဖွယ် တင်ဆောင်လာခဲ့လိမ့်မည်ဟု ကျွန်တော် ပြောသောအခါ သူနားမလည်။

အမှန်စင်စစ် ကျွန်တော်အလွန်ချစ်မိသော မျက်စိမှေးမှေး သွားတက်ကလေးနှင့် ကောင်မလေးသည် ဘာကိုမှ နားမလည်ပါ။ သံပုရာဖျော်ရည်ခွက်ထဲသို့ ပင်စိမ်းရွက်ကလေး တစ်ရွက်၊ နှစ်ရွက်ထည့်၍ သောက်ရကြောင်းကိုလည်း သူနားမလည်ပါ။ လူ့ဘဝ၏ ရခဲသော အဖြစ်ထက်၊ ရသောဘဝအတွင်းမှာ လွတ်လပ်ခွင့်ရောင်ခြည် သမ်းခဲ့သော အဖြစ်ကပိုသည်ကို သူနားမလည်ပါ။ လူသား၏ ကြီးကျယ်မြင့်မြတ်မှုကို ပြသရန်မှတစ်ပါး အခြားတာဝန်၊ အနုပညာမှာ မရှိကြောင်းကိုလည်း သူနားမလည်ပါ။ သောက်ရေအိုးကို မှန်မှန်ဆေးကြော၍ ရေသစ်လဲပေးရန်နှင့် ကြမ်းပြင်ကို ပြောင်လက်အောင် မှန်မှန်လှည်းကျင်းပေးရန် လိုအပ်ကြောင်းကိုလည်း သူနားမလည်ပါ။

ကဗျာတစ်ပုဒ်မှာ ကဗျာသာဖြစ်ပါစေ၊ ကာရန်မလိုအပ်ကြောင်း ပြောသောအခါလည်း သူနားမလည်ပါ။ လူအချို့၏ ခေါင်းထဲမှာ လေဟာနယ်သာ ရှိကြောင်း ပြောသောအခါလည်း သူနားမလည်ပါ။ သူ့ကို ကျွန်တော် သိပ်ချစ်ကြောင်း ပြောသောအခါလည်း သူနားမလည်ပါ။ မျက်စိမှေးသော၊ သွားတက်ပါသော၊ ကြိုးသိုင်းဖိနပ်ကြိုက်တတ်သော၊ ခြေချောင်းကလေးများ အလွန်လှသော ဤကောင်မလေးကို ဘာကြောင့် အသည်းအသန် ချစ်မိသွားမှန်း ကျွန်တော်နားမလည်ပါ။ အစွန်းဆုံးက ဆောက်လုပ်ရေး ဘန်ဂလိုဝရံတာမှ နေလုံးကြီး ပင်လယ်ထဲ ဆင်းသွားပုံကို ကျွန်တော်နှင့်သူ အတူကြည့်ခဲ့ကြသေး၏။ ထိုစဉ်က ကျွန်တော့်ပခုံးပေါ်မှာ သူ့ခေါင်းကိုမှီ၍ ထားသည်။ အကြေသား ယောကျ်ားဝတ် ရှပ်လက်ရှည်သည် သေးသွယ်သော သူ့ကိုယ်လုံးပေါ်မှာ လောဘတကြီး နေရာယူ ဖုံးအုပ်ထား၏။ မိန်းကလေးများ ဘာကြောင့် ယောကျ်ားဝတ် ရှပ်အင်္ကျီပွပွကြီးတွေကို နှစ်သက်ကြောင်း ကျွန်တော်နားမလည်သည်ဟု ထင်ပါသည်။ ရှပ်အင်္ကျီမှာ အတော်အသင့် ရေစိုနေ၏။ ရေချိုးပြီးစ သူ့ဆံပင် တိုနံ့နံ့ကလေးပေါ်မှ ရေစက်ရေပေါက်များ စီးကျ၍ဟု ထင်ရသည်။ လတ်ဆတ်နူပျိုသော ကိုယ်နံ့သည် ဇော်ဇော်အောင် ဆိုသောသူကို ထိုနေရာမှာပင် ကားစင်တင်၍ ကွပ်မျက်လိုက်သည်။

နေလုံးကြီး ကွယ်ပျောက်သွားသောအခါ မောင်းမကန်ရေပြင်သည် ထူးဆန်းစွာ တောက်ပကျန်ရစ်၏။ ကျွန်တော့်ရင်ထဲက မီးပုံတစ်ရာသည် အေးမြလန်းဆန်းနေသည်။ အချစ်သည် အရောင်တောက်စားတတ်၏။ မောင်းမကန် ကမ်းခြေမှာ အချစ်၏အရောင်တွေတောက်နေသည်။ နူးညံ့စိုစွတ်သော သဲသောင်ပြင်သည် ပူနွေးလျက်ရှိ၏။ သူနှင့်ကျွန်တော် အသက်နှစ်ဆယ်နှင့် သုံးလနှင့် လေးရက်တိတိ ကွာပါသည်။ ရှိန်းရှိန်းမြမြ သူ့ကိုယ်



mgyoe.com

mgyoe.com SAMPLE BOOK



ကလေးကို ဖက်ထားရစဉ်က အရှေ့ဘက် မိုးစွန်းမှာ လမင်းထွက်၍ နေပါသည်။ ကျွန်တော့်ကို ဦးဇော်အောင်ဟု သူခေါ်၏။ ထိုအဖြစ်က ရယ်စရာကောင်းသည်။ ပင်လယ်ထဲမှာ ကျောက်ဆောင်တစ်လုံး ပေါလောပေါ်နေသည်။ တစ်တီတူးတစ်ကောင်သည် သူ့အမည်ကို သူ သုံးကြိမ်အော်ဟစ်၍ ပျံပြေးသည်။ ရေလှိုင်းများသည် စဉ်ဆက်မပြတ် ပြေးဝင် ရိုက်ခတ်နေ၏။ ငြီးငွေ့ ပျင်းဖွယ်ရာ ရေလှိုင်းဂီတသံများ တဖြည်းဖြည်းနှင့် ဆူညံမြည်ဟည်းလာနေသည်။ စိုစွတ်သော သဲမြေပွပွပေါ်မှာ ရေစီးကြောင်းရာများ တွန့်တွန့်ကွေ့ကွေ့ ထင်ကျန်ရစ်၏။

လရောင်ခြည်သည် မည်းနက် ညိုရောင်သော ကျောက်ဆောင်အငူစွန်းကို ရစ်ပတ်ဖက်တွယ်ထားလျက်။ လျှပ်စစ် အော်ဂင်အသံစမ်းသံ သဲ့သဲ့ကြားရ၏။ စာသားအဆို မပါသော ပတ်ပျိုးတစ်ပုဒ် ဆက်တီးနေသည်။ သမုဒ္ဒယောသ ဇာတ်ထွက် ရေယမုန်ပတ်ပျိုးဖြစ်ကြောင်း ကျွန်တော်မသိပါ။ ချစ်တယ်ဆိုတာ ဘာလဲ ဦးဇော်အောင်ဟု သူမေးသောအခါ အဖြေကို ကျွန်တော်မစဉ်းစားမိ၊ ထိုအမေးဝါကျ၏ တည်ဆောက်ပုံ ရယ်စရာကောင်းကြောင်းကိုသာ ကျွန်တော်သိလိုက်၏။ ငါးညှီနံ့ စိုစို့ကလေးသည် ချာလည်ပတ်လည်ဝေ့ဝဲ၍ ပြေးလာနေသည်။ မနက်တုန်းက ထားဝယ်ဈေးမှာ ဝယ်ခဲ့သည့် စံပယ်ပန်းကုံး၏ ညှို့ရော်နှစ်သက်ဖွယ် ရနံ့က စူးရှသင်းပျံ့သော ငါးညှီနံ့ကို ဆီးကြိုထွေးပိုက်လိုက်၏။ ထိုရနံ့နှစ်ခုဆုံရာအရပ်မှာဖြစ်ပေါ်သော ရနံ့ဝဲဂယက်ထဲတွင် ကျွန်တော်နစ်မြုပ်သွား၏။

မြန်မာနိုင်ငံမှာ ကြိုးသိုင်းဖိနပ်နှင့် အလိုက်ဖက်ဆုံးခြေထောက်ကလေးများကို ပိုင်ဆိုင်ထားသော အသားဖြူဖြူ မျက်လုံးမှေးမှေး သွားတက်ကလေးနှင့် ကောင်မလေးသည် ကျွန်တော့်ကို ခမ်းနားကြီးကျယ်သော မှားယွင်းမှုတစ်ခုအတွင်းသို့ ထည့်သွင်း ဖုံးအုပ်လိုက်ပါသည်။ အသည်းနှလုံးထဲက အလျှင်သည် လင်းထိန်တောက်ပနေ၏။

*

အိမ်ဆိုသည်မှာ နေထိုင်စရာ အရာဝတ္ထုတစ်ခုပင်ဖြစ်ပါသည်။ သူ့အဆိုအရ အိမ်တစ်လုံးဆောက်ဖို့ အကောင်းဆုံးနေရာ နှစ်နေရာရှိ၏။ တစ်နေရာက တောင်ကုန်းအမြင့်ပေါ်မှာ၊ နောက်တစ်နေရာက ဟိုအောက်ချောက်ထဲမှာ။ မြေပြန့်မြေညီလွင်ပြင်မှာ ဆောက်သော အိမ်သည် စိတ်ဝင်စားစရာ မကောင်းဟု သူဆိုပါသည်။ တောင်တန်းပေါ်က အိမ်ကိုရောက်အောင် သွားသောအခါ စကားပမာဆိုကြပါစို့။ တစ်နေ့လုံး အလုပ်သွားပြီး ညနေကိုယ့်အိမ်ကို ပြန်လာသောအခါ. . .။ အိမ်ကို အဝေးက လှမ်းမြင်နေရပြီ။ ထိုအိမ်သို့ရောက်အောင် တောင်ကုန်းအမြင့်ကို တက်ရ၏။ တောင်ကုန်းအမြင့် တက်ရသည်ဆိုကတည်းက နည်းနည်းတော့ မောမည်။ မောဟိုက်ပင်ပန်းမှုကို အရင်းခံရှေ့ထားပြီးမှ. . . အေးမြသာယာသော၊ ချစ်စရာပေါင်းများစွာ ကောင်းသော အိမ်ကလေးထဲသို့ ပြုန်းခနဲ ရုတ်တရက် ဝင်ရောက်လိုက်ခြင်းသည် အရသာပင် ဖြစ်သည်ဟု သူဆိုပါသည်။ ကိုယ့်အိမ် ကိုယ့်ရာဟူသော အသိစိတ်ဖြင့် စိတ်လွတ် ကိုယ်လွတ် စိတ်လျှော့ကိုယ်လျှော့ လှေကားသုံးထစ်ခြေရင်းမှာ ပစ်ထိုင်ချလိုက်ရခြင်းသည် အရသာဟု သူဆိုပါသည်။ တစ်နေ့တာ အလုပ်ပြီး၍ ကိုယ့်အိမ်ကိုယ့်နေရာမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရသော အရသာကို ခံစားဖို့ တောင်ကုန်းကို တက်ရန် လိုအပ်သည်။ မောပန်းခြင်းအရင်းခံ ရှေ့ထားရန် လိုအပ်သည်ဟု သူယူဆပုံရပါ၏။

အလားတူပင်. . . ဟိုအောက်ချောက်ထဲက အိမ်သို့ရောက်ရန်မှာလည်း ချောက်ကို ဆင်းရပါဦးမည်။ မြေသားကို ခုတ်ထွင်၍ထားသော မြေလှေကားထစ်များရှိစေကာမူ အဆင်းသည်လည်း မောတတ်ပါသည်။ ခြေထောက်တွေ ညောင်းတတ်ပါသည်။ အဆင်းနှင့်အတူ ရှိတတ်၊ တွေ့ရတတ်သော အရှိန်ကို ထိန်းရသတ်ရသည်မှာ သိပ်မခက်သော်လည်း သတိရှိဖို့လို၏။ ခြေထောက်များကို ထိန်း၍ထိန်း၍ ဆင်းသွားရာမှ နောက်ဆုံး အိမ်ကလေး၏ လှေကားခြေရင်း ရောက်ခါနီး သုံး



mgyoe.com